
www.burmeseclassic.com

ဒဂုန်ရွှေမျှား

# ပုလဲဒေဝီ

# PEARL MAIDEN

SIR RIDER HAGGARD



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်အမှတ် ( ၁၇၆ )

**Quality Publishing House**

**အမှတ် ၁၅၃၊ ၅(က) လွှာ၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၇၀၆၄၁၄၊ ၇၂၁၀၆၇၊ ၂၈၂၆၀၄။**

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး — **ဒို့အရေး**
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — **ဒို့အရေး**
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — **ဒို့အရေး**

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေ[illegible]
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်[illegible]ရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောင်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရက်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

# ပုလဲဒေဝီ

## ဒဂုန်ရွှေမျှား

# PEARL MAIDEN

## by SIR. RIDER HAGGARD

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် - ၉၇၃/၂၀၀၃ (၈)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၄၀၇/၂၀၀၃ (၁၂)

**ပုံနှိပ်ခြင်း**

တတိယအကြိမ် - (၂၀၀၄၊ မတ်လ)

အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံးပန်းချီ - ကိုဆန်း

ကွန်ပျူတာစာစီ - Quality

အတွင်းဖလင် - Quality

❖

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)

အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

**ထုတ်ဝေသူ**

ဦးမြင့်ထွန်း၊ (မြဲ) (၀၃၉၀၆)

၁၅၃၊ ၅(လွှာ)၊ ဆိပ်ကမ်းသာလမ်း၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး - ၉၀၀ ကျပ်


www.burmeseclassic.com

www.burmeseclassic.com

## ၁

အချိန်မှာ ညဉ့်သန်းခေါင်ကျော် နှစ်နာရီခန့် ဖြစ်သော်လည်း ဆီးရီးယားပြည်ကမ်းခြေရှိ ဆီဇာရီယာမြို့တော်တွင် တိုင်းသူပြည်သားများသည် မအိပ်ကြသေးဘဲ နောက်နေ့တွင် ကျင်းပမည်ဖြစ်သော လူနှင့် လူချင်းတိုက်ပွဲ၊ ခြင်္သေ့စာကျွေးပွဲကြီးများအကြောင်းကို ဆွေးနွေးပြောဆိုကြကာ လမ်းမကြီး များပေါ်တွင် လှုပ်ရှားသွားလာလျက်ပင်ရှိကြသေး၏။ ထိုပွဲကြီးသို့ နိုင်ငံတစ်ဝန်းလုံးမှ လှည်းနေလှေအောင်း မြင်းဖောင်းမကျန် ရောက်လာကြသူများသည် ပင်လယ်ကမ်းခြေတစ်လျှောက်နှင့် မြို့အနီးအနားတွင် စခန်းချလျက်ရှိကြရာ အိမ်များ၊ ထမင်းဆိုင်များနှင့် ကွင်းပြင်ဥယျာဉ်စသော နေရာလွတ်မှန်သမျှတွင် ဧည့်သည်များဖြင့် ပြည့်နှက်လျက် ရှိကြကုန်၏။

ထိုအခါက ရောမလူမျိုးတို့၏ ကျေးဇူးကြောင့် ပါလက်စတိုင်းတစ်နိုင်ငံလုံး၏ ဘုရင်ဖြစ်သော 'အဂရိပ' မင်းကြီးသည် ဘုန်းလက်ရုံး တောက်ပစဉ်အချိန်ဖြစ်၍ ယခု ကျင်းပသည့် ပွဲလမ်းသဘင်ကြီးမှာလည်း ရောမဧကရာဇ်ဘုရင် ကလောဒီးယပ်အား ဂုဏ်ပြုဧည့်ခံသည့်အနေနှင့် ကျင်းပသည့်ပွဲကြီး ဖြစ်လေသည်။

မြို့သူ မြို့သားများသည်လည်းကောင်း၊ ဧည့်သည်များသည် လည်းကောင်း၊ ထိုစိတ်ဝင်စားဖွယ်ကောင်းမည့် သတ်ဖြတ်ပွဲကြီးနှင့် ပတ်သက်၍ အချို့အလောင်းအစားပင် ပြုလုပ်ကြလေသည်။

တောင်ပူစာကလေးများပေါ်တွင် အညိုရောင် ကျောက်တုံးများဖြင့် ဆောက်လုပ်ထားသည့် အကျဉ်းထောင်မှာ ကျုံးမြောင်းများ၊ နံရံမြင့်ကြီးများဖြင့် ကာရံထား၏။ တောင်ခြေ၌ကား ကစားပွဲရုံကြီး ရှိလေသည်။ အကျဉ်းထောင်



www.burmeseclassic.com

www.burmeseclassic.com



အဆောက်အဦ၏ အပြင်ပိုင်းကျသော ဝင်းထဲတွင် နိုင်ငံရေးပြစ်မှုအမျိုးမျိုးဖြင့် အပြစ်ကျနေသော ရာဇဝတ်ကောင် လူတစ်ရာခန့်ရှိ၏။ ထိုသူများထဲတွင် ရဟူဒီလူမျိုး အများအပြား ပါဝင်၏။

ငင်းတို့သည် နယ်ခြားတိုက်ပွဲများမှ ဖမ်းဆီးရမိခဲ့သော ငင်းတို့ထက် လူဦးရေ ၂ ဆများသည့် အာရပ်လူရိုင်းများနှင့် ယှဉ်ပြိုင်သတ်ဖြတ်ကာ ပရိသတ်များကို ဖျော်ဖြေရမည် ဖြစ်လေသည်။ အာရပ်တို့က သံချပ်အင်္ကျီမဝတ်ရဘဲ မြင်းများကို စီးပြီးလျှင် ဓားလွတ်များ၊ လှံများဖြင့် တိုက်ကြရမည်ဖြစ်၏။ သို့နှင့် တိုက်ခိုက်ရာ၌ မျှမျှတတဖြစ်စေရန် ရဟူဒီများက သံကိုယ်ကျပ်များကို ဝတ်ပြီးလျှင် ဓားတိုများကိုကိုင်ကာ ဒိုင်းလွှားများကိုလည်း ကိုင်နိုင်ခွင့်ရှိလေသည်။ တိုက်ခိုက်ရမည့်အချိန်အပိုင်းအခြားမှာ ထိုအခါက အသုံးပြုခဲ့သော သဲနာရီနှင့် မိနစ် ၂၀ ခန့်ဖြစ်၏။ အကယ်၍ သူရဲဘောမကြောင်ဘဲ တိုက်ခိုက်ဝံ့သဖြင့် အသက်မသေ ကျန်ရှိခဲ့သော် အကျဉ်းသား အဖြစ်မှ လွတ်မြောက်ခွင့် ရမည်ဖြစ်ရာ ဒဏ်ရာပင် ရစေကာမူ ကျွေးမွေးစောင့်ရှောက်မည့်သူရှိက လွတ်မြောက်ခွင့်ပေးမည့် အကြောင်း အမိန့်ချမှတ်ပြီး ဖြစ်လေသည်။

အကျဉ်းထောင် ခန်းမကြီးတစ်ပိုင်းတွင် အကျဉ်းသားများနှင့် မတူ သော လူ ငါးဆယ် ခြောက်ဆယ်ခန့်ရှိ လူတစ်စုရှိနေ၏။ ငင်းတို့မှာ သန်မာဖျတ်လတ်သူများကို ရွေးချယ်ခေါ်သွားပြီးဖြစ်၍ ကျန်ရှိရစ်သော မသန်စွမ်းသူများ၊ လူအိုလူမင်းများ၊ မိန်းမများနှင့် ကလေးများ ဖြစ်ကြလေသည်။ ထိုလူစုကား ခရစ်ယာန်များ ဖြစ်ကြသည်။ ထိုအခါက ခရစ်ယာန်ဘာသာမှာ ပေါ်ထွန်းစ ဖြစ်၍ တရားဥပဒေနှင့် ဆန့်ကျင်သည့်ပြင်၊ ရဟူဒီဂိုဏ်း အသီးသီးတို့ကလည်း လိုလားနှစ်သက်ခြင်း မရှိကြချေ။ ရဟူဒီများသာမက အခြားဂိုဏ်းနှင့် ဘုန်းကြီးများကလည်း အဂရိပမင်းကြီးထံ ချဉ်းကပ်၍ ခရစ်ယာန်တို့အပေါ်တွင် ကုန်းချော၏။ မင်းကြီးကား လူကုံထံရောမများကဲ့သို့ လောကီစည်းစိမ်ကိုသာ နားလည်ပြီးလျှင် ဘာသာအယူဝါဒဟူ၍ အတည်တကျ မရှိချေ။ သို့သော် အခါအခွင့်ကို ကြည့်၍ တိုင်းသူပြည်သားတို့နှင့် မဆန့်ကျင်အောင် ပြုလုပ်တတ်သူ ဖြစ်လေသည်။ သို့နှင့် နောက်ဆုံး၌ ဂိုဏ်းမျိုးစုံတို့၏ ကုန်းချောစကားကို နားဝင်ပြီးလျှင် ဘုရင်ကြီးသည် လူနည်းစုခရစ်ယာန်တို့အား နှိပ်ကွပ် သတ်ဖြတ်လေတော့သည်။ အချို့ကို ကားစင်၌တင်၍ သတ်ခြင်း၊ အချို့ကို ရဟူဒီတို့လက်သို့အပ်ကာ ခဲများဖြင့် ပေါက်၍ သတ်စေခြင်းများကို ပြုလုပ်၏။ အရှယ်ကောင်း ယောကျ်ားများကို လူနှင့် လူချင်းတိုက်ပွဲများ၌ တိုက်စေ၍ လှပသော အရွယ်ကောင်း မိန်းမပျိုတို့ကို ကျွန်အဖြစ် ရောင်းချစေပြီးလျှင်၊ အရွယ်လွန်သော အမျိုးသမီးများကိုမူ ကစားရုံကြီးများတွင် ခြင်္သေ့စာကျွေးကာ ပရိသတ်များကို ဖျော်ဖြေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လူအို့၊လူမင်းများ၊ သားသည်အမေများ၊ ကလေးများ အပါအဝင် အထက်ဖော်ပြပါ ခရစ်ယာန်တစ်စုတို့မှာ လူအချင်းချင်း သတ်ဖြတ်ပွဲများနှင့် အခြားကစားပွဲများအပြီး၌ ကစားရုံကြီးအလယ်ရှိ ကွက်လပ်အတွင်းသို့ သွင်းပြီး သော်၊ အစာရေစာ အငတ်ထား၍ အာသာငမ်းငမ်း တက်နေသော ခြင်္သေ့များ၏ စားသောက်ခြင်း ခံရပေတော့မည်။ ခြင်္သေ့စာကျွေးရာ၌ပင် မိမိအား ကြင်နာတတ်သူဖြစ်ကြောင်း အထင်ရောက်စေရန် ကြီးမားသော မဟာဂရုဏာတော်ဖြင့် ခြင်္သေ့ မစားသူများကို အဝတ်အစားနှင့် ငွေကြေး အနည်းငယ်ပေး၍ လွှတ်မည့် အကြောင်း ကြေညာထား၏။

ထိုခေတ် ထိုအခါက တိုင်းပြည်လူထု၏ သဘောထားနှင့် အကျင့်စာရိတ္တမှာ မည်ကဲ့သို့ ရှိနေသနည်းဟူမူ 'ယေရှု' ကို ကိုးကွယ်သည့် အပြစ်တစ်ခု အတွက် မိန်းမများနှင့်လူမမယ်ကလေးများအား အရှင်လတ်လတ် ခြင်္သေ့စားမည်ကို ကြည့်လိုစိတ် ပြင်းပြစွာ ရှိနေကြသည်ကို ထောက်သဖြင့် သိနိုင်လေသည်။ ထိုမျှသာမက လူဘယ်နှယောက် ခြင်္သေ့စား၍ ဘယ်နှယောက်ကျန်မည်ကိုပင် အလောင်းအစား ပြုလုပ်လိုက်ကြသေး၏။ သို့နှင့် လောင်းကစားသူများအနက် နည်းနည်းကျန်မည်ဟု လောင်းထားသူများသည် အစောင့်စစ်သားများအား လာဘ်ထိုးကာ ခြင်္သေ့များ အစာကို မက်မောသည်ထက် မက်မောအောင် ခြင်္သေ့စာ အကျွေးခံရမည့် လူများ၏ အဝတ်နှင့် ဆံပင်များကို ခြင်္သေ့များ ခံတွင်းတွေ့တတ်သည့် ဆေးပင်မှ ဆေးရည်များကို ဆွတ်ဖျန်းပေးစေ၏။ ထို့နည်းတူ များများကျန်မည်ဟု လောင်းသည့် ဘက်မှလည်း ခြင်္သေ့များ ခံတွင်းပျက်စေမည့် အစီအစဉ်များကို ပြုလုပ်ကြ၏။

လှံများကို ထမ်းကာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသော အစောင့်များရှိရာ တံခါးမကြီးနှင့် မလှမ်းကမ်း ခုံကြီးတစ်ခုအောက်တွင် မိန်းမ နှစ်ယောက်ထိုင်နေရာ သူတို့နှစ်ဦး၏ ရုပ်ဆင်းသဏ္ဌာန်အသွင်အပြင်မှာမူ သိသိသာသာကြီး ကွာခြားလေသည်။ တစ်ယောက်မှာ အသက် ၂၀ ထက် မကြီးသေးသော ရဟူဒီ မကလေးတစ်ယောက်ဖြစ်၍ ချောမောသည်ဟု ဆိုရန်လည်း မျက်နှာသွယ်လွန်းလှသည်။ သို့သော် မျက်လုံးများမှာ နက်မှောင်ပြီးလျှင် ချစ်စဖွယ်ကောင်း၏။ မြင့်မြတ်သော မျိုးရိုးမှ ဆင်းသက်လာသူတို့၏ သွင်ပြင်မူယာမျိုးလည်း ရှိ၏။ ၎င်းမှာ ဂရိနှင့် ဆီရီယာန်လူမျိုးအစပ်ကပြား ဒီမက် ဆိုသူ၏ ဇနီး မုဆိုးမကလေး 'ရာခယ်' ဖြစ်လေသည်။ ရာခယ်မှာ 'တိုင်ယာ' မြို့လေးတွင် အချမ်းသာဆုံးကုန်သည် ဗင်နိုနီ၏ တစ်ဦးတည်းသော သမီးဖြစ်၏။ အခြားတစ်ယောက်မှာ အတော်အတန် ထူးခြားသော အမူအယာရှိ၍ အသက် ၄၀ ခန့်မျှရှိလေပြီ။ ၎င်းမှာ ငယ်စဉ်က ဖီနီရှန် လူမျိုးတို့က ခိုးယူလာပြီးလျှင် တိုင်ယာမြို့၌ ကျွန်အဖြစ်ဖြင့် ရောင်းစား

www.burmeseclassic.com



ခြင်းခံခဲ့ရသော အာရပ်အမျိုးသမီးတစ်ဦး ဖြစ်၏။ ကြေးနီရောင် အဆင်းရှိသော အသားအရေ၊ နက်မှောင်ဖြောင့်ဖြူးသော ဆံပင်၊ စူးရှထက်မြက်သော မျက်လုံးများ ရှိ၏။ ပိန်ပိန်ပါးပါးနှင့် အရပ်ရှည်ပြီးလျှင် အလွန်ဖျတ်လတ်သွက်လက်ဟန် အမူအရာရှိ၍ ပြေပြစ်သော အဆင်းလည်း ရှိလေသည်။

သို့သော် သူ၏မျက်နှာထားမှာမူ ယခုကဲ့သို့ ဘေးဥပါဒ်နှင့် ရင်ဆိုင်ရတော့မည်ဆဲဆဲ၌ပင် ကြောက်ရွံ့သည့် အမူအရာမျိုးကို မတွေ့ရဘဲ တင်းမာခက်ထန်လှပေသည်။ သူ၏အမည်မှာ 'နီဟွတ်စတာ' ဖြစ်၍ ကျွန်ဈေးတွင် သူ့အားဝယ်ယူခဲ့စဉ်က ပေးထားသော အမည်ဖြစ်ပြီးလျှင် အဓိပ္ပာယ်မှာ ကြေးနီဟုရရှိ၏။ သို့သော် သူ၏ မူလ နေရာ၌မူ 'နူး' ဟု ခေါ်ကြ၏။ ရာခယ်၏မိခင်ရှိစဉ်ကလည်း ဤအမည်ဖြင့် ခေါ်ဝေါ်ခဲ့၍ ရာခယ်ကလည်း ဤသို့ပင် ခေါ်ဝေါ်၏။ သူသည် 'ရာခယ်' အား ကြင်နာသနားလှသော မျက်လုံးများဖြင့် ကြည့်လျက်ရှိလေသည်။

လမင်းသည် မြူတိမ်ကင်းစင်သော ကောင်းကင်၌ ထိန်ထိန်သာလျက်ရှိရာ၊ ရာခယ်သည် ကောင်းကင်သို့ မော်ကာ ဆုမွန်တောင်းလျက်ရှိရာမှ သက်ပြင်းတစ်ချက် ချလိုက်၏။

"နူးရေ ဒီကနေ့ညဟာတော့ ကမ္ဘာကြီးပေါ်မှာ တို့များ နောက်ဆုံးနေရမယ့် ညပဲနော်။ ဒီလမင်းကြီးသွားနေတာ နောက်ကို မြင်ရမယ် မဟုတ်တော့ဘူး။ ဒါတွေ စဉ်းစားလိုက်တော့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ"

"ဘာဖြစ်လို့ မမြင်ရမှာလဲ သခင်မရဲ့။ ကျွန်မတို့ သင်ခဲ့ရတဲ့ ပညာဟာ မှန်လို့ရှိရင် မြင်ရမှာ အမှန်ပဲ။ ပြီးတော့ ကျွန်မတို့ နှစ်ယောက်စလုံး မနက်ဖြန်သေမယ်လို့ကို မထင်ဘူး"

"ဘယ်လိုကြောင့်လဲ နူးရယ်။ ခြင်္သေ့တွေဟာ ဘယ်သူ့ကိုမှ ချမ်းသာပေးမှာ မဟုတ်ပါဘူး"

"ကျွန်မကိုတော့ ချမ်းသာပေးချင်ပေးမှာပေါ့။ ကျွန်မတို့ တိုင်းပြည်မှာ ကျွန်မတို့အဖေက ခြင်္သေ့တွေကိုယဉ်အောင် ကျင့်ပေးတုန်းက ခြင်္သေ့တွေကို ကျွန်မကိုယ်တိုင် လက်နဲ့ ခွေးကလေးများလို ကျွေးမွေးလာရတယ်"

"အဲဒီခြင်္သေ့တွေကလည်း သေကုန်ရောပေါ့ နူးရယ်၊ မသေရင်လည်း သူတို့က ဘယ်မှတ်မိနိုင်ပါ့မလဲ။ ဒါထက် မနက်ဖြန် အဂရိပမင်းကြီးက ရောမဧကရာဇ်ဘုရင်ကို ဂုဏ်ပြုတဲ့ပွဲမှာ ကျွန်မတို့တတွေဟာ အသေဆိုး သေကြရမှာပဲနော်"

"ဒီလိုဆိုရင် ခြေတခြား လက်တခြား ခေါင်းတခြား ကိုယ်တခြား အသေခံမယ့်အစား တစ်ခါတည်း အခုသေကြစို့လား။ ကျွန်မဆံပင်ထဲမှာ ဝှက်ယူ



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ အဆိပ်ရှိတယ်။ ဒီအဆိပ်ကို သောက်ပြီး သေကြရအောင်လေ၊ မြန်လည်း မြန်တယ်၊ ဘာမှလည်း မခံစားရဘူး”

“ဒီလိုလုပ်လို့လည်း မဖြစ်သေးဘူး နူးရဲ့၊ တရားတော်အရ ကိုယ့်ကိုယ်ကို ကိုယ်သေကြောင်း မကြံရဘူး”

“သခင်မ သေရင်လည်း ဝမ်းထဲက ကလေးဟာ သေရမှာပဲ မဟုတ်လား။ ခုညနဲ့ မနက်ဖြန် ဘာထူးသေးသလဲ”

“ဘယ်သူပြောနိုင်သလဲ နူးရယ်၊ နက်ဖြန်ကျတော့ ကျွန်မတို့ မသေဘဲ ရှင်ဘုရင်ကြီး သေချင်သေသွားမယ်။ ဒီဟာတွေဟာ ဘုရားသခင်ရဲ့ အလိုတော် အတိုင်းပဲ”

အံကြိတ်လျက် –

“သခင်မ … ကျွန်မဟာ သခင်မကြောင့် ခရစ်ယာန်ဖြစ်လာတာပါ။ ကျွန်မ အသက်ရှင်နေသရွေ့ သခင်မကို ခြသေ့်တွေကိုက်ဖွဲ့ မစားစေရဘူး။ အို … မတတ် သာတဲ့အဆုံး အဲ ဟိုနေရာမှာပဲ သခင်မကို ဓားနဲ့ ထိုးသတ်လိုက်မယ်။ ဓားကို သိမ်းသွားရင် လည်ပင်းကို ညှစ်သတ်မယ်။ မရရင် ခေါင်းကို တိုင်နဲ့ ရိုက်သတ်မယ်”

“ဒီလိုဆိုရင် အပြစ်ခံရမှာပေါ့ နူးရယ် …”

“သခင်မရဲ့ ဝိညာဉ်ဟာ ကျွန်မရဲ့ အသက်ပဲ မဟုတ်လား။ သခင်မ ငယ်စဉ်ကတည်းက ကျွန်မဟာ သခင်မကို ရင်ခွင်ထဲပွေ့ပြီး ကျွေးမွေးစောင့်ရှောက်ခဲ့တယ်။ ဒီတော့ သခင်မ အသေဆိုးသေတာ မမြင်ရအောင် သခင်မကို အရင် သတ်ပြီးတော့မှ ကိုယ့်ကိုယ်ကို သတ်ပြီး သခင်မရဲ့ ကိုယ်ပေါ်လှဲချလိုက်မယ်”

“ဒီလိုလည်း မလုပ်ပါနဲ့ဦး နူးရယ် …”

နူးသည် အံကြိတ်ကာ ရှိုက်လျက်ရှိရာမှ ရာခယ်၏ ပါးပြင်ကို အားပါးတရ နမ်းရှုံ့လိုက်လေ၏။ ထိုအချိန်၌ မျှော်စင်ကြီးဆီမှ ခြသေ့်များ ဟိန်းဟောက်သံကို ကြားရသဖြင့် နားစွင့်လျက်ရှိကြ၏။ ထိုအခိုက် တံခါးပေါက်မှ အစောင့်တစ်ယောက်၏ စကားပြောသံကို ကြားလိုက်ရ၏။ ထိုသူကား ဓားကြီး တစ်လက်ကို ဆွဲကိုင်ထားသော ထောင်မှူး ‘ရူးဖတ်’ ဖြစ်လေသည်။

“ဟား ဟား ဟား ကြောင်ကလေးတွေ အော်နေလိုက်ကြတာ နားထောင်ကြစမ်း၊ သိပ်ပြီး ဒေါသ မကြီးကြပါနဲ့ကွယ်။ အခုညတော့ မင်းတို့ ဗိုက်ကားအောင် စားကြရပါလိမ့်မယ်”

နီဟွတ်စတာက တစ်ကောင်စီ ဟိန်းဟောက်သံများကို ရေတွက်ပြီးနောက် –

“အောင်မယ် အားလုံး အကောင်ကြီးတွေ ကိုးကောင်တောင်မှပဲ”

www.burmeseclassic.com



ဤသို့ပြောဆိုနေဆဲ၌ပင် ရာခယ်သည် အသက်ရှူကျပ်သကဲ့သို့ ဖြစ်လာသဖြင့် “ယပ်ခတ်စမ်းပါ ကျွန်မ မွန်းလိုက်တာ” ဟု ပြောရင်း နီဟွတ်စတာကို မှီကာ မိန်းမောသွားလေ၏။

နီဟွတ်စတာသည် သန်မာတောင့်တင်းလှသော လက်နှစ်ဖက်ဖြင့် သူ၏သခင်မအားပွေ့ကာ ဝင်းအလယ်ရှိ ရေပန်းဆီသို့ ခေါ်ဆောင်သွားပြီးလျှင် မျက်နှာကိုရေဖြင့် ဆွတ်ဖျန်းပေးရာ မကြာမီ သတိရလာလေသည်။ ထိုနေရာကလေးမှာ အေးမြ၍ စိတ်ချမ်းမြေ့ဖွယ်ကောင်းသော နေရာကလေးဖြစ်၍ အတန်ကြာမျှ ထိုင်၍နေကြ၏။ သို့ရှိစဉ် မလွယ်တံခါးပေါက် ပွင့်သွားပြီးနောက် ယောကျ်ား မိန်းမနှင့် ကလေးများပါသော လူတစ်စုကို အတွင်းဘက်သို့ သွင်း လိုက်သည်ကို တွေ့ရလေသည်။ ထိုလူစုအား တံခါးစောင့်က –

“ဝင်ကြပါ ခင်ဗျာ။ အတွင်းသို့ ဝင်ကြပါ။ ခရစ်ယာန်မိတ်ဆွေတွေရဲ့ ပေါင်မုန့်နဲ့ ဝိုင်အရက်တော့ အထဲမှာ အများကြီးရှိပါတယ်။ ဝအောင်စားသောက်ပြီးမှ ခြသေ့ံဝမ်းဗိုက်ထဲသွားကြတာပေါ့”

လူအုပ်၏ နောက်ဆုံး၌ တုန်တုန်ရီရီနှင့် လျှောက်လာသော အင်နာက ပြောင်လှောင်သော တံခါးမှူးအား တောင်ဝှေးဖြင့် ရွယ်လိုက်ကာ “ဒီမိစ္ဆာဒိဋ္ဌိကောင်က ဘာမခန့်လေးစား ပြောရတာလဲ။ ငါဟာ ရှေ့အဖြစ်ကို ဟောပြောနိုင်တဲ့ ‘အင်နာ’ တဲ့ သိလား။ ဒီကနေ့ဟာ နင်ရဲ့ နောက်ဆုံးနေ့ပဲ”

ထိုသူသည် ဆဲဆိုရေရွတ်ကာ ဓားကို ဆွဲလိုက်လေ၏။ “ခုတ်လေ ခုတ်လိုက်၊ ဓားနဲ့ သေတာက ကောင်းသေးတယ်”

ထို့နောက် အမယ်ကြီးသည် ဆက်လက်မပြောတော့ဘဲ ရှေ့မှ အဖော်များ၏ နောက်သို့ လိုက်ပါသွားလေရာ တံခါးစောင့်လည်း မျက်နှာဖြူဖပ်ဖြူရော် ဖြစ်ကာ ကြောက်ရွံ့တုန်လှုပ်လျက် ကျန်ရစ်ခဲ့လေ၏။ သူသည် ‘အင်နာ’ ၏ အကြောင်းကို တစ်စွန်းတစ်စကြားဖူးသူ ဖြစ်လေသည်။ ရေပန်းအနီးသို့ ထိုလူအုပ်ရောက်သွားသောအခါ ရာခယ်က “ချမ်းသာကြပါစေ” ဟု နှုတ်ဆက်လိုက်သောအခါ လူစုကလည်း “သခင်ယေရှု၏ နာမတော်ဖြင့် ချမ်းသာကြပါစေ” ဟု ပြန်၍ နှုတ်ဆက်ကြ၏။ နောက်ဆုံးမှ ဆံပင်များ ဖြူ၍နေသော အမယ်ကြီးကို မြင်သောအခါ ရာခယ်က –

“အို … မိခင် အင်နာ၊ ကျွန်ုပ်အား မိခင် မသိပါလော။ ကျွန်ုပ်သည် ဗင်နိုနီ၏သမီး ရာခယ်ဖြစ်ပါသည်”

“အို … ရာခယ်၊ အဘယ်ကြောင့် ဤနေရာသို့ သင်ရောက်နေရပါသလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ခရစ်ယာန်များ သွားမြဲလမ်းအတိုင်း ရောက်ရခြင်းဖြစ်ပါသည်။ အို… မိခင် ခေတ္တမျှ အပန်းဖြေ နားပါဦးလော့"

အင်နာသည် ခေါင်းညိတ်လျက် ရေပန်း လေ့ကားခုံပေါ်၌ ထိုင်လိုက်ပြီးလျှင် ရေတောင်းသဖြင့် ရာခယ်က ရေကို လက်ခုပ်ဖြင့် အကြိမ်ကြိမ် ယူ၍ပေးရလေသည်။ ရေသောက်ပြီးနောက် အင်နာသည် ရာခယ်၏အကြောင်းကို မေးမြန်းရာ ရာခယ်က မိမိသည် 'ဒီမတ်' ဆိုသူ ကုန်သည်တစ်ဦးနှင့် အကြောင်းပါခဲ့ရာ၊ ဒီမတ်မှာ ဗယ်ရီတပ်မြို့၌ အသတ်ခံခဲ့ရပြီးလျှင် မိမိ၏ ကိုယ်ဝန်မှာ နေ့စေ့လစေ့ ရှိနေပြီဖြစ်ကြောင်း၊ မိမိတို့ ဇနီးမောင်နှံမှာ အလွန်ချစ်မြတ်နိုးကြောင်း၊ သို့သော် လက်ထပ်ပြီး နောက်တစ်လခန့်အကြာတွင် ခရစ်ယာန်ဘာသာသို့ ကူးပြောင်းခဲ့ကြရာ၊ မိမိဖခင်မှာ အလွန်ဒေါသထွက်ပြီးလျှင် နားချ၍ မရနိုင်သည့် အဆုံး၌ ရောမတို့အား တိုင်တန်းခဲ့ကြောင်း၊ ထို့နောက် နှစ်ယောက်လုံး ဖမ်းဆီးခြင်းခံရ၍ ဆီဇာရီယာမြို့တွင် လပေါင်းများစွာ အကျဉ်းခံ၍ နေခဲ့ရကြောင်း၊ တစ်နေ့တွင် မိမိယောကျ်ား ဒီမတ်အား 'ဗယ်ရီတပ်' မြို့သို့ ခေါ်ဆောင်သွားပြီးလျှင် သတ်ဖြတ်ပွဲတွင် ပါဝင်ရန် ငြင်းဆန်သည့်အတွက် အဂရိပမင်းကြီးအမိန့်ဖြင့် သတ်ပစ်ပြီးနောက် မိမိတို့ပစ္စည်းများကို ဘဏ္ဍာတော်အဖြစ် သိမ်းယူကြောင်း၊ ယခုအခါ သစ္စာရှိသော ကျေးကျွန်နီဟွတ်စတာနှင့် နှစ်ယောက်တည်းသာ ကျန်ရစ်ခဲ့ကြောင်း သနားစဖွယ် ပြောပြရှာလေသည်။

"မငိုပါနှင့် ချစ်သမီး၊ သင်၏ခင်ပွန်းနှင့် သင့်အား ကယ်တင်သူကိုပါ တွေ့ရတော့မည်ဖြစ်သဖြင့် ဝမ်းသာဖို့ပင် ရှိပါသည်"

"ကျွန်ုပ် ဝမ်းသာပါသည်။ သို့သော် ကျွန်ုပ် ပူဆွေးခြင်းမှာ ဤမဖွားမြင်ရသေးသော ကလေးအတွက် ဖြစ်ပါသည်။ အကယ်၍ တစ်နာရီမျှပင် အသက်ရှင်စေဦး ဤကလေးကိုသာ မွေးဖွားပြီးက ကျွန်ုပ်တို့ သုံးဦး ကောင်းကင်ဘုံတွင် ပျော်ရွှင်စွာရှိနေပါလိမ့်မည်။ ယခုကား ဤသို့ မဖြစ်နိုင်တော့ပါ"

အင်နာသည် စူးရှသော မျက်လုံးများဖြင့် ရာခယ်အား စိုက်၍ကြည့်လိုက်ပြီးလျှင် လူတို့၏ကံကြမ္မာသည် ဘုရားသခင်၏ လက်တွင်း၌ရှိနေကြောင်း ပြောပြလေသည်။

"မိခင်ပြောသည်မှာ မှန်ပါသည်။ ကျွန်ုပ်စိတ်ကို တင်းပါတော့အံ့။ နောက်ဆုံး မင်္ဂလာပြုရန် သူတို့က ခေါ်နေပါပြီ မိခင်"

သို့နှင့် ရာခယ်သည် ခုံကြီးများရှိရာသို့ လျှောက်သွားလေ၏။ ရာခယ် မကြားနိုင်သည့် နေရာသို့ ရောက်သောအခါ၊ နီဟွတ်စတာက –

"မိခင်သည် ရှေ့ဖြစ်ကို တင်ကြိုဟောပြော နိုင်သည်ဟု ကျော်ကြားပါ၏။ အသို့နည်း … ရာခယ်သည် ကလေးကို မွေးဖွားဖြစ်ပါဦးမည်လော"



www.burmeseclassic.com

www.burmeseclassic.com



အင်နာသည် ကောင်းကင်ကို တစ်ခဏမျှ စိုက်ကြည့်ပြီးနောက် "ကလေးကို မွေးဖြစ်လိမ့်မယ်။ ထိုကလေးသည် သက်တန်းစေ့ နေရလိမ့်မည်။ ကျွန်ုပ်တို့အားလုံးလည်း ယနေ့ ခြသေ့်အစားခံကာ သေရလိမ့်မည် မဟုတ်။ သို့သော် မကြာမီ သင်၏ သခင်မသည် သေလိမ့်မည် ထင်သည်။ သို့ဖြစ်၍သာ သူ့အား ကျွန်ုပ် မပြောလိုက်ခြင်းဖြစ်သည်"

"ထိုသို့ဆိုလျှင် ကျွန်ုပ်လည်း သေ၍ လိုက်လိုပါသည် မိခင်"

"ဆိုင်းဦးလော့ နီဟွတ်စတာ၊ သင်သည် ကလေးကို စောင့်ရှောက် ကျွေးမွေးရန် အသက်ရှင်၍ နေရလိမ့်ဦးမည်"

***

www.burmeseclassic.com

www.burmeseclassic.com

## ၂

ကစားပွဲများကို နေ့စဉ် နေ့တိုင်း အရဏ်တက်တွင် ကျင်းပ၍ မွန်းမတည့်မီ တစ်နာရီခန့်တွင် ရုပ်သိမ်းရန် စီစဉ်ထား၏။ လူနှစ်သောင်းခန့်ဆန့်သော ရုံကြီးပင် ဖြစ်သော်လည်း အရဏ်မတက်မီကပင် ပရိသတ်များ ပြည့်ကြပ်လျက်ရှိရာ၊ နောက်ကျသူများမှာ တံခါးပေါက်မှ လှည့်၍ ပြန်ကြရ၏။ ရုံအတွင်းရှိ ကွက်လပ်များမှာ ဘုရင်နှင့် ဧည့်သည်တော်များအတွက်၊ ထိုပြင်ခြသေ့စာ အကျွေးခံရမည့် ခရစ်ယာန်များအတွက်သာ ကျန်တော့၏။

နောက်ဆုံး ဆုတောင်းဝတ်ပြုခြင်းများ ပြုပြီးသော် ထောင်မှူးကြီး ဝင်ရောက်လာ၍ သူတို့အား ကစားရုံသို့ နှစ်ယောက်စီ စီတန်းချီတက်ရန် အမိန့်ပေးလေရာ၊ အင်နာနှင့် ဂိုဏ်းအုပ် ရှေ့ဆောင်သော လူစုသည် အစောင့်များ ခြံရံကာ ကစားရုံကြီးရှိရာသို့ သွားကြရ၏။

အချိန်မှာ နေထွက်ရန် တစ်နာရီခန့် လိုသေးသဖြင့် လမှာလည်း ဝင်သွားပြီဖြစ်ရာ အဂရိပ မင်းကြီးအတွက် ခမ်းနားစွာ ပြင်ဆင်ထားသော ရာဇပလ္လင်ဘေးတွင် ထွန်းညှိထားသော မီးရှူးတိုင်များသည်လည်းကောင်း၊ ပရိသတ်အချို့၏ မီးတုတ်များသည်လည်းကောင်း၊ ကျယ်ပြန့်သော အမှောင်ထုကြီးကို ထွင်းဖောက်ခြင်းငှာ မတတ်နိုင်ချေ။ ဤတွင် ခရစ်ယာန်တစ်စုတို့သည် ဓမ္မသီချင်းများကို သီဆို၍ ဝင်လာကြရာ၊ ပရိသတ်များက အတန်ငယ် လှုပ်ရှားသွားလေသည်။ ဂိုဏ်းအုပ်ကလည်း ပရိသတ်ဘက်သို့ လှည့်ကာ ဓမ္မတရားများကို တစ်ဆယ့်ငါးမိနစ်ခန့်မျှ ပြောလေရာ၊ ပရိသတ်က ဆိတ်ငြိမ်စွာ နားထောင်နေသည်။ ထိုအတွင်း တရားဟောဆရာက မည်သူမဆို ဘုရားသခင်က ခေါ်လျှင် တစ်နည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းဖြင့် သေရမည်ဖြစ်ကြောင်း၊ ယခုအချိန်၌ပင် ကောင်းကင်တမန်တော်သည် ကောင်းကင်၌ဝဲလျက် ရှိနေကြောင်း ဟောပြောလိုက်၏။ ထိုအခါ ပရိသတ်များ အနက် တစ်ယောက်က –

"ကြည့်စမ်း ... ကြည့်စမ်း မျက်လှည့်ဆရာ ပြောတဲ့ ကောင်းကင် တမန်တော်ဆိုတာ ထင်ပါရဲ့" ဟု ပြောလိုက်ရာ အခြားတစ်ယောက်က "မဟုတ် ပါဘူး၊ အရူးရဲ့ ငှက်ပါ" ဟု ပြောလိုက်၏။ ထိုအခါ အခြားတစ်ယောက်က "ဘုရားသိကြားမလို့ အဂရိပမင်းကြီးအတွက် ဇီးကွက်တော့ မဖြစ်ပါစေနဲ့" ဟု ဆုတောင်းလိုက်လေသည်။ ထိုစကားကို အချို့က ရယ်မောလိုက်သော်လည်း အဂရိပမင်းကြီးအတွက်ကား သူအောင်ပွဲခံသည့်အချိန်က ဇီးကွက် ပေါ်လာလိမ့် မည်ဟု နိမိတ်ဖတ်သမားများက တင်ကြိုဟောပြောထားပြီးဖြစ်လေသည်။

သို့ရှိစဉ် နန်းတော်ဆီမှ ခရာသံကြားရပြီးလျှင် အဂရိပမင်းကြီးသည် ထူးခြားစွာ ဝတ်စားဆင်ယင်လျက် မင်းခမ်းမင်းနားနှင့် ကြွချီလာတော့၏။ လက်ယာဘက်တွင် ရောမဘုရင်ခံ 'မာဆပ်'၊ လက်ဝဲဘက်တွင် ဘုရင် 'အန်တီယို ကတ်'၊ ထိုနောက်မှ အခြားဘုရင်များ၊ မင်းညီမင်းသားများနှင့် အခြားတိုင်းပြည်မှ သူရဲကောင်းများ လိုက်ပါလာလေသည်။ မင်းပရိသတ်များနေရာယူမိသောအခါ ပရိသတ်က တစ်ခဲနက် ဩဘာပေးလေသည်။

ထို့နောက် သတ်ဖြတ်ပွဲတွင် ပါဝင်မည့်သူများနှင့် ခြင်္သေ့စာ အကျွေးခံရ မည့် သူများသည် ဘုရင်ကြီးရှေ့မှောက်သို့ တစ်သုတ်စီ ချီတက်ကာ အလေးပြု ကြရ၏။ လူအိုလူမင်းများ၊ သားသည်အမေ မိန်းမများ၊ အစုတ်စုတ်အပြတ်ပြတ် ဖြစ်နေသည့် ခရစ်ယာန် လူအုပ်ကြီးကိုမူ ပရိသတ်ကပြောင်လှောင်ကြ၏။ ရာဇ ပလ္လင်ရှေ့သို့ ရောက်သောအခါ ဂိုဏ်းအုပ်က "အို ... ဘုရင်မင်းမြတ်၊ မကြာမီ သေရတော့မည်ဖြစ်သော ကျွန်ုပ်တို့သည် သင့်အား ခွင့်လွှတ်ပါ၏။ ဘုရားသခင် ကလည်း ခွင့်လွှတ်ပါစေ" ဟု ဆုတောင်း၏။ ရှေ့မှ အဖော်များကို မီအောင် မလျှောက်နိုင်သော 'အင်နာ' ကမူ ဘုရင်ကြီးရှေ့သို့ရောက်သောအခါ သူ့အား စူးစိုက်ကြည့်နေပြီးနောက် ကိုယ်ကိုဆန့်လိုက်ပြီးလျှင် ဘုရင်ကြီး၏ ဦးခေါင်းပေါ်မှ အမိုးဆီသို့ သူကိုင်လာသော တောင်ဝှေးဖြင့် ထိုး၍ ပြလိုက်လေ၏။

အားလုံးပင် သူညွှန်ပြရာသို့ ကြည့်ကြသော်လည်း တစ်စုံတစ်ရာ မမြင် ရချေ။ သို့သော် ဘုရင်ကြီးကမူ တစ်စုံတစ်ခုကို မြင်လိုက်ရသကဲ့သို့ ကစားပွဲများ ကို ကြေညာရန် မတ်တတ်ရပ်နေရာမှ ရုတ်တရက် ထိုင်လိုက်လေသည်။ အင်နာ ကား သူ၏အဖော်များရှိရာသို့ ဆက်လက် လျှောက်သွားလေတော့၏။

"ကျွန်ုပ်သည် ရောမ ဧကရာဇ်ဘုရင်ကြီးအား ဂုဏ်ပြုသောအားဖြင့် ဤကစားပွဲကြီးကို ဖွင့်လှစ်ပါသည်" ဟု ဘုရင်ကြီးက ကြေညာလိုက်ရာ၊ ပရိ



www.burmeseclassic.com

www.burmeseclassic.com



သတ်များကလည်း "နတ်မင်းကြီးအသံ၊ အဂရိပမင်းကြီး၏အသံ" ဟု တစ်ခဲနက် ကြွေးကြော်ကြကုန်၏။ ထိုအခိုက်အတန့်၌ သူ၏ကိုယ်ထဲမှ ပြင်းပြသော ဝေဒနာ တစ်ခုကို ခံစားနေရပြီဖြစ်ရာ ထိုအချိန်၌ သူ့ဦးခေါင်းတည့်တည့်ပေါ်ရှိ အမိုးဆီမှ ဇီးကွက်ဖြူကြီးတစ်ကောင် ပျံထွက်လာပြီးလျှင် ထိုမှ ဤမှ ပျံသန်းကာ ပျောက် ကွယ်သွားလေ၏။ ထို့နောက် ဘုရင်ကြီးသည် ရာဇပလ္လင်ပေါ်တွင် လဲကျသွား လေ၏။ ထိုအခါ အဆောင်ကိုင်များလည်း ဝေဒနာပြင်းစွာ ခံစားလျက်ရှိသော ဘုရင်ကြီးအား ပွေ့ချီယူသွားကြလေရာ၊ သံတော်ဆင့်က မတ်တတ်ရပ်လိုက်ကာ ဘုရင်မင်းမြတ်သည် ရုတ်တရက် ဝေဒနာ စွဲကပ်တော်မူသဖြင့် ကစားပွဲများကို ရပ်သိမ်းလိုက်ကြောင်း ကြေညာလိုက်လေသည်။

လူထုပရိသတ်ကြီးသည် ထိတ်လန့်ကြောက်ရွံ့လျက် တုတ်တုတ်မျှ မလှုပ်ဘဲ ရှိနေရာမှ တီးတိုးပြောသံများ ရုတ်တရက် ကျယ်လောင်လာပြီးလျှင် လှုပ်လှုပ်ရွရွ ဖြစ်လာလေ၏။

"ဘုရင်ကြီးအား ခရစ်ယာန်တွေ ပြုစားပြီ၊ဒီလိုဖြစ်မှာကို သူတို့ တင် ကြိုသိတယ်။ စုန်းတွေ၊ ကဝေတွေ သူတို့ကို သတ်ကြလော့ … သတ်ကြလော့ … သတ်ကြလော့"

ထိုသို့ ဟစ်အော်ကြွေးကြော်ကာ လူထုကြီးသည် ခရစ်ယာန်များရှိသော နေရာသို့ တစ်ခါတည်း ပြေးသွားကြလေ၏။ သို့သော် ခရစ်ယာန်များအား ထားရှိ သော နေရာမှာ အတော်မြင့်သော အကာအရံများနှင့် ခြားထားသဖြင့် လူများ သည် ၎င်းတို့ကို ကုတ်ခြစ်တွယ်ကပ်၍ တက်ကြလေရာ မတက်နိုင်သဖြင့် အောက်သို့ ပြန်၍လျှောကျကြပြီးလျှင် တစ်ယောက်အပေါ် တစ်ယောက်ထပ်၍ ကျကာ ရုတ်ရုတ်သဲသဲ ဖြစ်ကြရကုန်၏။ သို့ရှိနေစဉ် ခရစ်ယာန်တစ်ယောက်က "တို့တော့ သေတော့မှာပဲ" ဟု ပြောလိုက်၏။ သို့သော် အနီးရှိ နီဟွတ်စတာက "အို … မသေနိုင်သေးပါဘူး။ ကျွန်မ လမ်းသိတယ်။ အားလုံး ကျွန်မနောက် လိုက်ခဲ့" ဟုပြောကာ သူ၏သခင်မအား ပွေ့ဖက်တွဲယူပြီးလျှင် တံခါးပေါက်ရှိရာ သို့ ခေါ်သွားလေ၏။

တံခါးဝတွင် ထောင်မှူးရှူးဖတ် စောင့်နေရာ နီဟွတ်စတာသည် လျှို့ ဝှက်ယူခဲ့သော ဓားမြှောင်ဖြင့် ရှူးဖတ်အား အနီးသို့ ကပ်၍ထိုးလိုက်လေ၏။ ထို့နောက် သူတို့လည်း အပြင်သို့ထွက်ခဲ့ကြရာ ကြောက်လန့်တကြား ပြေးလွှား နေသော လူအုပ်ကြီးနှင့် ရောနှောသွားလေသည်။ နီဟွတ်စတာသည် သူ၏ သခင်မအား ပွေ့ဖက်တွဲယူကာ လူအုပ်ကြားထဲမှာ အတင်းတိုးထွက်လေ၏။ ရာခယ်ကား အလွန်မောပန်းလျက်ရှိနေလေပြီ။ သို့နှင့် နီဟွတ်စတာ၏ နား နားသို့ကပ်ကာ လေသံဖြင့် "ဘယ်ကိုသွားကြမလဲ နူး"



www.burmeseclassic.com

www.burmeseclassic.com

**၁၂၈ ဒဝုန်ရွှေများ**

"မြန်မြန်သာ လျှောက်ပါ သခင်မ၊ ဆိုင်းမနေပါနဲ့"

"ကျွန်မဖြင့် မောလှပြီနူးရယ် ... မလိုက်နိုင်တော့ဘူး။ ကျွန်မကို ထားခဲ့ပြီး နူးသာ ကိုယ်လွတ်ပြေးပါတော့"

သို့ပြောဆိုရင်း ရာခယ်သည် မြေပေါ်သို့ ဒူးထောက်ကျသွားလေ၏။ ထိုအခါ နီဟွတ်စတာသည် သူ၏သခင်မအား ပွေ့ချီကာ လူအုပ်နှင့် ဝေးနိုင်သမျှ ဝေးအောင် ဆိပ်ကမ်းဘက်သို့ ပြေးသွားလေ၏။

***

www.burmeseclassic.com

www.burmeseclassic.com

## ၃

နီဟွတ်စတာသည် လမ်းချိုးတစ်ခုသို့ ဝင်ခဲ့ပြီးနောက် တံတိုင်းတစ်ခု၏ နံဘေးမှောင်ရိပ်တွင် ခိုလိုက်၏။ မြို့တွင်းသို့ ပြန်၍ ဝင်ရန်လည်း သူတို့အား လူတိုင်းမှတ်မိနေသဖြင့် မဖြစ်နိုင်ချေ။ တစ်နေရာတွင် ပုန်းအောင်းနေမှသာ ချမ်းသာရာ ရပေတော့မည်။ သို့နှင့် အနီးအနားတွင် ပုန်းအောင်းစရာနေရာ လိုက်လံရှာဖွေလျက်ရှိရာ လေး ငါးဆယ်ကိုက်ခန့်အကွာတွင် ခုံးတံခါးတစ်ခုကို တွေ့ရသဖြင့် ထိုနေရာသို့ လူသူလေးပါး၊ မမြင်ရလေအောင် သူ၏ သခင်မကို ပွေ့ချီယူသွားလေ၏။ ထိုနေရာတွင် မီးမငြိမ်းသေးသော မီးဖိုတစ်ခုနှင့် ရေပြည့်နေသော ရေချိုင့်အပုံတစ်ခုကို တွေ့ရလေသည်။ သို့သော် ထိုနေရာမှာ မလုံခြုံသေးသဖြင့် နီဟွတ်စတာသည် အနီးပတ်ဝန်းကျင်ကို ရှာဖွေသောအခါ ကျောဘက်တွင် လှေကားပေါက်တစ်ခုကို တွေ့ရသည်နှင့် ရာခယ်အား မြေကြီးပေါ်၌ အသာအယာ ချထားပြီးသော် လှေကားကို ဖြည်းညင်းစွာ တက်သွားရာ လှေကားထိပ်တွင် တံခါးတစ်ခုကို တွေ့ရလေ၏။ တံခါးကို တွန်းကြည့်ရာ တံခါးပွင့်သွားပြီးလျှင် အခန်းတွင်း၌ကား ထောင့်တစ်ခုတွင် ဂျုံများကို ပုံထားသော အပုံကြီးတစ်ခုနှင့် အိတ်များကို တွေ့ရသဖြင့် အတော်အတန် လုံခြုံသော နေရာတစ်ခု ဖြစ်သည့်အတိုင်း သူ၏ သခင်မအား မနိုင့်တနိုင် ပွေ့ချီ၍ တင်ခဲ့လေ၏။ ထို့နောက် ရေချိုင့်ကို သွားယူခဲ့ပြီး ရေများဖြင့် မျက်နှာကို ဆွတ်ဖျန်းပေးရာ၊ ရာခယ်သည် သတိရလာပြီး ငုတ်တုတ်ထိုင်လေ၏။

ရာခယ် သတိရလာသောအခါ နီဟွတ်စတာက အကျိုးအကြောင်း ပြန်ပြောရလေသည်။ သို့ရှိစဉ် အောက်မှ အသံတစ်သံကို ကြားရသဖြင့် နီဟွတ်စတာသည် ကြမ်းပြင်ကို နားနှင့် ကပ်၍ထောင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အောက်တွင် စစ်သား သုံးယောက်တို့ ရှာဖွေနေသံကို ကြားရ၍ အကြီးအကဲနှင့်တူသူက လိုက်ဗီယန်လူမျိုး မိန်းမတစ်ယောက်သည် သူ၏ အဖော်မိန်းမတစ်ယောက်အား ပွေ့ချီသွားသည်ကို မြင်လိုက်ရကြောင်းနှင့် လူတစ်ယောက်က ပြောသည့်အတိုင်း ၎င်းတို့မှာ ဤအနီး၌ပင် ရှိလိမ့်မည် ထင်ကြောင်းနှင့် သူ၏အဖော်များအား ပြောပြလျက်ရှိ၏။ သို့ပြောပြီးနောက် ထိုသူသည် လှေကားကို တွေ့သွားသည့်ဟန်ဖြင့် လှေကားမှ တက်လာသော ခြေသံကိုကြားလေရာ နီဟွတ်စတာသည်မျက်စိမှိတ်ကာ ဆုမွန်တောင်းပြီးနောက် ခြေသံမကြားရအောင် တံခါးဆီသို့ သွားပြီးလျှင် တံခါးမင်းတုံးကို လက်နှင့် ဖိထားလိုက်၏။ စစ်သားသည် အမှတ်မဲ့ တံခါးကို တွန်းကြည့်ရာ မရသဖြင့် အောက်သို့ ပြန်ဆင်းသွားလေသည်။ ရာခယ်နှင့် နီဟွတ်စတာတို့မှာ ထိုအခါမှ အတော်အတန် အသက်ရှူနိုင်ကြလေသည်။

ထိုအခန်းကလေးကို 'အမ်မရမ်' ဆိုသူ ကုန်သည်တစ်ဦးက ပိုင်၏။ စစ်သားများသည် ထိုသူထံသွား၍ သော့တောင်းရန်အကြောင်းနှင့် ပတ်သက်၍ စကားများကြပြီးနောက် ထွက်သွားကြလေ၏။ ထိုအခါ ရာခယ်နှင့် နီဟွတ်စတာတို့မှာ ပိုင်ရှင်သော်လည်းကောင်း၊ စစ်သားများသော်လည်းကောင်း ရောက်လာလိမ့်မည်ကို စိုးရိမ်လျက်ရှိစဉ် တစ်ခဏမျှကြာသောအခါ တံခါးမင်းတုံးကျသံကြားရပြီးနောက် အမ်မရမ်ကိုယ်တိုင် အခန်းထဲသို့ ဝင်လာလေသည်။ သူသည် ဖိနီရှန် လူမျိုးတစ်ယောက်ဖြစ်၍ ထိုအချိန်၌ သူ့တွင် လက်နက်တစ်စုံတစ်ရာမပါချေ။ သူသည် အတွင်းမှ တံခါးကို သော့ခတ်ပြီးနောက် စားပွဲဆီသို့ လျှောက်လာရာ နီဟွတ်စတာနှင့် မျက်နှာချင်းဆုံလိုက်သည်တွင် တစ္ဆေသရဲကို မြင်ရသကဲ့သို့ အံ့အားသင့်သွားလေသည်။ အမ်မရမ်က အကျိုးအကြောင်း မေးရာ နီဟွတ်စတာက မိမိတို့မှာ စစ်သားများ ရှာဖွေနေသည့် ခရစ်ယာန်မ နှစ်ယောက်ပင်ဖြစ်ကြောင်း ထုတ်ဖော်ဝန်ခံရတော့၏။

"ဒီလိုဆိုရင် သူတို့ကို တစ်ခါတည်း သွားပြောလိုက်တာ ကောင်း တယ်"

"ရှင် ဘာဖြစ်လို့ ပြောရမှာလဲ"

"ပြောရင်ကော"

"ပြောရင်တော့ ရှူးဖတ်ကိုလုပ်ခဲ့သလို စလုတ်ထဲ ဓားမြှောင်နဲ့ စိုက်လိုက်ရုံပေါ့"

"ကျုပ်မှာ လက်နက်ပါရင်ကောဗျာ"

"ပါရင် ထွက်လေ ... ဘယ်သူ့လက်နက်က ကောင်းသလဲ သိရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မှာ ဘာလက်နက်မှ မပါ ပါဘူးဗျာ။ ဒီတော့ ကျုပ်က ဘာလုပ်ပေးရမှာလဲ"

"ကျွန်မတို့ကို ဆီဇာရီယာက လွတ်အောင် လုပ်ပေးစေချင်တယ်။ ဒါမှမဟုတ်လို့ ကျွန်မတို့ကို ရန်ရှာမယ်ကြံရင်တော့ ရှင့်ကို လက်ဦးဆုံး ဟောဒီဓားနဲ့ စီရင်ပြီးမှ ကျွန်မတို့ကိုယ်ကို အဆုံးစီရင်လိုက်မယ်"

"ဒီလောက် ဒေါသမကြီးပါနဲ့လေ ... ဒီကိစ္စကို ဆွေးနွေးဦးမှပေ့ါ။ အပြင်ကို ကျုပ် ထွက်ပါရစေလား"

"ဒီလို ဘယ်ရမလဲ၊ ကျွန်မတို့ထွက်ရမှ ရှင်ထွက်ရမှာပေ့ါ။ ဘာဖြစ်လို့ စကားရှည်နေချင်ရတာလဲ၊ နားထောင်စမ်းပါ။ ဟောဒီ မိန်းကလေးဟာ တိုင်ယာက ဗင်နိုနီရဲ့ သမီးကလေးပဲ၊ သိတယ် မဟုတ်လား"

"ဗင်နိုနီနဲ့တော့ ကျုပ် အရောင်းအဝယ် လုပ်ခဲ့ဖူးပါတယ်"

"ဗင်နိုနီက သိပ်ချမ်းသာတာပဲ။ ဒီတော့ သူ့သမီးကို ကယ်တဲ့လူကို ရက်ရက်ရောရော ချီးမြှင့်ပါလိမ့်မယ်"

"နို့ပေမဲ့ ရဟူဒီတွေဟာ စိတ်မချရပါဘူးဗျာ၊ ပြီးတော့လည်း အပြင်ကို ကျုပ် မထွက်ရဘဲနဲ့ ဘယ်လိုလုပ်ပြီး ခင်ဗျားတို့ကို လွတ်အောင် စီစဉ်နိုင်မှာလဲဗျ။ ကျုပ် ခရစ်ယာန်တွေကို မမုန်းတာတော့ အမှန်ပါပဲ။ နို့ပေမဲ့ ခင်ဗျားတို့ကို ကယ်ဖို့က ခက်နေတယ်"

"ဒါတော့ ရှင် အသက်မသေချင်ရင် ကြံပေ့ါ"

"သြော် ... အကြံတစ်ခု ရပြီဗျို့။ ခင်ဗျားနာမည် ဘယ်သူဗျ။ နီဟွတ်စတာ ဟုတ်စ၊ အခုည ကျုပ်သင်္ဘောတစ်စင်း တိုင်ယာမြို့ကို ထွက်လိမ့်မယ်။ အဲဒီ သင်္ဘောနဲ့ ခင်ဗျားတို့ လိုက်ကြပေတော့"

"ရှင်ပါလိုက်ရင်တော့ လိုက်မယ်"

"ကျုပ်က ဒီအခေါက်သွားဖို့ ကိစ္စမရှိသေးဘူးဗျာ၊ ခက်တာပဲ"

"ကိုင်း... ဒီတော့ ရှင်ဆောင်ရွက်ပေးမလား။ ဒါမှမဟုတ်ရင် ဓားနဲ့ အသေခံမလား၊ အခုပြောပေတော့"

"ကိုင်း ... ခင်ဗျားတို့သဘောအတိုင်း လုပ်ပေတော့ဗျာ။ ဒီည ခင်ဗျားတို့ကို သင်္ဘောပေါ် ခေါ်သွားမယ်။ သင်္ဘောဟာ နေဝင်ပြီး နှစ်နာရီအကြာမှ ထွက်လိမ့်မယ်။ ကျုပ်ပါလိုက်ပြီး သူ့ဖခင်ကြီးဆီကို ရောက်အောင်ပို့ပေးပါတော့မယ်။ ဒါထက် ဒီနေရာကပုလှသဗျာ၊ တိုက်ခေါင်မိုးကို ဟောဒီလှေကားက တက်ကြရအောင်၊ အပေါ်မှာ ဘယ်သူမှ မမြင်နိုင်ပါဘူး"

"ရှင် အရင်တက်လေ"

"စိတ်ချပါဗျာ။ ကျုပ်ကတိကို မဖျက်ပါဘူး"

www.burmeseclassic.com



သို့နှင့် သူတို့သည် အမိုးပေါ်သို့ တက်ကြလေ၏။ ထိုနေရာ၌ကား အေးမြသော လေညင်းကလေးက တဖြူးဖြူး တိုက်ခတ်နေသဖြင့် မောပန်းလျက် ရှိသော ရာခယ်မှာ အိပ်ပျော်သွားရှာလေသည်။ နီဟွတ်စတာသည် သူ့သခင်မကို စောင့်ရင်း အမ်မရမ်နှင့်အတူ စကားစမြည်ပြောလျက်ရှိလေသည်။ သို့ရှိစဉ် နန်းတော်ကြီးဆီမှ သံတော်ဆင့်တစ်ယောက်၏ ကြေညာသံကြောင့် နန်းတော် ပတ်ဝန်းကျင်ရှိ လူထုကြီး ရုတ်ရုတ်ရက်ရက် ဖြစ်သွားသည်ကို မြင်ရလေရာ အမ်မရမ်က ဘုရင်ကြီး ကံကုန်ပြီထင်ကြောင်း ပြောပြလေသည်။

"ဒါထက် ခင်ဗျားတို့ကို လုပ်ပေးရမယ့်အလုပ်ဟာ စွန့်တော့စွန့်ရမယ့် အလုပ်ပဲ။ ဒါပေမဲ့ တတ်နိုင်သမျှ လုပ်ပေးရတော့မှာပဲလေ။ တစ်ခုတော့ရှိတယ်။ ကျုပ် သင်္ဘောက နည်းနည်းငယ်တယ်။ ဒီတော့ အခုညမှာပဲ အလက်ဇန္ဒရီးယား ကို ထွက်မယ့် သင်္ဘောကြီးတစ်စင်းရှိတယ်။ အဲဒီသင်္ဘောမှာ ခင်ဗျားသခင်မကို ကျုပ်ရဲ့ဆွေမျိုး၊ ခင်ဗျားကိုတော့ သူရဲ့အစေအပါးလို့ ပြောပြီး ထည့်ပေးလိုက် မယ်။ ဟိုရောက်တော့ ခရစ်ယာန်တွေက ကြည့်ရှုပါလိမ့်မယ်"

"ရှင့်အကြံအကောင်းသားပဲ။ သခင်မ သဘောကျမလား မသိဘူး"

"သဘောကျရမယ်လေ။ တခြား အကြံမှမရှိဘဲဟာ၊ ကဲ ... ကျုပ်အခု ပြန်ပါရစေဦး။ ကျုပ်အဝတ်အစားနဲ့ အစားအသောက်ယူခဲ့ပြီး ကျုပ်လာခဲ့မယ်။ ဒီနောက် သင်္ဘောကို ဆင်းကြတာပေါ့။ ကိုင်း ... အောက်ကိုဆင်းပြီး တံခါးပိတ် ပါဦး။ ကျုပ်ပြန်လာရင် ဟိုကွက်လပ်ထဲမှာ ကျွန်တစ်ယောက်နဲ့ အထုပ်ကို ကြိုး ချည်ယောင်လုပ်နေမယ်။ အဲဒီအခါ အောက်ကို ဆင်းပြီးတံခါးသာ ဖွင့်ပေတော့"

***

www.burmeseclassic.com

www.burmeseclassic.com

## ၄

ညနေ သုံးနာရီခန့်တွင် ရာခယ်သည် အိပ်ရာမှနိုးလာရာ နီဟွတ်စတာက အလုံးစုံပြန်ပြောလေသည်။

နေမဝင်မီ တစ်နာရီလောက်၌ သူပြောခဲ့သော ကွက်လပ်တွင် အမ်မရမ်သည် သူ့နောက်မှ အထုပ်ကြီးတစ်ခုကို ထမ်း၍လာသော ကျွန်တစ်ယောက်နှင့်အတူ လျှောက်လာပြီးလျှင် အထုပ်မှကြိုးများကို ပြန်၍ချည်နှောင်နေသည်ကို မြင်ရသဖြင့် နီဟွတ်စတာလည်း တံခါးကိုဖွင့်ပေးလေ၏။ အထုပ်ကြီးအတွင်း၌ကား၊ ဖိနီရှန်မိန်းမများ ဝတ်ဆင်သော အဖိုးတန် အဝတ်အစားများ ပါလာသည့်ပြင် သူ၏ခါးထဲမှ အလွယ်တကူသုံးနိုင်ရန် ရွှေစများပါသော ရွှေအိတ်ကလေးကိုပါ ထုတ်ပေးလေသည်။ ထိုအခါ နီဟွတ်စတာက ကျေးဇူးတင်စကား ပြောမည်ပြုစဉ် အမ်မရမ်က –

“ကဲ … ကျုပ်ကတိတည်တယ် မဟုတ်လား။ ဒါပေမဲ့ ကျုပ် ပြောတာနားထောင်စမ်းပါ။ ခင်ဗျားတို့အတွက် သင်္ဘောခ ပေးပြီးပြီ။ နေဝင်ပြီးလို့ တစ်နာရီအကြာမှာ သင်္ဘောဆင်းရလိမ့်မယ်။ ဒါပေမဲ့ တစ်ခုတော့ သတိပေးလိုက်မယ်။ ခင်ဗျားတို့ဟာ ထွက်ပြေးလာတဲ့ ခရစ်ယာန်တွေ ဆိုတာတော့ မသိစေနဲ့။ သင်္ဘောသားတွေက အယူသည်းတဲ့ကောင်တွေဗျ။ ဒီလူမျိုး သင်္ဘောပေါ်မှာ ပါရင် ကံမကောင်းဘူးလို့ အယူရှိတယ်။ ကိုင်း … အစားအသောက်တွေယူသွားပြီး စားကြပါဦး။ စားပြီးတော့ အဝတ်လဲတာပေါ့”

မကြာမီ သူတို့သည် အစားအသောက်များ စားပြီးနောက် ရေချိုင့်ထဲတွင် ကျန်နေသေးသော ရေဖြင့် ကိုယ်လက်သန့်စင်ပြီးသော် ဖိနီရှန် အဝတ်များ ဝတ်ဆင်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မှောင်သောအခါ သူတို့သည် လူပြတ်သော လမ်းတစ်လျှောက်မှ အမ်မရမ်ရှေ့ဆောင်လျက် သင်္ဘောဆိပ်သို့လာခဲ့ကြပြီးလျှင် အသင့်စောင့်နေသော လှေကလေးတစ်စင်းနှင့် ကျောက်ချထားသည့် သင်္ဘောဆီသို့ ကူးသွားကြလေ၏။ သင်္ဘောပေါ်သို့ရောက်လျှင် အမ်မရမ်က သူတို့နှစ်ဦးအား အယ်လက်ဆန္ဒရီးယားသို့ သွားမည့်လူ၏ သားချင်းများ ဖြစ်ကြောင်းနှင့် သင်္ဘောသူကြီးနှင့် မိတ်ဆက်ပေးပြီးနောက် သူတို့အဖို့ သီးသန့်ထားသော အခန်းဆီသို့ သွားကြလေသည်။

ထိုသို့လျှောက်သွားစဉ် မီးအိမ်တစ်ခုကို ကိုင်ထားသော သင်္ဘောသားတစ်ယောက်က သူ၏အဖော်အား ရာခယ်မှာ ထိုနေ့နံနက်က ကစားရုံကြီးတွင် ဘုရင်ကြီးအား အလေးပြုသည့် ခရစ်ယာန်တစ်ယောက်နှင့် တူကြောင်း ပြောရာ သူ၏အဖော်က "အင်း … ခရစ်ယာန်တွေ ဆိုရင်တော့ တို့တစ်တွေကြမ္မာဆိုးနဲ့တိုးတော့မှာပဲ"

"အို … ခရစ်ယာန် ဟုတ်ဟုတ်၊ မဟုတ်ဟုတ် မုန်တိုင်းတော့ ဆင်နေပြီကွယ့်"

သင်္ဘောခန်းထဲတွင် ရာခယ်နှင့် နီဟွတ်စတာတို့ နေသားတကျရှိကြသောအခါ အမ်မရမ်သည် နှုတ်ဆက်၍ ပြန်သွားလေသည်။

မကြာမီ သင်္ဘောသည် ရွက်များဖြန့်ကာ တက်များဖြင့် လှော်ခတ်ထွက်ခဲ့လေသည်။ နှစ်နာရီခန့် ကြာသောအခါ လေငြိမ်သွားပြီးလျှင် ကောင်းကင်တစ်ခုလုံး မည်းမှောင်လာပြီးလျှင် လှိုင်းထမ်းပိုးများလည်း ထလာ၏။ နေ့လယ်လောက်တွင် လေမုန်တိုင်းကျလာရာ သင်္ဘောကြီးမှာ မုန်တိုင်းထဲတွင် အိမ်တစ်ဆောင်ခန့်မျှ ကြီးမားလှသော လှိုင်းလုံးကြီးများအကြား၌ အလိုက်သင့် မျောပါသွားလေ၏။

အခန်းထဲတွင် ရာခယ်သည် သင်္ဘောတောက်ကာ သတိမရတစ်ချက် ရတစ်ချက်ရှိနေရာ သင်္ဘော အခြေအနေမှာ ယခင်ကထက် ဆိုးဝါးလျက် ကျောက်ဆောင်များနှင့် တိုက်မိမည်စိုးသဖြင့် ကြိုးစားနေဆဲ၌ပင် လေအဟုန်ဖြင့် ရွက်တိုင် ပြုတ်ကျသွားပြီးလျှင် တက်မ လည်း ကျိုးသွားသဖြင့် ထိန်း၍မနိုင်တော့ဘဲ လေတိုက်ရာသို့ မျောပါသွားလေ၏။ ညဉ့်အချိန်သို့ ရောက်လတ်သော် သင်္ဘောသားများမှာ ဆောက်တည်ရာ မရတော့ဘဲ အရက်များ အလွန်အကျွံသောက်ကာ အမူးမူး အရူးရူး ဖြစ်နေကြ၏။

နောက်တစ်နေ့နံနက်တွင် ကမ်းနှင့် တစ်မိုင်ခန့်သာ ဝေးတော့သဖြင့် ကျောက်တန်းတစ်ခုဆီသို့ ပြေးသွားပြီးလျှင် မကြာမီ ကျောက်ဆောင်တစ်ခုပေါ်သို့ တင်ကာ လူးလိမ့်လျက်ရှိလေ၏။ ထိုအခါ သင်္ဘောသားများမှာ အမူးပြေကြ

www.burmeseclassic.com



ပြီဖြစ်၍ ဖောင်တစ်ခုပေါ်သို့ အလုအယက် တက်ကြလေ၏။ နီဟွတ်စတာက လည်း သူတို့နှစ်ယောက်ကိုလည်း ခေါ်ရန် တောင်းပန်လေရာ သင်္ဘောသူကြီးက အကယ်၍ သူတို့နှစ်ယောက် ပါခဲ့သော် သတ်ဖြတ်၍ မုန်တိုင်းနတ်ကို ပူဇော်မည့် အကြောင်းပြောကာ ကျိန်ဆဲ၍ ထားခဲ့လေသည်။ ဤသို့ လိုက်ပါမသွားသဖြင့် လည်း ကံကောင်းလှတော့၏။ ဖောင်နှင့်လှေမှာ သင်္ဘောမှခွာ၍ မကြာမီပင် လှိုင်း လုံးများအကြားတွင် နစ်မြုပ်၍ သွားလေတော့၏။

ထိုအခါ နီဟွတ်စတာက သင်္ဘောပျက်၍ မသေနိုင်ကြောင်း အားပေး စကား ပြောလေရာ သူပြောသည့်အတိုင်းပင် လေသည် ရုတ်တရက် ငြိမ်သွားပြီး နောက် လေပြင်းတစ်ချက် တိုက်လိုက်ရာ လှိုင်းလုံးကြီးတစ်လုံးသည် သင်္ဘောကို ယူဆောင်သွားပြီးနောက် ကမ်းနှင့် ခဲတစ်ပစ်ခန့်အကွာတွင် မလှုပ်မယှက်တင်၍ နေတော့၏။ တဖြည်းဖြည်း လေငြိမ်သွားသောအခါ စိတ်ပန်းကိုယ်ပန်းဖြစ်၍နေရှာ သော ရာခယ်သည် ထိုည သန်းခေါင်ယံ မတိုင်မီ သမီးမိန်းကလေးတစ်ယောက် ကို မီးရှူးသန့်စင်ဖွားမြင်ခဲ့လေသည်။

ရာခယ်သည် နီဟွတ်စတာအား ကလေးကို ယူခဲ့စေရာ နီဟွတ်စတာ က မုန်အိမ် အလင်းရောင်ဖြင့် ကလေးကို ပွေ့ချီ၍ပြ၏။ ကလေးမှာ အသား အလွန် ဖြူ၏။ မျက်လုံးပြာ၍ ဆံပင်မှာ နက်မှောင်ကော့လိမ်၍နေ၏။ ထို့နောက် ကလေး၏ နဖူးပြင်၌ လက်ဝါးကပ်တိုင်ပုံကို ရေဖြင့် ရေးပြီးလျှင် အဘွား၏ အမည်ကိုယူကာ 'မီရီယာန်' ဟု ကင်ပွန်းတပ်လိုက်၏။

"ကိုင်း … ကလေးဟာ တစ်နာရီပဲ အသက်ရှင်ရှင် ခရစ်ယာန် ဖြစ်သွား ပြီ။ နူးကသာ အမေရင်းလို စောင့်ရှောက်ရစ်ပေတော့။ အရွယ်ရောက်လို့ လက်ထပ် တဲ့အခါမှာလည်း ခရစ်ယာန်မှသာ လက်ထပ်ရမယ့်အကြောင်း လူမှန်းသိတဲ့ အရွယ်က စပြီး ပြောပြပေတော့"

"အို … သခင်မ ဘာတွေ ပြောနေတာလဲ"

"ဘာတွေပြောရမှာလဲ၊ ငါ အခုသေရတော့မယ်။ ငါ့ဆုတောင်းပြည့်လို့ သာ ဒီကလေးမွေးပြီးတဲ့အချိန်အထိ နေရတာ၊ ပူဆွေးပြီး မနေပါနဲ့တော့ နူးရယ်။ ဘယ်လိုဆေးနဲ့ပဲ ကုကု မရတော့ပါဘူး။ ကိုင်း … အရက်ကလေးသာ နည်းနည်း ပေးစမ်းပါ။ အဲ … ဟုတ်ပြီ။ ကဲ … ငါပြောတာ နားထောင်စမ်း နူး။ ငါသေရင် ဒီကလေးကိုယူသွား၊ ကမ်းခြေမှာ ရွာတွေ့အောင် ရှာပြီး သက်ဆိုးရှည်အောင် မွေးပေတော့။ ကလေး အတော်သန်မာလာတဲ့အခါ ဒက်ဆီးရေအိုင်ကြီး ကမ်းခြေ မှာရှိတဲ့ အက်ဆင်းလူမျိုးတွေရဲ့ ရွာကိုသွား၊ အဲဒီရွာမှာ အမေရဲ့ အစ်ကိုကြီး 'အီသီယယ်' ဆိုတာ ရှိလေရဲ့၊ သူ့ကိုတွေ့အောင်ရှာ၊ ငါ့နာမည်နဲ့ မွေးရက်ပါတဲ့ လက်ဖွဲ့ကိုပြပြီး အကျိုးအကြောင်း တစ်ခုမကျန်ပြောပြပေတော့။ နူးရော ကလေး

www.burmeseclassic.com



ပါ ကျွေးမွေးစောင့်ရှောက်ဖို့ မှာလိုက်တဲ့အကြောင်းလည်း ပြောပေတော့ ကြားရဲ့လား"

"ကြားပါတယ် သခင်မ"

ထို့နောက် ရာခယ်သည် ဆုမွန်များ တောင်းရင်း အိပ်ပျော်သွားရာ နံနက်လင်းသောအခါ မထသော အိပ်ခြင်းမျိုးဖြင့် အိပ်သွားသဖြင့် နီဟွတ်စတာသည် သည်းထန်စွာ ငိုကြွေးရှာလေ၏။

သို့သော် ဤသို့ ပူဆွေးနေရုံမျှနှင့် မပြီးသေးချေ။ ကလေးအား ၁၂ နာရီအတွင်း နို့တိုက်ကျွေးရန် အထူးပင် လိုအပ်သည့်ပြင် သူ့သခင်မအား သင်္ဂြိုဟ်ရန် ကိစ္စကလည်း ရှိနေသေး၏။ သူ့သခင်မအား မြေတွင် မြှုပ်နှံသင်္ဂြိုဟ်ရန် မဖြစ်သည်ကို သိသော်လည်း ရေတွင်လည်း မမျှောလိုသဖြင့် မီးသင်္ဂြိုဟ်ရန် ဆုံးဖြတ်လိုက်လေသည်။ သို့နှင့် သူ့သခင်မအား ပွေ့ယူပြီးသော် ကုန်းပတ်ပေါ်တွင် ချထား၏။ ထို့နောက် လည်ပင်းမှ လက်ဖွဲ့ကို ဖြုတ်ယူကာ သင်္ဘောသူကြီး၏ အခန်းသို့သွားပြီးလျှင် သံသေတ္တာထဲမှ ရွှေနှင့် ကျောက်မျက်ရတနာများကိုယူ၍ အခန်းကို မီးရှို့ခဲ့၏။ သင်္ဘောဝမ်းထဲသို့ဆင်းကာ ဆီအိုးတစ်လုံးကို ရိုက်ခွဲပြီးလျှင် မီးရှို့ခဲ့ပြန်၏။ ထို့နောက် သူ့သခင်မကို နမ်းရှုံ့ကာ ကလေးကို စောင်နှင့်ထွေး၍ ပွေ့ချီပြီးလျှင် ကြိုးတံတားမှ ခါးလည်ခန့်ရှိ ရေထဲသို့ ဆင်းခဲ့ရာ မကြာမီ ကမ်းစပ်သို့ အလွယ်တကူ ရောက်သွားလေ၏။ ထို အချိန်၌ကား သင်္ဘောမှာ မီးဟုန်းဟုန်း တောက်လျက်ရှိလေပြီ။

"သွားပြီ သခင်မ သွားပြီ"

နီဟွတ်စတာသည် သည်းထန်စွာ ငိုကြွေးရင်း ကုန်းဘက်သို့ လျှောက်သွားလေ၏။

***

www.burmeseclassic.com

www.burmeseclassic.com

## ၁

နီဟွတ်စတာသည် တဖြည်းဖြည်း ကမ်းမှဝေးသွားပြီးလျှင် စပျစ်ပင်နှင့် သဖန်းဥယျာဉ်များကို ကျော်လွန်၍ ဂျုံစပါးများ စိုက်ပျိုးသည့်နေရာသို့ ရောက်သွား၏။ ကုန်းစွန်းတစ်ခုမှ အောက်သို့ မျှော်ကြည့်လိုက်သောအခါ ရွှံ့အုတ်များဖြင့် ဆောက်လုပ်ထားသည့် အိမ်ကလေးများကို တွေ့ရ၏။ ရွာထဲသို့ ဝင်သွားရာ ပထမ မည်သူကိုမျှ မတွေ့ရဘဲ မီးလောင်ထားသော အိမ်အချို့သာ တွေ့ရ၍ ခွေးများစားနေသည့် လူသေကောင်အချို့ကိုသာ တွေ့မြင်ရလေ၏။ အတန်ငယ်သွားမိလျှင် တံတားတစ်ခုအကြားမှ ချောင်းကြည့်နေသော မိန်းမတစ်ယောက်ကို တွေ့ရ၍သာ တစ်ရွာလုံးမှာ ရောမစစ်သားတို့ ဖျက်ဆီးသွားကြောင်း ကြားသိရလေသည်။ နီဟွတ်စတာက မိမိမှာ သင်္ဘောပျက်လာသော မိန်းမတစ်ယောက်ဖြစ်၍ ထိုမွေးစကလေးနှင့်အတူ ဒုက္ခရောက်လာသူဖြစ်ကြောင်း သနားစဖွယ် ပြောပြရာ၊ ထိုဆီရီယန်လူမျိုး လယ်သူမမှာလည်း ကလေးဆုံးပြီးစ မိန်းမတစ်ယောက်ဖြစ်သည့်အတိုင်း အဖိုးအခ မယူဘဲ ကလေးကို နို့တိုက် ကျွေးမွေးရန် နောက်ဆုံးသဘောတူလေသည်။ လင်ယောကျ်ားမှာလည်း သဘောကောင်းသူ တစ်ယောက်ဖြစ်၍ နီဟွတ်စတာသည် ထိုလင်မယားအား ငွေကြေးအနည်းငယ် ပေးကာ သူတို့နှင့်အတူ နေထိုင်ခဲ့လေသည်။

ထိုနေရာမှာ ဂျေရုစလမ်မြို့နှင့် နှစ်ရက်ခရီးမျှသာ ဝေး၍ ထိုမြို့မှ နှစ်ရက်သွားလျှင် ‘ဒက်ဆီး’ ရေအိုင်ကြီးသို့ ရောက်နိုင်၏။ ရွာတွင် ခြောက်လခန့် နေပြီးနောက် ကလေးအတန်ငယ် ကျန်းမာ ဝဖြိုးလာသောအခါ ထိုလင်မယားကို အဖော်ပြုပြီးလျှင် မြို့သို့ မဝင်ဘဲ အက်ဆင်းတို့နေသော ရွာသို့ ခရီးထွက်ခဲ့ကြရာ နောက်ဆုံး အက်ဆင်းများနေသော ရွာသို့ ရောက်ကြလေ၏။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းပုံမှာ ရွာထဲမှာ မိန်းမတစ်ယောက်မှ မတွေ့ရဘဲ ယောက်ျားများသာ တွေ့ရ၏။ ထိုအခါ နီဟွတ်စတာက ယောက်ျားကြီး တစ်ယောက်အား အီသီယယ်၏ အိမ်ကိုမေးမြန်းရာ၊ ထိုသူက အီသီယယ်မှာ လယ်ထဲတွင် အလုပ်လုပ်နေ၍ ညနေမှ အိမ်သို့ပြန်ရောက်မည် ဖြစ်ကြောင်းပြောသဖြင့် ထိုသူညွှန်ပြသည့်အတိုင်း လယ်ထဲသို့ လိုက်သွားကြရာ အခန့်သင့်ပင် အသက် ၅၀ ခန့်ရှိ မျက်နှာတည်ကြည်သော လူကြီးတစ်ယောက်ကိုတွေ့ရသဖြင့် ထိုသူက မိမိမှာ တိုင်ယာမြို့ ဗင်နိုနီ၏ ဇနီး မီရီယန်၏ အစ်ကိုကြီးဖြစ်ကြောင်း ပြောပြလေ၏။ ထိုအခါ နီဟွတ်စတာက ဤကလေးမှာ ဗင်နိုနီ၏ သမီး ရာခယ်က မွေးဖွားသော ကလေးဖြစ်ကြောင်း ပြောကာ ရာခယ်ပေးလိုက်သော လက်ဖွဲ့များကို ထုတ်ပြလေ၏။ အီသီယယ်သည် ကလေးအား စူးစိုက်ကြည့်ရှုပြီး ကလေးအား တစ်ချက် နမ်းရှုံ့လိုက်သည်။

သို့သော် အခက်အခဲတစ်ခုမှာ အီသီယမ်သည် ကြီးငယ်မရွေး မိန်းမဟူသမျှနှင့် မဆက်ဆံရသော ဂိုဏ်းသားတစ်ယောက်ဖြစ်၏။ ဤအကြောင်းကို နီဟွတ်စတာအား ပြောသောအခါ နီဟွတ်စတာက မိမိသည် ထိုဂိုဏ်း၏စည်းမျဉ်းကို မသိသော်လည်း ဘုရားသခင်၏ စည်းမျဉ်းနှင့် သဘာဝ စည်းမျဉ်းအရမှာမူ ကိုယ့်သွေးသားဖြစ်သော မိဘမဲ့ကလေးတစ်ယောက်အား စွန့်ပစ်ခြင်းသည် မကောင်းမှုတစ်ခုပင် ဖြစ်ကြောင်း ပြောပြလေ၏။ သို့နှင့် နောက်ဆုံးတွင် အီသီယယ်သည် ဤကိစ္စကို မိမိတစ်ဦးတည်း မဆုံးဖြတ်နိုင်ဘဲ ဂိုဏ်းအကြီးအကဲ ၁၀၀ တို့ အစည်းအဝေးတွင် တင်ပြရမည်ဖြစ်၍ မည်သို့ပင်ဖြစ်စေ၊ ထိုအချိန် အတွင်း မိမိက စောင့်ရှောက် ပြုစုထားရန် ဝတ္တရားရှိကြောင်း၊ သူတို့၌ တည်းခို အိမ်ရှိ၍ ထိုတည်းခိုအိမ်မှာ အနိမ့်ဆုံးဂိုဏ်းသားများ ရပ်ကွက်တွင်ရှိကြောင်း၊ ထိုသူများမှာ အိမ်ထောင်ပြုခြင်း၊ သားမွေးခြင်းအလုပ်များကို ပြုလုပ်နိုင်၍ အမျိုး တူချင်း နေထိုင်ရန် သင့်ကြောင်း ပြောပြလေ၏။ သူတို့ သုံးဦးသည် ရွာအောက် ပိုင်းဆီသို့ ထွက်ခဲ့ပြီးနောက်၊ မကြာမီ သူပြောသော တည်းခိုအိမ်ကြီးသို့ ရောက် လာရာ အီသီယယ်သည် မိန်းမတစ်ယောက်ကို လှမ်း၍ခေါ်လိုက်ကာ ၎င်းအား မမြင်စေကောင်းသော အရာတစ်ခုဟု သဘောထားသည့်အလား၊ သူ၏မျက်နှာကို လက်ဝါးဖြင့် အုပ်ထားပြီးလျှင် အကျိုးအကြောင်း ပြောပြ၍ နီဟွတ်စတာတို့အား ဝတ္တရားကျေပွန်အောင် ပြုစုစောင့်ရှောက်ရန်မှာ ကြားပြီးနောက် ထွက်ခွာသွားလေသည်။

သူထွက်သွားပြီးနောက် နီဟွတ်စတာက မိန်းမကြီးအား အကျိုးအကြောင်း မေးမြန်းကြည့်ရာ မိန်းမကြီးက သူတို့ဂိုဏ်းဝင်အားလုံး သူကဲ့သို့ပင် ဖြစ်၍ မိန်းမများကို မုန်းတီးကြကြောင်း၊ သူ၏လင်ယောက်ျားမှာ အိမ်ထောင်

www.burmeseclassic.com



အနိမ့်ဆုံးအတန်း၌ နေရကြောင်း ပြောပြလေ၏။ ဤသို့ဖြင့် နီဟွတ်စတာတို့သည် ထိုအိမ်တွင် ရက်ပေါင်း အတော်ကြာ ချမ်းသာစွာ နေရလေရာ၊ အက်ဆင်းတို့က လည်း သူတို့အား ကောင်းစွာပင် ပြုစုစောင့်ရှောက်ကြကုန်၏။

စတုတ္ထမြောက်သောနေ့ နံနက်ခင်း၌ အက်ဆင်းဂိုဏ်းအကြီးအကဲ များ၏ အစည်းအဝေးကြီး စတင်ကျင်းပတော့၏။ အကြီးအကဲများ၏ ဖိတ်ကြား ချက်အရ နီဟွတ်စတာသည် ကလေးနှင့်အတူ တက်ရ၏။ အားလုံး အကြီးအကဲ များကား ဆွတ်ဆွတ်ဖြူသော ဝတ်ရုံအင်္ကျီရှည်များကို ဝတ်ဆင်ထားရာ သူတို့ ၏ ရင့်ကျက်ခန့်ညားသော အိန္ဒြေမှာ တစ်မျိုးတစ်ဖုံ ကြည်ညိုဖွယ်ကောင်းပေ၏။ ကလေး၏ အဖြစ်အပျက်များကို အီသီယယ်က တင်ကြိုပြောထားဟန်တူ၏။ သဘာပတိက မေးခွန်းများထုတ်ရာ၊ နီဟွတ်စတာကလည်း မေးခွန်းတိုင်း ကျေ နပ်အောင် ဖြေဆိုလေသည်။ နောက်ဆုံး၌ လက်ခံသင့် မခံသင့် မဲခွဲပြီးလျှင် နီဟွတ် စတာအား အောက်ပါအတိုင်း အပြီးသတ် အမိန့်ချမှတ်ကြောင်း ဖတ်ပြ၏။

"အို ... အသင်မိန်းမ၊ ကျွန်ုပ်တို့သည် အီသီယယ် တင်ပြသော ကိစ္စ ကို ဆွေးနွေးဆုံးဖြတ်ပြီးခဲ့လေပြီ။ ဤကလေးမှာ မိန်းကလေးပင် ဖြစ်သော်လည်း သင့်အား ရှင်းလင်းရန် မလိုအပ်သော အကြောင်းများကြောင့် ၁၈ နှစ်အရွယ် ရောက်သည့်တိုင်အောင် ကျွန်ုပ်တို့ လက်ခံ ကျွေးမွေးစောင့်ရှောက်မည်။ ၁၈ နှစ်ပြည့်သောအခါ ထွက်ခွာသွားရမည်။ သင်တို့နေထိုင်ရန် အိမ်တစ်ဆောင် ပေး မည်။ စားရေး သောက်ရေး ပြည့်စုံစေရမည်။ တစ်ပတ်လျှင် နှစ်ကြိမ်ကျ အကြီး အကဲများ လာ၍ ကလေး၏ ကျန်းမာရေးကိုလည်းကောင်း၊ သင့်တာဝန် ကျေပွန် မှုကိုလည်းကောင်း စစ်ဆေးမည်။ ကလေးသိတတ်သော အရွယ်ရောက်သည်နှင့် တစ်ပြိုင်နက် တတ်ကောင်းသမျှ အတတ်ပညာများကို ကျွန်ုပ်တို့အထဲမှ အကျွမ်း ကျင်ဆုံး ပညာရှိများက သင်ကြားပေးမည်။ သင်တို့အား လက်ခံကြောင်း၊ အသိ အမှတ်ပြုသည့်အနေနှင့် ယခုပင် သင်တို့အိမ်ရှိရာသို့ ကျွန်ုပ်တို့ လိုက်ပို့မည်။ အီသီယယ်က ကလေးကိုချီ၍ သင်က နောက်မှ ထပ်ချပ်လိုက်ပါလော့"

***

www.burmeseclassic.com



ဤကဲ့သို့ ချမ်းသာစွာ ကြီးပြင်းလာခဲ့ရလေရာ၊ မီရီယန်ကား ကုသိုလ်ထူးလှတော့၏။ မိခင်ပင် မရှိငြားသော်လည်း သူ့အား အဖိုးတန်ကျောက်မျက်ရွဲတမျှ ချစ်ခင်သည့် 'ဖခင်' ပေါင်း ၁၀၀ ကျော်ခန့်ရှိခဲ့၏။ ပထမဦး တစ်ပတ်လျှင် နှစ်ကြိမ်ကျ သွားရောက်ကြည့်ရှုရသည့် ကော်မတီဖွဲ့စည်းထားရာ နှစ်နှစ်မျှ မကြာသေးမီ မကျေနပ်မှုများ ပေါ်ပေါက်လာတော့၏။ တစ်ဖွဲ့တည်းက အမြဲကြည့်ရှုနေရလျှင် အချိန်ကြာသောအခါ ပေါ့လျော့တတ်သည်ဟု အကြောင်းပြသဖြင့် တစ်လတစ်ကြိမ် ကော်မတီ အသစ်လဲရန် စီစဉ်ပေးရ၏။ ကလေးအားလာရောက်ကြည့်ရှုသူတိုင်း ကလေးအား ရေမိုးချိုးပေးခြင်း၊ အဝတ်အစားသစ်များလဲပေးခြင်း၊ မကောင်းသော အနံ့အသက်များ မထွက်ရန် ပြုလုပ်ခြင်းများ ပြုလုပ်ရ၏။ ကလေးကလည်း ကြီးလေ ချစ်ချင်စဖွယ်ကောင်းလေဖြစ်၍ လာတော့၏။ ဤသို့ဖြင့် အက်ဆင်းများ အားလုံး၏ ဂရုတစိုက် ချစ်ခင်ယုယခြင်းခံကာ တစ်နှစ်ပြီး တစ်နှစ်ကုန်လွန်ခဲ့ရာ၊ ပညာသင်ကြားပေးရန် အရွယ်သို့ ရောက်ခဲ့လေ၏။ မီရီယန် ကိုယ်တိုင်ကလည်း မှတ်ဉာဏ်ကောင်း၍ ပညာကို လိုလား၏။ ထိုအခါ အကြီးအကဲများ ဆွေးနွေးပြီးနောက် သူတို့အထဲမှ ပညာရှိ သုံးဦးကို ခန့်ထား၏။ တစ်ဦးမှာ အီဂျစ်လူမျိုးပညာရှိတစ်ဦးဖြစ်၍ အီဂျစ်ဘာသာ၏ လျှို့ဝှက်နက်နဲမှုများကို သင်ကြားပေး၏။ အခြားတစ်ယောက်မှာ ဂရိလူမျိုးဖြစ်၍ ဘာသာစကားအမျိုးမျိုးနှင့် နိုင်ငံခြားစာပေများကို သင်ပေး၏။ တတိယဆရာကမူ တိရစ္ဆာန်များ၊ ငှက်များ၊ ပိုးမွှားများမှစ၍ သဘာဝအကြောင်း၊ နက္ခတ်တာရာများ အကြောင်းကို သင်ပေး၏။ မီရီယန် အတော်ကြီးပြင်းလာသောအခါ ဆရာ

www.burmeseclassic.com



တစ်ဦး တိုးလာပြန်၏။ ထိုသူမှာ အနုပညာသည်တစ်ဦးဖြစ်၍ ရွှံ့ဖြင့် အရုပ်လုပ်ခြင်း၊ ကျောက်ဖြူဖြင့် ရုပ်လုံးထွင်းထုခြင်း၊ ဆေးရောင်စုံဆိုးခြင်းများကို သင်ကြားပေး၏။ ထိုမျှမကသေး သီချင်းဆိုခြင်း၊ တူရိယာအမျိုးမျိုး တီးမှုတ်ခြင်းကိုလည်း ရံဖန်ရံခါ သင်ကြားပေးလေသည်။ ဤသို့ဖြင့် မီရီယန်သည် အရွယ်နှင့်မလိုက်အောင် ဗဟုသုတနှင့် ပြည့်စုံပြီးလျှင် ပညာရည် ပြည့်ဝလာခဲ့၏။ သဘာဝ အယူဝါဒကိုမူ ခရစ်ယာန်ဘာသာနှင့် ကိုက်ညီသော အချက်များကိုသာ သင်ကြားပေး၍ ရှာသို့ တစ်ခါတစ်ရံ ရောက်လာသော တရားဟောဆရာများထံမှ သိသင့်သိထိုက်သော အချက်များကို နာယူမှတ်သားခဲ့၏။

ထို့ပြင် မီရီယန်သည် ပတ်ဝန်းကျင် လောကအကြောင်းကိုလည်း ကောင်းစွာ လေ့လာခွင့်ရခဲ့၏။ ရေအိုင်ကြီး ကမ်းခြေတစ်လျှောက်သို့ မကြာမဏ လမ်းလျှောက်ထွက်ကာ မိုအက်တောင်တန်းကြီးများကိုလည်းကောင်း၊ သဲခုံများဖြင့် လှိုင်းထနေသော ကန္တာရကြီးကိုလည်းကောင်း၊ တသွင်သွင် စီးဆင်းနေသည့် ဂျော်ဒန်မြစ်ကိုလည်းကောင်း၊ စိမ်းလန်းစိုပြည်သည့် လယ်ခင်း၊ မြက်ခင်းများကိုလည်းကောင်း၊ ပျော်ပါးမြူးထူးကာ ပျံသန်းနေကြသည့် ကြိုးကြာ၊ ပိန်ညှင်း၊ တောကြက် စသော ကျေးငှက်တို့ကိုလည်းကောင်း၊ အရောင်မျိုးစုံ ဖူးနေကြသည့် ပန်းမန်တို့ကိုလည်းကောင်း ကြည့်ရှုလေ့လာခွင့်ရခဲ့၏။ မီရီယန်ကား ပညာဉာဏ် ရင့်သန်ထက်မြက်ရုံမျှမက အပျိုဖော်ဝင်စအရွယ်သို့ ရောက်လေလေ အလှကျက်သရေ ပြည့်ဖြိုးကြွယ်ဝ၍ လာလေလေဖြစ်တော့၏။ ကိုယ်ကာယ သေးသွယ်ပျော့ပျောင်းလျက် ညိုချော ချောသူဖြစ်၏။ မည်းနက်သော ဆံပင်ရှိ၍ ကြီးမားသော မျက်လုံးကြီးများမှာ နက်မှောင်၍နေ၏။ အသွားအလာ သိမ်မွေ့ပြီးလျှင် အမူအရာမှာ သွက်လက်ဖျတ်လတ်၏။ မီရီယန်၏ ပညာသင်ကြားရေးမှာ အရွယ်နှင့်မလိုက်အောင် စနစ်ကြီးလွန်း၍ တာဝန်လေးလွန်းခြင်းတို့ကို နီဟွတ်စတာက မနှစ်သက်နိုင်ဘဲ ကျန်းမာရေးအတွက် အားလပ်ချိန်များ ပိုမိုပေးရန်နှင့် ကစားဖော်ကလေးများ ရှာဖွေပေးရန် အကြီးအကဲများအား ပြောပြရလေတော့၏။

ရွယ်တူကစားဖော်ကစားဖက် ရှာပေးရန်မှာလည်း ခက်ခဲသော ပြဿနာတစ်ရပ် ဖြစ်နေ၏။ အက်ဆင်းများထဲတွင် မိန်းကလေးတစ်ယောက်မျှ မရှိချေ။ သို့ဖြစ်ရာ ယောကျ်ားကလေးများထဲမှ ရှာဖွေပေးရတော့မည်ကဲ့သို့ ဖြစ်နေ၏။ ထိုအခါ အက်ဆင်းတို့ မွေးစားထားခဲ့သော ကလေးများထဲတွင် မီရီယန်နှင့် သက်တူရွယ်တူဖြစ်သော ‘ကာလစ်’ ဆိုသူ ကလေးတစ်ယောက်သာ ရှိလေသည်။ သူ၏ဖခင်မှာ ဂျေရုဆလမ်မြို့တွင် ရောမစစ်သားတို့၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ရသော ရဟူဒီလူမျိုး လူကုံထံတစ်ယောက် ဖြစ်၏။ မိခင်ဘက်မှ မိတ်ဆွေတစ်ဦးက အပ်နှံထားသဖြင့် အက်ဆင်းတို့က မွေးစားထားသူဖြစ်၏။

www.burmeseclassic.com



နောက်ဆုံး၌ အကြီးအကဲများသည် ကာလစ်ကို ရွေးချယ်လိုက်၏။ ကာလစ်သည်လည်း ရုပ်ရည်ချောမောသူ ကလေးတစ်ယောက်ဖြစ်၍ မည်းနက်သော ဆံပင်၊ စူးရှသော မျက်လုံးများရှိ၏။ ရဲရင့်ပါးနပ်၏။ စိတ်ထားခက်ထန်ပြီးလျှင် သူလိုချင်သော အရာမှန်က မရ ရအောင် ယူတတ်၏။ မီရီယန်သည် ကာလစ်ကို ကစားဖော်တစ်ယောက်အနေနှင့် သဘောကျ၏။ ကာလစ်ကမူ မီရီယန်ကို ကြည်ညိုလေးစား၏။ ကာလစ်သည် မီရီယန်အား ကလေးချစ်ဖြင့်လည်းကောင်း၊ ယောကျာ်းကလေးက မိန်းကလေးအားချစ်သော အချစ်ဖြင့်လည်းကောင်း ချစ်သည်ဟု ဆိုရပေမည်။ သို့သော် မီရီယန်ကမူကား ကာလစ်အား မချစ်ခဲ့ပေ။

ကာလစ်သည် လူမှန်းသိသည့်အချိန်မှစ၍ သူ့ဖခင်ကိုသတ်သော ရောမတို့အား မုန်းတီးခဲ့၏။ သူရထိုက်သော ပစ္စည်းများကို သိမ်းယူခဲ့သည့် ရဟူဒီတို့ကိုလည်း ရွံရှာခဲ့၏။ သူ့အား မွေးစားသော အက်ဆင်းတို့ကိုလည်း ချစ်ခင်ခြင်း မရှိချေ။ မီရီယန်က သူ့အား ခရစ်ယာန်တရားများကို ဟောပြောသော်လည်း မရဘဲ၊ ရောမဘုရင်ထီးနန်းကို လုယူနိုင်သည့် ပုဂ္ဂိုလ်မျိုးကို ကြည်ညိုသူ တစ်ယောက်ဖြစ်ရာ အကယ်ပင်ခေါင်းမာသော သူငယ်တစ်ယောက်ပါပေတည်း။

နှစ်များသည် တဖြည်းဖြည်း ကုန်လွန်ခဲ့ရာ နောက်ဆုံး မီရီယန် အသက် ၁၇ နှစ်ပြည့်သောနှစ်သို့ ရောက်လာတော့၏။ ဂျေရုဆလမ်မှ ရဟူဒီဘုန်းကြီးများသည် ယဇ်ပူဇော်ရန် ထောက်ပံ့ကြေးများကို အက်ဆင်းတို့ထံမှ မကြာခဏ လာရောက်ခန့်ခွဲလေ့ရှိရာ အက်ဆင်းတို့ကလည်း ယဇ်ပူဇော်ခြင်းကို မကြိုက်သဖြင့် ငြင်းပယ်တတ်ကြ၏။ တစ်နေ့တွင် သူတို့လူစုသည် လက်နက်များ ဆွဲကိုင်ကာ လိုသမျှပစ္စည်းများကို ယူဆောင်သွားကြ၏။ ထိုနေ့တွင် မီရီယန်သည် နီဟွတ်စတာနှင့်အတူ ‘ဂျယ်ရီကို’ သို့ သွားရောက်နေခဲ့၏။ ညနေရွာသို့ အပြန်တွင် ချုံထူထပ်၍ ကျောက်ဆောင်ပါများသော ချောင်းနံဘေး၌ ကာလစ်ကို တွေ့ရလေသည်။ ယခုအခါ ကာလစ်မှာ ကြည့်၍ ကောင်းလောက်အောင် ခံ့ညားထည်ဝါပြီးလျှင် လက်ထဲတွင် လေးတစ်ချောင်းကို ဆွဲကိုင်ကာ မြားခြောက်ချောင်းပါသည့် မြားကျည်ထောက်ကိုလည်း ကျောတွင်လွယ်ထားလေသည်။

“လေဒီမီရီယန် (မီရီယန်အား ဤသို့ခေါ်ဝေါ်ရန် အက်ဆင်းတို့က သင်ထားသည်) အခုလိုတွေ့ရတာ သိပ်ကံကောင်းတာပဲ။ သင်တို့ကို သတိပေးဖို့ ကျွန်ုပ်လာခဲ့တယ်။ ဘုန်းကြီးတွေ ကျွန်ုပ်တို့ ရွာကို တိုက်ခိုက်ပြီး ပစ္စည်းတွေ လုသွားရုံမျှမက၊ ကျွန်ုပ်ကိုတောင် ရိုက်နှက်သွားကြတယ်” ဟု ပြောကာ သူ၏ကျောမှ ဒဏ်ရာကို ပြလေသည်။

“ဒီလိုဆိုရင် ကျွန်ုပ်တို့ ဘယ်ကသွားရမှာလဲ ကာလစ်”



www.burmeseclassic.com

www.burmeseclassic.com



"ဒီ ရိုးကလေးအတိုင်းတစ်မိုင်လောက် ရောက်ရင် လူသွားလမ်း ကလေး တွေ့ပါလိမ့်မယ်။ ဒီအတိုင်းသွားပေတော့ မီရီယန်"

"သင်က ဘယ်သွားဦးမှာလဲ ကာလစ်"

"ဩော် ... ကျွန်ုပ်လား၊ ကျွန်ုပ်ကတော့ ဒီနေရာက ပုန်းနေပြီး သိုးများ ကို ဒုက္ခပေးနေတဲ့ ခွေးအတစ်ကောင်ကို ရှာရဦးမယ်။ ဒါကြောင့်လည်း လေးနဲ့ မြားကို ယူလာတာပေါ့ ကြည့်ပါလား"

သို့နှင့် သူတို့သည် ရိုးကလေးအတိုင်းသွားလေရာ ကုန်းတန်းတစ်ခုကို ကျော်မိသောအခါ ရှေ့တစ်မိုင်ခန့်အကွာတွင် လား ၁၀ ကောင်ခန့်တို့ကို မောင်းနှင် လာသည့် လူတစ်စုကို မြင်ရလေ၏။

မကြာမီ ထိုလူစုသည် ရိုးကလေးထဲသို့ ဝင်သွားပြီးနောက် တစ်ခဏမျှ ကြာသောအခါ လူတစ်ယောက်၏ ဟစ်အော်သံကို ကြားလိုက်ရသဖြင့် သူတို့ လည်း ပုန်းအောင်းနေရာမှ ထွက်ခဲ့ပြီးလျှင် ရွာဆီသို့ ပြန်ခဲ့ကြလေ၏။

ထိုနေ့ညဥ့်၌ သူတို့အိမ်သို့ ကာလစ်ရောက်လာရာ မီရီယန်မှာ ဤသို့ ဘေးရန်ကင်းစွာနှင့် ကာလစ် ရောက်လာသည်ကို ဝမ်းမြောက်မိသကဲ့သို့ ဖြစ်၏။ နီဟွတ်စတာက ကာလစ်အား မသင်္ကာသည့်ဟန်ဖြင့် –

"အသင်ပြောတဲ့ ခွေးအ, ကို ပစ်ခဲ့ပြီ မဟုတ်လား"

"ပစ်ခဲ့ရပါပြီ ... မှန်လိမ့်မယ် ထင်ပါတယ် နီဟွတ်စတာ၊ နို့ပေမဲ့ မြားတံ ကိုတော့ ကျွန်ုပ် ရှာမတွေ့ခဲ့ဘူး"

အိမ်တွင်းသို့ နီဟွတ်စတာက ဝင်သွားသောအခါ မီရီယန်က ကာလစ် အား –

"သင် လူတစ်ယောက် ပစ်သတ်လာတယ်လို့ သူက ထင်နေတယ်။ ဒါပေမဲ့ ကျွန်ုပ်ကတော့ မထင်ပါဘူး"

ထိုအခါ ကာလစ်က လူဆိုးတစ်ယောက်သည် သူ့အား တုတ်နှင့်ရိုက် ခဲ့သည့်တွက် ထိုသူအား ချုံများကြားမှ ချောင်း၍ လေးနှင့်ပစ်ရာ မြားတံသည် ထိုလူ၏ လည်မျိုကိုဖောက်ကာ စူးဝင်သွားပြီးနောက် လားပေါ်မှ လိမ့်ကျသွား သည်ကို မြင်လိုက်ရကြောင်း၊ ဤကဲ့သို့ ပြုလုပ်ခြင်းမှာ သူရဲဘောကြောင်သော အလုပ်မဟုတ်ကြောင်း ပြောပြလေသည်။

"ကျွန်ုပ်တို့နဲ့တွေ့တုန်းက ကျွန်ုပ်တို့ကို သတိပေးရအောင် လာတယ် ဆိုပြီး အခုတော့ လူတစ်ယောက်ကို သတ်ဖို့ လာတာပေါ့၊ သင့်အဖို့မှာ မိတ်ဆွေ ဖြစ်ဖို့ထက် ကလဲ့စားချေဖို့ကို ပိုပြီးနှစ်သက်တယ် ထင်တယ်"

"ဒါပေမဲ့ ကျွန်ုပ်တို့အဖို့မှာ ကလဲ့စားချေလိုမှုထက် ချစ်ခင်ကြင်နာမှုက လွန်ကဲနေတယ်လို့ ပြောချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မီရီယန်သည် မျက်နှာများ နီမြန်းသွားပြီးလျှင် နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်ပြီးနောက် –

"သင် ဘာကိုဆိုလိုတာလဲ ကာလစ်"

"ကျွန်ုပ်ဟာ ဒီကနေ့ ပြစ်မှုတစ်ခုကို ကျူးလွန်ခဲ့ပြီ။ ဒီတော့ နောက်တစ်ခုကို ကျူးလွန်ဖို့ ဝန်မလေးတော့ဘူး။ ကိုင်း … ဒီတော့ ကျွန်ုပ် လာခဲ့တာဟာ အက်ဆင်းတို့ရဲ့ အလှဘုရင်မဖြစ်တဲ့ လေဒီမီရီယန်ကို ကျွန်ုပ်တစ်ဘက်သတ်ချစ်နေပြီဆိုတာ ဖြောင်ဖွင့်ပြောဖို့ ကျွန်ုပ် လာခဲ့တာပဲ"

"အဲဒါ ရူးတာပဲ။ သင် ရူးနေပြီ ကာလစ်"

"မှန်ပါလိမ့်မယ် လေဒီမီရီယန်၊ ကျွန်ုပ်ရဲ့ ရူးသွပ်တဲ့ ဝေဒနာဟာ ကျွန်ုပ်ကို မချစ်ဘူးဆိုတာတော့ သိပါတယ်။ ဒါပေမဲ့ ကျွန်ုပ်က သင့်ကို ချစ်တယ်ဆိုတာကလေးကိုတော့ အသဲစွဲအောင် မှတ်ထားစေချင်ပါတယ်။ ပြီးတော့ ကျွန်ုပ်က တတ်နိုင်တောင် သင့်ကို အတင်းအကြပ် အချစ်မခိုင်းပါဘူး။ သို့သော် တခြားဘယ်သူ့ကိုမှ သင် မချစ်ဖို့တော့ သတိပေးလိုက်ပါရဲ့။ အဲဒီလိုများ ချစ်မိရင်တော့ အဲဒီ အချစ်ခံရတဲ့လူနဲ့ ကျွန်ုပ်နဲ့တော့ တွေ့ကြပြီးသားပဲဆိုတာ အခု ကျိန်ပြောခဲ့မယ်"

သို့ပြောဆိုပြီးနောက် သူသည် မီရီယန်အား ပွေ့ဖက်ကာ ညက်ညော နုထွတ်သော နဖူးပြင်ကို နမ်းရှုပ်လိုက်လေသည်။

"စိတ်မဆိုးပါနဲ့ မီရီယန်၊ ဒီလိုလုပ်တာဟာ ပထမဆုံးနဲ့ နောက်ဆုံးအကြိမ်ပါပဲ။ သင် သဘောမတူရင် နောက်ဘယ်တော့မှ ဒီလို မလုပ်တော့ပါဘူး။ ကိုင်း အက်ဆင်း အကြီးအကဲကိုပဲ ပြောမလား။ နီဟွတ်စတာကိုပဲ တိုင်မလား၊ သင့်သဘောအတိုင်း လုပ်ပေတော့"

"တယ် ယုတ်မာပါကလား ကာလစ်"

"မှန်တာပေါ့ လေဒီမီရီယန်၊ ယုတ်မာတဲ့နေရာမှာ ကျွန်ုပ်က သူများထက် ယုတ်မာတယ်။ ပြီးတော့ ချစ်တဲ့နေရာမှာလည်း သူများထက် ပိုပြီး သင့်ကို ချစ်တယ်ဆိုတာ မှတ်ထားလိုက်ပေတော့"

ထို့နောက် ကာလစ်သည် မီရီယန်၏ နေအိမ်မှ ထွက်သွားလေသည်။

***

www.burmeseclassic.com

www.burmeseclassic.com

## ၇

ထိုညတွင် အက်ဆင်းတို့၏ ပစ္စည်းများကို လုယက်သွားသည့် ဘုန်းကြီး၏ လူစုထဲမှ အကြီးအကဲတစ်ယောက် ပြန်လာပြီးလျှင် ဂျယ်ရီကိုသို့ သွားသော လမ်းပေါ်တွင် သူတို့အထဲမှ လူတစ်ယောက်မှာ မြားပစ်ခြင်းခံရကြောင်းဖြင့် အက်ဆင်း အကြီးအကဲများအား စွပ်စွဲလေ၏။ နောက်ဆုံး၌ ထိုကိစ္စကို ရောမအုပ်ချုပ်ရေးမှူး 'အယ်လဗီနပ်' အား တိုင်တန်းရာ၊ အီသီယယ်နှင့် အခြားအကြီးအကဲ နှစ်ယောက်တို့သည် ကိုယ်စားလှယ်အဖြစ်ဖြင့် အစစ်ခံရန် ဂျေရုဆလမ်မြို့သို့ သွားရောက်ရလေ၏။ သို့သော် သုံးလကြာသည်အထိ အမှုကို မစစ်ဆေးဘဲ ရက်ရွှေ့လျက်ရှိရာ နောက်ဆုံးတွင် အမှုကိုစုံစမ်းရန် အရာရှိ တစ်ယောက်ကို စေလွှတ်လိုက်မည်ဟုပြောကာ အီသီယယ်တို့လူစုအား ပြန်လွှတ်လိုက်လေ သည်။ နှစ်လခန့်ကြာသောအခါတွင် ထိုအရာရှိသည် အက်ဆင်းရွာသို့ စစ်သားနှစ်ဆယ်နှင့် ရောက်လာလေသည်။

ဆောင်းဦးတု တစ်နေ့သော နံနက်ခင်း၌ မီရီယန်နှင့် နီဟွတ်စတာတို့သည် ဂျယ်ရီကိုသို့ သွားသော လမ်းမကြီးတစ်လျှောက်၌ လမ်းလျှောက်နေကြစဉ် သူတို့ဆီသို့ လာနေသော ရောမစစ်သားများကို မြင်သဖြင့် ချုံများထဲ၌ ပုန်းအောင်းရန် လမ်းဘေးသို့ ဆင်းသွားစဉ် အရာရှိက မြင်လိုက်သဖြင့် သူတို့ရှိရာသို့ မြင်းကို စိုင်းလာလေ၏။ သူတို့အနီးရောက်သောအခါ အရာရှိက ဂရိဘာသာဖြင့်

"ကျွန်ုပ်ကို အခွင့်လွှတ်ပါ အမျိုးကောင်းသမီး၊ ကျွန်ုပ်မှာ မင်းမှုခွင့်ဖြင့် လာရပါတယ်။ အက်ဆင်းတို့ ရွာကိုသိလျှင် ကျေးဇူးပြုပြီးညွှန်ပြစေလိုပါတယ်"

"သင်က သူတို့ကို ရန်ပြုရအောင် လာပါသလား ဗိုလ်မှူး"

"သင်က ဘာကြောင့် မေးရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မီရီယန်က မိမိသည် အက်ဆင်းတို့ အစုအသင်းတွင် ပါဝင်ကြောင်း၊ သို့သော် မိမိသည် ဧည့်သည်မျှသာ ဖြစ်၍ သူတို့က ကျွေးမွေး၍ ကြီးပြင်းလာရကြောင်း ပြောပြလေသည်။

"မိန်းမတွေကို အင်မတန် ကြောက်ရွံ့ ရှုံ့ရှာတယ်လို့ ကြားတာ၊ အခုတော့ အထင်နဲ့အမြင် ကွာခြားနေတာပဲ" ဟု ပြောကာ မီရီယန်အား ဦးညွှတ်လိုက်လေ၏။

"ဒါတော့ မကြာခင် ဗိုလ်မှူးကိုယ်တိုင် တွေ့ရပါလိမ့်မယ်။ ကျွန်ုပ်တို့လည်း ဒီလမ်းအတိုင်း သွားရမည့်အတွက် ကုန်းတန်းကလေးအထိ လိုက်ခဲ့ရင်း လမ်းညွှန်လိုက်ပါ့မယ်"

စစ်ဗိုလ်ကလေးမှာ အသက် ၂၅ နှစ်ခန့်သာရှိသေး၍ အရပ်အမောင်းမှာ အလယ်အလတ်တန်း ဖြစ်ပြီးလျှင် ခပ်သွယ်သွယ်ပင် ဖြစ်သော်လည်း ဖျတ်လတ်၍ ခိုင်မာတောင့်တင်း၏။ အသားမှာ အချို့နေရာတွင် နေလောင်ထား၏။ မွဲပြာရောင် မျက်လုံးများမှာ သွက်လက်စူးရှလှ၍ မေးရိုးမှာ ပြန့်ကားပေါ်လွင် လှပေ၏။ လေသံမှာ အမိန့်ပေးလေ့ရှိသော သူတို့၏ လေသံဖြစ်သော်လည်း နစ်သက်ဖွယ် ကောင်းပေ၏။ တစ်ခါတစ်ရံ ပြုံးလိုက်သော အခါတွင် ညီညာဖြူဖွေးသော သွားကလေးများကို မြင်နိုင်လေသည်။

မီရီယန်သည် သူတွေ့မြင်ဖူးသော ယောက်ျားများထက် ထိုသူအား သဘောကျမိ၏။ ယောက်ျားများအား အတွေ့အမြင်နည်းပါး၍ ကာလစ်ထက် ထိုသူအား ပို၍ သဘောကျမိကြောင်းကိုမူ သူ့ကိုယ်သူ သိလိုက်ပြီးနောက် ရှက်စိတ်များပင် ဝင်လာလေသည်။ မီရီယန်သည် ရှေ့မှ လမ်းပြသွားလေရာ၊ စစ်ဗိုလ်ကလေးသည် မြင်းကိုဆွဲလျက် နောက်မှလိုက်လာပြီးလျှင် စစ်သားများက ခပ်လှမ်းလှမ်းမှ လိုက်ကြ၏။

"ကျွန်ုပ်ကတော့ ကိုယ့်အကြောင်းကိုပဲ ကိုယ်ပြောပြီး မိတ်ဆက်ရတော့မှာပဲ။ ကျွန်ုပ်က အီမီလီယပ်ရဲ့သား 'မားကပ်' ဖြစ်ပါတယ်။ အခိုက်အတန့်မှာတော့ အုပ်ချုပ်ရေးမှူး အယ်လဗီနပ်လက်အောက်မှာ အရာရှိဖြစ်နေပါတယ်။ အခုလာရောက်တဲ့ကိစ္စကတော့ အက်ဆင်းတွေဆီက ပစ္စည်းကိုလုသွားတဲ့ ရဟူဒီ ခွေးတစ်ကောင် အသတ်ခံရတဲ့တွက် စုံစမ်းဖို့ပါပဲ။ အပြန်အလှန်သဘောနဲ့ သင်ရဲ့ အကြောင်းကိုလည်း ပြောပါဦး"

မီရီယန်က စဉ်းစားလျက်ရှိစဉ် နီဟွတ်စတာမှာ မနေသာတော့ဘဲ၊ မိန်းကလေး၏ အဖြစ်အပျက်နှင့်တကွ သူ၏မိခင်ဘက်မှ အဘိုးမှာ တိုင်ယာမြို့မှ ကြွယ်ဝချမ်းသာသော ရဟူဒီကုန်သည်ကြီး ဗင်နိုနီဖြစ်ကြောင်း အတိုချုပ် ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗင်နိုနီကို ကျွန်ုပ်သိတယ်။ သူ့အိမ်မှာတောင် တည်းခိုစားသောက်ဖူးပါတယ်။ သူ့မှာ သမီးရှိတာကိုတော့ ကျွန်ုပ် မသိပါဘူး။ ဒါဖြင့် အခုဒီမှာ အဆင့်အတန်းမရှိသလို ဖြစ်နေတာပေါ့"

"ဂုဏ်နဲ့ အဆင့်အတန်းဆိုတာ ကျွန်ုပ်တို့မှာ အရေးမကြီးလှပါဘူး ဗိုလ်မှူး၊ ဒီမှာ လွတ်လွတ်လပ်လပ်နဲ့ နေရပါတယ်။ ကျွန်ုပ်တို့ရဲ့ အကြောင်း စုံလင်လောက်ပါပြီ"

"မစုံလင်သေးပါဘူး။ သင့်ရဲ့ သခင်မနာမည်ကို မပြောရသေးပါဘူး"

"သခင်မ နာမည်က မီရီယန်တဲ့"

"အင်း … မီရီယန် … မီရီယန် နာမည်ကလေးကတော့ အင်မတန်လှပါပေတယ်။ နာမည်နဲ့ လိုက်အောင်"

မားကပ်သည် စကားကို ဤနေရာတွင် ရပ်၍ထားလိုက်လေ၏။ ထိုအချိန်၌ သူတို့သည် ကုန်းတန်းကလေးသို့ ရောက်လာခဲ့ကြပြီဖြစ်၍ အက်ဆင်းရွာကလေးကိုလည်းကောင်း၊ ကန္တာရအတွင်း စိမ်းလန်းစိုပြည်သော ကျော်ဒန်မြစ်ကို လည်းကောင်း၊ ၎င်းမှ ရေသွင်းစိုက်ပျိုးသော ပျိုးခင်းများကိုလည်းကောင်း ညွှန်ပြကာ မီရီယန်နှင့် စစ်ဗိုလ်ကလေးတို့မှာ အတော်ပင် စကားလက်ဆုံကျ လျက်ရှိလေ၏။ သို့ရှိစဉ် လမ်းဘေးရှိ ချုံပုတ်တစ်ခု လှုပ်ရှားသွားပြီးနောက် ကာလစ်သည် မမျှော်လင့်ဘဲ ချုံပုတ်မှ ထွက်လာပြီးလျှင် သူတို့ရှေ့၌ ရပ်လိုက် လေသည်။ ထိုအခါ မီရီယန်က မိတ်ဆက်ပေးလိုသည့်သဘောဖြင့် –

"မိတ်ဆွေကာလစ်၊ ဒီလူဟာ အက်ဆင်း အကြီးအကဲများဆီကို လာရောက်တဲ့ ရောမစစ်ဗိုလ် မားကပ်ဖြစ်ပါတယ်။ ကျွန်ုပ်တို့မှာ အိမ်ပြန်ဖို့ အချိန်ရောက်နေလို့ ဦးလေး အီသီယယ်နဲ့ အခြားအကြီးအကဲတွေဆီ ခေါ်သွားလိုက်ပါ"

ကာလစ်သည် အတန်ငယ် မျက်မှောင်ကြုတ်၍ ကြည့်လိုက်ပြီးနောက်

"ရောမတွေဟာ သူတို့သွားမယ့် လမ်းကို သူတို့ဘာသာ သွားလေ့ရှိကြတာပဲ။ ရဟူဒီတစ်ယောက်က လမ်းပြဖို့ မလိုပါဘူး"

ဟု ပြောကာ လမ်းတစ်ဘက်ရှိ ချုံပုတ်ထဲသို့ တိုးဝင်ပျောက်သွားလေ၏။ ထိုအခါ ဗိုလ်မှူးကလေးက –

"သင့်မိတ်ဆွေက တော်တော် မချေမငံရှိတဲ့လူတစ်ယောက်ပဲ၊ အက်ဆင်းတစ်ယောက်က ဒီလိုလုပ်မယ် မထင်မိဘူး"

"ဟုတ်ပါတယ် … ဒါပေမဲ့ သူက လူစိမ်းများကို သဘောမကျလို့ပါ။ အခုလို စောင့်ရှောက်လာတာ အများကြီး ကျေးဇူးတင်ပါတယ်။ ကျွန်ုပ်တို့ အိမ်ကိုပြန်ဖို့ တဆိတ်ခွင့်ပြုပါ ဗိုလ်မှူး"

"ကျွန်ုပ်ကို လမ်းပြတဲ့ အတွက်လည်း ပြန်ပြီး ကျေးဇူးတင်ပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် သူတို့သည် ထိုနေရာမှ လမ်းခွဲခဲ့ကြလေ၏။ မီရီယန်တို့ အိမ်မှာ တည်းခိုအိမ်ကြီးနှင့် သလပ်ပင် ခြံစည်းရိုးတစ်ခုသာ ခြား၏။ ထိုညဉ့် မီရီယန်နှင့် နီဟွတ်စတာတို့သည် ဥယျာဉ်ထဲ၌ လမ်းလျှောက်၍နေစဉ် ဦးလေးဖြစ်သူ အီသီယယ်က ခေါ်၍ တည်းခိုအိမ်တွင် ရောမစစ်ဗိုလ်ကလေး တည်းခိုလျက်ရှိသဖြင့် စစ်ဗိုလ်နှင့် သူ၏စစ်သားများ အသွားအလာကို မြင်လျှင် မကြောက်ရွံ့ရန် အကြောင်း တင်ကြိုသတိပေးထား၏။

မီရီယန်သည် သူ တတ်မြောက်ခဲ့သော အတတ်များထဲတွင် ရွှံ့ဖြင့် ရုပ်လုံးဖော်သည့်အတတ်ကို အနှစ်သက်ဆုံးဖြစ်၏။ အိမ်ရှေ့ဥယျာဉ်ထောင့်၌ ကျူပင်များ မိုးထားသော တဲကလေးမှာ သူ၏အလုပ်ခန်းဖြစ်၏။ ထုလုပ်ပြီး ရွှံ့ရုပ်များ၏ပုံစံအတိုင်း ကျောက်ရုပ်များကို ထုလုပ်ပြန်၏။ ကျောက်ရုပ်ထုသည့် ကျောက်ဖြူများကိုမူ ဂျယ်ရီကိုမြို့ရှိ နန်းတော်ပျက်ကြီးမှ အက်ဆင်းတို့က ယူ၍ ပေးရလေသည်။ ထိုအချိန်က မီရီယန်မှာ အီသီယယ်၏ ကိုယ်အထက်ပိုင်းကို လူကိုယ်နှင့်တစ်ရွယ်တည်း အလုပ် လုပ်စဉ် ထုလုပ်ဆဲဖြစ်၏။ ညနေစောင်း၌ မီရီယန်သည် အလုပ် လုပ်စဉ် ဝတ်သည့် အင်္ကျီရှည်အဖြူကြီးကို ဝတ်ကာ ရုပ်လုံးကို အချောတိုက်လျက်ရှိစဉ် သူ၏ကိုယ်ပေါ်သို့ အရိပ်များထင်လာသဖြင့် လှည့်ကြည့်လိုက်ရာ အီသီယယ်နှင့် မားကပ်တို့ကို တွေ့ရလေသည်။ အီသီယယ်က "သမီး ... ကျွန်ုပ်တော့ အသင် အလုပ်လုပ်နေတာကို ကြည့်ဖို့ စစ်ဗိုလ်ကြီး မားကပ်ကို ခေါ်ခဲ့ပါတယ်"

"မှန်ပါတယ် ဦးလေး၊ ကျွန်ုပ်မှာ ရွှံ့နှင့်ဖုန်များ ပေကျံနေတဲ့အတွက် စစ်ဗိုလ်ကြီးကို ဧည့်ခံဖို့ သင့်လျော်မယ် မထင်ပါဘူး"

"ကျွန်ုပ်တော့ ချီးမွမ်းစရာတွေသာ မြင်ပါတယ်။ အမျိုးသမီးတွေ အချိန်ကို ဒီလို အသုံးချတာ အင်မတန် သဘောကျပါတယ်"

"ဗိုလ်မှူးတို့တော့ မြို့ကြီးပြကြီးက လက်ရာကောင်းတွေကို မြင်ဖူးတဲ့ အတွက် ကျွန်ုပ်တို့လို မတတ်တတတ် မိန်းကလေးတစ်ယောက်ရဲ့ လက်ရာကြမ်း ကြီးတွေကို ကြည့်နေတာတောင်ပဲ ရှက်စရာကောင်းလှပြီ"

မားကပ်သည် သူ့ရှေ့တွင်ရှိသော အီသီယယ်၏ ကိုယ်တစ်ပိုင်းပုံကို စိန်းစိန်းကြည့်လျက် -

"ကျွန်ုပ်ကိုယ်တိုင် အနုပညာသည်တစ်ယောက် မဟုတ်ပေမဲ့ ဒီပညာကို အတော်အတန် နားလည်ပါတယ်။ သာမန်ကျောက်ဆစ်သမားတစ်ယောက် ဟာ ဒီပုံမျိုးကို မထုနိုင်ဘူးဆိုတာ ကျွန်ုပ် ပြောရဲပါတယ်။ ကျွန်ုပ် စိတ်ရင်းအတိုင်း ပြောတာပါ။ ဒီပုံနဲ့ သင့်ကိုပါ ရောမမြို့မှာ ပြလိုက်ရရင် တစ်ပတ်အတွင်း ကျော် ကြားသွားနိုင်စရာ ရှိတာပေါ့"

www.burmeseclassic.com



ထို့နောက် မားကပ်သည် အချို့မှာ မီးဖုတ်ပြီး အချို့မှာ အစိမ်းဖြစ် သော ကုလားအုပ်ရုပ်များ၊ ငှက်များစသည့် တိရစ္ဆာန်ပုံများကို ကြည့်ပြီးနောက် ပါရဂူတစ်ယောက်၏ လက်ရာပင်ဖြစ်ကြောင်း ချီးကျူးကာ ဤပစ္စည်းများကို မည်ကဲ့သို့ ပြုလုပ်ပစ်ပါသနည်းဟု မေးရာ မီရီယန်က မိမိနှင့်တကွ ဦးလေးများက ပါ ရောင်းချပေး၍ ရသောငွေကို ဆင်းရဲသားများအား ဝေငှပေးကြောင်း၊ တစ်ခါ တစ်ရံ ခရီးသွားများက အရုပ်တစ်ရုပ်ကို 'ရှက်ကယ်' ဒင်္ဂါးလေးပြားပင် ပေး၍ ဝယ်သွားဖူးကြောင်း ပြောဆိုလေသည်။ (ရှက်ကယ် ငွေဒင်္ဂါးတစ်ပြားမှာ အင်္ဂလိပ် ငွေ နှစ်ရှီလင် ခြောက်ပဲနိတန်သည်။)

"ဒီလိုဆိုရင် အခုထုလုပ်နေတဲ့ သင့်ဦးလေး ကိုယ်တစ်ပိုင်းပုံကို ကျွန်ုပ် ဝယ်လိုပါတယ်"

"ဒီရုပ်လုံးက ရောင်းဖို့ မဟုတ်ပါဘူး ဗိုလ်မှူး၊ ကျွန်ုပ်ရဲ့ ဦးလေးတွေကို လက်ဆောင်ပေးဖို့ ဖြစ်ပါတယ်"

ထိုအခါ မားကပ်က အကြံတစ်ခု ရသည်နှင့် –

"ကျွန်ုပ်ဟာ ဒီအရပ်မှာ အတော်ကြာ နေရပါလိမ့်ဦးမယ်။ ဒီတော့ သင့်ဦးလေးရဲ့ အခွင့်ရမယ်ဆိုရင် ကျွန်ုပ်ရဲ့ ကိုယ်တစ်ပိုင်းကို ဒီပုံအရွယ်အစားမျိုး အတိုင်း ထုလုပ်ပေးပါ။ ပေးရမယ့် အဖိုးနှုန်းကိုလည်း ပြောပါ"

မီရီယန်က ပြုံးလျက် –

"ကျောက်ဖြူကို ဝယ်ပြီး ယူရတဲ့အတွက် ဈေးကြီးပေးရပါလိမ့်မယ် ဗိုလ်မှူး၊ ရှက်ကယ် ငါးဆယ်ပေးရပါလိမ့်မယ်"

"ကျွန်ုပ်မှာ ဆင်းရဲပါတယ်။ ဒါပေမဲ့ အပြား နှစ်ရာတော့ ပေးပါ့မယ်"

"ကျွန်ုပ်ရဲ့ ဦးလေးက ခွင့်ပြုမယ်ဆိုရင်တော့ ၅၀ နဲ့ပဲ လုပ်ပေးပါ့မယ်"

"ဒီလိုဆိုရင် အခုတည်းကစပြီး ထုလုပ်ပါတော့ မီရီယန်"

ထိုအခါ အီသီယယ်က ကြားဝင်၍ ဤကိစ္စမှာ မိမိတစ်ယောက်တည်း ခွင့်မပြုနိုင်သဖြင့် အကြီးအကဲများထံ တင်ပြဆုံးဖြတ်ရမည်ဖြစ်ကြောင်း၊ ဤ အတွင်း ရွှံ့ဖြင့် ရှေးဦးစွာ ထုလုပ်ထားနိုင်ကြောင်း၊ အကယ်၍ အကြီးအကဲများက သဘောမတူခဲ့သော် ရွှံ့ရုပ်ကို ထုချေပစ်နိုင်ကြောင်းဖြင့် အကြံပေးလေ၏။

သို့ဖြင့် မီရီယန်သည် မားကပ်၏ပုံတူကို ရွှံ့ဖြင့် စတင်ထုလုပ်လေတော့၏။

***

www.burmeseclassic.com

www.burmeseclassic.com

၈

နောက်တစ်နေ့ အက်ဆင်း အကြီးအကဲများ အစည်းအဝေးတွင် ကျောက်ရုပ် ထုပေးခြင်းကိစ္စ အခွင့်ပြုလိုက်၏။ သို့နှင့် အီသီယယ်နှင့် အခြား အကြီးအကဲ နှစ်ယောက်တို့က ကျောက်ရုပ်ထုနေစဉ် အမြဲစောင့်ကြပ် ကြည့်ရှုကြရ၏။ ရက်အတော် ကြာလတ်သော် ပျင်းရိငြီးငွေ့ဖွယ် အလုပ် ဖြစ်သည့် အတိုင်း စောင့်သူများမှာ ကုလားထိုင်များပေါ်တွင် အိပ်ပျော်ရင်း အချိန်ကုန်တတ် ကြ၏။ ထိုအခါ မားကပ်နှင့် မီရီယန်တို့မှာ အတော်ပင် လွတ်လပ်စွာ စကားပြော ခွင့်ရခဲ့လေသည်။ မားကပ်က သူ့အကြောင်းများနှင့်တကွ သူပါဝင်ဆင်နွှဲခဲ့သော စစ်ပွဲများအကြောင်း၊ သူရောက်ခဲ့ဖူးသော တိုင်းပြည်များအကြောင်းကို စိတ်ရှည်လက်ရှည်ပြောပြရာ မီရီယန်ကလည်း အက်ဆင်းတို့အကြားတွင် သူမည်ကဲ့သို့ နေထိုင်ခဲ့ရပုံများကို ပြောပြ၏။ ဤသို့ဖြင့် ပျော်ရွှင်ဖွယ်ကောင်းသော အချိန်များကို ကုန်လွန်စေခဲ့ရာ ရွှံ့ရုပ်မှာ အဆုံးသတ်၍ သွားပြီးနောက် ကျောက်ရုပ်ကိုပင် စတင်ထုလုပ်လျက်ရှိနေလေပြီ။

ထိုအချိန်များအတွင်း ကာလစ်သည် မီရီယန်အား ရံဖန်ရံခါသာ တွေ့ရ၏။ မီရီယန်နှင့် မားကပ်တို့ စတင်တွေ့ဆုံသည့် အချိန်မှစ၍ ကာလစ်သည် မားကပ်အပေါ်တွင် မနာလို မုန်းတီးခဲ့၏။ သို့သော် မီရီယန်ကမူ ကာလစ်အပေါ်တွင် စိတ်မဆိုးခဲ့ပေ။ သို့သော် ကာလစ်၏ စကားများ အရ မိမိက ဂရုစိုက်သော ယောကျ်ားမှန်သမျှမှာ သူ၏ရန်သူ ဖြစ်ရမည်ကဲ့သို့ဖြစ်၍နေ၏။ မီရီယန်သည် မားကပ်အပေါ်တွင် မည်သို့မျှ သဘောမထားစေကာမူ ကာလစ်က မိမိအား တစ်မျိုးထင်နေသည်ကိုကား ကောင်းစွာသိရှိလေသည်။ တစ်နေ့သော ညနေစောင်း၌ မားကပ်က –



www.burmeseclassic.com

www.burmeseclassic.com



"သြော် … ဒါထက် မီရီယန်ကို ကျုပ်သတင်းတစ်ခုပြောစရာ ရှိတယ်။ ရဟူဒီ သူခိုးကိုသတ်တဲ့ လက်သည်ကိုတော့ မကြာခင်ကပဲ ကျုပ် သိရပြီ မီရီယန်၊ တခြား ဟုတ်ပါရိုးလားဗျာ။ ခင်ဗျာ့ မိတ်ဆွေကာလစ်ပေါ့ …"

ထိုစကားကို ကြားလိုက်သည်နှင့်တစ်ပြိုင်နက် မီရီယန်မှာ အတော်ပင် တုန်လှုပ်သွားပြီးလျှင် ကျောက်ရုပ်ဦးခေါင်းမှ ဆံပင်နေရာများ၌ ခြစ်ရာများပင် ထင်၍သွားပေသည်။

တီးတိုးလေသံဖြင့် –

"ရှူး … သူတို့သိပြီလား"

မားကပ်က ခေါင်းခါ၍ ပြလိုက်၏။

"ဒါထက် မီရီယန်ကို အခုအကြောင်းနဲ့ ပတ်သက်ပြီး နှစ်ယောက်ချင်း ပြောချင်ပါတယ်။ ဒီနေရာမှာတော့ မဟုတ်ဘူးနော်"

"သဘောကျသလို ပြောနိုင်ပါတယ်။ အချိန်နဲ့ နေရာသာ ပြောလေ"

"နေဝင်ပြီး တစ်နာရီအကြာ ဥယျာဉ်ထဲမှာ နီဟွတ်စတာက တံခါး ပေါက်ကလေး ဖွင့်ထားလိမ့်မယ်"

သို့ပြောလိုက်စဉ် လူကြီးများ နီးသွားသဖြင့် နီဟွတ်စတာက စူး ဆောက်ထည့်ထားသော လင်ပန်းကလေးကို အမှတ်မဲ့ဖြစ်သကဲ့သို့ တိုက်ချလိုက် ရာ အသံအုပ်သွားလေသည်။

*

နေရောင်ခြည် ကွယ်ပျောက်သွားသောအခါ လောကဓာတ်ကြီးတစ်ခု လုံးမှာ ထွက်ပြူစ လ, တစ်ခြမ်းပဲ့ကလေး၏ ဖျော့တော့သော အရောင်အောက် တွင် ဆိတ်ငြိမ်လျက်ရှိ၏။ လိမ္မော်ပင်နှင့် ပန်းပင်များမှ ထွက်နေသည့် ရနံ့များ သည် ဥယျာဉ်တစ်ခုလုံးကို ကြိုင်လှိုင်စေလျက်ရှိရာ တောထဲမှ တစ်ခါတစ်ရံ ခွေးအ, အူသံကိုပင် သဲ့သဲ့မျှ ကြားနိုင်လေသည်။

မားကပ်သည် သာယာသောညဉ့်၏ အရသာကို ခံစားကာ အပြင် တံ တိုင်း တစ်လျှောက် စိုက်ပျိုးထားသော သစ်ပင်များ အကြားမှ လျှောက်လာခဲ့စဉ် ကာလစ်သည်လည်း အသံမကြားအောင် ခြေကို ဖော့၍နင်းကာ သူ့နောက် မလှမ်းမကမ်းမှ လိုက်ပါလာခဲ့လေသည်။ ထို့နောက် သူသည် ခပ်လှမ်းလှမ်းရှိ သစ်ပင်များအောက်တွင် ပုန်းလိုက်၏။ မားကပ်မှာ ကာလစ်က ဤသို့ နောက် ယောင်ခံ၍ လိုက်လာမည်ကို သတိမပြုမိ။ စိတ်ကူးမျှပင် မထည့်မိချေ။

မကြာမီ ဖြူဖြူ အရိပ်တစ်ခုနှင့် မည်းမည်းအရိပ်တစ်ခုသည် ဥယျာဉ် တစ်ဘက်မှ သူ့ဆီသို့လာနေသည်ကို တွေ့ရ၏။ သို့နှင့် သူသည် ရှေ့သို့ လေး ငါးလှမ်းမျှ တိုး၍လျှောက်သွားရာ ကာလစ် မကြားနိုင်လောက်သော နေရာသို့

www.burmeseclassic.com



ရောက်သွားလေ၏။ မီရီယန်၏ ပြေပြစ်လှပသော မျက်နှာ၊ တည်ငြိမ်အေးဆေးသော မျက်လုံးတို့မှာ လရောင်အောက်တွင် တစ်မျိုးပင် ချစ်စဖွယ်ကောင်းလှတော့၏။

"ဗိုလ်မှူးမင်း" ဟု မီရီယန်က စကားစ, လိုက်လေ၏။

"ကျုပ် တစ်ခုတောင်းပန်ပါရစေ၊ ကျုပ်ကို အဆောင်အယောင် နာမည်တွေ မခေါ်တော့ဘဲ မားကပ်လို့ပဲခေါ်ပါ။ အရပ်စကား သုံးစမ်းပါ မီရီယန်"

"အခုလို အချိန်မျိုးမှာ အနှောင့်အယှက် ပေးမိတဲ့အတွက် ခွင့်လွှတ်ပါနော်"

"ခွင့်လွှတ်ပါတယ် လေဒီမီရီယန်"

"အမှန်ပြောရရင် ကာလစ်ကိစ္စမှာ ..."

ကြားဖြတ်၍ "ဒီငရဲသားကို ငရဲမင်းကြီးက ဆွဲမသွားသေးဘူးလား"

"ဒါပေမဲ့ ကျွန်ုပ်တို့ အခုပြောရမယ့် စကားက သူ့အကြောင်းပြောမလို့ပဲ မဟုတ်လား မားကပ်"

"ကိုင်းလေ ... ပြောပါ၊ မြန်မြန် ကိစ္စပြီးအောင် ပြောရင် ကောင်းတာပဲ။ ဘာများ ပြောချင်လို့လဲ"

"ကျုပ်သိသလောက်တော့ ကာလစ်ဟာ ရိုးကလေးထဲမှာ ပုန်းရာကနေပြီး ရဟူဒီကို မြားနဲ့ ပစ်လိုက်တာ မြင်တဲ့လူ၊ ရဟူဒီရဲ့ မြားအိတ်ထဲကို မြားတစ်ချောင်း နှိုက်ယူတာ မြင်တဲ့လူ တောသား နှစ်ယောက်က တွေ့ထားပြီ။ သူ အပြစ်ရှိတာတော့ ထင်ရှားနေပါပြီလေ။ ဒီတော့ မနက်ဖြန် ဒီအကောင်ဖမ်းပြီး ဂျေရူဆလမ် ပို့ရုံပဲရှိတော့တယ်။ ကိုင်း ... သိချင်တာ သိရပြီ မဟုတ်လား"

"ဒီလိုတော့ မလုပ်သင့်ပါဘူး မားကပ်၊ သူ့ကို ရိုက်လို့ ပြန်ပြီး လက်စားချေတာ ဖြစ်ပါလိမ့်မယ်"

"တုတ်နဲ့ ရိုက်လို့ မြားနဲ့ပစ်သတ်တာဟာ တရားသလား မီရီယန်၊ သင်က ကာလစ်အကြောင်း အတော်နှိုက်နှိုက်ချွတ်ချွတ် သိထားပါကလား၊ ဘယ်လိုသိတာလဲ"

"အသေအချာ မသိရပါဘူး၊ မှန်းဆပြီး ပြောတာပါ။ ဒါပေမဲ့ ကာလစ် အပြစ်မရှိဘူးဆိုတာတော့ ပြောရဲပါတယ်"

"ကာလစ်ကိစ္စမှာ မီရီယန်က ဘာကြောင့် ဒီလောက် စိတ်ဝင်စားရတာလဲ"

"ကာလစ်ဟာ ငယ်စဉ်ကတည်းကပဲ မီရီယန်ရဲ့ မိတ်ဆွေ၊ ပြီးတော့ ကစားဖော်ကစားဖက် ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျီးကန်းနဲ့ ဂျိုးငှက်လိုနေတာပေါ့။ ကိုင်း ... ဒီတော့ အခု ဘာလုပ်ပေးစေချင်သလဲ"

"သူ့ကို ချမ်းသာခွင့်ပေးစေချင်ပါတယ်။ သက်သေတွေကိုလည်း သင်ယုံကြည်ဖို့ မရှိပါဘူး"

"သင်လို မိန်းမတစ်ယောက်က ပြောတော့ အံ့သြစရာပဲ၊ ဒါဟာ ကျွန်ုပ်ရဲ့ တာဝန်ဝတ္တရားကို မလုပ်အောင် သွေးဆောင်တာပေါ့"

"ဆိုပါတော့"

"ကျုပ် တစ်ခုပြောမယ် လေဒီမီရီယန်၊ အဲဒီလို ကစားဖော် ကစားဖက်ဖြစ်တဲ့အချက်ကို အခွင့်အရေးယူပြီး သူဟာ သင့်ကို ချစ်နေတယ်လို့ ကျုပ် ထင်မိတာပဲ"

"သင် ဘာကြောင့်သိရတာလဲ။ သူဘယ်တော့မှ နောက်ကို မချစ်တော့ပါဘူးလို့ ကျွန်ုပ်ကို ကတိပေးထားပါတယ်"

"ဘာကြောင့် သိရမှာလဲ ဟုတ်လား။ ကျွန်ုပ် ထင်တဲ့အတိုင်း မမှန်ရင်သူဟာ လူမိုက်ပေါ့။ ကိုင်း ... ကျွန်ုပ် ပွင့်ပွင့်လင်းလင်း ဖွင့်မေးပါရစေ၊ သင်ဟာ ကာလစ်နဲ့ ချစ်ကြိုက်နေတယ် မဟုတ်လား"

"ကျွန်ုပ် ဘယ်တုန်းကမှ ကာလစ်နဲ့ မချစ်ကြိုက်ခဲ့ပါဘူး။ မယုံရင် နီဟွတ်စတာကို မေးကြည့်ပါတော့"

"ကျေးဇူးတင်ပါတယ်။ သင့်အဖြေနဲ့ပဲ တော်ပါပြီ။ ဒါပေမဲ့ ကာလစ်ကို ကာကွယ်တဲ့အနေနဲ့ ပြောတော့ ထင်စရာပဲ"

"ကာလစ်ကို ကျွန်ုပ်က ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ သင့်မှာ အကြောင်းထူးသေးသလား။ အမှန်ပြောရရင် သူ့အတွက်သာ မဟုတ်ပါဘူး။ ကျွန်ုပ်နဲ့ မိတ်ဆွေဆိုရင် ဘယ်သူ့အတွက်ပဲဖြစ်ဖြစ် ကျွန်ုပ်မှာ ဒီလိုလုပ်ဖို့ ဆန္ဒရှိပါတယ်"

"အပြောကလေးကတော့ တကယ်ကောင်းပေတာပဲ မီရီယန်"

စစ်ဗိုလ်မားကပ်သည် သူ့ရှေ့တွင် လက်ပိုက်၍ ရပ်နေသော မီရီယန်အား မျက်တောင်မခတ်ဘဲ စိုက်၍ ကြည့်နေ၏။ စိတ်ဓာတ်လှုပ်ရှားသဖြင့် ရင်ကလေးမှာ လှိုင်းထသကဲ့သို့ နိမ့်တုံ-မြင့်တုံဖြစ်၍ နေရာ နီရောင်လျှမ်းသော မျက်လုံးများမှ မျက်ရည်များဝဲလျက် ရှိလေသည်။ သို့ကြည့်နေစဉ် မားကပ်၏ ရင်ထဲတွင် မီရီယန်အား တပ်မက်သောစိတ်၊ ကာလစ်အား မုန်းတီးသော စိတ်သည် တစ်ခါတည်း ပြင်းထန်စွာ ပေါက်ကွဲတော့၏။

"သင် ကာလစ်ကို မကြိုက်ဘူး ပြောတယ်နော်။ ဒီလိုဆိုရင် ကျုပ်ကို နမ်းပြစမ်းပါ ဒါမှ ယုံနိုင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလုပ်လို့ ကျွန်ုပ် ပြောတဲ့စကားကို ပိုပြီးယုံဦးမလား"

"အို … ဒီဟာတွေ ဘာမှ ကျုပ်နားမလည်ဘူး။ တစ်ခါတည်းသာ ကျုပ်ကို နမ်းပြပါ၊ တောသားသက်သေတွေဟာ လူလိမ်တွေလို့ ကျုပ်ယုံပစ်လိုက်မယ်"

"မနမ်းရင်ကော"

"ဒီကိစ္စကို ဂျေရူဆလမ်မှာရှိတဲ့ အာဏာပိုင်တွေဆီ ပို့လိုက်ရုံပေါ့"

"နီဟွတ်စတာ နီဟွတ်စတာ ကျွန်ုပ် ဘယ်လို လုပ်ရပါ့မလဲ နီဟွတ်စတာရယ် …"

"လုပ်ပါလို့လည်း မပြောလိုဘူး။ မလုပ်နဲ့လို့လည်း မပြောချင်ဘူး။ ဒါပေမဲ့ ကာလစ်ကို ကယ်ဆယ်ဖို့အတွက် ကလေးနဲ့ ဒီလောက် အရှက်ရအောင် လုပ်ရင်တော့ သခင်မ ရူးပြီ ထင်တယ်"

"အို … ကျွန်ုပ် လုပ်ပါတော့မယ် မားကပ်၊ ဒါပေမဲ့ အခုလို လုပ်တာဟာ ကာလစ်ကို ကယ်ဆယ်ဖို့အတွက်သာ လုပ်တာပါနော်"

သို့ပြောဆိုပြီးနောက် မီရီယန်သည် တစ်ချက်မျှ ရှိုက်လိုက်ပြီးလျှင် သူ၏ကိုယ်ကလေးကို မားကပ်ဘက်သို့ ညွှတ်၍ ပေးလိုက်လေသည်။ သို့သော် မားကပ်သည် သူ၏ကိုယ်ကိုနောက်သို့ ရို့လိုက်ပြီးလျှင် မျက်နှာကို သူ၏လက်ဖြင့် ရုတ်တရက် ကွယ်လိုက်၏။

"ကျွန်ုပ်ကို ခွင့်လွှတ်ပါ မီရီယန်၊ ကျွန်ုပ်ဟာ စိတ်ကို မထိန်းနိုင်ဘဲ ရုတ်တရက် တိရစ္ဆာန်စိတ်ဝင်သွားလို့ ပြောမိပါတယ်။ ဒါပေမဲ့ သင့်ရဲ့ လှပတဲ့ ရုပ်ရုံကိုသာ အပြစ်တင်ရတော့မှာပဲ။ ယောက်ျားမှန်သမျှ တစ်ခါတစ်ရံ ဒီလို မှားယွင်းတတ်တဲ့အတွက် ကျွန်ုပ်ကို အပြစ်မတင်ဖို့ တောင်းပန်ပါတယ်။ သင်ပြောတဲ့အတွက် ကျွန်ုပ်မှာ ပေးဖို့အခွင့်အရေးမရှိပေမဲ့ ပေးပါတော့မယ်။ ကာလစ်ဟာ ကျွန်ုပ်အတွက် ဘာမှ စိုးရိမ်စရာ မရှိတော့ပါဘူး။ ကိုင်း … ကျုပ် ပြန်ပါတော့မယ်"

သို့ပြောဆိုပြီးနောက် မားကပ်နှင့် မီရီယန်တို့သည် နှုတ်ဆက်၍ လူချင်းခွဲကြလေသည်။

*

သူတို့သည် အသံကို နှိမ့်၍ ပြောကြသည့်ပြင်၊ သူနှင့်လည်း အတော်လှမ်းသဖြင့် ကာလစ်သည် တစ်စုံတစ်ရာ မကြားရချေ။ သို့သော် ချစ်တင်းနှီးနှောပုံမျိုးနှင့် ပြောနေသည်ကိုမူ လရောင်အောက်၌ ကောင်းစွာမြင်ရရုံမက နောက်ဆုံးတွင် မီရီယန်က မားကပ်၏ ပါးဆီသို့ နမ်းရှုပ်တော့မည်ကဲ့သို့ ကိုယ်ကို ကိုင်းညွှတ်လိုက်သည်ကိုပင် မြင်ရ၏။ ထိုအခါ မနာလိုစိတ်များဖြင့် ရင်ထဲတွင်

www.burmeseclassic.com



မချိတရိဖြစ်ကာ ရောမစစ်ဗိုလ်အား ထိုနေရာ၌ပင် သတ်လိုစိတ်များ ဖြစ်ပေါ်လာလေသည်။

သို့နှင့် သူသည် ဝတ်ရုံကြားတွင် ဂုက်ယူခဲ့သော ဓားမြှောင်ကို ဆွဲထုတ်ကာ သစ်ပင်ရိပ်အောက်မှ အပြင်သို့ ထွက်လိုက်၏။ သို့သော် မီရီယန်နှင့် နီဟွတ်စတာတို့ ရှိနေသေးသဖြင့် မလုပ်ရန် စိတ်ကို ချုပ်တည်းထားလိုက်ရလေ၏။ နောက်မကြာမီ မားကပ်သည် အိပ်မက် မက်နေသူတစ်ယောက်ကဲ့သို့ သူနှင့် လက်တစ်ကမ်းအကွာမှ ဖြတ်လျှောက်သွားလေရာ၊ ကာလစ်သည် နောက်မှ ကပ်၍ လိုက်သွားလေ၏။ တည်းခိုအိမ် ခြံတံခါးကို မားကပ်က ပိတ်မည်အပြု သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်မိလေ၏။ မားကပ်သည် နောက်သို့ တစ်ချက် ခုန်လိုက်ပြီး –

"သင် ဘယ်သူလဲ"

ကာလစ်သည် ရုတ်တရက်ပြန်၍ မဖြေသေးဘဲ တံခါးကို ပြန်၍ မင်းတုန်းချလိုက်ပြီးနောက် –

"တခြားသူ ဟုတ်ပါရိုးလား၊ သင်နဲ့ စကားပြောချင်နေတဲ့ ကာလစ်ပေါ့"

"သြော် … ကာလစ်ကိုး၊ သင်က ဘာများပြောချင်လို့လဲ"

"ပြောချင်တဲ့ စကားကတော့ သေရေးရှင်ရေးပဲ မားကပ် …"

သူပြောလိုက်သော လေသံကြောင့် မားကပ်သည် ဓားမြှောင်ကို ဆွဲထုတ်လိုက်ပြီးလျှင် စိုက်၍ကြည့်နေလေသည်။

"ရှင်းရှင်းနဲ့ လိုရင်းပြောစမ်းပါ သူငယ်ရယ်"

"ကျုပ်ကလည်း တိုတိုပဲ ပြောချင်ပါတယ်။ သင်နဲ့ အခုပဲ ခွဲခွာလာခဲ့တဲ့ မိန်းကလေးကို ကျုပ် ချစ်နေတယ်။ သင်ကလည်း သူ့ကိုပဲ ချစ်ကြိုက်နေတယ်။ ဒါမှမဟုတ်လည်း ချစ်ဟန်ဆောင်နေတယ်။ ကျုပ် အားလုံး မြင်ပြီးပါပြီ။ သင်တို့နှစ်ယောက် ဖက်ယမ်း နမ်းရှုပ်တာတောင် မြင်ပါတယ်။ ဒီတော့ သူ့ကို ကျုပ်တို့နှစ်ယောက်စလုံး ပြိုင်တူချစ်လို့တော့ မဖြစ်နိုင်ဘူး။ ဒါကြောင့် အခုည ကျုပ်တို့နှစ်ယောက်အနက် တစ်ယောက်ယောက် သေမှဖြစ်မယ်"

မားကပ်သည် ကြောက်ရွံ့၍မဟုတ်၊ အံ့အားသင့်သွားသဖြင့် နောက်သို့ ဆုတ်လိုက်လေသည်။

"သင် တယ် စော်ကားပါကလား၊ ကျုပ်တို့ဟာ ဖက်ယမ်းနမ်းရှုပ်လုပ်နေတာ မဟုတ်ဘူး။ သင့်ရဲ့ လွတ်မြောက်ဖို့ကိစ္စအတွက် တိုင်ပင်နေကြတယ် ဆိုတာ သိရဲ့လား၊ သင်ဟာ ရဟူဒီကို သတ်တဲ့အတွက် သေရမှာ အမှန်ပဲ။ ဒါပေမဲ့ မီရီယန်က တောင်းပန်တဲ့အတွက် ကျုပ် ချမ်းသာခွင့်ပေးခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



သရော်လျက် –

"သြော် ... သြော် ... ကောင်းပါတယ်။ ဒါပေမဲ့ ကျုပ်အသက်ကို ကျုပ်ပိုင်တာပဲ။ ဘယ်သူ့ကိုမှ မူစရာမလိုဘူး။ ကိုင်း ... သင့်ကိုတော့ တရားမျှတစွာ တိုက်ရလိမ့်မယ်။ အသင့်သာ ပြင်ထားပေတော့။ ကျုပ်မှာ ဒီစိတ်မျိုးသာ မရှိရင် သင်သေတာ ကြာလှပြီ"

"ကျုပ်လို စစ်ပွဲ သုံးပွဲမှာ တိုက်ခဲ့ဖူးပြီး ဝါရင့်တဲ့ စစ်ဗိုလ်တစ်ယောက်က သင့်လို မလောက်လေး မလောက်စား သူငယ်တစ်ယောက်ကို ကြောက်နေလို့တော့ မထင်နဲ့။ ကြောက်ရင် ဟောဒီခရာကို မှုတ်လိုက်ရုံပဲ။ ကျုပ်စစ်သားတွေ ပတ်လည်ဝိုင်းနေတယ်။ ဒါပေမဲ့ သင့်အတွက်သာ စဉ်းစားဖို့ တောင်းပန်ချင်တယ်။ ဒီလို တောင်းပန်လျက်နှင့်မှ သင်က တိုက်ချင်သပဆိုရင် အဆင့်အတန်းတို့ အသက်တို့ ဝါရင့်တာတို့ကို အသာဖယ်ထားပြီး ကျွန်ုပ်ကလည်း တိုက်ဖို့ အသင့်ပဲ။ ဒါပေမဲ့ သင် စဉ်းစားပါဦး။ လူငယ် လူရွယ်များရဲ့ စိတ်ဟာ အချစ်နဲ့ပတ်သက်ရင် ဘယ်လိုဖြစ်တတ်တယ်ဆိုတာ ကျွန်ုပ်က သိပြီးမို့ တောင်းပန်တာပါ။ ကျွန်ုပ်ရဲ့ ကတိကိုလည်း မဖျက်ပါဘူး။ ဒီတော့ အေးအေးဆေးဆေး စိတ်ချလက်ချ ပြန်သွားပါ"

"စကား ရှည်မနေပါနဲ့တော့လေ။ လရောင်အောက်သာ ထွက်ခဲ့ပါ"

"သင့်သဘောကို ရှင်းရှင်းလင်းလင်း သိရလို့ ဝမ်းသာပါတယ်။ သင်လို ခွေးတစ်ကောင်သာ မရှိရင် ကျွန်ုပ်အတွက်ရော မီရီယန်အတွက်ရော ကောင်းတာပဲ။ ဒါထက် သင့်မှာ ဘာလက်နက်ရှိသလဲ။ ဓားမြှောင်တစ်ချောင်းပဲ ရှိတယ်။ သံချပ်အင်္ကျီ မရှိဘူး ဟုတ်စ၊ ကျွန်ုပ်မှာလည်း အတူတူပါပဲ။ ဒါပေမဲ့ ကျွန်ုပ်ခေါင်းမှာ သံခမောက်ရှိနေတယ်။ ကိုင်း ... သွားလေရော့ကွယ်။ ဒါမှလည်း ဘက်ညီမယ်"

မားကပ်သည် သံခမောက်ကို လွှင့်ပစ်လိုက်ပြီးနောက် ဆက်လက်၍–

"ဒါထက် သင့် ဝတ်ရုံအင်္ကျီကို ကျွန်ုပ်လုပ်သလို လက်ဝဲဘက် လက်မှာ ရစ်လိုက်လေ။ အဲ ... ဟုတ်ပြီ၊ ကိုင်း ... တိုက်ကြစို့"

လူနှစ်ယောက်တို့သည် တစ်စက္ကန့်မျှ မျက်နှာချင်းဆိုင် ရပ်နေကြပြီးနောက် ကာလစ်သည် သဲ့သဲ့မျှ ပါးစပ်က အော်လိုက်ကာ ခုန်၍ အုပ်လိုက်လေ၏။ သို့သော် မားကပ်မှာ သူ မည်သို့လုပ်မည်ကို သိနှင့်ပြီးဖြစ်သဖြင့် နံဘေးသို့ တိမ်းရှောင်လိုက်ပြီးလျှင် ကာလစ်၏ ဓားချက်ကို သူ၏ လက်ဝဲလက်တွင် ရစ်ပတ်ထားသော အင်္ကျီရှည်ဖြင့် ဆီး၍ ဖမ်းလိုက်ရကား ကာလစ်မှာ သူ ချမ်းသာပေးမှသာ အသက်ရှင်ရမည့် အခြေမျိုးသို့ ရောက်နေတော့၏။ သို့သော် သူသည် ကာလစ်အား မသတ်လိုသဖြင့် ဓားကိုင်သော လက်ကိုသာ ဓားနှင့် ခပ်ဆဆ



www.burmeseclassic.com

www.burmeseclassic.com



ခုတ်လိုက်ရာ လက်ညှိုးတစ်ချောင်း ပြတ်သွားပြီးနောက် အခြားလက်ချောင်းများကိုလည်း ရှသွားလေသည်။ ကာလစ်၏ ဓားမှာ လက်ညှိုးပြတ်နှင့်အတူ အောက်သို့ ကျသွားသဖြင့် မားကပ်က ဓားကို ခြေဖြင့် နင်းထားလိုက်၏။

"ဟေ့ သူငယ် ... ဒီဒဏ်ရာဟာ သေရာတောင် ပါလောက်ပါပြီ။ ကိုင်း ... သွားပါတော့ကွယ်"

"ကျွန်ုပ် သေရွာကိုပဲ သွားချင်တယ်။ ကိုင်းလေ ... သင် သတ်လိုရင် သတ်တော့"

ကာလစ်သည် သွေးများ ပေကျံနေသော လက်များဖြင့် အင်္ကျီကို ဖြဲကာ ရင်ကို ကော့၍ ပေးလေသည်။

"ဓာတ်သမားဟန်မျိုး လုပ်မနေပါနဲ့တော့လေ။ သွားမှာသာ သွားပါ။ ဒါပေမဲ့ တစ်ခုတော့ သတိပေးလိုက်မယ်။ ကျွန်ုပ်ကိုပဲ ဖြစ်ဖြစ်၊ လေဒီမီရီယန်ကိုပဲ ဖြစ်ဖြစ် အန္တရာယ်ပြုမယ်ကြံရင်တော့ သတ်ရလိမ့်မယ်"

ကာလစ် ထွက်သွားသောအခါ မားကပ်သည် ပခုံးများကို တွန့်ကာ လှည့်၍ ထွက်သွားတော့မည်အပြုတွင် သူ၏နံဘေး၌ နီဟွတ်စတာ ရောက်နေသည်ကို တွေ့ရ၏။

"ဗိုလ်မှူး ... သင်တို့ဖြစ်ခဲ့သမျှ ကျွန်ုပ် တွေ့မြင်ကြားသိပြီးပါပြီ"

"ဒီလိုဆိုရင် ကျွန်ုပ် သဘောထားကြီးတဲ့အတွက် ကျွန်ုပ်ရဲ့ ဓားစွမ်းကောင်းတဲ့အတွက် ချီးမွမ်းမလား မပြောတတ်ဘူး"

"ဓားစွမ်းကတော့ ကောင်းပါပေတယ်။ ဒါပေမဲ့ သဘောထားကတော့ အရူးတစ်ယောက်နဲ့ အတူတူပဲ"

"ဘာဖြစ်လို့လဲ နီဟွတ်စတာ"

"သင့်ကိုရော၊ မီရီယန်ကိုရော ဒုက္ခပေးမယ့် လူတစ်ယောက်ကို သင် မသတ်လိုက်တာ မှားတာပေါ့"

ဓားကို လှမ်းပေးလျက် –

"ဒီဓားကတော့ အတော်ကောင်းတဲ့ ဓားနဲ့ တူပါတယ်။ ရော့လေ ... သင်ပဲ ယူထားလိုက်ပါ။ ကျွန်ုပ် သွားမယ်"

***

www.burmeseclassic.com

www.burmeseclassic.com

၉

နောက်တစ်နေ့နံနက်တွင် ကာလစ်သည် အက်ဆင်းတို့ရွာမှ ပျောက်သွားလေသည်။ သူ့အကြောင်းကို အချိန်အတန်ကြာ မကြားရဘဲရှိပြီးနောက်၊ တစ်နေ့တွင် အက်ဆင်း အကြီးအကဲထံသို့ စာတစ်စောင် ရောက်ရှိလာရာ သူသည် ဂိုဏ်းဝင်တစ်ဦးအဖြစ် မနေလိုတော့သဖြင့် ထွက်ခွာသွားကြောင်း ပါရှိ၏။ သို့သော် နေရပ်ကိုကား မဖော်ပြချေ။ ရဟူဒီတစ်ယောက်ကို ပစ်သတ်သူမှာ သူဖြစ်ကြောင်း အက်ဆင်းတို့ သိကြသော်လည်း သူထွက်မသွားမီ ကလေး၌ ဖြစ်ပျက်သော အကြောင်းများကိုကား မသိကြချေ။ သို့သော် မီရီယန်မှာ နီဟွတ်စတာက ပြောပြသဖြင့် အလုံးစုံ သိရှိပြီး ဖြစ်လေသည်။

တစ်ပတ်ခန့်ကြာသောအခါ ကျောက်ရုပ်မှာ ပြီးစီးခဲ့ပြီဖြစ်၍ အရောင်ကိုင်ကာ အရောင်ပင် တင်နေလေပြီ။ တစ်နေ့သော နံနက်ခင်း၌ မီရီယန်သည် တဲအတွင်း၌ ကျောက်ရုပ်ကို အပြီးသတ် အရောင်တင်လျက်ရှိစဉ် မားကပ်သည် သံချပ်အင်္ကျီ အပြည့်အစုံ ဝတ်ကာတဲအတွင်းသို့ ဝင်လာလေသည်။ ထိုစဉ်က အခန်းထဲတွင် မီရီယန်တစ်ယောက်သာ ရှိနေသဖြင့် မားကပ်က ဣန္ဒြေရရဖြင့်–

"အခုလို အခန်းထဲ ရုတ်တရက် ဝင်လာမိတာ အခွင့်လွှတ်ပါ မီရီယန်၊ အချိန်နီးနေလို့ အုပ်ထိန်းသူတွေကို အကြောင်းမကြားနိုင်ခဲ့ဘူး"

"သင် ပြန်တော့မလို့လား"

"ဟုတ်တယ် မီရီယန်"

"ကျောက်ရုပ်က အခုပဲ ပြီးတော့မှာပဲ။ ဒီတော့ တစ်ခါတည်း ယူသွားပေတော့။ အရုပ်ကို ကျွန်ုပ်ကိုယ်တိုင် ထုပ်ပိုးပေးလိုက်ပါမယ်။ ဒါနဲ့ အခွင့်ပြုမယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ရွှံ့ရုပ်ကိုတော့ ယူထားလိုက်ပါရစေ။ ဒီကျောက်ရုပ်ကို တယ်ပြီး မကျေနပ်သေးလို့ နောက်တစ်ရုပ် ထုချင်သေးလို့ပါပဲ"

"ယူလိုက်ပါလေ ကိစ္စမရှိပါဘူး။ အခု ကျောက်ရုပ်ဟာ အင်မတန်ကောင်းနေတာပဲ"

"ဒါထက် သင် ဘယ်တော့သွားမှာလဲ"

"သုံးနာရီထိုးမှာ ကျွန်ုပ်သွားရပါမယ်။ အက်ဆင်းများမှာ လူရိုး လူကောင်းများဖြစ်ကြောင်း အစီရင်ခံစာလည်း ရေးတင်လိုက်ပါ့မယ်။ ဒါထက် ဂျေရုဆလမ်က အထောက်တော် တစ်ယောက် ရောက်လာပါတယ်။ အကြောင်းကို သိလိုပါသေးသလား"

"သင်ပြောမယ်ဆိုရင်တော့ သိချင်ပါတယ်"

"ကျွန်ုပ်ရဲ့ ဦးလေးတော် 'ကိုင်းယပ်' ဟာ အတော်ပဲ အသည်းအသန်ဖြစ်နေရာက ကျွန်ုပ်တစ်ယောက်တည်းသာ ဆွေမျိုးသားချင်း ကျန်ရစ်ခဲ့လေတော့ အမွေစား အမွေခံအဖြစ်နဲ့ ကျွန်ုပ်ကို မွေးစားလိုတဲ့အကြောင်းပြောပြီး အမြန်ဆုံးလာနိုင်အောင် ခရီးစရိတ်ပါ ပေးလိုက်တယ်။ ကျွန်ုပ်အတွက် စာကိုလည်း နီရိုဘုရင်ထံက ယူပြီးပို့လိုက်တယ်။ ဒီတော့ သွားမှပဲ ကောင်းမယ် ထင်တယ်"

"ဒါဖြင့် သွားတာ ကောင်းပါတယ်"

ဤသို့ပြောရင်း မီရီယန်သည် နှုတ်ဆက်ရန် လက်ကို ဆန့်တန်းပေးလိုက်လေသည်။ မားကပ်က လက်ကိုကိုင်ထားရင်း "ဒါပေမဲ့ ကျွန်ုပ်တော့ သင်နဲ့ မခွဲလိုဘူး" ဟု ရုတ်တရက် ပြောလိုက်၏။

"ကျွန်ုပ်တို့အဖို့ ဒီနည်းမျိုးနဲ့ ခွဲဖို့ရှိတာပဲ"

မီရီယန်သည် စကားပြောရင်း လက်ကို ရုပ်သိမ်းလိုက်လေသည်။

"ဘယ်နည်းနဲ့ပဲ ခွဲရသည်ဖြစ်စေ၊ ကျွန်ုပ် သင့်ထံက ခွဲရမှာကိုပဲ စက်ဆုပ်နေပါတယ် မီရီယန်"

"စကားလုံးလှလှကလေးတွေပြောပြီး အချိန်ကုန်ခံမနေပါနဲ့ ဗိုလ်မှူး၊ တစ်နာရီလောက်တွေ့ပြီး တစ်သက်လုံးခွဲကြရမှာပေါ့။ လက်ကို လွှတ်ပါတော့။ အရုပ်ကို အချောကိုင်ပြီး ထုပ်ပိုးပါရစေဦး"

မားကပ်၏ မျက်နှာမှာ တစ်စုံတစ်ရာ စဉ်းစားနေဟန် ရှိပြီးလျှင် မီရီယန်၏ လက်ကိုလည်း မလွှတ်သေးဘဲ ရှိနေလေသည်။ သို့နှင့် မီရီယန်က –

"ကိုင်း ... ပြောစရာ ကုန်ပြီ မဟုတ်လား"

"မကုန်သေးပါဘူး မီရီယန်၊ အခုမှ စ,ရုံရှိပါသေးတယ်။ ကျွန်ုပ်တော့ မီရီယန်ကို ချစ်နေပြီ"

www.burmeseclassic.com



"ဒီစကားမျိုးကို နားထောင်လို့လည်း ကျွန်ုပ်မှာ အကျိုးရှိမယ် မထင်ပါဘူး"

"ဘာကြောင့်လဲ မီရီယန်၊ ဒီစကားမျိုးဟာ ယောက်ျားများနဲ့ မိန်းမများအတွက် သဘောရိုးနဲ့ ပြောရိုးပြောစဉ် စကားမျိုးပဲ မဟုတ်လား"

"သဘောရိုးနဲ့ပြောရင်တော့ ပြောထိုက်ပါတယ်။ အခုတော့ ဒီလိုမှ မဟုတ်ဘဲ"

မျက်နှာနီမြန်းလျက် –

"သင် ဘာကို ဆိုလိုတာလဲ၊ သင် ဘယ်လိုထင်လို့လဲ"

"ကျွန်ုပ် မထင်တတ်ပါဘူး မားကပ်"

"သင့်ကို အပျော်မယားအဖြစ်နဲ့ ထားမယ်လို့များ ထင်နေသလား။ သင့်ကို တရားဝင်ဇနီးမယားအဖြစ်နဲ့ စိတ်ကူးပြီးပါပြီ မီရီယန်"

"ဒါပေမဲ့ ကျွန်ုပ်တို့ကြားမှာ သမုဒ္ဒရာကြီး ကွာခြားနေပါတယ်။ သင်က ရောမနတ်များကို ကိုးကွယ်တဲ့ ရောမလူမျိုး တစ်ဦးဖြစ်ပြီး ကျွန်ုပ်က ခရစ်ယာန်တစ်ဦး ဖြစ်နေပါတယ်"

"ကျွန်ုပ်တို့ လက်ထပ်ပြီးရင် နှစ်ကိုယ့်တစ်စိတ် ဖြစ်လာမှာ အမှန်ပါ မီရီယန်၊ နေ့စဉ်နဲ့အမျှ ခရစ်ယာန်တွေဟာ ခရစ်ယာန်မဟုတ်တဲ့လူတွေကို လက်ထပ်နေကြတယ် မဟုတ်လား"

"ကျွန်ုပ်ရဲ့ မိဘများက ခရစ်ယာန်မဟုတ်တဲ့ လူတစ်ယောက်နဲ့ ကျွန်ုပ် လက်မထပ်ဖို့ ပညတ်ခဲ့တာကို လိုက်နာရပါလိမ့်မယ်"

မားကပ်သည် မီရီယန်၏ လက်ကို လွှတ်လိုက်ပြီးလျှင် သူ၏စိတ်ကို အနိုင်နိုင်ထိန်းနေရရှာ၏။

"မီရီယန် ကျွန်ုပ် မသွားနိုင်တော့ဘူး..."

"သွားပါတော့ မားကပ်"

"မီရီယန် ကျွန်ုပ်ကို ချစ်ရဲ့လားဟင် ..."

"ချစ်ပါတယ် ဒီအတွက် ဘုရားသခင် ခွင့်လွှတ်ပါစေ ..."

"ဘယ်လောက်ချစ်သလဲ မီရီယန်ရဲ့ ..."

"ယောက်ျားတစ်ယောက်က မိန်းမတစ်ယောက်ကို အစွမ်းကုန် ချစ်သလောက် ချစ်ပါတယ်။ ဒါပေမဲ့ ကျွန်ုပ်လည်ပင်းမှာ ဖြတ်မရနိုင်တဲ့ ကြိုးနဲ့ ချည်နှောင်ထားပါတယ်။ ဒီကြိုးကို ဖြတ်ရင်တော့ ကျွန်ုပ်ရော သင်ပါ ကျိန်စာသင့်ပါလိမ့်မယ်"

"သင်တို့အယူကို ကျွန်ုပ်ယူရင်ကော ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါက မဖြစ်နိုင်တဲ့ မျှော်လင့်ခြင်းပါ။ ခရစ်ယာန်ဘက်ကို ကူးပြောင်းဖို့ ဆိုတာ အချိန်ရော အတွေးအခေါ်ရော အများကြီး လိုပါတယ်"

"သင် ဒီလောက်ကြာအောင် စောင့်နိုင်ပါ့မလား မီရီယန်။ သင်လို စိတ်ထားကောင်းပြီး ချောမောလှပတဲ့လူကို လိုချင်သူတွေ ပေါပါလိမ့်မယ်"

"ကျွန်ုပ် စောင့်ပါမယ်။ သင့်ကို ချစ်ပါတယ်လို့ ပြောပြီးပြီ မဟုတ်လား။ ကျွန်ုပ် တခြားယောက်ျားကို မယူတော့ပါဘူး"

"သင့်ကို မခွဲနိုင်အောင်ဖြစ်နေပါတယ် မီရီယန်။ ကျွန်ုပ် ဘယ်လိုလုပ်ရ မယ်ဆိုတာ ပြောပါဦး"

"သွားပါတော့ မားကပ်၊ သင့်ကိုယ်သင်ပဲ ဆုံးမပါတော့"

"ရောမမြို့ကနေပြီး သင့်ဆီ စာရေးနိုင်ပါသလား"

"ဘာကြောင့် မရေးနိုင်ရမှာလဲ ရေးနိုင်ပါတယ်"

"စာရေးရုံသာမကဘူး။ ကျွန်ုပ် တစ်ခေါက် ပြန်လာပြီး ဒီအကြောင်း ဆွေးနွေးပါဦးမယ်။ ကိုင်း ...သွားပြီ မီရီယန်"

သို့ပြောဆိုပြီးနောက် မားကပ်သည် လှည့်၍ ထွက်သွားလေ၏။

*

ထိုည၌ မီရီယန်သည် သူ၏အိမ်ခေါင်မိုးပေါ်မှ နေ၍ မားကပ်တို့ လူစု ထွက်ခွာသွားသည်ကို ကြည့်ရှုလျက်ရှိလေ၏။ ကုန်းတန်းပေါ်သို့ အရောက်၌ မားကပ်သည် မြင်းဇက်ကိုပြန်၍ လှည့်လိုက်ပြီးလျှင် အတန်ကြာမျှ ရွာဆီသို့ ငေးမောကြည့်ရှုနေသည်ကို တွေ့ရ၏။ သူ၏ သံချပ်အင်္ကျီမှာ လရောင်တွင် ပြောင်လက်နေလေရာ၊ တစ်ခဏမျှကြာသော် လမ်းဘက်သို့လှည့်၍ စီးသွားပြီး နောက် အမှောင်ထုတွင် ပျောက်ကွယ်သွားလေ၏။ မီရီယန်သည် လက်ရမ်းပေါ် သို့ ခေါင်းတင်ကာ ငိုကြွေးလျက် ရှိစဉ်၊ သူ၏ ပခုံးပေါ်သို့ လက်တစ်ဖက်တင်လာ သည်ကို သိလိုက်ရပြီး နီဟွတ်စတာ၏အသံကို ကြားရသည်။

"ပူဆွေးမနေပါနဲ့ သခင်မ၊ 'ညဉ့်' တွင် ခွဲခွာရသူကို 'နေ့' တွင် ပြန်၍ တွေ့ရပါလိမ့်မယ်"

"တွေ့မှ တွေ့ရပါဦးမလား နူးရယ်။ သခင်မ ဝမ်းထဲမှာ ဝေဒနာ တစ်မျိုးခံစား နေရသလို ဟာနေပြီ နူးရဲ့။ ပြီးတော့ တကယ်လို့ သူပြန်လာတယ် ထားဦး၊ မိဘများရဲ့ အမိန့်ကို ဦးထိပ်ရွက်ပန်ဆင်နေရတော့ အကြောင်းထူးမယ် မထင်တော့ပါဘူး နူးရယ်"

"ဒါပေမဲ့ အမိန့်ဆိုတဲ့ အုတ်တံတိုင်းကြီးမှာ မလွယ်ပေါက်ကလေး ရှိပါ လိမ့်မယ် သခင်မ၊ ကြိုးစားပြီး စိတ်ကို ဖြေပါတော့"

"ဖြေပါတော့မယ် နူးရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် သခင်မကို တစ်ခုပြောစရာ ရှိပါသေးတယ်။ အက်ဆင်းတွေဟာ သခင်မကို လက်ခံခဲ့စဉ်က သခင်မ ၁၈ နှစ်ပြည့်ရင် ခွဲခွာရမယ်လို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်ကပဲ သခင်မဟာ ၁၈ နှစ်ပြည့်ပါပြီ။ နို့ပေမဲ့ ၁၈ နှစ်ပြည့်တယ်ဆိုတာ ၁၉ ကြိမ်မြောက် မွေးနေ့ကို ဆိုလိုတယ်လို့ သူတို့ယူဆကြတယ်။ ဒီအချိန်လည်း တစ်လပဲ လိုတော့တယ် သခင်မ"

"ဒီလိုဆိုရင် ကျွန်ုပ်တို့ ဘယ်လို လုပ်ရမှာလဲ နူးရဲ့"

"ကာလစ်ဟာ သင့်အတွက် စစ်ဗိုလ်ကြီး မားကပ်နဲ့ နှစ်ယောက်ချင်းတိုက်လို့ လက်ညှိုးကလေး ပြတ်ကျန်ရစ်ခဲ့တာ ဥယျာဉ်မှူး တွေ့သွားလေတော့၊ ဒီအကြောင်း လူတိုင်းပါးစပ်ဖျားမှာ ပြောနေကြပြီတဲ့"

"ကျွန်ုပ်ရဲ့ အပြစ်မဟုတ်ဘူး ဆိုတာတော့ ယုံကြည်ကြလိမ့်မယ် ထင်တာပဲ။ ဒါပေမဲ့ ကျွန်ုပ်တို့မှာ အိမ်မရှိ ယာမရှိ၊ ငွေကြေးမရှိ မိတ်ဆွေမရှိနဲ့ ဘယ်ကို သွားကြမှာလဲ နူးရဲ့"

"ဘယ်ကို သွားရမယ် ဆိုတာတော့ ကျွန်ုပ်လည်း မသိပါဘူး သခင်မ။ မတတ်သာရင်တော့ ခရစ်ယာန် ညီအစ်ကို မောင်နှမတွေကိုပဲ အားကိုးရမှာပေါ့။ သင်လည်း အတတ်ပညာနဲ့ ပြည့်စုံလေတော့ မြို့ကြီးတစ်မြို့မြို့မှာ ဝင်ခိုရရင် ကျွန်ုပ်တို့အသက်မွေးဝမ်းကျောင်းတော့ ဖူလုံပါတယ်။ ပြီးတော့ အမ်မရမ်ပေးလိုက်တဲ့ ရွှေတိုရွှေစတွေနဲ့ သင့်ကိုမွေးတဲ့ညက သဘော်သူကြီးရဲ့ သေတ္တာထဲက ကျောက်မျက်ရွဲအနည်းအကျဉ်း ကျွန်ုပ်မှာ ရှိပါသေးတယ်။ စိုးရိမ်စရာ မရှိပါဘူး။ ကိုင်း ... အိပ်ချိန်တန်ပါပြီ သခင်မ"

*

ဤနေရာ၌ ကာလစ်၏အကြောင်းကို ဆက်လက် ရေးသားဖော်ပြရပေမည်။ ကာလစ်မှာ 'ချစ်ရေး' လည်းမလှ၊ 'စစ်ရေး' လည်းမလှသဖြင့် အက်ဆင်းတို့ရွာမှ တိတ်တဆိတ် ထွက်ခဲ့လေ၏။ နောက်တစ်နေ့နံနက် အရုဏ်တက်၌ ရွာအလွန် ကုန်တန်းကလေးထိပ်တွင် တုတ်တစ်ချောင်းကို ကိုင်ပြီးလျှင် လက်တွင် အဝတ်စများဖြင့် စည်းလျက် ကျော၌လည်း ရိက္ခာအထုပ်အပိုးများကို ပိုးကာ မီရီယန်တို့ အိမ်ဘက်သို့ လှမ်းမျှော်ကြည့်ရှုနေသော ကာလစ်ကို တွေ့မြင်နိုင်၏။ သူသည် စိတ်ပျက်အားငယ်သည့်ဟန်ဖြင့် အံကြိတ်ကာ စိတ်ကို တင်းလိုက်၏။ ထိုအချိန်၌ နေရောင်ခြည်များ ပြူထွက်စပြု၍လာရာ လောကဓာတ်ကြီးတစ်ခုလုံးကို အသက်ဝင်၍ လာတော့၏။

"ငါ့အား အသက်ကို ချမ်းသာပေးလိုက်သည်မှာ ထိုရောမခွေးကို လက်စားချေရန်နှင့် မီရီယန် အလှအချောတစ်ယောက်အား အပိုင်ယူနိုင်ရန် ကံ

www.burmeseclassic.com



ကောင်းလေစွ၊ အမှောင်ထု ပျောက်ကွယ်၍ နေခြည်ရောင်ပေါ်ထွက်လာသကဲ့သို့ ငါ၏ ဒုက္ခများ ကွယ်ပျောက်၍ ချမ်းသာခြင်းသို့ ရောက်တော့အံ့"

သို့ တစ်ကိုယ်တည်း ပြောဆိုပြီးနောက် ကုန်းတန်းကလေးမှ တရွေ့ရွေ့ ထွက်သွားလေ၏။

သူသည် ဂျေရူဆလမ်သို့ ရောက်သောအခါ သူ့အား ငယ်စဉ်က အက်ဆင်းတို့ လက်သို့ အပ်ခဲ့သော သူ့မိခင်၏ မိတ်ဆွေမိန်းမကြီးကို ရှာဖွေရာ၊ မိန်းမကြီးမှာ ကွယ်လွန်သွားပြီဖြစ်၍ သူ့သားကိုသာ တွေ့ရတော့၏။ သားဖြစ်သူမှာလည်း သနားကြင်နာတတ်သူတစ်ယောက် ဖြစ်သည့်အတိုင်း ကာလစ်က အကျိုးအကြောင်း ပြောပြသောအခါ ကောင်းစွာ ပြုစုစောင့်ရှောက်လေ၏။ အနားပျောက်ပြီးနောက် ထိုသူထံမှ အဝတ်အစားကောင်းအချို့နှင့် ငွေ အနည်းငယ် ရသောအခါ၊ ရောမအုပ်ချုပ်ရေးမှူး 'ဖလောရပ်' အား လျှောက်ထားရန် ရုံးတော်သို့ သွားလေတော့၏။

သုံးကြိမ်တိုင်လျှောက်ထားခွင့်မရဘဲ ရှိနေပြီးနောက်၊ နောက်ဆုံးတွင် အရာရှိတစ်ယောက်၏ အကူအညီဖြင့် ဖလောရပ် ရှေ့မှောက်သို့ ရောက်ရလေ၏။ ထိုအခါ ဖလောရပ်မှာ ဂျူဒီနယ်တွင် အဆိုးဆုံးသော အုပ်ချုပ်ရေးမှူး ဟူ၍ ထင်ရှားသူတစ်ယောက် ဖြစ်လေသည်။

ခက်ထန်စွာဖြင့် –

"အသင် ရဟူဒီ၊ သင် ဘာကို အလိုရှိသနည်း"

"အို ... မြင့်မြတ်လှသော အရှင်ဖလောရပ်၊ ကျွန်ုပ်ကား အရှင့်ထံမှ ရလိမ့်မည်ဟု ယုံကြည်သောအရာကိုသာ အလိုရှိပါသည်။ ၎င်းမှာ ရဟူဒီတို့ အပေါ်တွင် တရားသဖြင့် ဆုံးဖြတ်ပေးရန်မျှသာ ဖြစ်ပါသည်"

"ထိုသို့ စီစဉ်ပေးသည့်အတွက် အဖိုးအခ ပေးရလိမ့်မယ်"

"ကျွန်ုပ် ပေးရန် အသင့်ရှိပါသည် အရှင်"

"ဤသို့ဆိုလျှင် အကြောင်းစုံကို လျှောက်ထားလော့"

ထိုအခါ ကာလစ်က မဆိုင်းမတွပင် လျှောက်ထားတော့၏။ လွန်ခဲ့သော နှစ်ပေါင်းများစွာက သူ၏ဖခင်သည် ရန်းရင်းဆန်ခတ်ဖြစ်ပွားမှုတစ်ခုတွင် သေဆုံးသွားရာ၊ သူ့မှာ လူမမယ်မျှသာ ကျန်ရစ်သဖြင့် အယုတ်သီးသော အက်ဆင်းတို့လက်တွင် ကြီးပြင်းလာရကြောင်း၊ သို့နှင့် အဖိုးတန်လယ်မြေများနှင့် အိမ်များမှာ ထိုမတရားလုယူသူ ရဟူဒီများ လက်တွင် ရှိနေသဖြင့် ထိုပစ္စည်းများကို ပြန်၍ရလိုကြောင်း လျှောက်ထားလေ၏။

အုပ်ချုပ်ရေးမှူးက ထိုသူများ၏ အမည်စာရင်းကို တောင်းရာ၊ ကာလစ်က ရုတ်တရက် မပေးသေးဘဲ ဤနေရာတွင် တရားသူကြီးနှင့် အမှုသည် တရား

www.burmeseclassic.com



လိုတို့သည် ဈေးဆစ်ကြတော့၏။ နောက်ဆုံး၌ တိုင်ယာမြို့ရှိ မြေများ၊ ကုန်လှောင်ရုံနှင့် ဆက်၍နေသော အိမ်ကြီးကို တရားလိုကာလစ်က ရယူရန်နှင့် ဂျေရူဆလမ်မှမြေများကို တရားသူကြီး ဖလောရပ်ကယူရန်၊ ထို့ပြင် အားလုံးသော အခွန်အခများကို ထက်ဝက်စီ ခွဲဝေယူရန် ဈေးတည့်ကြလေ၏။ ထိုအခါမှ ကာလစ်က အမည်စာရင်းများကို ပေးတော့၏။ ရက်သတ္တပတ်အတွင်း၌ ထိုသူများ၊ သို့မဟုတ် အမွေဆက်ခံသော သားသမီးများမှာ အကျဉ်းထောင်၌ ချထားခြင်း ခံရပြီးလျှင် သူတို့၏ ပစ္စည်းများမှာလည်း သိမ်းယူခြင်းခံရလေသည်။

ဤသို့လျှင် အက်ဆင်းတို့ လက်မှ ထွက်ပြေးခဲ့သော ကာလစ်မှာ ကံကောင်းထောက်မသည်နှင့် တစ်လအတွင်း ကြွယ်ဝချမ်းသာကာ ဩဇာတိက္ကမရှိသူတစ်ယောက် ဖြစ်လာတော့၏။ သူ၏ ကံဇာတာ တက်စပြု၍ လာ၏။

***

www.burmeseclassic.com



လူသတ်မှုဖြင့် အပြစ်ခံရလုဆဲဆဲတွင်မှ ထွက်ပြေးလာခဲ့သော 'ကာလစ်' သည် တစ်ကောင်ကြွက်မျက်နှာငယ်ဘဝမှ ဂုဏ်သရေရှိ လူရွယ်တစ်ယောက်ဘဝသို့ ရောက်ရှိလာလျက်၊ သားမွေးအင်္ကျီနှင့် ခရမ်းရောင် ဝတ်ရုံရှည်ကြီးကို ဝတ်ကာ၊ နောက်လိုက် အစေခံများ ခြံရံပြီးလျှင် လမ်းသလား၍ နေနိုင်ခဲ့၏။ ကာလစ်မှာ မီရီယန် ပြောခဲ့ဖူးသည့်အတိုင်း သူ၏အဘိုး 'ဗင်နိုနီ' နှင့် တွေ့ဆုံရန် ရည်ရွယ်ချက်လည်း ရှိလေသည်။

တစ်နေ့သော ညနေခင်းတွင် တိုင်ယာမြို့ရှိပင်လယ်ကို မျက်နှာမူကာ ကျောက်ဖြူဖြင့် ဆောက်လုပ်ထားသည့် နန်းတော်တမျှ လှပခန့်ညားသော တိုက်ဝရံတာတွင် မုတ်ဆိတ်များ ဆွတ်ဆွတ်ဖြူ၍နေသော လူကြီးတစ်ယောက်သည် ညောင်စောင်းတစ်ခုပေါ်တွင် လဲလျောင်းလျက်ရှိ၏။ အရွယ်ကြီးသော်လည်း ရုပ်ရည်လှပတုန်းပင် ရှိ၏။ နက်မှောင်သော မျက်လုံးများ ရှိပြီးလျှင် နှာခေါင်းမှာ သားစားငှက်ကဲ့သို့ ကောက်လျက်ရှိ၏။ အတန်ငယ်အေးသဖြင့် သူသည် သားမွေးအင်္ကျီရှည်ကြီးကို ဝတ်၍ထား၏။ တိုက်နံရံနှင့် မျက်နှာကြက်မှာ ရနံ့သင်းသော ဆီဒါခေါ် သစ်သား တစ်မျိုးဖြင့် ပြုလုပ်ထား၍ ငွေမီးအိမ်များ ဆွဲချိတ်ထား၏။ စားပွဲ၊ ကုလားထိုင်၊ ခုတင်၊ ညောင်စောင်းတို့မှာ အက်ဗိုနီ သစ်သားနက်ဖြင့် ပြုလုပ်ထားပြီးလျှင် ပုလဲများ မြှုပ်နှံထားလေသည်။ သူသည် လျောင်းရာမှ ရုတ်တရက် အိပ်ပျော်သွားရာ၊ မကောင်းသော အိပ်မက်များကို မြင်မက်သောကြောင့် ပေလောမသိ၊ သမီးဖြစ်သူ ရာခယ်အား ရက်စက်စွာ စွန့်ပစ်လိုက်မိသည်ကို သတိရကာ ဝမ်းနည်းကြေကွဲ၍ နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မကြာမီ အာရပ်လူမျိုး တံခါးစောင့်ဝင်လာပြီးနောက် ဆလံပေးကာ၊ ကာလစ်ဆိုသူ တစ်ယောက်က တွေ့လိုကြောင်း ပြောပြောကြားရာ 'ကာလစ်ဆိုတာကတော့ ငါ မသိဘူး။ ဒါပေမဲ့ ရောမ ဘုရင်ခံက အကျိုးဆောင်ပေးလိုက်တဲ့ ဟီလီယယ်ရဲ့ သားလား မပြောတတ်ဘူး။ အေးလေ ခေါ်ခဲ့တာပေါ့" ဟု ပြောလိုက်သဖြင့် မကြာမီ တံခါးစောင့်သည် ကာလစ်ကို သွင်းခဲ့လေ၏။ ကာလစ်မှာ ဝတ်ကောင်းစားလှများဖြင့် ရှိနေသဖြင့် အတော်ပင် ခံ့ညားလှပေ၏။ ကာလစ်က အရိုအသေပြုရာ ဗင်နိုနီကလည်း ဦးညွှတ် အလေးပြုလေသည်။

"အရှင် ကျွန်ုပ်ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ဂျေရုဆလမ်မှာ အသက်ဆုံးရှုံးရတဲ့ ဟီလီယယ်ရဲ့သားဖြစ်ပါတယ်။ ကျွန်ုပ်ဖခင်ကိုတော့ အရှင် သိပါလိမ့်မယ်"

ဧည့်သည်ကို ခြေဆုံးခေါင်းဆုံး ကြည့်လျက် –

"ကျွန်ုပ်ဟီလီယယ်ကို သိပါတယ်။ ပါးရေနပ်ရေရှိပေမဲ့ နောက်ဆုံးကျတော့ ခမျာ ထောင်ချောက်ထဲ ကျရရှာတာပဲ။ အင်း ... အခုလို သင် ဝတ်စားလာတော့ သင့်ဖခင်နဲ့ တစ်ထေရာတည်းတူပါကလား"

အတော်အတန် ရင်းနှီးလာသည်နှင့် ကာလစ်က သူ့ဖခင်မှ ပစ္စည်းများကို ယခုအခါ တချို့တစ်ဝက် ပြန်ရပြီဖြစ်ကြောင်း၊ ဤသို့ရရှိခြင်းမှာ ဖလောရပ်က ကူညီသဖြင့် ရရှိခဲ့ကြောင်း၊ သို့သော် ဖလောရပ်သည် ပစ္စည်းထက်ဝက်ကို သိမ်းယူထားကြောင်းနှင့်ပြောကာ သက်ပြင်းချလိုက်လေသည်။

"အားလုံး မယူတာ ကံကောင်းတာပဲ"

"ကျွန်ုပ်မှာ သဲကန္တာရအတွင်း ကြီးပြင်းလာရသဖြင့် နားမလည်ပါ။ ဤသို့ မတရားယူထားသည်ကို အရှင် ကူညီနိုင်ပါလိမ့်မည်"

"ကာလစ်၊ ကျွန်ုပ်မှာ ဩဇာတိက္ကမ,မရှိတဲ့ အဘိုးအိုတစ်ယောက်သာ ဖြစ်ပါတယ်။ ရောမဧကရာဇ်ထံ သင်အယူခံဝင်ရင်လည်း ဒဏ္ဍာရီထဲမှာရှိတဲ့ ခွေးအက ခြသေ့်ဆီ အယူခံဝင်သလိုရှိမှာပေါ့။ သင် လိမ္မာရင် တစ်ဝက်နဲ့ ကျေနပ်တာ အကောင်းဆုံးပဲ"

ထိုအခါ ကာလစ်မှာ စိတ်ပျက်သွားဟန်ဖြင့် မှိုင်လျက်ရှိလေသည်။

"ဒါထက် သင် ဘယ်မှာ ကြီးပြင်းခဲ့ရတာလဲ"

"ဂျယ်ရီကိုမြို့အနီး အက်ဆင်းတို့ရွာတွင် ကြီးပြင်းခဲ့ရပါတယ်။ ဒါပေမဲ့ ကျွန်ုပ်မှာ အက်ဆင်းမဟုတ်၊ သူတို့ အယူဝါဒကိုလည်း စက်ဆုပ်သူ ဖြစ်ပါတယ်"

"ကျွန်ုပ်၏ ကွယ်လွန်သူဇနီးရဲ့ အစ်ကိုကြီးတစ်ယောက်ဟာလည်း အက်ဆင်းဂိုဏ်းဝင်တစ်ဦးပဲ။ သူ့နာမည်က အီသီယယ်တဲ့၊ သင်သိကောင်းသိပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ် သိပါတယ်အရှင်၊ သူဟာ အကြီးအကဲ တစ်ယောက်ပါပဲ။ သူ့ရဲ့ မြေး မီရီယန်ကိုလည်း အုပ်ထိန်းသူဖြစ်ပါတယ်"

အဘိုးကြီးသည် ပြင်းထန်စွာ တုန်လှုပ်သွားပြီးနောက် စိတ်ကို ချုပ်တည်း၍ ဣန္ဒြေဆည်လိုက်သည်။

"ကျွန်ုပ်ကို ခွင့်လွှတ်ပါ ကာလစ်၊ မီရီယန်ဆိုတဲ့ မိန်ကလေးဟာ သူ့မြေး ဘယ်လိုဖြစ်နိုင်တာလဲ"

"ဒီဟာတော့ ကျွန်ုပ်လည်း မသိပါဘူး အရှင်၊ လွန်ခဲ့တဲ့ ၁၉ နှစ်လောက်က နီဟွတ်စတာဆိုတဲ့ လီဗီယန် မိန်းမတစ်ယောက်က ဒီမိန်းကလေးကို ခေါ်လာပါတယ်။ အီသီယယ်ရဲ့ တူမမှာ သင်္ဘောပျက်ရင်း ကလေးကို မွေးဖွားပြီး မီးတွင်းထဲမှာပဲ ဆုံးသွားတဲ့ အကြောင်းပြောတော့ အက်ဆင်းတွေက သနားလို့ ကျွေးမွေးပြုစုထားပါတယ်"

ထို့နောက် ကာလစ်က မီရီယန်သည် သူ့မိခင်ကဲ့သို့ ခရစ်ယာန်တစ်ယောက် ဖြစ်ကြောင်း၊ သေးသေးသွယ်သွယ်နှင့် လှပပြီးလျှင် ကမ္ဘာပေါ်တွင် အချောဆုံး မိန်းမတစ်ယောက် ဖြစ်သည့်ပြင် သဘောပြည့်ဝ၍ ပညာတတ်မြောက်လှကြောင်း၊ သူတို့သည် နှစ်ယောက်အတူ ကြီးပြင်းလာခဲ့သည့်အတိုင်း တစ်နေ့တွင် သူ့ကိုလက်ထပ်ရန် ရည်မှန်းခဲ့ကြောင်း ပြောဆိုလေ၏။

"ဒါဖြင့် သင်နဲ့ စေ့စပ်ပြီးပြီလား"

"ဒီလိုတော့ မစေ့စပ်ရသေးပါ အရှင်၊ ကျွန်ုပ်ရဲ့အချစ်ဇာတ်လမ်းကို ပြောနေတာနဲ့ အရှင်ရဲ့ အဖိုးတန်တဲ့အချိန်တွေ ကုန်လှပါတယ်။ နက်ဖြန်ည ကျွန်ုပ်အိမ်ကို ညစာစား ကြွရောက်ရန် အရှင့်အား ဖိတ်ကြားပါတယ်။ ဒီလို ချီးမြှင့်မယ်ဆိုရင် ဝမ်းမြောက်ရပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် ကာလစ်၊ ကျွန်ုပ် လာခဲ့ပါ့မယ်။ ဂျေရုဆလမ်မြို့ အကြောင်းကို ကျွန်ုပ် အင်မတန် သိချင်နေပါတယ်"

"ကောင်းပါပြီ အရှင်၊ ယခု ကျွန်ုပ်ကို အခွင့်ပြုပါဦး"

ဗင်နီနီသည် ကာလစ်အား မယုံကြည်လှသော်လည်း ငွေကြေးချမ်းသာ၍ အစွမ်းအစရှိသော လူငယ်တစ်ယောက် ဖြစ်သည်ကို သိသည့်အတိုင်း သူတို့ ကိစ္စတွင် အကူအညီရလိမ့်မည်ဟု စဉ်းစားမိ၏။ မီရီယန်ဆိုသူမှာ သူ့သမီးက မွေးခဲ့သော သမီးကလေး ဖြစ်တန်ရာ၏။ ထို့ပြင် လှပ၍ ဉာဏ်ပညာ ထက်မြက်လှသည်ဆိုရာ၊ ခရစ်ယာန်ပင် ဖြစ်စေကာမူ ရှာဖွေရန်သင့်ကြောင်းစဉ်းစားလျက် ရှိစဉ်၊ တံခါးစောင့်ဝင်လာ၍ ရောမစစ်ဗိုလ် မားကပ်က တွေ့လိုကြောင်း ပြောလေသည်။

"မနက်ဖြန်မှ လာခဲ့ပါလို့ ပြောလိုက်"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန် ရောမမြို့ကို သူသွားစရာရှိလို့ ချက်ချင်း တွေ့ချင်ကြောင်း ပြောပါတယ် သခင်"

"ကိုင်း ... ဒါဖြင့် ခေါ်ခဲ့"

မားကပ်သည် ဗင်နိုနီအား နှုတ်ဆက်ပြီးနောက် "ကျွန်ုပ်မသေသေးပါဘူး ဗင်နိုနီ၊ သင်ချေးထားတဲ့ ငွေမဆုံးပါဘူး။ စိတ်ချရပါတယ်။ ဒါထက် ရောမကို သွားဖို့ စရိတ်မရှိလို့ ထပ်ပြီးချေးပါဦး"

"ကျွန်ုပ် မချေးနိုင်ပါအရှင်"

"သင် မချေးချင်ရင် မဖြစ်ဘူး။ ဒီစာရွက်တွေလည်း ကြည့်စမ်းပါဦး။ ကျွန်ုပ်ရဲ့ ဦးလေး ကိုင်းယပ်ရဲ့ စာနဲ့ နီရိုးဘုရင်ရဲ့ အမိန့်"

ဗင်နိုသည် စာရွက်များကို တစ်ခဏမျှ ကြည့်၍ ပြန်ပေးလိုက်လေ၏။

"ကိုင်းလေ မြန်မြန်လုပ်ပါ၊ ဘာမှ မယုံစရာ မရှိတော့ဘူး မဟုတ်လား။ သင်ချေးတဲ့ငွေရဲ့ နှစ်ဆ၊ ကျွန်ုပ်ပိုင်တဲ့ ပစ္စည်းထဲက အာမခံထားပါ့မယ်။ ဂျော်ဒန် မြစ်ကမ်းပါးရှိ အက်ဆင်းတို့ ရွာကို သွားဖို့"

စကားမဆုံးမီ "ဘယ်နှယ့်လဲ၊ တစ်ယောက်လာလည်း အက်ဆင်းရွာ၊ တစ်ယောက်လာလည်း အက်ဆင်းရွာနဲ့၊ အရင်က ဧည့်သည်ကလည်း ပြောသွားတယ်။ ဒီရွာအကြောင်း ပြောစမ်းပါဦး၊ ငွေချေးပါ့မယ်"

"ဒီရွာက အကြီးအကဲတွေက သင်တို့ တိုင်းပြည်မှာ ကပ်အမျိုးမျိုး ဆိုက်ရောက်မယ့် အကြောင်းနဲ့ ရဟူဒီလူကြီးတွေ ခေါင်းဆောင်ပြီး ရောမတွေကို တော်လှန်မယ့်အကြောင်း၊ ဒါပေမဲ့ ရဟူဒီတွေ ပျက်စီးမယ့်အကြောင်း နိမိတ်ဖတ်တယ်။ ကျွန်ုပ်က ရောမတစ်ယောက်ဖြစ်ပေမဲ့ သင့်ဆီက ငွေချေးရတဲ့ ကျေးဇူးကြောင့် သင်ဟာ ဒီတော်လှန်ရေးမှာ မပါဘဲ ကင်းကင်းရှင်းရှင်းနေဖို့ သတိပေးရအောင် လာခဲ့တာပဲ"

"ဒီလို ကျွန်ုပ်နာမည် ပါနေတယ် ဆိုရင်လည်း ဘုရားသခင် အလိုတော်အတိုင်း ဖြစ်ပါစေ။ ကျွန်ုပ်လည်း အသက်အရွယ်ကြီးပါပြီ။ ကိုယ့်တိုင်း ပြည်ရဲ့ ရန်သူကို တိုက်ရင်း သေရတာက ကောင်းပါသေးတယ်။ ဒါထက် ကျွန်ုပ် တို့ နိုင်ငံရေးပြောနေလို့ စကားဆုံးနိုင်မှာ မဟုတ်ပါဘူး။ အခုတင်ပဲ အက်ဆင်းတွေကြားထဲမှာ ကြီးပြင်းလာတဲ့ ဧည့်သည် တစ်ယောက် ဆင်းသွားတယ်။ သူ့အပြောက အက်ဆင်းတို့ရဲ့ ဘုရင်မ ခေါ်လောက်တဲ့ မိန်းမတစ်ယောက် သူတို့ဆီမှာ ရှိတယ်လို့ ပြောတယ် သင်မြင်ဖူးပါသလား"

"ကျွန်ုပ် မြင်ဖူးပါတယ်။ နေပါဦး ဒီဧည့်သည်က ဘာတွေပြောသွားသေးသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမိန်းမပျိုဟာ အင်မတန် လှပြီး၊ ပညာလည်း တတ်မြောက်တဲ့ အကြောင်း ပြောသွားတယ်"

"မှန်ပါတယ်၊ သူ့ထက်ချောတဲ့ မိန်းမ၊ ကျောက်ဆစ်ပညာမှာ သူ့ထက် တော်တဲ့ မိန်းမ၊ ကျွန်ုပ် မတွေ့ဖူးသေးပါဘူး။ နေပါဦး၊ ဒီဧည့်သည်ဟာ ညာဘက် လက်ညှိုးကလေးတစ်ချောင်း ပြတ်နေတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"သူ့နာမည်က ကာလစ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ဒီလက်ညှိုးဟာ ကျွန်ုပ် ဖြတ်လိုက်တာပဲ။ ကျွန်ုပ် မိန်းကလေး အကြောင်းကို သိတာက တခြားကြောင့် မဟုတ်ပါဘူး။ ကျွန်ုပ်နဲ့ ကြောင်းလမ်း ထားတဲ့အတွက် သိတာပါ"

"အလို ကာလစ်ကလည်း သူနဲ့ကြောင်းလမ်းထားတယ် ဆိုပါကလား ထူးလှချေလား"

"သူက ဒီလိုပဲ ပြောခဲ့သလား"

"မှန်ပါတယ်"

"ဒီလူဟာ လူလိမ် လူညာ တစ်ယောက်ပဲ။ လေဒီ မီရီယန်ဟာ သင့် မြေး ဖြစ်တဲ့အတွက် သင့်အမွေပါရအောင် ကြံတဲ့နည်းနဲ့ တူတယ်"

"ကျွန်ုပ် သေသွားပေမဲ့ ကျွန်ုပ်ရဲ့ ပစ္စည်းကိုတော့ မရပါဘူး"

"ကျွန်ုပ် လိုချင်တာက မီရီယန်ကိုသာ လိုချင်တာပဲ။ သင့်ပစ္စည်း မလို ချင်ပါဘူး"

"ကာလစ်လည်း ပစ္စည်းဥစ္စာနဲ့ ပြည့်စုံပြီး တက်လမ်းရှိတဲ့ သူငယ်တစ် ယောက်ပါပဲ"

"မီရီယန်ဟာ ရဟူဒီလည်း မဟုတ်၊ ရောမလည်း မဟုတ်၊ ခရစ်ယာန် တစ်ယောက် ဖြစ်လို့သာ ကျွန်ုပ်တို့နှစ်ယောက် လက်မထပ်နိုင်ဘဲ ချစ်ခင်ရုံ ချစ်ခင် နေကြရတာပဲ။ ပြီးတော့ သင် ကျွေးမွေးလို့ ကြီးပြင်းလာရတာလည်း မဟုတ်ပါ ဘူး"

"အင်း … ဒီဟာက ကျွန်ုပ် ဖြေရှင်းရမယ့် ပြဿနာပါ"

မားကပ်သည် ထိုင်ရာမှ ရုတ်တရက် ထလိုက်ပြီးနောက် မျက်နှာထား တင်းတင်းနှင့် အဘိုးကြီးရှေ့တွင် မတ်တတ်ရပ်လိုက်လေ၏။

"ဒီမှာ ကြည့်စမ်း ဗင်နိုနီ၊ ဒီပြဿနာက သင်နဲ့ ကာလစ်တို့ ဖြေရှင်းရ မယ့် ပြဿနာ မဟုတ်ဘူး။ မီရီယန်ကိုယ်တိုင် ဖြေရှင်းရလိမ့်မယ်။ မီရီယန်ဟာ အရွယ်ရောက်လာလို့ မကြာခင် အက်ဆင်းတို့ဆီက ထွက်သွားရတော့မယ်။

www.burmeseclassic.com



ဒီတော့ သင့်အိမ်မှာ ခေါ်ထားမယ်ဆိုတာ ယုံမှားစရာမရှိဘူး။ သို့သော် တစ်ခုတော့ ကျွန်ုပ် သတိပေးလိုက်ပါရစေ။ အကယ်၍ မီရီယန်ဟာ ကာလစ်ကို သူ့သဘောအတိုင်း လက်ထပ်မယ်ဆိုရင် လက်ထပ်ပါစေ၊ ဒီလိုမဟုတ်လို့ သင်တို့နှစ်ယောက် တစ်ယောက်ယောက်က အတင်းအကြပ် လုပ်မယ်ဆိုရင်တော့ ကျွန်ုပ်ပြန်လာပြီး ရာဇဝင်တွင်လောက်အောင် သင်တို့အပေါ်မှာ ကလဲ့စားချေမယ်ဆိုတာ ကောင်းကောင်းကြီး မှတ်ထားလိုက်ပေတော့"

"သင်ရဲ့ ကြွေးရှင်ဖြစ်တဲ့ ကျွန်ုပ်အပေါ်ကို ဘာများ အမိန့်ပေးချင်သေးပါသလဲ"

"အချက် နှစ်ချက်ပဲ ပြောချင်တယ်။ ပထမအချက်က သင့်ကို ငွေချေးဖို့ပြောတာက ကျွန်ုပ်က ကျီစားတာပဲ။ အမှန်တော့ သင့်ငွေကို အတိုးပါဆပ်ဖို့ ကျွန်ုပ်လာခဲ့တာဖြစ်တယ်။ အပြင်မှာ ကျွန်ုပ်ရဲ့ အစေခံများဟာ ရွှေများနဲ့ အသင့်စောင့်နေပါတယ်။ ဒုတိယအချက်မှာ မီရီယန်ဟာ ခရစ်ယာန်ဖြစ်သည့်အတွက် သူ့ယုံကြည်မှုကို မနှောင့်ယှက်စေချင်ဘူး။ သင်ဟာ သူ့ဖခင်နဲ့ သင့်သမီးအရင်းဖြစ်တဲ့ သူ့မိခင်ကိုတော့ ဘာသာမတူလို့ ဒုက္ခရောက်အောင်လုပ်ခဲ့တယ်။ သင်သတ္တိရှိရင် မီရီယန်ကို လက်နဲ့ ရွယ်ကြည့်စမ်း။ ကျွန်ုပ် အကြောင်းသိစေမယ်။ ကိုင်း ... ဒီတော့ မီရီယန်ကို ကာလစ်နဲ့ အတင်းအကြပ် လက်မထပ်ပါဘူး။ ကောင်းစွာ ကျွေးမွေးစောင့်ရှောက်ပြီး လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုပါမယ်ဆိုတဲ့ အကြောင်း ကျမ်းကျိန်ရလိမ့်မယ် ..."

ညောင်းစောင်းပေါ်မှ ထလိုက်ပြီးနောက် –

"ကျွန်ုပ် မကျိန်ဘူး ဗိုလ်မှူး၊ ကျွန်ုပ်ရဲ့ မြေးကို ဘယ်လို ဆက်ဆံရမယ်ဆိုတဲ့အကြောင်း ပြောဝံ့ရအောင် သင်က ဘယ်သူလဲ။ ကျွန်ုပ် ကြွေးကိုသာပေးပြီး သင် ချက်ချင်း ကျွန်ုပ်အိမ်က ထွက်သွားလိုက်ပါ"

"အင်း ... သင်က ခရီးထွက်ဖို့အချိန် တော်နေပြီထင်တယ်။ ရော့ ဒီ စာရွက်ကို ဖတ်ကြည့်စမ်း" ဟု ပြောကာ မားကပ်သည် စာရွက်တစ်ရွက်ကို ထုတ်ပေးလိုက်လေ၏။ စာမှာ အောက်ပါအတိုင်း ဖြစ်လေသည်။

*ဤစာဖြင့် ကျွန်ုပ် အမိန့်ပေးလိုက်သည်မှာ ရဟူဒီကုန်သည် ဗင်နီနီအား လိုအပ်လျှင် သင့်သဘောအတိုင်း ဖမ်းဆီးချုပ်နှောင်ပြီးသော် ရောမမြို့သို့ ယူဆောင်လာရမည်။ စွပ်စွဲချက်မှာ ရောမဘုရင်အာဏာကို တော်လှန်ရန် ဂျူဒီနယ်တွင် အခြားရဟူဒီအချို့နှင့်အတူ ကြံစည်မှုဖြစ်သည်။*

*(ပုံ) ဖလောရပ်*
*အုပ်ချုပ်ရေးမှူး*

www.burmeseclassic.com



ဗင်နိုနီသည် ကြောက်ရွံ့တုန်လှုပ်စွာ ညောင်စောင်းပေါ်သို့ ထိုင်လိုက်လေသည်။ ထို့နောက် ရုတ်တရက် အကြံတစ်ခုပေါ်လာဟန်ဖြင့် စာရွက်ကို ဆုပ်ပစ်လိုက်လေသည်။

"ဘယ်နှယ့်လဲ ဆရာကြီး။ သင့် ဝရမ်း ဘယ်မှာလဲ"

"ကျွန်ုပ် အင်္ကျီအိတ်ထဲမှာ ရှိတာပေါ့။ သင် ဆုတ်ပစ်လိုက်တာက မိတ္တူပဲ" ထို့နောက် သူ၏ ဝတ်ရုံအင်္ကျီအိတ်ထဲမှ ငွေခရာကို ထုတ်ပြလျက် "ဒီမှာ ကြည့်စမ်း။ အပြင်ဘက်မှာ ကျွန်ုပ် စစ်သားငါးဆယ်ရှိတယ်။ မှုတ်လိုက်ရ မလား"

"မမှုတ်ပါနဲ့ အရှင် … သင် အကျိန်ခိုင်းတဲ့အတိုင်း ကျိန်ပါတော့မယ်"

ဗင်နိုနီသည် မားကပ်စေခိုင်းသည့်အတိုင်း ကျိန်ဆိုရလေ၏။

"ကျွန်ုပ် စေတနာကောင်းနဲ့ သတိပေးလိုတာက အက်ဆင်းတို့ရဲ့ နိမိတ်စကား မမှန်စေလိုရင် ရောမဧကရာဇ်ဘုရင်ကို တော်လှန်ဖို့ မကြံစည်လေနဲ့၊ သင့်ကို အမြဲ စောင့်ကြည့်နေတဲ့ လူတွေ ရှိတယ်ဆိုတာ သင် သတိပြုစေလိုတယ်"

မားကပ်သည် သူ၏ အစေခံအား ဗင်နိုနီ၏ ကြွေးမြီများကို ရှင်းလင်းပေးဆပ်စေပြီးနောက် ထွက်သွားလေရာ၊ ဗင်နိုနီမှာ ဤကဲ့သို့ လူရွယ်တစ်ယောက်၏ အနိုင်ကျင့်ခြင်းကို ခံရသည့်အတွက် စိတ်ထဲတွင် မခံချိ မခံသာ ဖြစ်၍ ကျန်ရစ်ခဲ့လေ၏။ သို့သော် တစ်နေ့နေ့တွင် လက်တုံ့ ပြန်နိုင်လိမ့်မည်ဟု မျှော်လင့်လျက်ပင် ရှိနေသေး၏။ မားကပ်သည် ကာလစ်ထက် များစွာ ပို၍တော် လိမ့်မည်ဟုလည်း ယုံကြည်မိ၏။ ထို့နောက် မီရီယန်အား တွေ့လိုသော စိတ်တဖွားဖွား ပေါ်ပေါက်လာပြီးလျှင် ချက်ချင်းပင် ဂျော်ဒန်သို့ သွားရန် ဆုံးဖြတ်လိုက်လေသတည်း။

***

www.burmeseclassic.com

www.burmeseclassic.com

## ၁၁

အက်ဆင်းအကြီးအကဲများသည် မီရီယန် ထွက်သွားရမည့်ကိစ္စတွင် သူ သွားရောက် နေထိုင်ရမည့်နေရာနှင့် ရှေ့အဖို့ နေထိုင်စားသောက်ရေးအတွက် စဉ်းစားလျက်ရှိကြကုန်၏။ သမီးအရင်းတမျှ ချစ်ခင်ကြသော်လည်း စည်းမျဉ်း အရ မုချ ခွဲခွာရတော့မည်ဖြစ်သဖြင့် နောက်ဆုံးတွင် မီရီယန်၏ ဆန္ဒကို မေးမြန်းရန် အီသီယယ်ကိုပင် စေလွှတ်လိုက်ရ၏။

မကြာမီ မီရီယန်သည် နီဟွတ်စတာနှင့်အတူ ရောက်လာ၍ ခရမ်းရောင် အနားသတ်သည့် ဖြူဆွတ်သော ဝတ်ရုံကြီးကိုဝတ်ထားရာ အားလုံး မတ်တတ် ရပ်လိုက်ကြ၏။ သဘာပတိက အကျိုးအကြောင်း ပြောပြပြီးလျှင် သူ၏ဆန္ဒကို မေးမြန်းလေသည်။ ထိုအခါ မီရီယန်က နေရာထိုင်ခင်းအတွက်မှာမူ ဂျေရုဆလမ် မြို့တွင် ဆူပူလှုပ်ရှားမှုများရှိနေသဖြင့် ပင်လယ်ကမ်းခြေရှိ မြို့တစ်မြို့၌ ဂိုဏ်းဝင် များ၏ မိတ်ဆွေတစ်ဦးဦးထံတွင်နေက သင့်လျော်မည်ထင်ကြောင်းနှင့် ပြောပြ လေသည်။ ထိုအခါ ဂိုဏ်းဝင်များလည်း သူတို့ မိတ်ဆွေများအကြောင်းကို တစ် ယောက်တစ်ခွန်းပြောလျက် ရှိကြလေသည်။ သို့ရှိစဉ် ဂိုဏ်းဝင်တစ်ဦး ဝင်လာပြီး နောက်၊ တိုင်ယာမြို့မှ ရဟူဒီကုန်သည် ဗင်နိုနီဆိုသူ ရောက်ရှိလာပြီးလျှင် မီရီ ယန်အကြောင်းနှင့် ပတ်သက်၍ စကားပြောလိုသည်ဆိုကြောင်းနှင့် ပြောပြလေ သည်။ ထိုအခါ သဘာပတိက ဤသို့ရောက်လာသည်မှာ အလွန် အဆင်သင့် ကြောင်းပြောပြီးလျှင် နောက်ဆုံးတွင် အားလုံးသဘောတူချက်အရ ဝင်ခွင့်ပြုလိုက် ၏။ ဗင်နိုနီသည် ရွှေချည်များထိုးထားသည့် ဝတ်ရုံကြီးကို ဝတ်ကာဝင်ရောက်လာ သောအခါ ဝတ်ဖြူစင်ကြယ်နှင့် အက်ဆင်းအကြီးအကဲများအား လည်းကောင်း၊ နီဟွတ်စတာနှင့်အတူ ရပ်နေသည့် လှပသော မိန်းမပျိုကိုလည်းကောင်း တစ်ချက်

www.burmeseclassic.com



မျှ လှမ်းကြည့်လိုက်လေသည်။ သူသည် သဘာပတိအား အလေးပြုလိုက်သဖြင့် သဘာပတိကလည်း ပြန်၍ အလေးပြု၏။ ထို့နောက် ဗင်နိုနီက –

"အရှင်တို့ ... ကျွန်ုပ်သည် ကျွန်ုပ်၏မြေးဟု ယုံကြည်သော မိန်းမပျို တစ်ယောက်အား ခေါ်ဆောင်ရန် လာခဲ့ခြင်းဖြစ်ပါသည်။ သူ့အားငယ်စဉ်ကပင် သင်တို့ စောင့်ရှောက်ထားသည်ဟု ကြားရပါသည်။ သူ ယခု သင်တို့နှင့်အတူ ရှိပါသလား"

"သင့် ရှေ့နားတွင် ရပ်နေသူမှာ လေဒီမီရီယန်ပင် ဖြစ်သည်။ သင့် မြေးမှန်ကြောင်းကို ယခင်က ကျွန်ုပ်တို့ သိခဲ့ပါသည်"

"ဤသို့ဆိုလျှင် ယခင်တည်းက ကျွန်ုပ် သိသင့်သည်"

"သူ့ဖခင်နှင့် မိခင်တို့အား အသေဆိုး သေစေခဲ့သော အဘိုးဖြစ်သူ လက်သို့ ပေးအပ်ရန် မသင့်ကြောင်း သဘောရသဖြင့် ကျွန်ုပ်တို့ စောင့်ရှောက် ထားခြင်းဖြစ်သည်"

အားလုံးကပင် ဝိုင်း၍ ကြည့်ကြသဖြင့် ဗင်နိုနီသည် ဦးခေါင်းကို ငုံ့ လိုက်လေသည်။

"ကျွန်ုပ်ကား အတိတ်က ပြုခဲ့မိသမျှအတွက် ကာကွယ်ပြောဆိုရန် လာခဲ့ခြင်းမဟုတ်ပါ။ ကျွန်ုပ်၏မြေးဖြစ်သူအား တောင်းဆိုရန်သာ လာခဲ့ခြင်းဖြစ်ပါ သည်"

ထို့နောက် သဘာပတိဖြစ်သူက ဗင်နိုနီအား သူကွယ်လွန်ပြီးနောက် မီရီယန်၏ စားသောက်နေထိုင်ရေးအတွက် ငွေကြေးအလုံအလောက်ပေးခဲ့ရန်၊ အိမ်ထောင်ရေးကိစ္စတွင် သင့်တင့်လျှောက်ပတ်သော လွတ်လပ်ခွင့်ပေးရန်၊ အယူ ဝါဒနှင့် ပတ်သက်၍ အတင်းအကြပ် မပြုလုပ်ရန် အာမခံချက်များကို တောင်း ဆိုလေသည်။ တစ်ဖန် သဘာပတိက –

"အသင် ဗင်နိုနီ ... ကျွန်ုပ်တို့သည် အေးချမ်းစွာ နေထိုင်လိုသူများ ဖြစ်ကြသော်လည်း တန်ခိုးအာဏာ မရှိဟု မထင်လေနှင့်။ သူ့အား သမီးရင်းတမျှ ကျွန်ုပ်တို့ ချစ်ခင်သော်လည်း ဂိုဏ်း၏စည်းမျဉ်းအရ ခွဲခွာရခြင်းသာ ဖြစ်သည်။ ကျွန်ုပ်တို့ မျက်ကွယ်တွင် ရှိလင့်ကစား ကျွန်ုပ်တို့ စောင့်ရှောက်သွားမည်ဖြစ်၏။ တစ်စုံတစ်ယောက်က သူ့အား ဘေးပြုလျှင် ကျွန်ုပ်တို့ ကြားနိုင်သည့်နည်းရှိ သည်နှင့်အမျှ လက်တုန့်ပြန်သည့် နည်းလည်းရှိကြောင်း သတိပြုစေလိုသည်"

ဗင်နိုနီသည် စကားပြန်၍ မပြောမသေးမီ မုတ်ဆိတ်ကို လက်ဖြင့် သပ် လိုက်၏။

"သင်၏စကားကဖြင့် မာနသံပါလှပေသည်။ သို့သော် သင်တို့ပြော သလို လုပ်ရမည်ဟု ကျွန်ုပ် ယုံကြည်ပါသည်" ဟု ပြောကာ ဗင်နိုနီသည် မတ်

www.burmeseclassic.com



တတ်ရပ်လိုက်၏။ သို့သော် သဘာပတိကမူ သူ ပြောင်လှောင်သည်ကို ဂရုမစိုက်ဘဲ –

"ကျွန်ုပ်တို့ သဘောထားကို ပြောပြီးပါပြီ" ဟု ကြေညာလိုက်လေသည်။

"အသို့နည်း ချစ်သမီး၊ ကျွန်ုပ်အား ဂုဏ်သရေကင်းမဲ့စေမည့် အချုပ်အချယ်များကို သင် အလိုရှိပါသလား"

ကြည်လင်သော အသံဖြင့် –

"အဘိုး ... ကျွန်ုပ်အား ကောင်းစေလို၍ ပြုလုပ်ပေးခြင်းကို ကျွန်ုပ်မည်ကဲ့သို့ ပြောနိုင်ပါမည်လဲ၊ ကျွန်ုပ်သည် စည်းစိမ်ချမ်းသာကို မမက်၊ လူချမ်းသာ၍ စိတ်မချမ်းသာမှုကိုလည်း အလိုမရှိပါ။ ဦးလေးများ၏ စကားသည် ကျွန်ုပ်၏ စကားပင် ဖြစ်ပါသည်"

"မီရီယန် ... သင်ကား မျိုးနှင့် ရိုးနှင့် မာနခဲကလေးဖြစ်သည်"

ထို့နောက် သဘာပတိဖြစ်သူက ဆက်လက်၍ ဗင်နိုနီအား –

"ဘုရားရှိခိုးချိန် မတိုင်မီ အစည်းအဝေးကို သိမ်းရပါမည်။ သင်၏ အဖြေကိုသာ အမြန်ပေးပါလော။ ရောမ မားကပ်အား သင် လက်မှတ်ရေးထိုးပေးသည့် ကျမ်းကျိန်ချက်မှ စည်းကမ်းများသည်ပင် ကျွန်ုပ်တို့အတွက် လုံလောက်ပါပြီ။ ကျွန်ုပ်တို့လက်တွင် ထိုမိတ္တူတစ်စောင် ရှိပါသည်"

"ယခု ကျွန်ုပ် နားလည်ပါပြီ"

"အက်ဆင်းတို့၏ လက်များသည် ရောမအထိ ရောက်သည်ကို သင် သိပြီ မဟုတ်လား"

"သို့သော် ရောမတို့၏ ဓားများသည်လည်း သင်တို့ထင်သည်ထက် ပို၍ရှည်ပြီး သင်တို့ အသည်းနှလုံးအထိ ရောက်မည်ကို သတိပြုစေလိုပါသည်။ ကျွန်ုပ်ကား အိုမင်းမစွမ်းဖြစ်၍ သေဘက်သို့ နီးလှပါပြီ။ ကျွန်ုပ်၏ သွေးသားဆို၍လည်း သူတစ်ယောက်သာရှိသဖြင့် မထားရက်နိုင်ခဲ့ပါ။ ထို့ကြောင့် သင်တို့၏ စည်းကမ်းအားလုံးကို သဘောတူ၍ သူ့အား တိုင်ယာမြို့သို့ ခေါ်သွားပါတော့မည်"

"ကောင်းပါပြီ။ နက်ဖြန် စာချုပ်စာတမ်းများ ရေးဆွဲပါလိမ့်မည်။ ယခုမူ ကျွန်ုပ်တို့ ဧည့်ဝတ်ပြုသည်ကို ခံယူပါလော"

နောက် သုံးရက်ခန့်ကြာသောအခါ မီရီယန်သည် ဗင်နိုနီနှင့်အတူ ရွာမှထွက်ခဲ့လေရာ၊ အက်ဆင်းအကြီးအကဲများနှင့် ဂိုဏ်းဝင်အများအပြားပင် ကုန်းတန်းကလေးအထိ လိုက်၍ပို့ကြ၏။ ထိုနေရာသို့ရောက်လျှင် မီရီယန်သည် သူတို့နှင့်ခွဲခွာရတော့မည့်အတိုင်း မျက်ရည်များ တတွေတွေ ကျဆင်းလျက်ရှိလေ

www.burmeseclassic.com



ရာ၊ အီသီယယ်နှင့် အက်ဆင်း အကြီးအကဲများကလည်း သူ၏သတင်းကို အမြဲတစေ ဂရုစိုက်၍ နားထောင်နေပြီးလျှင် အကြောင်းရှိက အကူအညီ ပေးရန် အသင့်ရှိနေမည်ဖြစ်ကြောင်း ပြောဆိုကာ နှစ်သိမ့်အားပေးကြကုန်၏။ ထို့နောက် နှုတ်ဆက်၍ လူချင်းခွဲကြလေရာ၊ ဗင်နိုနီတို့ လူစုလည်း ဂျေရူဆလမ်သို့ ထွက်ခဲ့ကြလေ၏။ ဒုတိယနေ့တွင် ဂျေရူဆလမ်သို့ ရောက်၍ ရောမတို့ အနှောင့်အယှက်ပေးမည်စိုးသောကြောင့် မြို့တွင်းသို့မဝင်ဘဲ မြို့ပြင် ဒမတ်စတပ်မြို့တံခါးအနီးတွင် စခန်းချကြလေသည်။ နောက်တစ်နေ့တွင် ခရီးဆက်၍ ထွက်ခဲ့ကြရာ၊ လေးရက်ကြာသောအခါ တိုင်ယာမြို့သို့ ရောက်ရှိကြ၏။ မီရီယန်သည် ပထမဆုံး အကြိမ် သူမွေးဖွားခဲ့ရာ ပင်လယ်ပြင်ကို တွေ့မြင်ရသဖြင့် ပီတိဖြစ်ကာ ထိုအချိန်မှစ၍ ပင်လယ်ကို နှစ်သက်သောစိတ် သူ့တွင် အမြစ်တွယ်ခဲ့လေသည်။

တိုင်ယာမြို့ရှိ ဗင်နိုနီ၏အိမ်သို့ ရောက်သောအခါ ယခင်က တင်ကြိုစီမံထားသည့်အတိုင်း ခမ်းနားစွာ ဆင်ပြင်ထားသည်ကို တွေ့ရ၏။ အခန်းတစ်ခန်းကိုလည်း အရုပ်ထုလုပ်ရန်အတွက် မီရီယန်အား သီးသန့်ပေးလေသည်။

"မီရီယန် သင်သည် မကြာမီ ဤအိမ်ကြီး၏ ပိုင်ရှင် ဖြစ်တော့မည်။ ကျွန်ုပ်ရှိသမျှ ပစ္စည်းများကား သင့်ပစ္စည်းများပင် ဖြစ်တော့၏။ ကျွန်ုပ်အပေါ်တွင် အနည်းအကျဉ်းမျှ သင်မေတ္တာထားပါက သားထောက်သမီးခံ မရှိပါသော ကျွန်ုပ်အတွက် ကျေးဇူးတင်၍ ဆုံးနိုင်တော့မည် မဟုတ်ပါဘူး"

"ကျွန်ုပ်ကလည်း ဤသို့ပင် သဘောထားပါသည် အဘိုး၊ သို့သော်"

"မပြောပါနဲ့တော့ သမီး အဘိုးသိပါပြီ။ ကျွန်ုပ်က သင့်မိဘနှစ်ပါးအတွက် နောင်တကြီးစွာရခဲ့ပါပြီ။ သင်တို့ တရားတော်အရ နောင်တရသူ ကျွန်ုပ်အား ခွင့်လွှတ်၍ ချစ်ခင်ပါလော ..."

ထိုအခါ မီရီယန်သည် လက်ကမ်းလင့်သော အဘိုးဖြစ်သူ၏ လက်တွင်းသို့ တိုးဝင်ကာ ဗင်နိုနီ၏ နဖူးကို အသာအယာ နမ်းရှုံ့လိုက်လေသည်။ ထိုနေ့မှစ ၍ ဗင်နိုနီသည် မီရီယန်အား တစ်နေ့ထက် တစ်နေ့ ချစ်သည်ထက် ချစ်လာခဲ့ တော့၏။

***

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် မီရီယန်သည် တိုင်ယာမြို့တွင် လပေါင်းများစွာ အေးချမ်းပျော်ရွှင်စွာ နေထိုင်ခဲ့ရာ ကာလစ်သည်လည်း ထိုမြို့၌ပင်ရှိကြောင်းကို သူ့အဘိုး ထံမှကြားသိရသဖြင့် သူနှင့်တွေ့ရန်ပင် ခပ်ရွံ့ရွံ့ ဖြစ်နေလေသည်။ ထိုအခါ ဆီရီယန်နှင့် ဂရိလူမျိုးတို့သည် ရဟူဒီများအား ခရစ်ယာန်တို့ထက်ပို၍ မုန်းတီးကြသဖြင့် ခရစ်ယာန်တို့မှာ အတော်အနေချောင်၏။

မီရီယန်သည် လူကုံတန်တစ်ဦး၏ မြေးဖြစ်ရကား ရံဖန်ရံခါမှသာ အပြင်သို့ ထွက်ခွင့်ရသဖြင့် အိမ်ထဲတွင်ကုပ်၍ အရုပ်များ ထုလုပ်နေခြင်းဖြင့် အချိန်ကုန်ခဲ့ရသည်ကများ၏။ သို့ဖြစ်ရကား သဲကန္တာရတွင် လွတ်လပ်စွာ ကြီးပြင်းလာခဲ့ရသူဖြစ်သည့်အတိုင်း တဖြည်းဖြည်း ငြီးငွေ့၍ လာခဲ့ပြီးလျှင် တမှိုင်မှိုင် တတွေတွေဖြစ်ကာ ပင်လယ်ပြင်ကိုကြည့်ရင်း အတွေးနယ်ချဲ့၍ နေရှာလေသည်။ ထိုအခါ သွားလေသူ မိခင် ဖခင်တို့ကိုလည်းကောင်း၊ သူ့အား ကြီးပြင်းအောင် ကျွေးမွေးစောင့်ရှောက်ခဲ့သော အက်ဆင်းတို့ကိုလည်းကောင်း၊ မကြာခဏ သတိရမိလေရာ မားကပ်ကိုကား သတိအရဆုံး ဖြစ်လေသည်။ သို့သော် မိမိသည် ခရစ်ယာန်ဖြစ်၍ မားကပ်မှာ ခရစ်ယာန်မဟုတ်သူ ဖြစ်ရကား မည်သည့်နည်းနှင့်မျှ လက်ထပ်နိုင်ခွင့်မရှိကြောင်း သတိပြုမိ၏။ ယခုအချိန်လောက်တွင် မားကပ်သည် မိမိအား သတိရချင်မှ ရပေတော့မည်ဟုလည်း အောက်မေ့မိ၏။ မားကပ်၏ သတင်းကိုမူ ထိုအချိန်ထိ အစအနမျှ မကြားခဲ့ရပေ။

တစ်နေ့၌ အစောင့်အရှောက်များနှင့်အတူ သူ့အဘိုးပိုင်ဥယျာဉ်များ ရှိရာသို့ ထွက်ခဲ့၏။ ဥယျာဉ်မှာ ပင်လယ်ကမ်းခြေနှင့် ကပ်လျက်ရှိသည့်ပြင်



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ပန်းပင်တို့ဖြင့် သာယာကြည်နူးဖွယ်ကောင်းလှပေ၏။ မီရီယန်သည် အတန်ကြာ လမ်းလျှောက်နေပြီးနောက် သစ်တုံးတစ်တုံးပေါ်တွင် အမောဖြေ လျက်ရှိစဉ် နောက်မှ အသံကြားသဖြင့် ကြည့်လိုက်ရာ အစေခံတစ်ယောက်သည် ရေကြောင်းခရီးသွားဝတ်ရုံကြီးကို ဝတ်ထားသည့် ရောမအရာရှိနှင့်တူသော သူ တစ်ယောက်အား ခေါ်လာသည်ကို တွေ့မြင်ရလေသည်။ ထိုသူမှာ ခပ်ကြမ်း ကြမ်းပင် ဖြစ်သော်လည်း သနားကြင်နာတတ်သော ဟန်ပန်ရှိသည့် လူလတ်လူ ရွယ်တစ်ယောက်ဖြစ်၏။ ထိုသူက မီရီယန်အား ဦးညွှတ်လိုက်ပြီးလျှင် ရဟူဒီယန် လူမျိုးဗင်နိုနီ၏ မြေး လေဒီမီယန်ဖြစ်ပါသလောဟု ဂရိဘာသာဖြင့် မေးလိုက်ရာ မီရီယန်က ဟုတ်မှန်ကြောင်း ပြန်ပြောလိုက်၏။ ထိုအခါ ထိုသူက မိမိ၏အမည်မှာ 'ဂိလပ်' ဖြစ်ကြောင်း ပြောပြီးလျှင် အင်္ကျီထဲမှ ပိုးကြိုးနှင့် ချည်ထားသည့် အထုပ် တစ်ထုပ်နှင့် ချိပ်ပိတ်ထားသော စာတစ်စောင်ကို မီရီယန်အား ပေးလေသည်။

"ဒီစာကို ဘယ်သူက ပေးလိုက်တာလဲ"

"ရောမမြို့က ကံထူးသူ မားကပ်ဆိုသူက ပေးလိုက်ပါတယ်"

"သူ ကျန်းမာစွာ ရှိပါရဲ့လား"

"သူတို့၏ ကျန်းမာရေးကား ဆိုစရာမရှိပါ။ သူ့ဦးလေးထံက အမွေ အမြောက်အများ ရလိုက်ပါသည်။ နီရိုဘုရင်ကလည်း သဘောကျ၍ နန်းတော် ကြီးက မခွာရအောင် ရှိနေပါသည်။ သို့သော် နီရို၏ တပည့်များမှာ သက်တမ်း တိုတတ်ပါသည်။ အချိန်မဖြုန်းပါနှင့်။ သူ့စာကိုသာ ဖတ်ပါတော့။ သင့်ထံသို့ မားကပ် မကြာမီ ရောက်လာစေရန် ဆုတောင်းပါသည်။ ယခု ကျွန်ုပ်အား ခွင့် ပြုပါလော့"

ဗိုလ်ကြီး ဂိလပ်ထွက်သွားသောအခါ မီရီယန်က နီဟွတ်စတာအား ပိုးကြိုးကို အမြန်ဖြည်စေပြီးလျှင် စာကိုဖတ်ရာ အောက်ပါအတိုင်း ပါရှိလေသည်။

သင်အား ကျွန်ုပ် နှုတ်ခွန်းဆက်ပါသည်။ မီရီယန်၊ ပထမ ကျွန်ုပ် ရေးလိုက်သော စာမှာ မီလတာကမ်းခြေတွင် သင်္ဘောပျက်ရာ၌ ပါသွား ကြောင်း၊ ယခုနေ့ ကျွန်ုပ် ကြားရသဖြင့် ဤစာကို ယခုယုံကြည်ရသော သူနှင့် ပေးအပ်လိုက်ပါသည်။ ကျွန်ုပ်သည် သင့်အဘိုးအား ပေးရန်ရှိသော ကြွေးမြီများကို ပေးဆပ်ပြီးနောက် ရောမမြို့သို့ ချောမောစွာ ရောက်ရှိပါ သည်။

တိုင်ယာမြို့မှ အီတလီပြည်သို့ သင်္ဘောလွှင့်ခဲ့ရာ၊ ကျွန်ုပ်တို့ စီး သော သင်္ဘောမှာ မီလီတာကျွန်း ကမ်းခြေသို့အရောက်တွင် ပျက်စီးသဖြင့် သင်္ဘောသား အားလုံးလိုလို သေဆုံးသွားပါသည်။ ကျွန်ုပ်မှာ ကံကောင်း ထောက်မသဖြင့် လွတ်မြောက်ခဲ့ပါသည်။ ဦးလေးက သင်္ဘောပျက်ရာတွင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်ပါသွားသည် ထင်သဖြင့် သူ၏ပစ္စည်းများကို သူသေလျှင် နီရိုဘုရင်အား ပေးရန် သေတမ်းစာ ရေးတော့မည့်ဆဲဆဲ၌ ကျွန်ုပ် ရောက်သွားပါသည်။ ဦးလေးနှင့် တစ်ရက် နှစ်ရက်မျှ စကားပြောမိလျှင် ကျွန်ုပ်တို့မှာ အလွမ်းသင့်သွားသဖြင့် တစ်ပတ်မျှကြာသောအခါ ပစ္စည်းများကို ကျွန်ုပ်အား လွှဲအပ်လိုက်သည့် စာချုပ်ကို ချုပ်ဆိုကြ၏။ သုံးလခန့်ကြာ၍ ဦးလေး သေဆုံးသွားသောအခါ ထိုပစ္စည်းအားလုံးကို ကျွန်ုပ် ရခဲ့၏။ သင်နှင့် နီးကပ်စွာနေရန် ဂျူဒီမြို့ သို့ပြန်မည် စိတ်ကူးသော်လည်း အကြံ အထ မမြောက်ခဲ့ပါ။ သင် ထုလုပ်ပေးလိုက်သည့် ကျွန်ုပ် အမြတ်တနိုးထားသော ကျွန်ုပ်၏ ပုံတူကျောက်ရုပ်ကို ခဲခဲယဉ်းယဉ်းနှင့် ရောမအရောက်ယူခဲ့ပါသည်။ ကျွန်ုပ် ဦးလေး၏အိမ် ဧည့်ခန်း၌ ထိုကျောက်ရုပ်ကို ထားပြီးလျှင် ကျွန်ုပ်၏ သူငယ်ချင်း ဂလောကပ် အပါအဝင် အနုပညာသည်များကို ပြသရာ၊ သူတို့သည် ကျောက်ရုပ်ကို တအံ့တသြ ကြည့်ကြပါသည်။ အရုပ်ထုလုပ်သူမှာ ဂျူဒီမှ အမျိုးသမီးတစ်ယောက်ဖြစ်ကြောင်း ကျွန်ုပ်က ပြောပြသောအခါ သာ၍ပင် အံ့သြ၍ သင်၏လက်ရာကို ချီးကျူး၍ မကုန်နိုင်အောင် ရှိကြပါတော့သည်။ သို့နှင့် ဤသတင်းသည် နီရိုဘုရင်၏ ရွှေနားတော်သို့ပင် ပေါက်ကြားသွားပြီးနောက် ဘုရင်က ပညာရှင်မှာ မည်သည့် တိုင်းပြည်မှဖြစ်ကြောင်း မေးမြန်းပါသည်။

ကျွန်ုပ်က ဂျူဒီတိုင်းပြည်မှ ဖြစ်ကြောင်း ပြောသောအခါ ထိုသူအား ဘုရင်အဖြစ် ချီးမြှောက်မည်ဟု ပြောပါသည်။ သို့ရာတွင် ကျွန်ုပ်က ထိုသူမှာ အမျိုးသမီးတစ်ယောက်မျှ ဖြစ်ကြောင်း ပြောသောအခါ၊ မည်သို့ပင် ဖြစ်စေ ဂျူဒီ ပြည်အား အုပ်စိုးစေမည်။ သို့မဟုတ် ရောမသို့ ခေါ်ယူပြီးလျှင် ရဟူဒီများ ဘုရား ရှိခိုးကျောင်း၌ ထား၍ ကိုးကွယ်ရန် သူ၏ရုပ်ပုံကို ကျောက်ရုပ် ထုလုပ်စေမည်ဟု မိန့်ကြားပါသည်။

ထိုအခါမှ သင်၏ကံကြမ္မာ မည်ကဲ့သို့ဖြစ်မည်ကို အတတ်သိပြီး ဖြစ်သည့်အတိုင်း ကျွန်ုပ် ပြောမိသည်မှာ မှားလေပြီဟု နောင်တရမိပါသည်။ ထိုအခါမှ မိန်းကလေးမှာ သေဆုံးသွားပြီဖြစ်ကြောင်း လုပ်ဇာတ်ခင်း၍ တစ်ဖန် လျှောက် ထားရပြန်ပါသည်။ သင်၏ ရုပ်ပုံကို သူ့အား မဆက်သလျှင် ရုပ်ပုံနှင့်တကွ ကျွန်ုပ်၏ပစ္စည်းများကိုပါ အတင်းအကြပ် သိမ်းဆည်းရုံမက ကျွန်ုပ်အသက်ပါ ဆုံးရှုံးရန် အကြောင်းရှိသည်ကို သိသဖြင့် နောက်ဆုံး၌ ရုပ်ပုံကလေးကို ဘုရင်ကြီးအား ဆက်သလိုက်ရပါသည်။ ဘုရင်ကြီးမှာ ရုပ်ပုံကို လက်ကမချနိုင်အောင် ဝမ်းမြောက်လျက်ရှိသော်လည်း ကျွန်ုပ်မှာ ရှုးမတတ် ဒေါသဖြစ်၍ ကျန်ရစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက် နှစ်ရက်မျှ ကြာသောအခါ ထိုကျောက်ရုပ်ကို အများပြည်သူတို့ ကြည်ညိုကိုးကွယ်နိုင်ရန် ဘုရားရှိခိုးကျောင်း၌ ထား၍ အနုပညာရှင်သည် မည်မျှ လောက်ဂုဏ်မြောက်အောင် စွမ်းဆောင်နိုင်ခဲ့ပုံကို အရုပ်နှင့် နှိုင်းယှဉ်ကြည့်ရန် တစ်ပတ်လျှင် နှစ်ကြိမ်ကျ ကျွန်ုပ်ကိုယ်တိုင် ဘုရားရှိခိုးကျောင်းသို့သွား၍ ပြရပါသည်။ ထိုအကြောင်းများကို ဖော်ပြရခြင်းမှာ ရောမမြို့မှ ကျွန်ုပ်ထွက်သွား၍ မလာနိုင်ကြောင်းသိစေရန် ဖြစ်ပါသည်။ ထို့ပြင် ဘုရင်ကြီးသည် ကျွန်ုပ်အား အထူးမျက်နှာသာပေးခဲ့သဖြင့် ကျွန်ုပ်သည် သင်တို့နှင့် အမျိုးတူ ခရစ်ယာန် ဂိုဏ်းဝင်များ၏ အသက်များကို အတော်ပင် ကယ်ဆယ်နိုင်ခဲ့ပါသည်။

ကျွန်ုပ်သည် သင့်အတွက် အလွန်ပူဆွေးဒုက္ခရောက်နေရပါသည်။ ထို့ပြင် ယခုလည်း ကာလစ်၊ သို့မဟုတ် အခြားသူတစ်ဦးဦးက သင်၏ မေတ္တာပန်းကို ဆွတ်လှမ်းခူးယူသွားမည်ကိုလည်း အလွန်စိုးရိမ်နေမိပါတော့သည်။ ကျွန်ုပ်သည် သင့်အတွက် အရူးတစ်ပိုင်းဖြစ်ကာ ခရစ်ယာန်ကျမ်းစာများကိုပင် ဝယ်၍ကြည့်မိသေး၏။ သို့သော် ကျွန်ုပ်ကိုယ်တိုင် ခရစ်ယာန်ဖြစ်သွားမည်ကိုလည်း တစ်ဖက်က ကြောက်ရပြန်ပါသေးသည်။ ဤသို့ ခရစ်ယာန်ဖြစ်သွားသော သူများသည် လူတစ်ကိုယ်လုံး ကတ္တရာစေးလောင်း၍ မီးရှို့ပြီးလျှင် သတ်ဖြတ်ခြင်းခံရမည်ကို စိုးရိမ်ရပါသေးသည်။ အထုပ်ထဲတွင် ပုလဲလည်ဆွဲတစ်ကုံးနှင့် မြလက်စွပ်တစ်ကွင်းကို လက်ဆောင်အဖြစ်ဖြင့် ပေးပို့လိုက်ရာ သင်လက်ခံလိမ့်မည်ဟု မျှော်လင့်ပါသည်။ ထိုပုလဲများ၏ ရာဇဝင်ကို နောက်နောင် သင်နှင့် တွေ့သောအခါ ပြောပြပါဦးမည်"

*သင်၏သစ္စာရှိသော မိတ်ဆွေနှင့် ချစ်သူ*

*မားကပ်။*

မီရီယန်သည် စာကို ရုပ်သိမ်းလိုက်ပြီးလျှင် ရင်ထဲတွင် ဝှက်ထားလိုက်၏။ အထုပ်ကို ဖွင့်လိုက်ရာ ဆင်စွယ်သေတ္တာကလေးတစ်လုံးထဲတွင် အရည်အသွေးကောင်းလှသော ပုလဲလည်ဆွဲတစ်ကုံးနှင့် မြလက်စွပ်ကိုတွေ့ရ၍ မြပေါ်တွင် မားကပ်နှင့်မီရီယန်တို့၏ခေါင်းပုံများ ထုထားလေသည်။ မီရီယန်သည် လက်စွပ်ကို ဝတ်ကြည့်ရာ သူ၏လက်နှင့် အတော်ပင် ဖြစ်နေသည်ကို တွေ့ရ၏။ သို့နှင့် မီရီယန်နှင့် နီဟွတ်စတာတို့မှာ လက်စွပ်နှင့် လည်ဆွဲကို အမျိုးမျိုးစမ်းသပ်ဝတ်ဆင်ကာ ဝမ်းသာ၍ မဆုံးနိုင်အောင် ရှိနေကြလေသည်။

"ကိုင်း ... သွားကြပါစို့ မီရီယန်၊ အမျိုးသားများကို ညစာကျွေးရန်ရှိပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်က အမျိုးသားတွေလည်း နီဟွတ်စတာရဲ့"

"တခြားဟုတ်ပါရိုးလား၊ သင့်အဘိုးနဲ့ တိုင်ပင်ဖော် တိုင်ပင်ဖက် အကြံသမားတွေပေါ့။ ရောမတွေကို ဂျေရုဆလမ်မြို့က မောင်းထုတ်ဖို့ ကြံနေကြတယ် မီရီယန်၊ အဲဒီ အထဲမှာ သင့်အဘိုးက ခေါင်းဆောင်ပဲ။ ဒါထက် ကာလစ် ပြန်ရောက်လာတယ်လို့ ကြားရတယ်"

"ကျွန်ုပ်ဖြင့် မကြားသေးပါဘူး"

"သူ ဒီကနေ့ည ညစာစားပွဲကို လာချင်လာလိမ့်မယ်။ ပြီးတော့ သဲကန္တာရတိုက်ပွဲတွေမှာလည်း အတော်ပဲ ရဲရဲဝံ့ဝံ့ဆင်နွှဲပြီး တခြားရဟူဒီတွေကို စိုးမိုးအုပ်ချုပ်ဖို့ အကြံထုတ်နေတာပေါ့"

"သူ့ကို ကျွန်ုပ် မတွေ့ချင်ပါဘူး နီဟွတ်စတာရယ်"

ထိုည၌ မီရီယန်သည် ညစာစားပွဲခန်းသို့ ဝင်လာရာ လူ ၁၂ ယောက်ခန့် ရောက်ရှိနေသည်ကို တွေ့ရ၏။ မီရီယန်သည် အဘိုး၏ အလိုဆန္ဒအတိုင်း ဂရိအမျိုးသမီးများ ဝတ်ဆင်သည့် အဖိုးထိုက်အဖိုးတန် အဝတ်အစားများကို ဝတ်ဆင်ထားပြီးလျှင် ဆံပင်များကိုလည်း အခွေခွေပြုလုပ်ကာ ရွှေပိုက်ဖြင့် အုပ်ထားပြီး ခါးတွင် ကျောက်စီရွှေခါးပတ်ကို ပတ်ကာ မားကပ် ပေးပို့လိုက်သော ပုလဲလည်ဆွဲနှင့် မြလက်စွပ်ကိုလည်း ဝတ်ထားလေသည်။ အဘိုးဖြစ်သူက ဧည့်သည်များနှင့် မိတ်ဆက်ပေးသဖြင့် မီရီယန်သည် တစ်ယောက်စီဦးညွှတ်၍ အရိုအသေပြုလေသည်။ သို့ရှိစဉ် ကာလစ်သည် ခန်းဆီးကို မ၍ ဝင်လာသည်။

ကာလစ်သည် လွန်ခဲ့သော နှစ်နှစ်ခန့်ကနှင့်မတူဘဲ ကိုယ်လုံးကိုယ် ထည်ကြံ့ခိုင်ထွားကျိုင်းပြီးလျှင် ညိုချောချောသူတစ်ယောက် ဖြစ်လေသည်။ အရှေ့တိုင်းမှ စစ်သည်တော်သားတစ်ယောက်ကဲ့သို့ ဝတ်စားထားရာ၊ သူ၏ အရပ်အမောင်းနှင့် လိုက်ပြီးလျှင် ခံ့ညားလှပေသည်။ ဗင်နိုနီက သူ့အား နှုတ်ဆက်လိုက်၏။ ထို့နောက် ကာလစ်သည် မီရီယန်အား ချောင်ကျသော နေရာတစ်ခုတွင် တွေ့ရသဖြင့် –

"ကျုပ်တို့ ပြန်တွေ့ရပြန်ပြီကော မီရီယန်၊ ဒီလိုတွေ့ရတာ ဝမ်းသာပါတယ်"

"ကလေးဘဝက ကစားဖော်တစ်ဦးကို ပြန်တွေ့တော့ ဝမ်းမသာဘဲ နေနိုင်ပါ့မလား ကာလစ်"

သို့နှင့် ညစာစားပွဲ၌ အသီးသီးနေရာယူကြရာ၊ အိမ်ရှင်မ၏ နေရာအနီးတွင် သက်ကြီးဝါကြီး ပုဂ္ဂိုလ်များသာထိုင်ရန် ထုံးစံရှိသော်လည်း ကာလစ်သည် မီရီယန်၏နံဘေးတွင် ထိုင်ချလိုက်သဖြင့် မီရီယန်ပင် အံ့အားသင့်၍ သွားလေတော့၏။ ထို့နောက် လက်ဆေးရန် ရေထည့်ထားသော ရွှေခွက်များကို ငှဲ့ပေးသော



www.burmeseclassic.com

www.burmeseclassic.com



အခါ မီရီယန်သည် သူ၏လက်စွပ်မှ ကျောက်ကို မမြင်စေရန် အတွင်းဘက်သို့ လှည့်ထားလိုက်သည်ကို ကာလစ် တွေ့လိုက်ရသည်။

"ကာလစ် အခု သင်ဘယ်က လာခဲ့တာလဲ"

"စစ်ပွဲကလာခဲ့တယ် မီရီယန်၊ ကျွန်ုပ်တို့တော့ ရောမတွေနဲ့ လက်ရုံးခြင်း ပြိုင်ဖို့ သဘောတူကြပြီ။ သင့်အဘိုးကြောင့်သာ အခုလောက် ကြာပြီးနေရတာပဲ။ အခုတော့ ကံစီမံတဲ့ အတိုင်းပဲ တိုက်ရတော့တယ် မီရီယန်၊ မဆုတ်သာတော့ဘူး"

ထို့နောက် သူသည် မာဆာဒါခံတပ်ကို တိုက်ခိုက်သိမ်းပိုက်ပုံနှင့်တကွ၊ ဂျေရုဆလမ်မြို့တွင် အချင်းချင်း တစ်ဦးနှင့်တစ်ဦး သတ်ဖြတ်ကြပုံများကို မီရီယန်အား အကျယ်တဝင့် ပြောပြလျက်ရှိလေ၏။

သို့ပြောနေခိုက် လူတစ်ယောက် ဝင်လာပြီးလျှင် ဗင်နိုနီအား တစ်စုံတစ်ရာ တီးတိုးပြောလိုက်ရာ၊ သူသည် ဝမ်းမြောက်စွာ လက်မြှောက်လိုက်လေသည်။ ထိုအခါ အမျိုးသားတစ်ယောက်က "ဘာသတင်းများလဲဗျ" ဟု မေးလိုက်သဖြင့် ဗတ်ကိုတောင်ကြားလမ်း၌ ဂေါလပ်၏တပ်ကို တစ်တပ်လုံး ချေမှုန်းလိုက်ကြောင်း အမျိုးသားများအား ပြောပြရာ အားလုံးပင် ဝမ်းမြောက်ဝမ်းသာ ဘုရားသခင် အား ကျေးဇူးတင်၍ မဆုံးနိုင်ရှိနေလေ၏။

ကာလစ်သည် မီရီယန်ဘက်သို့ကြည့်လျက် "သင် ဘာများ တွေးနေ သလဲ မီရီယန်"

"တခြားတော့ မဟုတ်ပါဘူး။ သူတို့ တန်ခိုးကြီးလာမှာကို တွေးနေ တယ်"

ဗင်နိုနီက အချက်ပြလိုက်သဖြင့် အခန်းတွင်းမှ ထွက်သွားသောအခါ မီရီယန်သည် ဝရံတာရှိ ကျောက်ဖြူလက်ရမ်းကို မှီကာ ပင်လယ်မှ လှိုင်းပုတ်သံများကို နားထောင်ရင်း မားကပ်ထံမှ ချစ်လက်ဆောင်များ ရသည့်နေ့၌ပင် သူ့အား တစ်ဖက်သတ် အချစ်ခိုင်းနေသော ကာလစ်နှင့် လာ၍ တွေ့ရသည့် အကြောင်းများကို တနုံ့နုံ့စဉ်းစားလျက်ရှိလေ၏။ မိမိတို့ သုံးယောက် အဖြစ် အပျက်ကား ဆန်းကြယ်လှပေ၏။ သုံးဦးစလုံးမှာ ကြီးပွားချမ်းသာ၍ နေကြ သည်ဆိုစေကာမူ ထိုချမ်းသာမှုမှာ မည်မျှကြာအောင် ခံပါမည်နည်း။ မိမိကိုယ်တိုင် ငယ်ရွယ်နုပျိုသေးသဖြင့် အတွေ့အကြုံ နည်းပါးသည်ကား မှန်၏။ သို့သော် ပင်လယ်တွင် နိမ့်ချီကြွချီဖြစ်နေသော လှိုင်းလုံးများကဲ့သို့ စည်းစိမ်ဥစ္စာ ဂုဏ် ပကာသနတို့၏ မတည်မြဲမှုများကို သတိရမိလေတော့၏။

"ဘာများ တွေးနေပြန်သလဲ မီရီယန်ရဲ့"

"ဘာမှ အထွေအထူး တွေးမနေပါဘူး။ ဒါထက် ဒီနေရာကို သင် ဘာကြောင့် လိုက်လာရသလဲ ကာလစ်"



www.burmeseclassic.com

www.burmeseclassic.com



"အကြံတူတဲ့လူဆိုတော့ ဒီလိုပေါ့ မီရီယန်ရယ်၊ ဒါထက် သင့် လက်မှာ ဝတ်ထားတဲ့ လက်စွပ်က ဘယ်လိုလက်စွပ်လည်း မီရီယန်"

မီရီယန်သည် ရဲတင်းစွာ ကိုယ်ကို မတ်မတ်ရပ်လိုက်ကာ –

"ဘယ်က လက်စွပ်ရမလဲ၊ မားကပ်ပို့ လိုက်တဲ့ လက်စွပ်ပေါ့"

"ကျွန်ုပ်ကလည်း ဒီလိုပဲ ထင်ပါတယ်။ မားကပ်ကတော့ နီရိုးဘုရင်ကြောင့် ရောမမြို့မှာ ရယ်စရာကောင်ကြီး ဖြစ်နေတယ်လို့ ကြားခဲ့တယ်။ သင်က အင်မတန် သစ္စာကြီးတဲ့ မိန်းမတစ်ယောက်ပဲ။ ကျွန်ုပ်ကိုတော့ လှောင်စရာတစ်ခုလို သင်ထင်မှာပေါ့"

"သင်လို ကြောက်စရာကောင်းပြီး တာဝန်ကြီးမားတဲ့ လူတစ်ယောက်ကို ကျွန်ုပ် မလှောင်ရဲပါဘူး ကာလစ်"

"တာဝန်ကြီးတာကိုတော့ မပြောနဲ့တော့ မီရီယန်၊ ကျုပ်က သေလျှင်မြေကြီး ရှင်လျှင် ရွှေထီးဆိုတဲ့အတိုင်း ဂျူဒီပြည်ရဲ့ ရာဇပလ္လင်ကို မှန်းနေတဲ့ လူတစ်ယောက်ပဲ"

ထို့နောက် မီရီယန်သည် ကာလစ်အား ခရစ်ယာန် တရားဓမ္မများကို ပြောပြီးလျှင် အကြံကိုလက်လျှော့ရန် အမျိုးမျိုး နားချလျက်ရှိလေ၏။ သို့သော် ကာလစ်မှာ နားဝင်ဟန် မရှိဘဲ နောက်ဆုံးတွင် ကာလစ်က –

"သင်ဟောတဲ့ သခင်ယေရှုရဲ့ တရားကတော့ ကောင်းပါတယ် မီရီ ယန်၊ နို့ပေမဲ့ ကျွန်ုပ် နောက်ဆုံးပြောမယ်။ ကျုပ် အလုပ်ဟာ မဆုတ်သာတော့ဘူး။ ကလေးအရွယ် လူမမယ်ကစပြီး အခုအချိန်အထိ မီရီယန်အပေါ် ချစ်ခဲ့တဲ့အချစ်ဟာ ကျွန်ုပ်အသည်းနှလုံးမှာ အမြစ်တွယ်နေပါပြီ မီရီယန်၊ ဒါကြောင့် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ဇွတ်မှိတ်ပြီး ကျွန်ုပ်နဲ့ လက်တွဲလိုက်ခဲ့ပါတော့ မီရီယန်"

"မဖြစ်နိုင်ပါဘူး ကာလစ်ရယ်"

"ဘာကြောင့် မဖြစ်နိုင်ရမှာလဲ မီရီယန်၊ ခရစ်ယာန်မဟုတ်တဲ့ လူကို လက်မထပ်ရဘူးဆိုတဲ့ စည်းကမ်းချက်ရှိနေလို့လား။ ဒီစည်းကမ်းမရှိရင် ကျုပ်ကို လက်ထပ်မှာလား"

"မထပ်နိုင်ဘူး ကာလစ်"

"ဘာကြောင့်လဲ"

"မားကပ်ကို သေသည်အထိ ချစ်ပါတော့မယ်လို့ သစ္စာဆိုပြီးတဲ့ အတွက်ကြောင့်ပဲ၊ ဟောဒီမှာ သူပေးတဲ့ ပုလဲလည်ဆွဲ၊ ဟောဒါက သူပေးတဲ့ မြလက်စွပ်၊ ဒီလိုပြောရတာဟာ သင့်စိတ်ထဲမှာ ရှင်းသွားအောင်လို့ ပြောတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကာလစ်သည် အံကြိတ်လျက်ရှိ၏။ ထို့နောက် မီရီယန်အား ရှုန်းရှုန်း စားစားကြည့်ကာ "ကိုင်း ... မီရီယန် သင် ကျွန်ုပ်ကို ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ ကျွန်ုပ်တော့ သင့်ကိုရမယ်ဆိုတာ ဒီနေရာမှာ ဘုရားကိုတိုင်တည်ပြီး ကျိန်ဆိုလိုက်မယ်"

သို့ပြောဆိုလျက်ရှိစဉ် ဗင်နိုနီ ရောက်လာ၍ ကာလစ်အား ခေါ်သွားလေရာ၊ မီရီယန်သည် ရှေ့တွင်ဖြစ်မည့် မိမိတို့ ကံကြမ္မာကို မျှော်တွေးမှန်းဆကာ ဝရန်တာ၌ ကျန်ရစ်ခဲ့လေသတည်း။

***

www.burmeseclassic.com

www.burmeseclassic.com

## ၁၃

နှစ်နှစ်မျှ ကုန်လွန်ခဲ့လေရာ ထိုနှစ်များက ကြောက်မက်ဖွယ် သွေးချောင်းစီးခဲ့သောနှစ်များ ဖြစ်လေသတည်း။ ဂျေရုဆလမ်တွင် ဂိုဏ်းဂဏ ပါတီအချင်းချင်း သတ်ဖြတ်ခဲ့ကြ၏။ ကာလစ်ပါတီဝင် တိုက်ခိုက်နေသော တပ်ဖွဲ့ကို ကြိုးစားအားထုတ်သော်လည်း 'ဗက်စ်ပါယန်'နှင့် သူ၏စစ်ဗိုလ်များသည် တစ်မြို့ပြီးတစ်မြို့ တိုက်ခိုက်ကာ ထောင်ပေါင်းများစွာသော မြို့သူမြို့သားများကို သတ်ဖြတ်လျက်ရှိ၏။ တိုင်ယာမြို့တွင်ကား သွေးထွက်သံယိုမှုများ မဖြစ်ပွားသေးသော်လည်း ဖြစ်မည့် အရိပ်အယောင်များ ပေါ်ထွက်လျက်ရှိ၏။ ထိုအချိန်၌ အက်ဆင်းတို့သည် မီရီယန်ထံသို့ လူစေလွှတ်ကာ ပင်လယ်တစ်ဘက်သို့ သွားရန် ပြောကြားခဲ့၏။ ခရစ်ယာန်များကလည်း 'ပယ်လမြို့' သို့ လိုက်ပါရန် ခေါ်ကြ၏။ သို့သော် မီရီယန်ကမူ သူ့အဘိုး အသက်ရှင်သမျှ မခွဲဘဲနဲ့ သူ့သဘောအတိုင်း လိုက်ပါနေထိုင်ရမည့်အကြောင်း ပြန်ကြားလိုက်လေသည်။ မီရီယန် သည် သူ့အဘိုးနှင့် သွားရောက်တွေ့ဆုံရာ အဘိုးကြီးက –

"ဘာကြောင့်များ မျက်နှာညှိုးနေရတာလဲ မီရီယန်၊ ဘာသတင်းများ ကြားလို့လဲ"

မီရီယန်သည် အက်ဆင်းများနှင့် ခရစ်ယာန်များထံမှ ကြားရသောသတင်းများကို ပြန်၍ ပြောပြလေသည်။

"ဒီစကားတွေဟာ အထောက်အထား မရှိပါဘူး ငါ့မြေး။ ဗက်စ်ပါဆီယန်ဟာ ယခု ရောမဧကရာဇ် ဖြစ်နေပြီ၊ ဒီတော့ ငါတို့ တိုင်းပြည်ငယ်ကလေး



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို မေ့သွားပါလို့မ်မယ်။ ဒါကြောင့် တခြားရန်သူကိုသာ ဂရုမစိုက်ဖို့ရှိတယ်။ ကယ်တင်မည့်သူ မကြာခင် ရောက်လာပါလိမ့်မယ်"

မီရီယန်သည် အိပ်ထဲမှ စာရွက်တစ်ရွက်ကို ယူပြီးလျှင် သူ့အဘိုးအား ဖတ်ပြလိုက်လေသည်။

"ဂျေရုဆလမ်မြို့အား ဗိုလ်ခြေများ ဝိုင်းရံနေသည်ကို သင်တို့မြင်လျှင် ပျက်စီးခြင်းသို့ ရောက်လုနီးပြီဟု မှတ်ကြလော့။ ဂျူဒီပြည်၌ ရှိသော သူတို့သည် တောင်ပေါ်သို့ ပြေးကြစေ။ မြို့ထဲ၌ရှိသော သူတို့သည် မြို့ပြင်သို့ထွက်ကြစေ။ တောရွာတွင် ရှိသူများ မြို့ထဲသို့မဝင်စေနှင့်။ အကြောင်းမူကား ထိုနေ့သည် ကျမ်းစာအရ ပြစ်ဒဏ်စီရင်ခြင်းခံရမည့်နေ့ဖြစ်သည်။ ဂျူဒီပြည်၌ ဆင်းရဲဒုက္ခကြီးစွာဖြစ်၍ ရဟူဒီလူမျိုးများအပေါ်တွင် ကပ်ကြီးကျရောက်လိမ့်မည်။ သူတို့သည် ဓားဘေးဖြင့် ပျက်စီးခြင်းသို့ ရောက်ကြလိမ့်မည်။ တစ်ပြည်သားတို့သည် ဂျေရုဆလမ်မြို့ကို ခြေနှင့် နင်းကြလိမ့်မည်"

"ငါ့မြေးရဲ့ ခရစ်ယာန်ကျမ်းက ဒီလိုပဲ ဆိုသလား။ ငါ့မြေးယုံကြည်ရင် ခရစ်ယာန်တွေနဲ့ လိုက်သွားပါလား"

"ယုံကြည်ပေမဲ့ ကျွန်ုပ် မကြောက်ပါဘူး။ အဘိုးအတွက်သာ ကျွန်ုပ် စိုးရိမ်တာပါ။ ဒါကြောင့် အလဟဿ အသတ်မခံဘဲ တိမ်းရှောင်နေဖို့ ဒီကနေ့ နောက်ဆုံးအကြိမ် တိုက်တွန်းလိုပါတယ်"

"သင့်ကျမ်းစာကို ကျွန်ုပ် မယုံပေမဲ့ သင် ပြောသလို ဖြစ်ချင်ဖြစ်မှာပဲ။ ဒီတော့ ငါ့မြေး သွားချင်ရင် ငွေကြေးနဲ့ အစောင့်အရှောက် အပြည့်အစုံပေးလိုက်မယ်"

မီရီယန်သည် ဦးခေါင်းကို ခါလိုက်၏။ ဗင်နိုနီက မိမိ၏ လူများနှင့်တကွ အိုးအိမ်ပစ္စည်းများကို စွန့်ခွာ၍ မသွားနိုင်ကြောင်း အခြေအနေ ဆိုးဝါးလာက မိမိအား အပြစ်မတင်ရန် အကြောင်း ပြောကြားလေသည်။

သို့နှင့် မြေးအဘိုးတို့သည် ဆက်လက်နေထိုင်ခဲ့ရာ တစ်ပတ်အကြာတွင် ဆူဆူပူပူ ဖြစ်လာတော့၏။ ရောမတို့၏ လက်ပါးစေများနှင့် သူလျှိုများက လိုက်လံတိုက်ခိုက်သဖြင့် ရဟူဒီတို့သည် အပြင်သို့ပင် မထွက်ရဲအောင် ရှိကြတော့၏။ ဗင်နိုနီသည် အမြော်အမြင်ကြီးသူတစ်ယောက်ဖြစ်သည့်အတိုင်း ယခင်က ခံတပ်ဟောင်းတစ်ခုဖြစ်ခဲ့သော မိမိအိမ်ကို ပြင်ဆင်ကာ အစာရေစာများကိုလည်း လုံလောက်စွာ သိုလှောင်ပြီးလျှင် ရဟူဒီတပ်ကို ကွပ်ကဲလျက်ရှိသော ကာလစ်ထံသို့လည်း လူစေလွှတ်၍ အကျိုးအကြောင်း ပြောစေ၏။ သို့နှင့် သူ၏ အိမ်တွင်းသို့ လူကုံထံ ရဟူဒီများသည် သားမယားများနှင့်တကွ လာရောက်ခိုလှုံကြလေ

www.burmeseclassic.com



၏။ ဗင်နိုနီသည် မိမိ၏ လူ ၅၀ ခန့်ကိုလည်း အိမ်ပြင်ဘက် ဝင်းထဲတွင် လက်နက်အပြည့်အစုံနှင့် အသင့်ချထားလေသည်။

တစ်နေ့သ၌ နေအရဏ်တက်ချိန်တွင် အပြင်မှ စူးရှကျယ်လောင်သော အသံများကို ကြားရသဖြင့် မီရီယန်သည် နီဟွတ်စတာနှင့်အတူ အိမ်အမိုးပေါ်သို့ တက်၍ကြည့်ရှုရာ တစ်မြို့လုံးနေရာ အနှံ့အပြားတွင် မီးများ တောက်လောင်လျက် ရှိသည်ကို တွေ့ရလေ၏။ ထိုမျှသာမကသေး မီးလောင်သည့် အိမ်များထဲမှ ထွက်လာသူများကိုလည်း ဟစ်အော်နေသော လူထုကြီးက ထိုးခုတ် သတ်ဖြတ်ကာ မီးပုံထဲသို့ ထိုးထည့်နေသည်ကို ကြောက်မက်ဖွယ်ကောင်းစွာ တွေ့မြင်ရလေသည်။ တစ်မြို့လုံး ဟစ်အော်ငိုယိုသံများ၊ ပြေးလွှားသံများဖြင့် ဆူညံလျက်ရှိတော့၏။

ထိုနေ့ မွန်းတည့်ချိန်လောက်တွင် ဆီရီယန်တို့သည် ဗင်နိုနီ၏ အိမ်ဘက်သို့ လှည့်၍လာကြလေ၏။ ဆီရီယန်တို့က ရဟူဒီတို့အား တိုက်ခိုက်ရန် ရောမတို့က လှုံ့ဆော်ပေးရမည်ဟူသော 'ဖလောရပ်' ၏ ဝါဒအတိုင်း ဆီရီယန်လူထုကြီးကို ရောမ စစ်ဗိုလ်များက အုပ်ချုပ်လျက်ရှိ၏။ သူတို့သည် ရှေးဦးစွာ တံခါးမကြီးကို တိုက်ခိုက်လေရာ တံခါးမကြီးမှာ ခိုင်ခန့်လှသဖြင့် အလွယ်တကူ ထိုးဖောက်မဝင်နိုင်ဘဲ မြားဒဏ်ရာဖြင့် လူ ၂၀ ကျဆုံးကာ ဆုတ်ခွာသွားရလေ၏။ မီးတုတ်တပ်ထားသော မြားတို့ဖြင့် အပြင်မှ ပစ်ခတ်သော်လည်း ကျောက်ဖြင့်ပြီးသော အဆောက်အဦကြီးကို မီးစွဲရန် မတတ်နိုင်ကြချေ။

ထိုနေ့ အချိန်ကုန်၍ ညဥ့်အချိန်သို့ ရောက်လတ်သော် အပစ်အခတ်ရပ်စဲသွား၏။ သို့သော် နံနက် အရဏ်တက်သည်နှင့် တစ်ညဥ့်လုံး ဆိတ်ငြိမ်နေသည့်အကြောင်းရင်းကို သိရတော့၏။ သူတို့သည် တံခါးပေါက်များရှေ့တွင် တုံးကြီးတစ်တုံးကို ဘီးတပ်ကာ မောင်းဆင်ထား၍ ပင်လယ်ဘက်မှလည်း လှေကြီးတစ်စင်းကို အိမ်ကြီးနှင့် နီးနိုင်သမျှ နီးကပ်အောင် လှော်၍လာသည်ကိုလည်း တွေ့ရလေ၏။

မကြာမီ ထိုတိုက်ပွဲစလေရာ အမိုးပေါ်တွင် ရှိနေသော ရဟူဒီများသည် မြားဖြင့် တရစပ် ပစ်နေသဖြင့် အတုံးအရုန်း ကျနေသည့် အကြားမှပင် ဆီရီယန်တို့သည် မောင်းတင်ကာ ဘီးတပ်ထားသော တုံးကြီးဖြင့် တံခါးမကြီးကို ဖောက်ထွင်းနိုင်ခဲ့ကြ၏။ ထိုအခါ ဗင်နိုနီက ကိုယ်တိုင်ခေါင်းဆောင်ကာ 'တုံးမောင်းကြီး' နှင့်အတူ လိုက်ပါလာသောသူများအား ခုတ်ထစ်သတ်ဖြတ်ပြီးနောက် အတွင်းတံခါး၏ အတွင်းဘက်သို့ ပြန်၍ဝင်ခဲ့ပြီးလျှင် ကျုံးကူးတံတားကိုလည်း ဖျက်ဆီးပစ်လိုက်လေသည်။ ထိုအခါ လှေပေါ်မှ လူများလည်း ကျောက်တုံးများနှင့်သာမက မြားဖြင့်လည်း ဒလဟော ပစ်ခတ်ကြရာ ခုခံကာကွယ်သူများ အထဲမှ



www.burmeseclassic.com

www.burmeseclassic.com



အတော်များများ သေဆုံး၍ ဒဏ်ရာရကြလေသည်။ ယင်းကဲ့သို့ ကုန်းဘက် ရောက် နှစ်ဖက်ညှပ်၍ သဲသဲမဲမဲ တိုက်ခိုက်လျက်ရှိရကား၊ နောက်ထပ်တစ်ရက် ပင် ခံနိုင်တော့မည် မဟုတ်ကြောင်း သိသဖြင့် ဗင်နီနီသည် သူ့လူများနှင့် အခြေ အနေကို တိုင်ပင်ရလေ၏။ ခုခံသူများအတွက် လမ်းနှစ်လမ်းသာရှိတော့၏။ တစ် လမ်းမှာ အပြင်သို့ရောက်အောင် အတင်းထိုးခုတ် ဖောက်ထွင်း၍ ထွက်ရန်ဖြစ်၏။ အခြားတစ်လမ်းမှာ ယခုအတိုင်း ဆက်လက်ခုခံတိုက်ခိုက်ပြီးလျှင် နောက်ဆုံး မိန်းမနှင့် ကလေးများကို ကိုယ်တိုင်သတ်ဖြတ်၍ ကိုယ်လွတ်ရုန်းရန် ဖြစ်လေ သည်။ သို့သော် ပထမလမ်းမှာ ဖောက်ထွင်းထွက်နိုင်သည့်တိုင်အောင် မြို့ထဲမှ လွတ်အောင် ပြေးနိုင်မည်မဟုတ်သဖြင့် မျှော်လင့်ချက်မရှိ၊ သို့နှင့် ဒုတိယလမ်းကို လိုက်ရန် ဆုံးဖြတ်လိုက်ကြလေသည်။

မီရီယန်နှင့် နီဟွတ်စတာတို့မှာ မြားများ၊ ကျောက်ခဲများ မရောက်နိုင် သည့် အမြင့်ဆုံး အထပ်၌ ရှိနေကြ၏၊ သို့ရှိစဉ် ပင်လယ်ထဲတွင် လှေကြီးတစ်စင်း သည် တက်စုံရွက်စုံလွှင့်ကာ လာနေသည်ကို တွေ့ရ၏။ ၎င်းမှ မည်သည့် အလံ ကိုမျှ လွှင့်၍ မထားချေ။ မီရီယန်တို့၏လှေကြီးသည် ထိုလှေကြီးကို ဆီးကြို ခုခံတိုက်ခိုက်ရန် လှော်ခတ်သွားစဉ် ရုတ်တရက် ရေစီးတွင် ပါသွားလေရာ၊ လေ စုံနှင့် လာရသော ရဟူဒီလှေသည် ဆီရီယန်လှေဆီသို့ တည့်တည့်ကြီးဝင်၍ တိုက်အောင် ပဲ့ကိုင်ပေးလိုက်သဖြင့် နံဘေးသို့ ဝင်၍ တိုက်လေ၏။ ထိုအခါ ဝုန်းခနဲ တစ်ခဲနက်အသံကြီးကို ကြားလိုက်ရ၍ မီရီယန်သည် မျက်စိများကို မှိတ်ထားလိုက်လေ၏။ ပြန်၍ဖွင့်လိုက်သောအခါ ဆီရီယန်လှေများ မရှိတော့ဘဲ အနီးတွင် တရွေ့ရွေ့ လူးပ်ရှားနေသည့် အမဲစက်ကလေးများကိုသာ တွေ့မြင်ရလေ တော့သည်။

မကြာမီ ရဟူဒီလှေကြီးသည် ကျောက်ချလိုက်ပြီးနောက်၊ ၎င်းမှ လှေ နှစ်စီးသည် အိမ်ကြီးဘက်သို့ လှော်ခတ်လာလေ၏။ မီရီယန်တို့လည်း ရေဆိပ် တံတားပေါက်ရှိရာသို့ သွားရောက်ရာ သူတို့အားလိုက်လံ ရှာဖွေနေသော ဗင်နီနီ နှင့် အခန့်သင့်ပင်တွေ့လေသည်။ လှေတစ်စင်းပေါ်၌ ကာလစ်သည် မတ်တတ်ရပ် ကာ လိုက်ပါလာ၏။ တံတားနှင့် ၁၀ လှမ်းခန့် ဝေးသောနေရာသို့ ရောက်လျှင် ကာလစ်သည် လှေကို ရပ်စေပြီး နောက် ဗင်နီနီ၊ မီရီယန်နှင့် နီဟွတ်စတာတို့ကို ရေတိမ်ထဲမှ ဆင်းလာရန် ဟစ်အော်ခေါ်ငင်လေသည်။ သို့နှင့် ရင်ခေါင်းခန့် ရေထဲ တွင် လျှောက်သွားရပြီးနောက်၊ လှေပေါ်မှလူများ၏ အကူအညီဖြင့် လှေပေါ်သို့ ရောက်သွားလေ၏။ သူတို့နောက်မှလည်း အခြားသူများ လိုက်ပါလာကြရာ၊ လှေကလေး နှစ်စင်းသည် လူအပြည့်နှင့် လှေကြီးဆီသို့ လှော်ခတ်သွားလေ၏။ ဤနည်းဖြင့် တံတားပေါ်မှ လူများအား လှေနှစ်စင်းဖြင့် နှစ်ကြိမ်ကယ်ဆယ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ခဲ့၏။ ထိုအချိန်တွင် ဆီရီယန်တို့သည် ကြိုးလှေကားများ ဖြင့် တံတားများကို ကျော်၍ ဝင်ရောက်ကြပြီးလျှင် အိမ်အတွင်း မွှေနှောက်ရှာဖွေကြပြီးနောက် တံတား ဆီသို့ ပြေးလာကြလေ၏။ ထိုအခါ တံတားပေါ်တွင် ကျန်ရစ်သူများမှာ ဆီရီယန် တို့လက်တွင် အသက်ပျောက်ကြရှာလေရာ လှေကြီးပေါ် မှလူများမှာ ရင်ထုမနာ ဖြစ်ကြရကုန်၏။

ထိုအခိုက်တွင် သူတို့ သုံးဦးရှိရာသို့ ကာလစ်သည် ဝင့်ဝါလှသော မျက်နှာထားဖြင့် ရောက်လာရာ၊ ဗင်နိုနီက ဖက်လဲတကင်း ကျေးဇူးတင်ကြောင်း ပြောလေ၏။ မီရီယန်ကလည်း "ကာလစ် သင့်အား ကျွန်ုပ် ကျေးဇူးတင်ပါ သည်။ ဤထက်ပို၍ ကျွန်ုပ် မပြောနိုင်တော့ပါ" ဟု ဆိုလေသည်။ ထိုအခါ ကာလစ်က မိမိမှာ ဆီရီယန် လှေကြီးကို နှစ်မြှုပ်နိုင်သည့်ပြင် မိမိချစ်သူ အမျိုးသမီး တစ်ဦး၏ အသက်ကိုလည်း ကယ်ဆယ်နိုင်ခဲ့သဖြင့် ကြိုးစားရကျိုးနပ်ပြီဖြစ် ကြောင်းနှင့် ပြောကြားရာ၊ ဗင်နိုနီကလည်း ကာလစ်၏ချစ်သူနှင့်တကွ၊ မိမိပိုင် ပစ္စည်းများကိုပင် ပေးအပ်လိုကြောင်းပြန်၍ ပြော၏။

မီရီယန်က ငိုကြွေးလျက် –

"ဒီအချိန်ဟာ ဒီစကားပြောဖို့ အချိန်မဟုတ်ပါဘူး အဘိုး၊ ဟိုမှာ လူ တွေ သတ်နေတုန်း ရှိသေးတယ်"

"မငိုပါနဲ့ မီရီယန်၊ စစ်ဆိုတာ ဒီလိုပဲ ဖြစ်တတ်ပါတယ်။ လှေတွေကို ပြန်လွှတ်ဖို့လည်း ခဲယဉ်းပါတယ်။ ကိုင်း ... နီဟွတ်စတာ ... သင့်သခင်မကို အဝတ်အစား လဲရအောင် အခန်းထဲသာ ခေါ်သွားပါတော့။ အသင်ဗင်နိုနီကကော ဘယ်ကို သွားချင်သလဲ"

"ကျွန်ုပ်၏ဆွေမျိုး ဂျေရုဆလမ် ဂိုဏ်းအုပ်ကြီး မာသီယပ်ဆီကို သွား ချင်ပါတယ်"

ထိုအခါ နီဟွတ်စတာကဝင်၍ မိမိမှာ အီဂျစ်သို့ သွားလိုကြောင်းပြော ရာ၊ ကာလစ်က ယခုအခါ အီဂျစ်တွင် သွေးချောင်းစီးလျက်ရှိကြောင်း၊ ထို့ပြင် လှေကြီးကိုလည်း ဂျော့မြို့တစ်ဖက်တွင် စောင့်နေမည့်သူများထံ ယူသွား၍ ထိုမှ တစ်ဆင့် သူသည် ဂျေရုဆလမ်မြို့သို့သွားရမည့်ဖြစ်ကြောင်းနှင့် ပြောပြလေ၏။ ထိုအခါ နီဟွတ်စတာက မိမိ၏လူများနှင့် သေအတူရှင်အတူနေရန် ဂျေရုဆလမ် သို့ သွားလိုကြောင်းပြောရာ၊ မီရီယန်ကလည်း သူနှင့် မခွဲမခွာ လိုက်ပါမည် ဖြစ်ကြောင်းနှင့် အတင်းတွယ်ကပ်လျက်ရှိတော့၏။ မကြာမီ လှေကြီးသည် ထွက် ခဲ့ရာ တိုင်ယာမြို့မှ ဆူဆူညံညံ အသံများသည် ဝေးသည်ထက် ဝေးသွားပြီး နောက် ညဥ့်အချိန်ရောက်လတ်သော် မီးလောင်နေသည့် အိမ်များမှ မီးရောင်များ ကိုသာ မြင်ရ၏။ နောက်တစ်နေ့နံနက်၌ လှေကြီးသည် ရပ်နားပြန်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မီရီယန်နှင့် နီဟွတ်စတာတို့သည် အခန်းတွင်းမှ ထွက်လာ၍ မီရီယန်သည် လှေကြီးနှင့် ခပ်လှမ်းလှမ်းတွင် လှိုင်းများ ပုတ်နေသော ကျောက်တန်းကိုလည်းကောင်း၊ ပင်လယ်အော်ကလေးနှင့် လူသူကင်းမဲ့သော ကမ်းခြေကိုလည်းကောင်း၊ ထွက်ပေါ်စ နေရောင်အောက်တွင် တွေ့မြင်ရလေ၏။ နီဟွတ်စတာက သက်ပြင်းတစ်ချက် ချလိုက်၏။ ထိုနေရာမှာ မီရီယန်အား မွေးဖွားခဲ့သည့် နေရာကလေးပင်ဖြစ်၍ မိမိတို့၏ ကံအကျိုးပေး ဆန်းကြယ်ပုံများကို ပြောဆိုလျက်ရှိကြစဉ်၊ ကမ်းပေါ်သို့တက်ရန် ကာလစ်က လှမ်းခေါ်လိုက်သဖြင့် ကမ်းသို့ သွားမည့် လှေကလေးထဲသို့ ဗင်နိုနီနှင့်တကွ မီရီယန်နှင့် နီဟွတ်စတာတို့သည် လိုက်ပါသွားကြ၏။

ကမ်းခြေတွင် သူတို့အား ဆီးကြိုနေသည့် ရဟူဒီအချို့ကိုတွေ့ရ၍ ထိုသူများက စားရေးရိက္ခာနှင့် တိရစ္ဆာန်များပေးလေသည်။ တိုင်ယာမြို့မှ ထွက်ပြေးလာသူများ လူပေါင်း ၆၀ ခန့်မျှ ကမ်းပေါ်တွင် စုရုံးမိသောအခါ ကာလစ်ခေါင်းဆောင်၍ ဂျေရုဆလမ်သို့ ကုန်းကြောင်းခရီးဖြင့် ထွက်ခဲ့ကြ၏။ ကုန်းပေါ်၌ စောင့်နေကြသူများကား မီရီယန်တို့ စီးလာသော လှေကြီးဖြင့် ရောမတို့၏ ရိက္ခာလှေများကို လမ်းမှတိုက်ခိုက်ရန် ဖြစ်ရကား၊ ထိုကိစ္စကို ရဟူဒီ လူကြီးတစ်ယောက်နှင့် လွှဲအပ်ထားခဲ့လေသည်။ မီရီယန်အား မွေးဖွားပြီးစအချိန်က နီဟွတ်စတာ ရောက်ရှိတည်းခိုခဲ့သောရွာသို့ ရောက်ကြသောအခါ မီရီယန်အား ယခင်က နို့တိုက်ကျွေးမွေးခဲ့ဖူးသည့် မိန်းမကြီးကိုပင် တွေ့ကြရသဖြင့် မိန်းမကြီးသည် ဝမ်းမြောက်ဝမ်းသာ ဧည့်ခံပြုစုလေသည်။

သို့နှင့် သူတို့လူစုသည် လမ်းတွင် တစ်စုံတစ်ရာ အနှောင့်အယှက် မတွေ့ရဘဲ ဂျေရုဆလမ်သို့ နောက်ဆုံး ဆိုက်ရောက်ခဲ့ကြရာ၊ ထိုညအဖို့ မြို့ပြင်တောင်ကုန်းများပေါ်တွင် စခန်းချကာ ဆောင်းရာသီ၏ ဒဏ်ကို အပြင်းအထန် ခံစားကြရလေသည်။

ထိုည၌ ဂျေရုဆလမ်မြို့ရှိ ကောင်းကင်ထက်တွင် ဓားလွတ်သဏ္ဌာန် တောက်ပလျက်ရှိသော ကြယ်တံခွန်ကြီးတစ်ခုကို တွေ့မြင်ရ၍ အားလုံးကပင် မကောင်းသော အတိတ်နိမိတ်ဟု ယူဆကြ၏။ အရုဏ်တက်ချိန်၌ ပျောက်ကွယ်သွားပြီးလျှင် နေထွက်သည်နှင့် တစ်ပြိုင်နက် တိမ်တောင်တိမ်လိပ်များသည် နှစ်ဖက်သော စစ်တပ်ကြီးများ ခင်းထားသကဲ့သို့ တက်လာပြန်၏။ ခပ်ဝေးဝေးမှ လေပြင်းတိုက်ခတ်သံဖြင့် မိုးချုန်းသံများကို ကြားရလေရာ၊ လူများသည် ကြောက်ရွံ့ကြသဖြင့် မြေပေါ်တွင် အလျားမှောက်ကာ ရှိနေကြလေ၏။ မကြာမီ ကောင်းကင်သည် မိုးတိမ်များ လွင့်စင်သွားပြီးနောက် တစ်ဖန် ကြည်လင်၍ လာပြန်ရာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ရှေ့တွင် ဂျေရူဆလမ်မြို့ကြီးသည် တည်ငြိမ်ချမ်းမြေ့လှသော အသွင်ကို ဆောင်လျက်ရှိလေသည်။

သူတို့သည် ချမ်းလွန်းလှသဖြင့် စိတ်ဓာတ်များလည်း ပျက်ပြားလျက်ရှိ၏။ သို့နှင့် 'ဂျော့ပ' တံခါးဝဘက်သို့ လျှောက်သွားကြရာ၊ လမ်းတစ်လျှောက်လုံး လူသူကင်းမဲ့ကာ တိတ်ဆိတ်လျက်ရှိ၏။ တံခါးသို့ရောက်သောအခါ ပိတ်၍နေသည်ကို တွေ့ရပြီးလျှင် တံခါးစောင့်စစ်သားများက သူတို့အား မည်သူမည်ဝါဖြစ်ကြောင်း မေးမြန်းလေသည်။ ထိုသူမှာ ဂျေရူဆလမ်မြို့၏ အောက်ပိုင်းကိုသိမ်းထားသည့် ဆိုင်မွန်၏ လူများထဲမှ ဖြစ်၏။ ကာလစ်ကား သူ၏ရာထူးနှင့်အဆင့်အတန်းကို ပြောပြသော်လည်း စစ်သားများက ကျေနပ်ပုံမရသဖြင့် ဗင်နိုနီက မိမိတို့မှာ တိုင်ယာမှ ထွက်ပြေးတိမ်းရှောင်လာသော ဒုက္ခသည်များဖြစ်ကြောင်းနှင့် ရှင်းလင်းပြောပြရလေသည်။ ကာလစ်မှာ မိမိကဲ့သို့ စစ်ပွဲတွင် အကျိုးဆောင်ခဲ့သည့် အရာရှိတစ်ဦးအား ဤကဲ့သို့ မချေမငံ ပြောရမည်လောဟု ဒေါသထွက်ကာ အချေအတင်ပြောလျက်ရှိစဉ် ဗင်နိုနီက ဤမြို့တွင် မိမိနှင့် သားချင်းတော်စပ်သူ ဂိုဏ်းအုပ် ဘုန်းကြီး 'မာသီးယပ်' ဆိုသူရှိ၍ သူ့ထံသို့ သွားခွင့်ပြုပါမည့်အကြောင်းနှင့် နောက်ဆုံးတောင်းပန်လေရာ၊ စစ်သားများမှာ မာသီးယပ်၏ ကျေးဇူးရှိသော ဆိုင်မွန်၏ ဂိုဏ်းသားများဖြစ်ရကား၊ ချက်ချင်းပင် တံခါးကိုဖွင့်ပေးတော့၏။ ထို့နောက် သူတို့လူစုအား အယ်လီဇာ၏ ဂိုဏ်းသား များဖြစ်ကာ ဘုရားရှိခိုးကျောင်းသို့ သွားရန် ညွှန်ကြားလေသည်။

သို့နှင့် သူတို့သည် တံခါးမှဝင်၍ ကျဉ်းမြောင်းသော လမ်းကလေးများသို့ လျှောက်သွားကြရာ၊ အချိန်မှာ မြို့သူမြို့သားများ သွားလာလုပ်ကိုင်ချိန်ဖြစ်သော်လည်း လမ်းများပေါ်တွင် လူသူကင်းမဲ့ ခြောက်သွေ့လျက် ရှိသည်ကိုလည်းကောင်း၊ လမ်းဘေးများတွင် ယမန်ညက သတ်ဖြတ်ထားဟန် တူသည့် ယောက်ျား၊ မိန်းမအလောင်းများ အတုံးအရုန်း ဖြစ်နေသည်ကိုလည်းကောင်း တွေ့မြင်ကြရလေ၏။ သို့လျှောက်လာကြစဉ် လေးလေးတွဲ့တွဲ့ အော်လိုက်သည့် ထူးဆန်းသော အသံတစ်သံ ကြားလိုက်ပြီးနောက် မှောင်သော လမ်းကြားကလေးတစ်ခုမှ လူတစ်ယောက် ပြေးထွက်လာသည်ကို တွေ့မြင်ကြ၏။ ထိုသူမှာ မုတ်ဆိတ်များဖြူလျက် အလွန်ကြံ့လှီပြီးလျှင် ရင်ဘတ်နှင့် ကျောပြင်တစ်ခုလုံးတွင် ကြိမ်ဒဏ်ရိုက်ထားသည့် ဒဏ်ရာများဖြင့် ပြည့်လျက်ရှိ၏။ သူသည် ရောက်တတ်ရာရာ ဟစ်အော်လျက်ရှိရာမှ 'ဂျေရူဆလမ်မြို့ကြီးကား ပျက်စီးရတော့အံ့၊ ကပ်ကြီး ဆိုက်ရောက်တော့အံ့၊ ဤအသံကား အရှေ့မှ အသံ၊ အနောက်မှအသံလေထဲမှလာသောအသံဖြစ်၏" ဟု ဟစ်အော်ပြီးနောက်၊ လူရော အသံပါ မကြာမီ ပျောက်ကွယ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပဲ ဒီမြို့ကြီးရော မြို့သူမြို့သားတွေရော ပျက်စီးရတော့မယ်"

"မြို့ကို ရောက်ရောက်ချင်း ဒီအသံကြားရတာ နိမိတ်မရှိပါဘူး ... ကြောက်စရာကြီး"

"မကြောက်ပါနဲ့ မီရီယန်၊ ဒီလူကို ကျွန်ုပ် သိပါတယ်။ ဒီလူက အရူး တစ်ယောက်ပဲ"

သို့နှင့် သူတို့သည် ဘုရားရှိခိုးကျောင်း ရှိရာသို့ ဆက်လက် လျှောက် သွားကြလေ၏။

***

www.burmeseclassic.com

www.burmeseclassic.com

## ၁၄

သူတို့သည် ဟူလဒါတံခါးပေါက်မှဝင်ရန် ချိုင့်ဝှမ်းတစ်ခုကို ဖြတ်၍ လျှောက်သွားကြရ၏။ တဖြည်းဖြည်း နီးကပ်လာသောအခါ အရှေ့ဆုံးတံခါး ရုတ်တရက် ပွင့်လာ၍ လူပေါင်း ၁၀၀၀ ခန့်သည် လက်နက်များ စွဲကိုင်ကာ ပုရွက်ဆိတ်တွင်းမှ ပုရွက်ဆိတ်များ ထွက်လာသကဲ့သို့ သူတို့ရှိရာသို့ ဟစ်အော်ပြေးလွှားလာကြလေ၏။ သို့နှင့် မီးလောင်ကွင်းထဲတွင် မီးလောင်ထားသော အိမ်ပျက်များရှိသဖြင့် ပုန်းအောင်းရန် သူတို့သည် ပြန်၍ လှည့်ပြေးလာကြမှ ယခင်က လူသူမရှိဟု ထင်ရသော အိမ်ပျက်များထဲမှ လူတစ်စု ထွက်လာပြန်လေသည်။ တိုက်ခိုက်ရန်လာသူများမှာ အယ်လီဇာ ဂိုဏ်းသားများ ဖြစ်၍ တဲပျက်များမှ ထွက်လာသူများကား ဆိုင်မွန်ဂိုဏ်းသားများ ဖြစ်လေသည်။

ထို့နောက် မီရီယန်သည် သူ့ရှေ့တွင် မည်ကဲ့သို့ ဖြစ်ပျက်နေသည်ကို ဝိုးတဝါးမျှသာ သိလေတော့၏။ တစ်ဖက် ဂိုဏ်းသားနှင့် တစ်ဖက်ဂိုဏ်းသားတို့သည် ဓားရောင်တစ်လက်လက်၊ လရောင် တဖွေးဖွေးနှင့် သဲသဲမဲမဲ ကိုယ့်လူသူ့လူဟူ၍ ခွဲခြားခြင်း မရှိသလောက် တိုက်ခိုက်လျက်ရှိကြကုန်၏။ သူ့အဘိုးဗင်နိုနီမှာ ဘုန်းကြီးတစ်ပါးနှင့် ထွေးလုံး သတ်ပုတ်နေသည်ကိုလည်းကောင်း၊ မိန်းမနှင့် ကလေးများကို လှံများနှင့် ရက်စက်စွာ ထိုးသတ်နေသည်ကိုလည်းကောင်း တွေ့လိုက်ရ၏။ နီဟွတ်စတာသည် သူ့အား လက်ဆွဲ၍ထွက်ပြေးစဉ် အနီးသို့ ကပ်လာသော ရန်သူတစ်ယောက်အား ဓားမြှောင်နှင့် ထိုးသတ်သည်ကိုလည်း မြင်ခဲ့သေး၏။ မြားတစ်စင်းသည် အနီးမှ ဝီခနဲ ဖြတ်သွားပြီးလျှင် မိမိခြေဦး မျက်ခနဲ ဖြစ်သွားသည်ကို သတိပြုလိုက်မိ၏။ ဆူညံသံများနှင့် အတော်ဝေးရာသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီးနောက် သူတို့သည် 'အင်တိုနီယာ' မျှော်စင်ကြီးအနီးသို့ ရောက်နေသည်ကို တွေ့ရလေရာ၊ မီရီယန်သည် မောပန်းလှသဖြင့် မဟန်နိုင်တော့ဘဲ လဲကျသွားလေသည်။ ထိုနေရာ၌ တံတားကြီးတစ်ခုရှိရာ အလွန်နံစော်သော အမှိုက်ပုံကြီးများရှိ၍ မြက်ပင်ရှည်ကြီးများ ပေါက်လျက်ရှိရကား၊ အခိုက်အတန့်အားဖြင့် ပုန်းအောင်းရန် အကောင်းဆုံးသော နေရာဖြစ်ကြောင်း တွေ့ရှိရသဖြင့် နီဟွတ်စတာသည် မီရီယန်အား တံတိုင်းတစ်နေရာသို့ ခေါ်ဆောင်သွားလေသည်။ တံတားဟောင်းကြီးတွင် နေရာပေါင်းများစွာ၌ အက်ကွဲနေ၍ အက်ကြောင်းကြီးများမှာ ကိုင်းပင်ရှည်ကြီးများဖြင့် ဖုံးအုပ်လျက်ရှိ၏။ ထိုအခါမှ နီဟွတ်စတာသည် မီရီယန်၏ ခြေမှဒဏ်ရာကို ကြည့်ရှုနိုင်တော့၏။ ဒဏ်ရာမှာ လောက်လွှဲမှပစ်လိုက်သည့် ခဲတစ်လုံး စင်၍ ထိမှန်သော ဒဏ်ရာဖြစ်လေသည်။ နီဟွတ်စတာသည် မီရီယန်အား မြက်များကိုခင်းပေးပြီးလျှင် အိပ်စေပြီးသော် သစ်မြစ်သစ်ဥများကို ထုကြိတ်၍ ဆေးထည့်ပေးရာ၊ မီရီယန်လည်း မောပန်းလှသဖြင့် မကြာမီပင် အိပ်ပျော်သွားလေတော့၏။ ထို့နောက် သူကိုယ်တိုင်လည်း အိပ်ပျော်၍သွားလေသည်။

ကျောက်တုံးကြီး၏ နောက်ကွယ်မှ မုတ်ဆိတ်ဖြူနှင့် လူကြီးတစ်ယောက်သည် မိမိတို့အား ချောင်းကြည့်နေသည်ဟု နီဟွတ်စတာသည် အိပ်မက်မြင်မက်ရာမှ ဖျတ်ခနဲ လန့်နိုး၍ ရှေ့သို့ကြည့်လိုက်ရာ အကယ်ပင် မုတ်ဆိတ်ဖြူနှင့် လူကြီးတစ်ယောက်သည် မိမိတို့အား ကြည့်ရှုနေသည်ကို တွေ့ရလေ၏။ တစ်ဖန် သူ့အနီးတွင် အခြားလူတစ်ယောက် ပေါ်လာပြန်၍ တီးတိုးပြောဆိုကာ မုတ်ဆိတ်ဖြူကြီးသည် လရောင်သို့လှည့်လိုက်ရာ၊ ထိုအခါမှ သူ၏မျက်နှာမှာ ထင်းခနဲ ပေါ်၍သွားလေသည်။

"အလို မောင်ကြီး အီသီယယ်ပါကလား။ ဒီနေရာ ဘယ်လိုရောက်နေသလဲ"

ဦးခေါင်းနှစ်လုံးသည် ရုတ်တရက် ပျောက်ကွယ်ပြီးနောက် ချက်ချင်းလိုပင် မတ်တတ်ရပ်လိုက်လေသည်။

"သင် နီဟွတ်စတာလား"

"ဟုတ်ပါတယ် မောင်ကြီး အီသီယယ်"

"သင့်အနား အိပ်နေတာကကော ဘယ်သူလဲ"

"တစ်ခါက အက်ဆင်းတို့ရဲ့ အလုဘုရင်မပါပဲ"

အီသီယယ်သည် သူ့အဖော်အား ဝမ်းမြောက်ဝမ်းသာ လက်များကိုမြှောက်ပြီးလျှင် တိတ်တိတ်နေရန် အချက်ပြလိုက်၏။ မီရီယန်ကား အိပ်မောကျလျက်ပင် ရှိလေသည်။ ထိုအခါမှ နီဟွတ်စတာသည် မိမိတို့ ဇာတ်ကြောင်းကို ပြောပြကာ အီသီယယ်နှင့် တီးတိုးတိုင်ပင်ကြလေ၏။ ထို့နောက် မီရီယန်အား

www.burmeseclassic.com



နှစ်ယောက်သား ပွေ့ချီကာ ကျောက်ဆောင်တစ်ခုဆီသို့ ခေါ်သွားပြီးလျှင် တစ်နေရာသို့ ရောက်သောအခါ အီသီယယ်သည် မြက်ပင်များကို ဖယ်ရှားပြီးနောက်၊ ကျောက်တုံးတစ်ခုကို မ,လိုက်ရာတွင် တွင်းပေါက်တစ်ခု ပေါ်လာလေ၏။ အီသီယယ်၏ လူသည် တွင်းထဲသို့ ရှေးဦးစွာဆင်းပြီးနောက် နီပွတ်စတာ၏ အကူအညီဖြင့် မီရီယန်ကို ပွေ့ချီယူသွားကြလေ၏။ အီသီယယ်သည် တွင်းထဲသို့ ဆင်းပြီးနောက်ကျောက်တုံးကို နေသားတကျ ပြန်၍ ပိတ်လိုက်လေ၏။ ဤသို့ဖြင့် မီရီယန်အား မှောင်ထဲတွင် သယ်ယူသွားကြလေရာ၊ ခြေလှမ်း သုံးလေးဆယ်မျှ သွားမိသောအခါ မီရီယန်သည် အိပ်ရာမှ လန့်နိုးလေသည်။ မီရီယန်သည် ပွေ့ချီယူသွားသောသူများ လက်ထဲမှ အတင်းရုန်းထွက်ပြီးနောက် –

"ကျွန်ုပ် ဘယ်ရောက်နေပြီလဲ နီပွတ်စတာ ... ကျွန်ုပ် သေများသေပြီလား"

"မသေပါဘူး သခင်မ၊ အားလုံး ရှင်းပြပါ့မယ်"

"ဒါဖြင့် ကျွန်ုပ်ရှေ့မှာ အီသီယယ်ရဲ့ ဝိညာဉ် ဘာကြောင့် ရောက်နေရတာလဲ"

"ဝိညာဉ်မဟုတ်ပါ သခင်မ၊ လူကိုယ်တိုင် ဖြစ်ပါတယ်"

ထို့နောက် နီပွတ်စတာက အလုံးစုံ ရှင်းလင်းပြောပြ၍ အီသီယယ်သည် မီရီယန်၏ နဖူးကို တစ်ကြိမ်နမ်းရှုပ်လေသည်။ ထိုနေရာမှာ ဘေးမကင်းသေး၍ ရှေ့သို့ ဆက်လက်သွားကြလေ၏။ အတန်ငယ်သွားမိသောအခါ မီးတုတ်၏ အားနည်းလှသော အလင်းရောင်တွင် ကြီးမားသော ကျောက်တောင်ကြီးကို ထွင်းထားသည့် ခုံးကြီးသဖွယ် အမိုးကို တွေ့မြင်ရလေ၏။ နံရံများမှ လည်း ရေတစ်စက်တစ်စက် စီးကျလျက် ကျောက်တိုင် ကျောက်တက်များမှ အချို့ကို ကြမ်းပြင်တွင် ပြန့်ကြဲလျက်လည်းကောင်း၊ အချို့ အမိုးမှ တွဲရရွဲကျလျက်လည်းကောင်း၊ ထူးဆန်းစွာ တည်ရှိနေကြရာ၊ အီသီယယ်၏ ပြောပြချက်အရ ထိုနေရာမှာ ဆော်လမွန်ဘုရင်ကြီး၏ ဘုရားရှိခိုးကျောင်းအတွက် ကျောက်များ တူးဖော်ရာဌာနကြီးဖြစ်ကြောင်း သိရ၏။ သို့နှင့် သူတို့လူစုသည် ဥမင်တစ်လျှောက်သို့ လျှောက်သွားကြလေရာ၊ ကျောက်နံရံတွင် လူတစ်ယောက်မျှသာ ခဲယဉ်းစွာ ဝင်နိုင်သည့် အပေါက်ငယ်တစ်ခုသို့ နောက်ဆုံး ရောက်ခဲ့လေ၏။ ထိုအပေါက်ငယ်မှ တစ်ယောက်စီလေးဘက်တွား၍ ဝင်ပြီးသောအခါ လူတစ်ရပ်ခန့်ရှိ သရွတ်ကိုင်ထားသော လိုဏ်ခေါင်းတစ်ခုကို တွေ့ရလေသည်။ မကြာမီ သူတို့သည် ရှေ့၌နံရံကြီးတစ်ခု ကာဆီးနေသည်ကို တွေ့ရ၍ အီသီယယ်သည် ကျောက်တုံးတစ်ခုကို ဖိနှိပ်လိုက်ရာ နံရံကြီးမှာ လည်၍ပွင့်သွားလေ၏။ သို့နှင့် အလှမ်းလေးငါးဆယ်မျှ ဆက်လက် လျှောက်သွားကြရာ ခုံးကြီးတစ်ခုသဖွယ်



www.burmeseclassic.com

www.burmeseclassic.com



အမိုးနံရံနှင့် ကြမ်းပြင်ကို အင်္ဂတေကိုင်ထားသည့် အခန်းကျယ်ကြီးတစ်ခုသို့ ဆိုက်ရောက်လေသည်။ ထိုအခန်းကျယ်ကြီးကား ရှေးအခါက ရေလှောင်ကန်ကြီးတစ်ခုဖြစ်ကြောင်း သိရ၏။

ထိုအခန်းကြီးမှာ မီးတုတ်များဖြင့် ထိန်ထိန်လင်းလျက်ရှိနေပြီးလျှင် လူတစ်ယောက်သည် မီးဖိုတစ်ခု၌ တစ်စုံတစ်ရာ ချက်ပြုတ်နေလျက် အချို့လည်း အက်ဆင်းဝတ်ရုံရှည်ကြီးများကို ဝတ်ကာ ဝိုင်းဖွဲ့စကားပြောဆိုလျက် ရှိကြကုန်၏။ အီသီယယ်က အခန်းဝရှိ လူအား မိမိဆုံးရှုံးခဲ့ရသော မီရီယန်အား ယခု ပြန်၍တွေ့လာပြီဖြစ်ကြောင်းနှင့် ပြောဆိုရာ၊ အက်ဆင်းတို့လည်း မီရီယန်အား ဝမ်းမြောက်စွာ နှုတ်ခွန်းဆက်ကြလေသည်။ အမောအပန်းဖြေပြီးနောက် အစားအသောက်များကို မီရီယန် စားနေစဉ် အီသီယယ်သည် သူတို့၏အကြောင်းကို အောက်ပါအတိုင်း ပြောပြလေသည်။ လွန်ခဲ့သော တစ်နှစ်ခန့်က ရောမတို့သည် ‘ဂျယ်ရီကို’ မြို့သို့အသွားတွင် အက်ဆင်းရွာကလေးကို ဝင်ရောက်တိုက်ခိုက်ပြီးလျှင် လူအများအား လုယက်သတ်ဖြတ်၍ ရွာကို မီးနှင့်တိုက်ကြ၏။ ထိုအခါ အက်ဆင်းများသည် ဂျေရုဆလမ်ကလည်း မခွာလို၊ မြို့ထဲတွင်လည်း ထင်ပေါ်စွာ မနေဝံ့သဖြင့် သူတို့ ဂိုဏ်းဝင်တစ်ဦးသည် ဘိုးစဉ်ဘောင်ဆက်မှစ၍ သိရှိခဲ့သော ဤမြေအောက်လိုဏ်ခေါင်းကြီးတွင် လျှို့ဝှက်စွာ လာရောက်နေထိုင်ခဲ့သည်မှာ သုံးလပင် ကြာခဲ့ပြီဖြစ်၏။ စားရေရိက္ခာများကိုလည်း ဖူလုံအောင် သိုမှီးထားခဲ့ကြ၏။ ရံဖန်ရံခါ မြို့ထဲသို့ထွက်၍ ညဥ့်အချိန်များတွင် ဤနေရာသို့ လျှို့ဝှက်စွာ ပြန်လေ့ရှိသည့်အတိုင်း ယခုကဲ့သို့ မီရီယန်အား ကံအားလျော်စွာ သူတို့တွေ့ရှိခဲ့ခြင်း ဖြစ်လေတော့သည်။ ယခုလာခဲ့ကြသော လမ်းများအပြင် အခြားလျှို့ဝှက်သော လမ်းတစ်ခုလည်း ရှိသေး၏။

အီသီယယ်သည် မီရီယန်အား အပန်းဖြေစေပြီးနောက် လိုဏ်ခေါင်းကြီးအတွင်းရှိ အခန်းများကို လိုက်လံပြသပြီးလျှင် အခန်းကလေးတစ်ခုကို သူ့အတွက် သတ်မှတ်ပေး၏။ အချို့အခန်းများမှာ ရိက္ခာသိုလှောင်သော အခန်းများဖြစ်၍ ရေလှောင်ကန်တစ်ခုလည်း ရှိရာ၊ ၎င်းမှာ မြေပေါ်ရှိ မျှော်စင်ဟောင်းကြီးသို့ တက်သော လှေကားတစ်ခုလည်း ရှိလေသည်။

နံနက်လင်း၍ အိပ်ရာမှနိုးသောအခါ မီရီယန်သည် အက်ဆင်းတို့နှင့် အတူ နံနက်စာ စားသောက်ပြီးနောက် သူ့အဘိုးအတွက် စိတ်မအေးကြောင်း အီသီယယ်အား ပြောပြလေ၏။ ထိုအခါ အီသီယယ်က မိမိတို့နေရာမှာ အထူးလျှို့ဝှက်ထားသော နေရာဖြစ်သဖြင့် မည်သူ့အားမျှ အခွင့်မပြုနိုင်ကြောင်း ပြောပြလေရာ နောက်ဆုံး၌ မီရီယန်၏ အတန်တန် တောင်းဆိုချက်အရ ထိုညတွင် သူကိုယ်တိုင် မြို့ထဲသို့ သူတောင်းစားဟန် ရုပ်ဖျက်ထွက်မည်ဖြစ်သဖြင့် စာတစ်



www.burmeseclassic.com

www.burmeseclassic.com



စောင်ရေးလိုက်ရန် ပြောလေသည်။ သို့နှင့် မီရီယန်လည်း 'မဖော်ပြလိုသော နေရာတစ်ခုတွင် ကျွန်ုပ် ကျန်းမာစွာ ရှိပါသည်" ဟု စာတစ်စောင်ရေး၍ အီသီယယ်လက်သို့ ပေးလိုက်လေ၏။

အီသီယယ်နှင့် အဖော်တစ်ယောက်သည် ထိုညတွင် ရုပ်ဖျောက်ထွက်သွား၍ နံနက်လင်းသောအခါ ချောမောစွာ ပြန်၍ ရောက်လာကြ၏။ ဗင်နိုနီသည် မာသီးယပ်အိမ်သို့ ရောက်သွားပြီးနောက် ဘုရားရှိခိုးကျောင်းတွင် ကာလစ်နှင့် အတူ ခိုလှုံလျက်ရှိကြောင်း၊ သို့နှင့် တံခါးစောင့်အား ရွှေဒင်္ဂါးတစ်ပြားပေးပြီးလျှင် စာကို အပို့ခိုင်းလိုက်ရကြောင်း ပြောပြ၏။ ထို့ပြင် ဂျေရုဆလမ်ကို တိုက်ခိုက်ရန် ဆီဇာရီယာမြို့မှ ချီတက်လာသော ရောမစစ်တပ်တွင် မားကပ်သည် မြင်းတပ်မှူးအဖြစ် ပါလာသည်ဆိုသော သတင်းတစ်ရပ်ကိုလည်း ကြားသိခဲ့ရလေသည်။

*

မီရီယန်သည် စာနှင့် လက်ဆောင်များ ရပြီးသည့်အချိန်မှ စ၍ နှစ်နှစ်အတွင်း မားကပ်၏ သတင်းကို မကြားခဲ့ရပေ။ ပထမ၌ မားကပ်မှာ သေလေပြီလော ဟု စိုးရိမ်လျက်ရှိရာမှ ယခုကဲ့သို့ သတင်းကို ကြားရသောအခါ အလွန့်အလွန် ဝမ်းမြောက်မိ၏။ တွေ့ဆုံရန် ခဲယဉ်းသည်မှန်စေကာမူ၊ မားကပ်နှင့် မျက်နှာချင်းဆိုင်ရန် အနည်းဆုံး တစ်ကြိမ်မျှ တွေ့ရန် ဆုတောင်းမိ၏။

တစ်ပတ်ခန့်မျှ ကြာသောအခါ ခြေမှ အနာမှာ ပျောက်ကင်းသွားသော်လည်း မီရီယန်မှာ လောင်းမိသောပန်းပမာ စိတ်ပန်းလူပန်း ညှိုးနွမ်းလျက်ရှိတော့၏။ သို့နှင့်လေကောင်းလေသန့် ရှူရှိုက်နိုင်ရန် အပြင်သို့ ထွက်ခွင့်တောင်းရာ ဘေးရန်များသည်ဟု အခွင့်မရချေ။ နောက်ဆုံး၌ နီဟွတ်စတာကပါ ကူညီပြီးလျှင် ဤသို့မှ အပြင်သို့မထွက်ရလျှင် မီရီယန်မှာ သေဖွယ်ရှိကြောင်း ပြောပြရာ၊ အီသီယယ်သည် နောက်ဆုံး၌ မတတ်သာတော့ဘဲ အပြင်မျှော်စင်ကြီးပေါ်သို့ တက်ရန် ခွင့်ပြုလိုက်ပြီးနောက်၊ သူကိုယ်တိုင် နီဟွတ်စတာအား လိုက်ပို့ပြသခဲ့လေ၏။

သူတို့နှစ်ယောက်သည် ရေလှောင်ကန်မှ အပေါ်သို့ လှေကားအတိုင်း တက်ခဲ့ရာ အဆုံးတွင် အံကျတံခါးတစ်ခုကို တွေ့ရ၏။ ၎င်းမှ ဝင်သွား၍ ဂူသဖွယ် အခန်းကလေး တစ်ခုထဲသို့ ရောက်သွားရာ တံခါးမှာ နံရံများနှင့် တစ်ထေရာတည်း တူအောင်ပြုလုပ်ထားသဖြင့် ပြန်ပိတ်လိုက်သည့်အခါ တံခါးရှိသည်ဟုပင် မသိနိုင်ချေ။ အခန်းထဲ၌ကား လှေကားအတိုင်း တက်ခဲ့ကြပြန်ရာ နံရံကြီး တစ်ခု ဆီး၍နေသည်ကို တွေ့ရ၏။ အီသီယယ်သည် ထိုနေရာသို့ ရောက်သောအခါ နံရံအက်ကြောင်းထဲသို့ တစ်ပေခန့်ရှည်သော သံပြားကလေးကို ထိုးသွင်းလိုက်ရာ၊ လူတစ်ယောက် ဝင်နိုင်ရုံမျှရှိသော ကျောက်တံခါးရွက်တစ်ချပ် ပွင့်သွား၍ အပြင်သို့ ထွက်ခဲ့ကြလေ၏။ အီသီယယ်က တံခါးကို ပြန်လွှတ်လိုက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ၊ တံခါးရွက်သည် အလိုအလျောက် ပြန်ပိတ်သွား၍ နံရံ၌ မည်သည့်နေရာတွင် တံခါးရှိကြောင်း မသိနိုင်တော့ချေ။ အီသီယယ်သည် နီဟွတ်စတာအား တံခါးဖွင့်နည်းကို ပြပြီးနောက် သူတို့လည်း မျှော်စင်ပေါ်သို့ ရောက်ခဲ့ကြလေ၏။

မျှော်စင်ကြီးကား ထုထည်ကောင်း၍ လေးထောင့်စပ်စပ်ဖြစ်၏။ ပေ ၄၀ ခန့်ကျယ်ဝန်း၍ ပေ ၁၀၀ ခန့်မြင့်ပြီးလျှင် အမိုးမရှိတော့ချေ။ သို့သော် မျှော်စင်၏ စင်္ကြံလေးခုသို့ ရောက်သော ကျောက်လှေကားမှာ အကောင်းပကတိ ရှိနေသေး၍ ၎င်းမှ ထွက်သွားကြရာ၊ မကြာမီ အမိုးနှင့် ၁၀ ပေခန့်သာ ဝေးသော အပေါ်ဆုံးစင်္ကြံသို့ ရောက်သွား၍ ထိုနေရာမှ ဂျေရုဆလမ်မြို့ကြီးကို အထင်းသား မြင်နိုင်လေသည်။

နောက်တစ်နေ့၌ မီရီယန်သည် အပေါက်တစ်ခုမှ တစ်ခုသို့လျှောက်သွားရင်း အောက်ဘက်သို့ ကြည့်ရှုလျက်ရှိ၏။ တောင်ဘက်တွင် နေရောင်ဖြင့် ပြောင်လက်နေသော ဘုရားရှိခိုးကျောင်းကြီးနှင့် အိုး အိမ်ပေါင်း ထောင်သောင်းမက တည်ရှိရာ မြို့ကြီးတစ်မြို့လုံးကို စီး၍ မြင်ရ၏။ အရှေ့ဘက်တွင် လျှိုကြီးနှင့် ၎င်းနောက်ဆွယ်တွင် စိမ်းလန်းစိုပြည်သော သစ်ပင်များ ဖုံးအုပ်နေသည့် ဆော်လစ်တောင်ကုန်းကိုလည်း တွေ့မြင်ရလေသည်။ မြောက်ဘက်တွင် 'အင်ဟိုနီယ' မျှော်စင်ကြီးနှင့်တကွ၊ အနောက်ဘက်တွင်'ဟေရှု' နန်းတော်ကြီးကိုလည်း ကောင်း၊ မရေမတွက်နိုင်အောင် များပြားလှသော တံတိုင်းများ၊ ခံတပ်များ၊ တံခါးပေါက်များနှင့် နန်းတော်ဆောင်များကိုလည်းကောင်း၊ လူသွားလူလာတို့ဖြင့် ရှုပ်ယှက်ခတ်နေသည့် လမ်းကြီး၊ လမ်းငယ်တို့ကိုလည်းကောင်း ကြည့်ရှုရင်း အီသီယယ်က မီရီယန်အား စိတ်ရှည်လက်ရှည် ပြောပြလျက်ရှိ၏။

အောက်ဘက်တွင် ဈေးကွက်လပ်ကြီးကိုလည်းကောင်း၊ မျှော်စင်နှင့် ဆက်စပ်လုမတတ် ဆောက်လုပ်ထားသည့် အိမ်ပေါင်းများစွာကိုလည်းကောင်း တွေ့ရ၏။ ထိုအိမ်ခေါင်မိုးများပေါ်တွင် ပုန်းအောင်းခိုလှုံလျက်ရှိသော လူများကိုလည်း တွေ့ရ၏။ သို့ကြည့်ရှုနေစဉ် အရှေ့မြောက်ဘက် လျှိုကြီးရှိရာ လမ်းပေါ်တွင် ရောမစစ်တပ်ကြီးသည် ဖုန်တထောင်းထောင်းထကာ သံချပ်အင်္ကျီရောင် တပြောင်ပြောင် လှံရောင်တလက်လက်ဖြင့် ချီတက်လာသော ရောမစစ်တပ်ကြီးကို တွေ့မြင်ရလေ၏။ အိမ်မိုးပေါ်မှ လူများလည်း ဖုန်တထောင်းထောင်းထနေသော နေရာသို့သာ စူးစိုက်ကြည့်လျက်ရှိကြ၏။ ပတ်ဝန်းကျင်သည် ငြိမ်သက်လျက်ရှိစဉ်၊ 'ဂျေရုဆလမ်မြို့ကြီးကား ပျက်စီးတော့အံ့၊ ကပ်ကြီးဆိုက်ရောက်တော့အံ့" ဟု လေးလေးတွဲ့တွဲ့ အော်လိုက်သော အသံတစ်သံကို ကြားလိုက်ရလေရာ၊ ကြားရသူလူအပေါင်းမှာ တုန်လှုပ်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com

## ၈၂ ❐ ဒဂုန်ရွှေမျှား

ရောမစစ်တပ်ကြီး၏ရှေ့ဆုံးတွင် ထောင်ပေါင်းများစွာသော ဆီရီယန် မဟာမိတ်များနှင့် ဘေးပတ်ဝန်းကျင်တွင် ကင်းထောက်တပ်များနှင့် လေးသည်တော်များ ချီတက်လာကြ၏။ နောက်တွင် အစဉ်အတိုင်း လမ်းပြင်သမားများ၊ ပစ္စည်းအသုံးအဆောင်များတင်သည့် ဝန်တင်တိရစ္ဆာန်များနှင့် ကိုယ်ရံတော်တပ်သားများ၊ အရာရှိများ၊ လုံ့ကိုင်များ၊ မြင်းသည်တော်များ ခြံရံကာ 'တီးတပ်' ကိုယ်တိုင် လိုက်ပါလာ၏။ ဗိုလ်ချုပ်တို့နောက်တွင် မရေမတွက်နိုင်အောင် များပြား လှသော ဘီးတပ်သည့်တုံးမောင်းများ၊ လောက်လွှဲကြီးများ စသည့် စစ်သုံးလက် နက်ကိရိယာများ ပါလာလေသည်။ ၎င်းတို့နှင့်အတူ အရာရှိများ၊ တပ်ခွဲမှူးများ၊ ကိုယ်ရံတော်တပ်သားများ၊ အလံကိုင်များနှင့် ခရာသမားများ လိုက်ပါလာကြ၏။ သူတို့၏နောက်တွင်ကား မြောက်မြားလှစွာသော စစ်သည်တော်တို့သည် ခြောက်ယောက်စီ တန်း၍ ချီတက်လာရာ သူတို့နောက်မှ မြင်းတပ်များလိုက်ပါလာလေသည်။ နောက်ဆုံးတွင် ရိက္ခာ အသုံးအဆောင်ပစ္စည်း သယ်ယူသူများပါကြ၏။ ထိုကြီးကျယ်လှသော ရောမ တပ်မတော်ကြီးသည် 'ဆော' တောင်ကုန်းသို့ ရောက်သောအခါ စခန်းချလေ၏။ တစ်နာရီခန့်ကြာသောအခါ ငါးရာ ခြောက်ရာ ခန့်မျှရှိသော မြင်းသည်တော်တို့သည် စခန်းချရာမှ ထွက်လာပြီးနောက်၊ ဂျေရူဆလမ်မြို့သို့ ရှေ့ရှုချီတက်လာကြလေ၏။ ဘုရင့်အလံတော်ကို လွှင့်ထူလာသည်ကို မြင်ရသဖြင့် တီးတပ်ကိုယ်တိုင် ခေါင်းဆောင်ချီတက်လာဟန် တူလေသည်။

မြင်းသည်တော်များ တဖြည်းဖြည်း နီးကပ်လာ၍ တစ်ဦးနှင့်တစ်ဦး ကွဲပြားစွာမြင်နိုင်သော နေရာသို့ရောက်သောအခါ မားကပ်မှာ သူ၏စစ်ဗိုလ်နှင့် အတူ ပါလာမည်ထင်သဖြင့် မီရီယန်သည် စေ့စပ်စွာ ကြည့်ရှုလျက်ရှိ၏။ အသေအချာကား မတွေ့ရသေးချေ။

မြင်းသည်တော်တို့သည် မိန်းမျှော်စင်ကိုဖြတ်၍ ချီတက်သွားစဉ် မျှော်စင်တံခါး ရုတ်တရက် ပွင့်လာလျက် လမ်းကြားများနှင့် အိမ်များတွင် ပုန်းအောင်းနေကြသော ရဟူဒီတို့သည် စစ်ကြွေးကြော်သံများကို ဟစ်အော်ကာ တရကြမ်း ပြေးထွက်လာကြပြီးနောက် မြင်းသည်တော်တို့အား ခါးလည်မှဖြတ်၍ အတင်း တိုးဝင်တိုက်ခိုက်ကြလေ၏။ ထိုအခါ မြင်းသည်တော်များ အများအပြား ကျဆုံး၍ ဘုရင့်အောင်လံတော်သည်လည်း လဲချည်တစ်ခါ ထောင်ချည်တစ်လှည့် ရှိနေသည်ကို တွေ့မြင်ရလေ၏။ သို့ပင်ဖြစ်လင့်ကစား၊ ရောမမြင်းတပ်မှာ ကျန်ရှိသော လူနှင့်ပင် အခြေမပျက်ပြန်လည် ဆုတ်သွားသည်ကို နောက်ဆုံး မီရီယန် တွေ့လိုက်ရလေသတည်း။

***

www.burmeseclassic.com

www.burmeseclassic.com



လေးလခန့် ကုန်လွန်၍သွားလေရာ၊ ထိုအချိန်အတွင်း ဂျေရုဆလမ်မြို့သူမြို့သားများ ခံစားရသည့်ဒုက္ခမျိုးကို ကမ္ဘာ့သမိုင်းတွင် မတွေ့ရချေ။ ရဟူဒီသည် ဂိုဏ်းအချင်းချင်း တိုက်ခိုက်ခြင်းကို ရပ်စဲ၍ ရန်သူတို့အား တိုက်ခိုက်ကြ၏။ သို့နှင့် ထောင်ပေါင်းများစွာသော ရောမတို့ ကျဆုံးကာ သူတို့၏ဘီးတပ်သော တုံးမောင်းကြီးများနှင့် လောက်လွှဲကြီးများကိုလည်း သိမ်းဆည်းခြင်း ခံရ၏။ သို့နှင့်ပင် 'တီးတပ်' သည် တတိယမြို့ရိုးနှင့် ဗက်ဆီယာ မြို့သစ်၊ ထို့နောက် ဒုတိယမြို့ရိုးကို သိမ်းပိုက်နိုင်ခဲ့၏။ ထို့နောက် သူ့ဘက်သို့ဝင်လာသော 'ဂျိုဆက်ဖတ်' ခေါ် ရဟူဒီ သမိုင်းဆရာကို စေလွှတ်ကာ ရဟူဒီတို့အား လက်နက်ချရန် သွေးဆောင်စေခဲ့၏။ သို့သော် ခဲမျှားဖြင့် ပေါက်လွှတ်ခြင်းသာ ခံရ၍ စစ်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ပင် ရှိလေသည်။

ရတ်တရက် ဝင်ရောက်စီးနင်း၍ ရပုံမပေါ်သောအခါ တီးတပ်သည် ဘုရားရှိခိုးကျောင်းနှင့် ခံတပ်များကို ဝိုင်းရံကာမြို့သူမြို့သားများအား အစာရေစာ ပြတ်လပ်အောင် အတင်းပိတ်ဆို့လေတော့၏။ ရဟူဒီဂိုဏ်းချင်း စိတ်ဝမ်းမကွဲမီက စားရေရိက္ခာလုံလောက်စွာရှိသော်လည်း၊ မီးရှို့ဖျက်ဆီးခြင်းခံရသဖြင့် ရိက္ခာများ မလုံမလောက်ဖြစ်ခဲ့ရာ၊ ထောင်ပေါင်းများစွာတို့သည် အစာရေစာ ပြတ်လျက် ရှိကြကုန်၏။ ညစဉ်လည်း ထောင်ပေါင်းများစွာတို့သည် မြို့မှ ထွက်ပြေးကြရာ၊ ရောမတို့လက်တွင်းသို့ ကျရောက်ကြကုန်၏။ ရောမတို့ကလည်း ဖမ်းဆီးမိသမျှ သတ်ဖြတ်ခဲ့ရာ၊ နောက်ဆုံး ကားစင်စိုက်ရန် မြေလပ်ပင် မရှိသလောက်ဖြစ်ခဲ့၏။ မီရီယန်သည် ထိုအဖြစ်အပျက်များကို မျှော်စင်ပေါ်မှ နေ့စဉ်တွေ့မြင်ရ၍

www.burmeseclassic.com



လမ်းမများပေါ်တွင် အတုန်းအရုန်းသေနေကြသော အလောင်းများကိုလည်း မြင်ရလေသည်။ ဤသို့ သွေးချောင်းစီးမျှ တိုက်ခိုက်သော တိုက်ပွဲများကို မြင်ရသော အခါ လွန်စွာပင် စိတ်မချမ်းမသာ ဖြစ်ခဲ့လေ၏။

ဤအတွင်း စားရေရိက္ခာ လုံလောက်နေသော အက်ဆင်းတို့မှာ အခြေအနေအရ ရံဖန်ရံခါမှသာ သတင်းများယူရန် အပြင်သို့ထွက်ကြ၏။ ထိုအထဲမှပင် ခေါင်းဆောင် သီယိုစီလမ် အပါအဝင်ဂိုဏ်းဝင်အတော်များများ ဖမ်းဆီးခြင်းခံရ၏။ သို့သော် သူတို့ကား၊ လျှို့ဝှက်သောနေရာကို မပြောဘဲ အသေခံ၍သာ သွားကြလေသည်။ ထိုအတွင်း မာသီယမ်နှင့် သူ့လူအချို့မှာ ရဟူဒီ လွှတ်တော်ချုပ်ကောင်စီဝင် လူကြီး ၁၆ ဦးနှင့်အတူ အသတ်ခံရ၍ ဗင်နီနိုအား ကောင်စီလူကြီးအဖြစ် အရွေးခံရကြောင်း၊ ကာလစ်မှာလည်း ဘုရားရှိခိုးကျောင်းအတွင်း၌ ရှိနေပြီးလျှင် တိုက်ပွဲတိုင်းတွင် ခေါင်းဆောင်လျက်ရှိကြောင်း၊ သတင်းများကို ကြားရလေ၏။ အချိန်မှာ ဩဂုတ်လသို့ပင် ရောက်ရှိခဲ့၍ ပူပြင်းသောနေ၏ဒဏ်ကိုလည်းကောင်း၊ လမ်းပေါ်တွင် ပြန့်ကြဲနေသည့် လူသေများမှ ဆိုးရွားသော အနံ့အသက်များကိုလည်းကောင်း ခံစားရကုန်၏။

တစ်နေ့သော ည အရုဏ်မတက်မီ တစ်နာရီခန့်အချိန်တွင် မီရီယန်သည် နီဟွတ်စတာနှင့်အတူ မျှော်စင်ကြီးပေါ်မှ ကြည့်ရှုလျက်ရှိရာ၊ ရောမတို့ စစ်စခန်းများမှ မီးရောင်များကို မြင်ရ၏။ သူတို့ မျှော်စင်ကြီးရှိသော အရပ်ကိုပင် ရောမတို့က သိမ်းပိုက်ထား၏။ အရုဏ်တက်သည်နှင့်တစ်ပြိုင်နက်၊ အော်လစ်တောင်စွယ်မှ ထိုးထွက်လာသော နေရောင်ခြည်များသည် ဘုရားရှိခိုးကျောင်းအမိုးပေါ်သို့ ကျရောက်လျက်ရှိရာ၊ ထိုအချိန်၌ မြောက်ဖက်တံခါးမကြီးများ ပွင့်သွားပြီးနောက် ထောင်သောင်းမကသော ရဟူဒီတပ်သားများသည် စစ်အောင်သံများကို ကြွေးကြော်ကာ ထိုးဝင်လာကြ၏။ ရောမတပ်စိပ်ကလေးများက ဆီးကြိုတိုက်ခိုက်သော်လည်း၊ သူတို့သာ တပ်လုံးပြုတ်၍သွားလေတော့၏။ ရဟူဒီတို့သည် ရှေ့သို့တက်ကာ ဒုတိယမြို့ရိုးကို ထွင်းဖောက်ပြီးနောက် အိမ်ပျက်များသို့ပင် ရောက်ခဲ့ကြလေပြီ။ မျှော်စင်ကြီးရှေ့ကွက်လပ်၏အခြားဘက်တွင် အခိုင်အလုံ တပ်စွဲလျက်ရှိသည့် အသက်မသေ ကျန်နေသော ရောမစစ်သားသည် ထိုကွက်လပ်ကို ကျော်ဖြတ်ကာ မိမိတို့တပ်မ,ရှိရာသို့ ဒရောသောပါး ပြေးလျက်ရှိကြ၏။ ထိုအခါ ရောမစစ်သားသစ်များက နောက်မှထက်ချပ်လိုက်လာသော ရဟူဒီတို့အား ဆီးကြိုတိုက်ခိုက်လေရာ၊ ရဟူဒီတို့မှာ နောက်သို့ပြန်ဆုတ်ကြရပြီးလျှင် အိမ်ပျက်များကို အကာအကွယ်ယူရတော့၏။

ရုတ်တရက် မီရီယန်၏ မျက်လုံးများသည် ရောမတပ်သားသစ်များကို အုပ်ချုပ်ကွပ်ကဲနေသည့် ဗိုလ်မှူးတစ်ဦးထံသို့ ရောက်၍သွား၏။ ထိုသူမှာ ခံ့ညား



www.burmeseclassic.com

www.burmeseclassic.com



တောက်ပြောင်သော သံကိုယ်ကျပ် အင်္ကျီကြီးကို ဝတ်ကာ အနီးမှ တဝီဝီသွားနေသော မြားများကို ဂရုမစိုက်ဘဲ အောင်မြင်ပြတ်သားသော အသံဖြင့် သူ၏တပ်သားများကို အမိန့်ပေးလျက်ရှိလေသည်။ သူသည် စစ်ပွဲတွင် ကျသူများအား ငုံ့ကြည့်လျက်ရှိရာမှ မျှော်စင်ကိုမော်၍ ကြည့်လိုက်ရာ၊ သူ၏မျက်နှာကို ကောင်းစွာ မြင်လိုက်ရလေသည်။ မုတ်ဆိတ်ခတ်တိုတိုနှင့် ယခင်ကထက် အနည်းငယ်အိုစာပြီးလျှင်၊ အတန်ငယ် ရုပ်ပြောင်းနေသော်လည်း ထိုသူမှာ မားကပ်ပင်ဖြစ်တော့၏။

"နူးရေ ... ဟိုမှာကြည့်စမ်း ဟိုမှာကြည့်စမ်း"

"အစကတည်းက သူဖြစ်လိမ့်မယ်လို့ နူးတော့ အထင်သားပဲ။ ကိုင်း ... ကျွန်ုပ်တို့ သွားကြစို့လား"

"ဘာကြောင့် သွားရမှာလဲ နူးရဲ့"

"ဒီမျှော်စင်ကြီးကို တစ်နည်းနည်းနဲ့ အသုံးကျမယ်ထင်ပြီး တံခါးကို ရိုက်ခွဲဝင်လာရင် ဘယ်နှယ်လုပ်မလဲ"

"တွေ့ကော ဘာဖြစ်သေးသလဲ။ ရဟူဒီတွေဆိုရင်လည်း ကိုယ့်ဘက်သားပဲ။ ရောမကိုလည်း မကြောက်ပါဘူး။ ကျွန်ုပ်တော့ တိုက်ပွဲပြီးအောင် ကြည့်ချင်သေးတယ်။ ဟိုမှာ ကြည့်စမ်းပါဦး။ ကာလစ်ကိုယ်တိုင် ရဟူဒီတွေကို ခေါင်းဆောင်ပြီး တိုက်နေပါကလား"

သို့ပြောဆိုလျက်ရှိစဉ် မားကပ်သည် အခြားတပ်မှူးများနှင့်တကွ စစ်တပ်ကို ပြန်လည်စီစဉ်ကာ ကာလစ်ခေါင်းဆောင်လာသော ရဟူဒီတပ်ကြီးနှင့် ကွက်လပ်တွင် တွေ့ဆုံကြလေ၏။ ထိုအခါ တစ်ဖက်နှင့်တစ်ဖက် လက်လှမ်းမီ တိုက်ပွဲဖြစ်သဖြင့် သဲသဲမဲမဲ တိုက်ခိုက်ကြလေရာ၊ မီရီယန်သည် မားကပ်နှင့် ကာလစ်တို့ကိုသာ ဂရုစိုက် ကြည့်ရှုလျက်ရှိလေသည်။ မားကပ်မှာ သူ၏မြင်းလဲကျသွားသဖြင့် ခြေကျင်တိုက်၍ နေရလေရာ၊ ကာလစ်ကမူ ရောမတပ်သားများအား တစ်ယောက်ပြီးတစ်ယောက် ခုတ်ချလျက်ရှိလေသည်။ ထို့ပြင် သူတို့နှစ်ယောက်သည်လည်း တစ်ယောက်ဆီသို့တစ်ယောက်ရောက်အောင် ကြိုးစားနေသည်ကို မြင်ရ၏။ သို့နှင့် သူတို့သည် တစ်ယောက်ဆီသို့ တစ်ယောက် တရွေ့ရွေ့ နီးကပ်လာလေရာ နောက်ဆုံး၌ မျက်နှာချင်းဆိုင်မိကြ၍ သဲသဲမဲမဲ တိုက်ခိုက်ကြလေတော့၏။ သို့သော် ရောမမြင်းတပ်က ဖိ၍လာသဖြင့် လူချင်းကွဲပြန်လေသည်။ မကြာမီ တိုက်ပွဲရပ်စဲသွားပြီးနောက် နှစ်ဖက်လုံး ဒဏ်ရာရသူများအား သယ်ဆောင်ကာ တပ်ကို ပြန်၍ ဆုတ်ကြပြန်လေသည်။

ဤသို့ဖြင့် နှစ်နာရီ သုံးနာရီခန့်မျှ နားချိတစ်ခါ တိုက်ချီတစ်လှည့် ရှိနေကြပြီးနောက် နောက်ဆုံးတွင် ရဟူဒီတို့သည် ခံစစ်ဘက်သို့ ပြောင်းကာ

www.burmeseclassic.com



ရဟူဒီတို့ကလည်း အိမ်ပျက်များကိုစီး၍ မြားများနှင့် တရစပ် ပစ်ခတ်လျက်ရှိလေသည်။ နီဟွတ်စတာ တင်ကြိုတွေးထင်သည့်အတိုင်းလည်း ဖြစ်လာသဖြင့် နှစ်ယောက်သားမှာ အခက်ကြုံလျက်ရှိတော့၏။ တိုက်ပွဲများ ခေတ္တ ရပ်ဆိုင်းလျက်ရှိစဉ် ရဟူဒီတို့သည် သစ်သား ယက်မတစ်ချောင်းဖြင့် မျှော်စင်ကြီး၏ တံခါးကို အတင်းရိုက်ဖွင့်ကြတော့၏။ သို့သော် အပေါ်သို့ကား တက်မလာချေ။ အကယ်၍ နောက်တစ်ချီ ရောမတို့ တိုက်ခိုက်က ဆင်းချိန်မရဘဲ အပေါ်တွင် ပိတ်မိနေမည်စိုးသောကြောင့် ဖြစ်ဟန်တူ၏။ သို့သော် မျှော်စင်အောက်ထပ်ကိုမူ ဒဏ်ရာအကြီးအကျယ်ရသူများအား ထားသိုရန် အသုံးပြုကြလေပြီ။

တိုက်ပွဲများ ခေတ္တမျှရပ်စဲနေသည့်အတွင်း နှစ်ဖက်မှ စစ်သားများသည် တစ်ဖက်နှင့်တစ်ဖက် ပြောင်လှောင် ရန်စကာ ရှိနေကြလေရာ၊ မကြာမီ တံတိုင်းတစ်ခုအကွယ်မှ ကာလစ်ကိုယ်တိုင် ထွက်လာပြီးနောက် “အကယ်၍ ရောမတို့ဘက်မှ မြင်းတပ်မှူး မားကပ်သည် ကွင်းပြင်အလယ်သို့ တစ်ယောက်တည်း ထွက်လာပါက ဝမ်းမြောက်ဖွယ်သတင်းတစ်ရပ် ပြောပြပါမည်” ဟု ဟစ်အော်၍ ခေါ်လေ၏။ ထိုအခါ မားကပ်သည် သူ၏ရဲဘော်များက အတင်းဆွဲနေသည့်ကြားထဲမှပင် ရုန်းထွက်လာကာ “ကျွန်ုပ် လာပြီ” ဟု ပြောကာ ထွက်လာလေသည်။ ဤသို့နှစ်ယောက်ရင်ဆိုင်မိကြ၍ စကားပြောနေကြသည်ကို မျှော်စင်ပေါ်မှ မီရီယန်တို့မှာ တစ်စုံတစ်ရာ မကြားရသော်လည်း နှစ်ယောက်ချင်း တိုက်လိမ့်မည်ဟုကား ထင်မှတ်နေကြလေသည်။

သို့သော် မားကပ်သည် ကာလစ်က တစ်စုံတစ်ရာ ပြောလိုက်သည်ကို သဘောမကျသည့်ဟန်ဖြင့် ခေါင်းခါပြီးလျှင် သူ့စစ်တပ်ဘက်သို့ ပြန်လျှောက်သွားရာ ကာလစ်က “ဟေ့ သူရဲဘောကြောင်တဲ့ အကောင်” ဟု အော်လိုက်လေသည်။ မားကပ်သည် ဖျတ်ခနဲ ရပ်လိုက်ပြီးလျှင် တွေ၍ကြည့်နေပြီးနောက် လျှောက်မြဲလျှောက်သွားပြန်ရာ ကာလစ်က ဓားကိုဆွဲထုတ်ကာ မားကပ်၏ ကျောကို တစ်ချက် လှမ်း၍ရိုက်လိုက်သဖြင့် ရဟူဒီတို့က လှောင်ပြောင် ရယ်မောကြလေ၏။ ထိုအခါမှ မားကပ်သည် သူ၏ဓားကို လျင်မြန်စွာ ထုတ်လိုက်ပြီးနောက် ကာလစ်၏ လည်မျိုကို ချိန်၍ထိုးလိုက်လေ၏။ သို့သော် ကာလစ်သည် ထိုသို့ဖြစ်မည်ကို သိပြီးဖြစ်သည့်လက္ခဏာနှင့် တစ်ဘက်သို့ ပေါ့ပါးစွာ ခုန်၍ ရှောင်လိုက်ပြီးနောက် သူ၏ဓားကြီးဖြင့် မားကပ်၏ ခေါင်းကို ခုတ်ချလိုက်ရာ သံခမောက်သာမကောင်းခဲ့ပါမူ မားကပ်၏ဦးခေါင်းမှာ နှစ်ခြမ်းကွဲ၍သွားဖွယ်ရှိ၏။ ထိုအခါ မားကပ်မှာ မွှန်၍သွားဟန်ဖြင့် ဒယိမ်းဒယိုင် ဖြစ်ကာ လက်မှဓား လွတ်၍ကျသွားလေ၏။ အချက်ကောင်းကို စောင့်နေသော ကာလစ်သည် မားကပ်အားကိစ္စတုံး စီရင်ရန် ခုန်၍အုပ်လိုက်၏။ သို့သော် ထိုအချိန်၌ မားကပ်မှာ ကောင်းစွာ

www.burmeseclassic.com



သတိရလာပြီဖြစ်၍ လက်နက်မဲ့သူတို့ ခုခံမြဲဖြစ်သည့်အတိုင်း လူချင်းပူးကာ ကာလစ်၏လည်မျိုကို ဖျစ်ညှစ်လေတော့၏။ ဤတစ်ကြိမ်တွင် ကာလစ်၏ဓားချက်သည် ပခုံးပေါ်သို့ ကျသွားသော်လည်း သံချပ်အင်္ကျီကြောင့် တစ်စုံတစ်ရာ မဖြစ်ချေ။ မကြာမီ နှစ်ယောက်စလုံး မြေပေါ်သို့လဲကျသွားပြီးနောက် ကာလစ်က ဓားနှင့်ထိုးရန် ကြိုးစားသကဲ့သို့၊ မားကပ်ကလည်း လည်မျိုကို ဖျစ်ညှစ်ရန် ကြိုးစားလေ၏။ ထိုအချိန်တွင် နှစ်ဖက်စလုံးမှ "ကူကြဟေ့ ... ဖမ်းကြဟေ့ ... တိုက်ကြဟေ့" ဟူသော အသံများ ပေါ်ထွက်လာပြီးနောက် ထွေးလုံးနေသူ နှစ်ယောက်အားတွင် သဲသဲမဲမဲ တိုက်ခိုက်ကြပြန်လေ၏။

ထိုတိုက်ပွဲကား ထိုနေ့အတွက် ကြောက်မက်ဖွယ် အကောင်းဆုံး ဖြစ်တော့၏။ ရောမတို့သည် သူတို့သေမည်ထက် ရန်သူ့ဘက်သို့ သူတို့၏ဗိုလ်မှူး ကျရောက်မည်ကို စိုးရိမ်သည်နှင့်အမျှ ရဟူဒီတို့ကလည်း အဖိုးတန်သုံ့ပန်းတစ်ယောက် လွတ်သွားမည်ကို စိုးရိမ်ကြ၏။ နှစ်ဖက်မှ ကျဆုံးသူများ မည်မျှလောက်များပြားသနည်းဆိုပါကမူ မားကပ်နှင့်တကွ ကာလစ်ပါ လဲကျသူများအောက်တွင် ပိ၍နေတော့၏။ ရဟူဒီတို့ဘက်မှ စစ်ကူရောက်လာသော်လည်း ရောမတို့ကား ကြံ့ကြံ့ခိုင်ခိုင် ရှိနေကြလေသည်။

ထိုအချိန်တွင် ကွက်လပ်ကြီးအနောက်ဘက်မှ သုံးလေးရာခန့်မျှသော ရဟူဒီတို့ ထွက်ပေါ်လာပြီးလျှင် ရောမတို့အား ဘေးဘက်မှ ဝင်၍တိုက်ခိုက်လေရာ၊ ရောမဘက်မှ တပ်မှူးကြီးသည် မားကပ်အား မကယ်နိုင်တော့ဘဲ နောက်သို့ ဆုတ်ရလေတော့၏။ သို့သော် ရောမတို့ဘက်မှ မြေကတုတ်များမှာ အလွန်ကြံ့ခိုင်လှသဖြင့် ဆက်၍မတိုက်ဘဲ နောက်သို့ အတန်ငယ် ပြန်၍ ဆုတ်ကာ ကွက်လပ်ကြီးနှင့် အလှမ်း ၃၀ ခန့်ကွာသော တံတိုင်းကြီးအနီးတွင် တပ်စွဲနေကြလေသည်။ ထိုအချိန်တွင် ကွက်လပ်ကြီးထဲ၌ ဒဏ်ရာရနေသော ရောမစစ်သားတို့သည် မိမိတို့ဘက်မှ အပြစ်ပေးခြင်းကိုလည်းကောင်း၊ ရန်သူ့လက်သို့ ကျရောက်မည်ကိုလည်းကောင်း မခံတော့ဘဲ မိမိတို့ကိုယ်ကို မိမိတို့ သတ်၍သေကြကုန်၏။ မားကပ်လည်း ဤကဲ့သို့ ပြုလုပ်လို၏။ သို့သော် သူ့တွင် ဒဏ်ရာများမှာ သွေးများယိုစီးလျက် အင်အားလည်း မရှိ၊ လက်နက်လည်း မရှိတော့ချေ။ ရဟူဒီတို့က သူတို့နှစ်ယောက်အား အလောင်းကောင်များကြားမှ ဆွဲထုတ်နေဆဲမှာပင် သူ သည် မေ့မျော့၍သွားလေသည်။ သို့နှင့် သူ့အား ရဟူဒီတို့က သုံ့ပန်းအဖြစ်ဖြင့် ဖမ်းဆီးထားရန် မျှော်စင်ကြီးအောက်သို့ သယ်ယူခဲ့ပြီးနောက် အစောင့်တစ် ယောက်ထား၍ထွက်သွားကြလေသည်။ ထိုအချိန်၌ မျှော်စင်ကြီးအောက်တွင် ဒဏ်ရာရသူများ မရှိတော့ဘဲ ဒဏ်ရာကြောင့် သေဆုံးသွားကြသည့် ရဟူဒီများသာ ကျန်ရှိလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မီရီယန်သည် အထက်ပါ အချင်းအရာများကို မျှော်စင်ကြီးပေါ်မှနေ၍ မြင်နေရသဖြင့် စိတ်နှလုံး တုပ်လှုပ်ချောက်ချားလျက် ရှိရာ ရဟူဒီတို့က သူ့အား သတ်လို၍မဟုတ် အရှင်ဖမ်းလို၍သာ ဤသို့ ပြုလုပ်ခြင်းဖြစ်ကြောင်းနှင့် နီဟွတ်စတာက အားပေး၍ နေရရှာတော့၏။ မီရီယန်သည် သူ၏ချစ်သူအား ကယ်ဆယ်ရန် နည်းလမ်းများပေးပါရန် ဆုမွန်တောင်းလျက်ရှိလေသည်။

သို့ကြောင့်ပေလောမသိ၊ နီဟွတ်စတာ၌ အကြံတစ်ခု ပေါ်လာ၏။ မားကပ်အား ချထားသည့် အခန်းထဲတွင် လူသေများသာ ရှိ၏။ အစောင့် နှစ်ယောက်မှာလည်း ထွက်မပြေးနိုင်ကြောင်း သိသည့်အတိုင်း တံခါးဝရှေ့၌သာ ရပ်နေ၏။ အကယ်၍ မားကပ်သာ ထနိုင်ခဲ့သော် မြေတိုက်အောက်သို့ သွားသည့် တံခါးကိုဖွင့်ကာ သူ့အား ခေါ်ဆောင်သွားရန် ဖြစ်လေသည်။ အက်ဆင်းတို့၏ လျှို့ဝှက်သောနေရာကို သိသွားမည့်အတွက် စိုးရိမ်မိသော်လည်း သူတို့၏နေရာသို့ ကောင်းစွာ ကာကွယ်ထားသဖြင့် ဤမျှလောက် စိုးရိမ်ရန်မရှိချေ။ ဤအကြံကို ပြောပြသောအခါ မီရီယန်သည် နီဟွတ်စတာ၏ နဖူးကို နမ်းရှုပ်လိုက်လေသည်။ ထိုနောက် နီဟွတ်စတာက –

"ကိုင်း ... အချိန်ဖြုန်းနေလို့ မဖြစ်ဘူး သခင်မ၊ အလင်းရောင်ရှိတုန်း သွားကြရအောင်"

သူတို့သည် လှေကားကြီးမှ တဖြည်းဖြည်း ဆင်းခဲ့ကြရာ၊ မကြာမီ အောက်ဆုံးအထစ်သို့ ရောက်ခဲ့လေ၏။ ထိုနေရာမှာ အခြားသူများက သူတို့အား မမြင်နိုင်သောနေရာဖြစ်၍ နီဟွတ်စတာသည် တွားသွားပြီးနောက် အခန်းတွင်းသို့ ခေါင်းပြူကြည့်လိုက်ရာ၊ သံကိုယ်ကျပ်အင်္ကျီမှ ဝိုးဝါးမျှ ထွက်နေသည့် အရောင်ကြောင့်သာ မားကပ်အားမြင်နိုင်လေသည်။ သူနှင့် လက်လှမ်းမီလောက်၌ပင် မျှော်စင်တံခါးပေါက်ကို ဖောက်ထားသည့်တံခါးရှိ၏။ အပေါက်နောက်၌ အစောင့်များ၏ အရိပ်ကိုလည်း မြင်ရ၏။ နီဟွတ်စတာသည် မားကပ်အပေါ်သို့ ငုံ့၍ နားထောင်စဉ် အသက်ရှူသံများ ကြားရပြီးနောက်၊ မကြာမီ မားကပ်မှာ သတိပြန်၍ လည်လာလေသည်။ ထိုအချိန်၌ မီရီယန်သည် မားကပ်ရှိရာသို့ အရဲစွန့်ကာ လာခဲ့ပြီးနောက် နားနားသို့ ကပ်၍ တီးတိုးလေသံဖြင့် ပြောကြားလေသည်။

"မားကပ် မလှုပ်နဲ့နော်၊ အသံလည်း မပြုနဲ့၊ ကျွန်ုပ်ဟာ သင်ချစ်တဲ့ မီရီယန်ပဲ၊ နူးနဲ့အတူ သင့်အသက်ကို ကယ်ဖို့ လာခဲ့ကြတယ်"

"ကျွန်ုပ် သေပြီလား၊ အိပ်မက်ပဲ မက်နေသလား၊ မပြောတတ်ဘူး"

"မသေပါဘူး မားကပ်ရဲ့မောင် ဒဏ်ရာရရုံသာ ရနေတာပါ။ ဒီမှာလေ မီရီယန်ကို မမှတ်မိတော့ဘူးလား။ မောင်ထနိုင်ရင် အက်ဆင်းတွေပုန်းတဲ့ ဂူကြီးထဲ မောင့်ကို ခေါ်သွားမလို့"



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ပြောပြသည့်တိုင်အောင် မားကပ်မှာကောင်းစွာ သတိမရသေးဘဲ အိပ်မက်မက်နေသကဲ့သို့ ရှိလေရာ၊ မီရီယန်သည် မားကပ်၏နဖူးကို ငုံ့၍နမ်းလိုက်လေ၏။

"ကိုင်းလေ … နမ်းပြပြီပဲ။ ဒါ အိပ်မက်လား၊ အလင်းရောင်သာရှိရင် သင်ပေးတဲ့ ပုလဲလည်ဆွဲနဲ့ မြလက်စွပ်ကို ပြပါရဲ့"

"အခု ဘာလုပ်ရမှာလဲ ဟင်"

"မောင် ထနိုင်ပြီလား"

"သေသေချာချာတော့ မပြောနိုင်ဘူး။ ကြိုးစားပါ့မယ်"

"နေပါဦးနူးရဲ့၊ ကျွန်ုပ်က တံခါးရွက်ကို ဖွင့်နေတုန်း နူးက သူ့ကို ပွေ့ထားစမ်းပါ။ ဟော … အစောင့်တွေ အသံကြားတယ် မြန်မြန်လုပ်"

နီဟွတ်စတာသည် မားကပ်ကို ပွေ့ထားရင်း မီရီယန်အား သံပြားချောင်းကို လှမ်း၍ပေးလိုက်လေ၏။ သို့နှင့် မီရီယန်သည် မှောင်ထဲ၌ အကာကြောင်းကို ခဲယဉ်းစွာစမ်းသပ် ရှာဖွေပြီးသော် လျှို့ဝှက်သောနည်းအတိုင်း ဖွင့်လေရာ၊ တံခါး ပွင့်သွားလေ၏။ မားကပ်သည် နီဟွတ်စတာအား တွဲ၍ ဒယိမ်းဒယိုင်သွားလေရာ၊ တံခါးဆီသို့ အရောက်တွင် မဟန်နိုင်တော့ဘဲ နီဟွတ်စတာနှင့်အတူ လဲကျသွားလေသည်။ ထိုအခါ သံချပ်အင်္ကျီနှင့် ထိခိုက်မိသော အသံကြောင့် အစောင့်တစ်ယောက်သည် သူ့အဖော် အား လှမ်း၍ မီးခွက်လှမ်းတောင်းလိုက်လေသည်။ ထိုအချိန်၌ နီဟွတ်စတာသည် မားကပ်ကို အတွင်းသို့ ဒရွတ်ဆွဲသွင်းလျက်ရှိလေရာ၊ အစောင့်တစ်ယောက်သည် မီးအိမ်နှင့် ဝင်လာပြီဖြစ်၍ မီရီယန်သည် အမှောင်ထဲမှ ရုတ်တရက် ထွက်ကာ မီးအိမ်ကို သံချောင်းဖြင့် ရိုက်ခွဲလိုက်လေ၏။

သို့ရှိစဉ် အလိုအလျောက်ပြန်ပိတ်သော တံခါးသည် တဖြည်းဖြည်း စိ၍သွားလေရာ၊ မားကပ်၏ကိုယ်လုံးကြီးမှာ နီဟွတ်စတာက မနိုင့်တနိုင် ဆွဲယူသဖြင့် အတွင်းသို့ ရောက်သွားသော်လည်း မီရီယန်မှာ အစောင့်က တံခါးကို လှမ်း၍ ဖက်လိုက်သဖြင့် မဝင်နိုင်တော့ဘဲ ရှိသည်တွင် တံခါးလည်း ပိတ်သွားလေ၏။ မားကပ်မှာ လွတ်မြောက်သွားသဖြင့် ဝမ်းမြောက်မိ၏။ သို့သော် သူ့အတွက်ကား မျှော်လင့်ရန် မရှိတော့ချေ။ အစောင့်အား သံချောင်းနှင့် ရိုက်သော်လည်း အချည်းနှီးပင် ဖြစ်ခဲ့လေသည်။ သူ့အတွက် နှုတ်ပိတ်နေရန်သာ ရှိတော့၏။ သို့ရှိစဉ် အစောင့်က ဟစ်အော်၍ အကူအညီတောင်းသဖြင့် လူတစ်စုသည် မီးအိမ်များ ကိုယ်စီဆွဲကိုင်လျက် ဝင်လာသည်။ ထိုလူစုကို ခေါင်းဆောင်၍ လာသူမှာ ကာလစ်ဖြစ်လေသည်။ သူတို့မရောက်မီပင် လျှို့ဝှက် သောတံခါးဝှက်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းကို ရိပ်မိမည်စိုးသဖြင့် မီရီယန်သည် သံချောင်းကို အမှိုက်နှင့် ကျောက်တုံးများ ပုံသောနေရာသို့ လွှင့်ပစ်လိုက်၏။

ကာလစ်က အစောင့်အား –

"ဟေ့ ... ဘာဖြစ်တာလဲ"

"ကျွန်ုပ် မသိပါအရှင်၊ သံကိုယ်ကျပ် အင်္ကျီသံကြားလို့ ဝင်ကြည့်တဲ့အခါ လူတစ်ယောက်က ကျွန်ုပ်၏ မီးအိမ်ကို သူ့ဓားနဲ့ရိုက်ခွဲလိုက်ပါတယ်။ ဟောဒီလူပါပဲ"

ထိုအခါ မီးအိမ်များဖြင့် မြှောက်ကြည့်ကြရာ၊ လုပချောမွေ့၍ အဝတ်အစား ဖရိုဖရဲဖြစ်နေသော မိန်းမပျိုတစ်ယောက်ကိုတွေ့ရသဖြင့် ရယ်မောလိုက်ကြလေ၏။

"ဟင် ... မိန်းကလေးပါကလား"

"မိန်းကလေး တစ်ယောက်ကို ဖမ်းမိနေတာများ ဒီလောက် အော်ကြီးဟစ်ကြီး ခေါ်နေရသလားကွယ်"

"ဟာ ... ငါတို့ဖမ်းထားတဲ့ ရောမဗိုလ်မှူး မရှိတော့ဘူးဟေ့"

ကာလစ်သည် တစ်စုံတစ်ရာ မပြောဘဲ မိန်းကလေးအား စိုက်ကြည့်ကာ၊ မီရီယန်ဟု ခေါ်လိုက်လေသည်။

"မှန်ပါတယ် ကာလစ်၊ ကျွန်ုပ်ပါပဲ။ သင်က ကျွန်ုပ် ပုန်းနေတဲ့နေရာကို ဘာကြောင့် ဝင်လာရတာလဲ"

ဒေါသထွက်လျက် –

"ဟေ့ ... မားကပ်ကို သင် ဘယ်မှာ ဝှက်ထားသလဲ ပြောစမ်း"

"ကျွန်ုပ် မသိရပါကလား၊ လူတစ်ယောက်တော့ မျှော်စင်ထဲက ထွက်ပြေးသွားတာ မြင်လိုက်တယ်။ မားကပ်လား ဘယ်သူလားတော့ မသိဘူး"

ထိုအခါ အစောင့်က မည်သူမျှ ထွက်မသွားကြောင်း၊ ထိုမိန်းကလေးကိုသာ ဖမ်း၍ အတွင်း၌ရှာကြရန်အကြောင်း ပြောသဖြင့် မီးအိမ်များနှင့် ရှာဖွေကြရာ၊ အပေါ်သို့တက်သည့် လှေကားကို တွေ့ရှိသဖြင့် အပေါ်သို့တက်ရောက်၍ ရှာဖွေကြသေး၏။ သို့သော် တစ်စုံတစ်ရာ မတွေ့ဘဲပြန်၍ ဆင်းလာကြစဉ် အပြင်မှ ခရာမှုတ်သံကြားရလေသည်။

မကြာမီ တံခါးဝသို့ စစ်ဗိုလ်တစ်ယောက် ရောက်လာပြီးနောက် –

"သင်တို့ရဲ့ သုံ့ပန်းတွေပါခေါ်ပြီး ဘုရားရှိခိုးကျောင်းကို သွားကြ၊ မြန်မြန် သွားကြ၊ တီးတပ်ကိုယ်တိုင် တပ်မဟာ နှစ်ခုကို ဦးစီးပြီး တိုက်နေပြီ၊ ဒါနဲ့ ရောမတပ်မှူး မားကပ်ကို မမြင်ပါကလား"



www.burmeseclassic.com

www.burmeseclassic.com



"သူမရှိတော့ဘူး ပျောက်သွားပြီ၊ သူ့နေရာမှာ ဟောဒီမိန်းကလေးပဲ တွေ့ရတော့တယ်။ သူက ဗင်နိုနီရဲ့မြေး၊ တစ်ခါက မားကပ်နဲ့ ချစ်ကြိုက်ခဲ့ဖူးတဲ့ မိန်းမ"

"ဟုတ်မှာပေါ့ဟဲ့ … မိန်းကလေး၊ ဒီရောမကောင်ကို သင်ဘယ်မှာ ဝှက်ထားသလဲ ပြောစမ်း၊ မပြောရင် သေဖို့သာ ပြင်ပေတော့ အချိန်မရှိဘူး"

"ကျွန်ုပ် မသိရပါဘူး ဗိုလ်မှူး၊ ဒါပေမဲ့ လူတစ်ယောက် ထွက်ပြေးတာ တော့ မြင်လိုက်ပါတယ်"

"ဒီဟာက သင်သက်သက် လိမ်နေတာပဲ။ ကိုင်း … သစ္စာဖောက်တဲ့ မိန်းမ သတ်ကြပေတော့"

ထိုအခါ လူတစ်ယောက်သည် ဓားကြီးကိုမြှောက်ကာ ရှေ့သို့ တိုးလာလေ၏။ သို့သော် ထိုအချိန်၌ ကာလစ်သည် စစ်ဗိုလ်၏ နားနားသို့ တစ်စုံတစ်ရာ ကပ်၍ ပြောလိုက်ရာ စစ်ဗိုလ်သည် စိတ်ပြောင်းသွားဟန်ဖြင့် ဓားကိုင်၍ လာသူ အား –

"ဟေ့ … နေပါဦး၊ သင့်ဓားကို ချစမ်းပါဦး၊ သူ့ကို ဗင်နိုနီပါတဲ့ တရား လွှတ်တော်ချုပ်က စစ်ဆေးရအောင် ဘုရားရှိခိုးကျောင်းခေါ်သွား၊ ခေါင်းအမာဆုံး လူကိုတောင် စကားပြောအောင် လုပ်နိုင်တဲ့နည်းတွေ သူတို့မှာရှိတယ်။ ကိုင်း … တိုက်ပွဲစနေပြီ မြန်မြန် ခေါ်သွားကြပေတော့"

***

www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်က တိုက်ထုတ်ခြင်းခံရသဖြင့် အခဲမကျေနိုင်သော ရောမတို့သည် မြောက်မြားစွာသော စစ်သားအင်အားဖြင့် ဖိ၍တိုက်လေရာ၊ ရဟူဒီတို့မှာ အလူးအလဲခံ၍ နေရတော့၏။ ထိုမျှသာမကသေး ဘုရားရှိခိုးကျောင်း၏ အပြင်ဘက်ဝင်းများနှင့် စင်္ကြံများကိုပင် စီးနင်းထားပြီဖြစ်ရကား၊ အထက်ပိုင်းဘက်မှ လှည့်ဝင်ရန် အတော်ဝေးဝေး ကွေ့၍သွားရသဖြင့် တစ်ကြောင်း၊ လမ်းတွင်လည်း ရောမတပ်ခွဲကလေးများနှင့် တွေ့မည်စိုးသောကြောင့် သုံးနာရီကျော်ကျော်မျှ ပုန်းအောင်းနေရသဖြင့် တစ်ကြောင်း၊ ဘုရားရှိခိုးကျောင်းသို့ မီရီယန်တို့လူစု ရောက်သောအခါ မိုးလင်းလုနီး၍ နေလေပြီ။

ထို့နောက် သူ့အား အသတ်ခိုင်းသည့် ဗိုလ်မှူးအမိန့်နှင့်ပင် စင်္ကြံ၏ အခန်းကျဉ်းကလေးတစ်ခုအတွင်းသို့ သွင်းကာ သော့ခတ်ပိတ်ထားလိုက်လေ ၏။ မီရီယန်မှာ ပင်ပန်းနွမ်းနယ်လှပြီ ဖြစ်၍ ကြမ်းပေါ်သို့ပစ်လှဲကာ အိပ်ရန်ကြိုးစားသော်လည်း စိတ်ထဲတွင် ဗလောင်ဆူ၍နေသဖြင့် အိပ်၍ မပျော်နိုင်ရှာချေ။ ထို့ပြင် စစ်ရှုံးသူတို့၏ ညည်းညူသံများနှင့် စစ်နိုင်သူတို့၏ အော်ဟစ်ကြုံးဝါးသံများကလည်း နားမခံနိုင်အောင်ပင်ရှိ၏။ နီဟွတ်စတာမှာ မိမိအတွက် မည်မျှလောက် ပူဆွေးဒုက္ခရောက်နေမည့်အကြောင်းကို စဉ်းစား၍ မကြည့်ရဲအောင်ပင် ရှိတော့၏။

နီဟွတ်စတာသည် တံခါးပိတ်သွားသည်ကိုသိသည်နှင့် တစ်ပြိုင်နက် လက်နှစ်ဖက်ဖြင့် အတင်း ထုရိုက်ဖွင့်ရင်း ဖွင့်ရန် သံချောင်းကလည်း မရှိသဖြင့် အက်ကြောင်းထဲသို့ လက်ကို အတင်းထိုးသွင်းခဲ့ရာ၊ လက်ချောင်းများမှ အရေအသားများ စုတ်ပြတ်ကာ သွေးချင်းချင်းနီ၍ ကျန်ရစ်ခဲ့၏။ မားကပ်မှာလည်း

www.burmeseclassic.com



ဒူးမှ ဒဏ်ရာကြောင့် မထနိုင်သည့်ကိုပင် အားမလိုအားမရဖြစ်ကာ အရှူးကြီးပမာ ပါးစပ်မှ ရေရွတ်မြည်တမ်းလျက် ရက်သတ္တပတ်ပေါင်းများစွာ အပြင်းဖျားလျက်ရှိတော့၏။ သို့သော် မီရီယန်ကား ထိုအကြောင်းများကို မသိရှာခဲ့ပေ။

မီရီယန်မှာမူ ရဟူဒီတို့လက်တွင်းမှ ရောမဗိုလ်မှူးတစ်ယောက်အား ကယ်ဆယ်လိုက်မိသည့်အတွက် ထိုအပြစ်ကို အသက်နှင့် လဲ၍ ပေးဆပ်ရတော့မည်ကား မလွဲတည်း။ အကယ်၍ သူတို့မသတ်သည့်တိုင်အောင် ကာလစ်သည် မီရီယန်အပေါ်တွင် 'အချစ်ကြီးလျှင် အမျက်ကြီး' ဆိုသော စကားကဲ့သို့ ချမ်းသာပေးမည်မဟုတ်ချေ။ နောက်ဆုံး မားကပ်နှင့် ပြန်၍တွေ့ရစေကာမူ မိခင်၏ကျိန်စာကြောင့် မားကပ်အား လက်ထပ်နိုင်မည် မဟုတ်ပေ။ သို့နှင့်သေလျှင် မားကပ်နှင့် အတူနေရအံ့ထင်ကာ ဘုရားသခင်ထံ ဆုမွန်များတောင်းမိ၏။ မားကပ်ပေးသော မြလက်စွပ်ကို နမ်းရှုပ်လိုက်ပြီးလျှင်၊ သူသေသည်အထိ ယူဆောင်သွားရန် ဆံပင်ထဲတွင် ဝှက်ထားလိုက်၏။ ပုလဲလည်ဆွဲကိုမူ မဝှက်နိုင်သဖြင့် ဆွဲမြဲဆွဲထားရလေသည်။

သို့ ဆုမွန်တောင်းပြီးလျှင် မီရီယန်သည် အိပ်ရန် ကြိုးစားလျက်ရှိစဉ်၊ အခန်းထောင့်တစ်နေရာမှ ထွက်ပေါ်လာဟန်တူသော ခပ်ပျော့ပျော့ သက်ပြင်းချသံတစ်သံ ကြားလိုက်ရသဖြင့် လန့်၍နိုးလေသည်။ ကြက်တူရွေးတန်းသဖွယ် လေဝင်ပေါက်မှ တိုးဝင်လာသည့် အလင်းရောင်တွင် အလွန်ညစ်ထပ်သည့် အကျီရှည်အဖြူကြီးကို ဝတ်ထားသည့် ဆံပင်ဖြူဖြူနှင့် သူတစ်ယောက်၏ သဏ္ဍာန်ကို ခပ်ရေးရေး တွေ့မြင်ရ၏။ မလှုပ်မယှက်နေသဖြင့် လူသေအလောင်းတစ်ခုဟုပင် ပထမထင်မိလေ၏။ သို့ဆိုလျှင်လည်း အသံထွက်ပေါ်လာနိုင်မည် မဟုတ်သဖြင့် သူနှင့် ဘဝတူအကျဉ်းသားတစ်ယောက်ပေလောဟု နောက်ဆုံးစဉ်းစားမိလေသည်။ သို့နှင့် မီရီယန်သည် အနီးသို့ ချဉ်းကပ်သွားရာ၊ မျက်နှာမှာ အရိုးစုသာသာမျှ ကျန်ရှိလျက် အရိုးကြီးများ ငေါထွက်ကာ အသားမှာလည်း ဝါကျင့်ကျင့် ရှုံ့တွတွဖြစ်နေသည့် လူတစ်ယောက်၏ မျက်နှာကိုမြင်ရလေရာ၊ ၎င်းမှာ အက်ဆင်းတို့၏ အကြီးအကဲ 'သီယိုဖလပ်' ပင် ဖြစ်တော့၏။ (ထိုသူကား လိုဏ်ခေါင်းစခန်းမှ မြို့ထဲသို့ စနည်းနာထွက်စဉ် ပျောက်ဆုံးသွားသူ ဖြစ်လေသည်။) မီရီယန်သည် သူ၏အနီးသို့ ချဉ်းကပ်ကာ တီးတိုးလေသံဖြင့် –

"အရှင် ဘယ်လိုဝေဒနာများခံစားနေရပါသလဲ"

"ကျွန်ုပ်ကို ကြင်နာစွာ မေးသူကား ဘယ်သူပါလဲ"

"အရှင်တို့ ကျွေးမွေးခဲ့ဖူးသူ မီရီယန် ဖြစ်ပါတယ်"

"မီရီယန် ... မီရီယန် သင်ကော ဘာကြောင့် ဒီကို ရောက်လာတာလဲ မီရီယန်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်လည်း အရှင့်လိုပဲ အကျဉ်းသားတစ်ဦး ဖြစ်နေပါတယ်။ အရှင့်ရဲ့ အကြောင်းကို ပြောစမ်းပါဦး"

ထိုအခါ သီယိုဖလပ်က မိမိမှာ ပြောရန် များစွာ မရှိလှကြောင်း၊ မြို့ထဲသို့ စနည်းနာထွက်စဉ်က မိမိအား ဖမ်းမိသွားရာ ကျွန်းမာဝဖြိုးစွာနေသည်ကို မြင်ရသဖြင့် ဤကဲ့သို့ အစာငတ်မွတ်နေသည့် မြို့ကြီး၌ မည်သည့်နေရာမှ အစားအစာရသဖြင့် ဤကဲ့သို့ ဝဝလင်လင် ရှိနေသည်ကို စစ်မေးကြရာ၊ မိမိက အက်ဆင်းတို့ လျှို့ဝှက်ရာ စခန်းကို လုံးဝမပြောဘဲ နေခဲ့ကြောင်း၊ ဤသို့ဖြင့် မိမိအား အစာငတ်ထားခဲ့သည်မှာ ရက်ပေါင်း အတော်ကြာပြီဖြစ်ကြောင်း၊ သို့သော် အသက်ပင် ဆုံးရှုံးစေကာမူ အက်ဆင်းတို့အပေါ်တွင် သစ္စာဖောက်မည်မဟုတ်ကြောင်း ပြောပြလေ၏။

"သြော် ... ဒါထက် ငါ့သမီးမှာ စားစရာများပါသေးသလား"

"ကျွန်ုပ်အား ဖမ်းစဉ်က ပေါင်မုန့်နှင့် အသားခြောက် အနည်းငယ် ရှိပါတယ်။ စားပါ ဖခင်"

"ဖခင်မှာ စားလိုစိတ် မရှိတော့ဘူး။ သမီးအတွက်သာ သိမ်းထားပါ။ ဖခင်ကို ချက်ချင်း မသေအောင် ရေကိုတော့ ချိုင့်နဲ့ အပြည့်ပေးထားပါတယ်။ အခုရှိတဲ့ ရေကို ချစ်သမီး ဝအောင် သောက်ထားပါ"

နှစ်ဦးသား အတန်ကြာ စကားမပြောဘဲ နေကြပြီးနောက်၊ မီရီယန်၏ မျက်ရည်ပေါက်များသည် သီယိုဖလပ်၏ မျက်နှာပေါ်သို့ စီးကျလေ၏။

"မငိုပါနဲ့ သမီး။ ဒါထက် သမီးရောက်လာပုံလည်း ပြောပြစမ်းပါဦး"

မီရီယန်က သူ၏ အတ္ထုပ္ပတ္တိကို ပြန်ပြောသောအခါ၊ သီယိုဖလပ်သည် နားထောင်ရင်း ဆိတ်ငြိမ်၍ သွားလေ၏။ မီရီယန်သည် ရေကို အဝသောက်ပြီးနောက် အပြင်မှ ခြေသံကြားသည်နှင့် ချောင်တစ်ခုထဲတွင် ဝပ်၍နေလိုက်၏။ မကြာမီ အခန်းတံခါး ပွင့်လာပြီးနောက်၊ လူနှစ်ယောက်ဝင်လာရာ တစ်ယောက်၏ လက်တွင် အသားတုံးတစ်တုံး ကိုင်ထားလေသည်။ ထိုလူများသည် သီယိုဖလပ်အား ခြေဖြင့် ကန်ကျောက်ကြပြီးနောက်၊ ပုပ်ဟောင်နေသော အသားတုံးကို သူ့ပါးစပ်အနီးသို့ကပ်ကာ –

"သင်ဟာ ... ဒီလို အသားမျိုးတွေ စားရလို့ ဝဖြိုးနေခဲ့တာပဲ။ ဒါကြောင့် ဒီရိက္ခာမျိုးတွေ ဘယ်မှာ ဝှက်ထားတယ်ဆိုတာ ပြောလေ ... ပြောရင် ကျွေးမယ်"

သီယိုဖလပ်သည် ဦးခေါင်းကို ခါလိုက်၏။ ထိုအခါ အခြားတစ်ယောက်က "စဉ်းစားလေ ... အဘိုးကြီး၊ ဒီလို ခေါင်းမာနေရင် နက်ဖြန်မနက် သေသွားလိမ့်မယ် နားလည်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ် နက်ဖြန်မနက် သေမယ်။ သင်တို့လည်း မကြာခင် သေလိမ့်မယ်။ ဘုရားသခင်က လူတွေကို သူတို့လုပ်တဲ့ အလုပ်အတိုင်း စီရင်လိမ့်မယ်။ ဒီတော့ သင်တို့ အချိန်ရှိတုန်း နောင်တ ရဖို့ ကောင်းတယ်"

မပြောနိုင်သည့် အဆုံး၌ သူတို့သည် အဘိုးကြီးအား ဆဲဆိုရေရွတ်ကန်ကျောက်ကာ ထွက်သွားကြလေရာ၊ မှောင်ထဲတွင် ဝပ်နေသူ မီရီယန်ကို မြင်ကြဟန်မတူချေ။ အဘိုးကြီးကား မလှုပ်မယှက် ရှိနေတော့၏။ နောက် တစ်နာရီခန့်မျှ ကြာသောအခါ မီရီယန်အား သတ်ရန် အမိန့်ပေးခဲ့သော ဗိုလ်မှူးသည် ရဟူဒီ နှစ်ယောက်နှင့်အတူ အခန်းထဲသို့ ဝင်လာပြီးနောက်၊ တရားလွှတ်တော်ချုပ်က စီရင်ရန်ဟုဆို၍ မီရီယန်အား ခေါ်သွားလေ၏။

လူသေကောင်များ ပြန့်ကျဲနေသော လမ်းတစ်လျှောက်မှ ခေါ်သွားရာ၊ အပြင်ဘက်စကြံမှ အချို့နေရာများတွင် မီးခိုးများ ထွက်နေသည်ကိုလည်း ကောင်း၊ တုံးမောင်းကြီးများနှင့် ထုနက်နေသည့် အသံများကိုလည်းကောင်း ကြားရ၍ ထိုနေရာများတွင် တိုက်ပွဲများဖြစ်နေသေးဟန်တူ၏။ နောက်ဆုံးတွင် ကျောက်ဖြူတိုင်ကြီးများဖြင့် ပြီးသော အခန်းကျယ်ကြီး တစ်ခုအတွင်းသို့ ခေါ်ဆောင်သွားရာ အတွင်း၌ကား အချို့နေရာတွင် မိန်းမတစ်စု သည် မျက်တွင်းများ ဟောက်ကာ ပါးများချိုင့်ဝင်နေသည့် ကလေးများကို ပွေ့ယူချီတွဲကာ မြေကြီးပေါ်တွင် စားသောက်ရန် ရှာဖွေလျက်ရှိကြကုန်၏။ စင်မြင့်ပေါ်၌ကား ဝတ်ရုံဖြူကြီးများကို ဝတ်ထားသော ပိန်ကြုံနေသည့် လူကြီး ဆယ့်သုံးလေးယောက်ခန့်သည် ဖြူဖပ်ဖြူရော်ရှိသော မျက်နှာများနှင့် ထိုင်လျက်ရှိရာ မီရီယန် ဝင်သွားသောအခါ သူတို့သည် ငတ်ပြတ်လျက် အားအင်ချိနဲ့သူတစ်ယောက်အား စစ်ဆေးလျက်ရှိလေသည်။ မီရီယန်သည် တရားသူကြီးအား မော်ကြည့်လိုက်ရာ၊ သူ၏ အဘိုး ဗင်နိုနီကို မြင်ရ၏။ သို့သော် ဗင်နိုနီကား ယခင်ကကဲ့သို့ မဟုတ်ဘဲ မျက်တွင်းများ ချိုင့်ဝင်ကာ ခါးများကိုင်းလျက် တုန်တုန်ရီရီ ရှိနေ၏။ သို့သော် မျက်လုံးများမှာမူ ယခင်ကထက် စူးရှတောက်ပြောင်ပြီးလျှင် အစာငတ်နေသော ဝံပုလွေကြီးတစ်ကောင်နှင့် တူလှပေ၏။

တရားသူကြီးသည် အကျဉ်းသားအား ပြောရန်ရှိသေးသလော ဟု မေးလိုက်ရာ အကျဉ်းသားက –

"ကျွန်ုပ်၏ဇနီးသည်မှာ သင်တို့၏ခွေးအ,များက ဖမ်းဆီးရိုက်နှက်သဖြင့် သူ့တွင် ဝှက်ထားသော အစားအစာကို ထုတ်ပေးလိုက်ရပြီးလျှင် ထိုရိုက်နှက်သော ဒဏ်ရာနှင့်ပင် သေဆုံးသွားပါသည်။ သားသမီးများလည်း တစ်ယောက်ပြီးတစ်ယောက် အလားတူ သေဆုံးသွားရာ နောက်ဆုံး ခြောက်နှစ်ရွယ်ကလေးမှာ အစာပြတ်လျက် သေအံ့ဆဲဆဲ၌ ရောမတစ်ယောက်ထံ သွား၍ ထို

www.burmeseclassic.com



ကလေးကို အစာကျွေးက မြို့ရိုးတံတိုင်းတွင် မခိုင်သည့် နေရာကို ပြမည်ဟု ပြောခဲ့ပါသည်။ ကျွန်ုပ်၏ကလေးအတွက် တစ်ကြိမ်မက ဆယ်ကြိမ်ပင် ပြုလုပ်ဝံ့ပါသည်။ ကျွန်ုပ် သေရမည်ကို မကြောက်ပါ"

"ဒီ လူယုတ်မာကို ဆွဲထုတ်ပြီး သူ့မိတ်ဆွေ ရောမများမြင်အောင် တံတားပေါ်မှာပဲ ကွပ်မျက်လိုက်ကြ၊ ကိုင်း ... နောက် သစ္စာဖောက်တစ်ယောက် ခေါ်ခဲ့"

အပြင်သို့ ထွက်ခါနီးတွင် ထိုသူသည် ရဟူဒီတို့အား ကျိန်ဆဲ၍ သွားလေ၏။ ထို့နောက် အစောင့်များလည်း မီရီယန်ကို သွင်းခဲ့လေသည်။ ဗင်နိုနီသည် မီရီယန်အား ချက်ချင်းပင် မှတ်မိ၍ ကြက်သေ, သေ၍ နေပြီးနောက်၊ သစ္စာဖောက်မှုပင် ဖြစ်သလောဟု မေးမြန်းရာ မီရီယန်က ဤသို့ပင် ဖြစ်ဟန်ရှိကြောင်း ခပ်အေးအေးပင် ပြန်ပြောလိုက်လေသည်။

"သင်တို့ လူမှားလာပြီ ထင်တယ်။ ဒီမိန်းကလေးဟာ ဘယ်သူ့ကိုမှ အန္တရာယ်ပြုနိုင်မယ့် မိန်းကလေး မဟုတ်ဘူး။ လွှတ်လိုက်ကြပါ"

ထိုအခါ အခြားတရားသူကြီးများလည်း ခေါင်းမော်၍ ကြည့်လိုက်ပြီးနောက် တစ်ယောက်က ထိုမိန်းကလေးမှာ ဗင်နိုနီနှင့် အတူနေသော ခရစ်ယာန်မကလေး တစ်ယောက် ဖြစ်သည် ထင်ကြောင်း၊ အခြားတစ်ယောက်က သူ့အပေါ်တွင် စွပ်စွဲချက်ကို ရှေးဦးစွာ ကြားနာသင့်ကြောင်း၊ အတန်ကြာမျှ အခြေအတင် ဆွေးနွေးပြီးနောက် ထိုသူက "ဒီမိန်းကလေးကို ဘာပြစ်မှုနဲ့ စွပ်စွဲထားကြသလဲ" ဟု မေးလိုက်လေ၏။

ထိုအခါ မီရီယန်အား ယခင်က သတ်ရန် အမိန့်ပေးခဲ့သော ဗိုလ်မှူးကိုလည်းကောင်း၊ သူ့နောက်တွင် မားကပ်အား အစောင့်ကျခဲ့သည့် ရဟူဒီအစောင့်များကိုလည်းကောင်း၊ မျက်နှာညှိုးငယ်နေသော ကာလစ်ကိုလည်း ကောင်း တွေ့ရလေသည်။

ထိုအခါ ဗိုလ်မှူးသည် ရှေ့သို့ ထွက်လာပြီးနောက် –

"ယမန်နေ့က တိုက်ပွဲတွင် ကျွန်ုပ်တို့ ဖမ်းဆီးရမိသော ရောမတပ်မှူး မားကပ်အား မျှော်စင်ဟောင်းကြီးအောက်၌ ထားခဲ့စဉ် ထိုသူ့အား လွှတ်ပစ်မှုနှင့် ကျွန်ုပ် စွပ်စွဲပါသည် အရှင်"

ထိုအခါ အခြားတရားသူကြီးတစ်ဦးက မားကပ်မှာ အရေးပါသော တပ်မှူးတစ်ယောက်ဖြစ်၍ တရားခံမှာ ထိုအပြစ်ကို အသက်နှင့် ပေးဆပ်ထိုက်ကြောင်း ထောက်ခံပြောဆိုပြီးလျှင် ဗိုလ်မှူးအား ဖြစ်ပျက်မှုကို အတိုချုပ်ပြောပြစေ၏။ ထိုနောက် မီးအိမ် ရိုက်ခွဲခြင်းခံရသော အစောင့်စစ်သားနှင့် ကာလစ်ကို စစ်ဆေး၏။ ကာလစ်ကမူ တစ်စုံတစ်ရာ အထွေအထူး မထွက်ဆိုဘဲ မျှော်စင်ကြီး

www.burmeseclassic.com



အောက်သို့ သူရောက်သောအခါ မိမိ ဖမ်းဆီးထားသော သတိမရဖြစ်နေသူ မားကပ်ကို မတွေ့ရတော့ဘဲ၊ ဤမိန်းကလေးသာ တွေ့ရကြောင်းနှင့် ထွက်ဆိုလေသည်။ ထိုအခါ တရားသူကြီးတစ်ဦးက –

"မားကပ်ဟာ ဒီမိန်းကလေးရဲ့ ချစ်သူလို့တောင် သင် တစ်ခါက ပြောခဲ့သေးတာပဲ"

"ဒီဟာကတော့ ဂျော်ဒန်မြစ်ကမ်းပါးမှာ ပန်းပုဆရာ အဖြစ်နဲ့ ဒီမိန်းကလေးက မားကပ်ရဲ့ ပုံတူကို ထုလုပ်ပေးခဲ့တဲ့အတွက် ပြောခြင်းဖြစ်ပါတယ်"

ထိုအခါ ဗင်နိုနီက "ပန်းပုဆရာတိုင်းမှာ အရုပ်ထုခံရသူများ၏ ချစ်သူဖြစ်နိုင်ပါသလော" ဟု မေးလိုက်လေသည်။ ကာလစ်ကား ပြန်၍ အဖြေမပေးချေ။ ဤတွင် ဆီမီယွန်ဆိုသူ တရားသူကြီးက –

"မရေမရာစကားတွေ ပြောမနေနဲ့ ကာလစ်၊ တရားခံမက ရုပ်ချောလေတော့ သင် လိုချင်နေတယ်ဆိုတာ ယုံမှားစရာ မရှိဘူး။ ကျွန်ုပ်တို့ ဒီအချက်ကိုလည်း မှတ်သားထားရမယ်" ဟု ဟစ်အော် ပြောလိုက်လေသည်။

"တရားခံမဟာ ဘယ်နည်းနဲ့ မျှော်စင်အောက် ရောက်နေတယ်ဆိုတာတော့ ကျွန်ုပ် မတွေးတတ်ဘူး"

"ကျွန်ုပ် မျှော်စင်ထဲတွင် နေထိုင်ခဲ့ပါသည်။ တံခါးမှာ ယမန်နေ့ကအထိ အုတ်များနှင့် အသေပိတ်ထားသောကြောင့် လုံခြုံခဲ့ပါသည်"

"ဒီလိုဆိုရင် သင်ဟာ လင်းနို့များ၊ ဇီးကွက်များလို အစာရေစာမရှိဘဲ တစ်ယောက်တည်း နေသလား။ လျှို့ဝှက်တဲ့ လမ်းရှိပြီး ဒီလမ်းက အစာရလိမ့်မယ်ထင်တယ်။ ရောမကောင်ကိုလည်း ဒီလမ်းက လွှတ်ပစ်လိုက်မှာပဲ။ သူကတော့ အချိန်မရလို့ အမိခံတာ ဖြစ်လိမ့်မယ်။ သင်ဟာ ရောမသူလျှိုပဲ။ သင့်ကို ကွပ်မျက်ဖို့ပဲ ရှိတော့တယ်"

ထိုအခါ ဗင်နိုနီသည် သူ၏ ဝတ်ရုံအင်္ကျီကြီးကို ဆုတ်ဖြဲလိုက်ပြီး နောက်

–

"အပြစ်မရှိသူ တစ်ယောက်ကို သင်တို့ ကွပ်မျက်ကြမည်လား။ မားကပ်နှင့် မီရီယန်တို့ အဆက်အသွယ်ရှိတယ်ဆိုတဲ့ အထောက်အထား သင်တို့ ပြနိုင်သလား။ ကျွန်ုပ် ကန့်ကွက်ပါတယ်"

ထိုအခါ ဆီမီယွန်သည် အကြံတစ်ခု ရလာသည်နှင့် မီရီယန်၏ ကိုယ်ပေါ်တွင် ပစ္စည်းများကို ရှာဖွေစေ၏။ သို့နှင့် ရုံးအရာရှိနှစ်ဦးသည် မီရီယန်အား ချုပ်ကိုင်ကာ သူ၏ ဝတ်ရုံရှည်ကြီးကို ရင်ဝဆီမှ ဆုတ်ဖြဲချလိုက်လေသည်။ ထို့နောက် မီရီယန်၏ ကိုယ်ပေါ်တွင် ရှာဖွေကြရာ၊ အလွန်အရည်ကောင်းသော ပုလဲလည်ဆွဲတစ်ကုံးနှင့် နောက်ဆုံး ရင်ဘတ်ထဲတွင် ဝှက်ထားသည့် စာကိုပါ

www.burmeseclassic.com



တွေ့ရှိရလေ၏။ မီရီယန်သည် စာကို လိုက်၍ လုယူသော်လည်း စာမှာ ဆီမီယွန် လက်ထဲသို့ ရောက်သွားလေပြီ။ ဆီမီယွန်သည် စာကို ဖြန့်လိုက်ကာ "ဗိုလ်ကြီး ဂိလပ်မှ တစ်ဆင့် ရောမ မားကပ်ထံမှ လေဒီမီရီယန်သို့ ဆိုပါကလား။ အင်း ... ပြီးတော့ အဆုံးသတ်ထားတာက သင်၏ သစ္စာရှိသော မိတ်ဆွေနှင့် ချစ်သူ မားကပ်တဲ့။ ဘယ့်နှယ်လဲ ဗင်နိုနီနဲ့ နောင်တော်တို့ ဘာများ ဆင်ခြေတက်ချင်သေးသလဲ။ ကိုင်း ... အမိန့်ချဖို့ပဲ ရှိတော့တယ်"

ထိုအခါ မီရီယန်က စာမှာ လွန်ခဲ့သော နှစ်နှစ်ခန့်က ရေးသောစာဖြစ်ကြောင်း ပြောဆို၍ ဗင်နိုနီကို စာတစ်စောင်လုံးဖတ်ပြရန် တောင်းဆိုသော်လည်း မရတော့ချေ။ တရားခံတစ်ယောက်အတွက် ဤမျှထက်ပို၍ အချိန်မဖြုန်းနိုင်ကြောင်းနှင့် ငြင်းဆိုလေရာ၊ အကြီးအကဲဖြစ်သူ ဆိုင်မွန်ကလည်း သင့်လျော်ဖူလုံပြီဖြစ်ကြောင်းနှင့် ပြောဆိုပြီးနောက်၊ စီရင်ချက်ကို သူကိုယ်တိုင် ကြေညာလေသည်။

"ဤသစ္စာဖောက်မိန်းမယုတ်အပေါ်၌ ကျွန်ုပ်တို့ ချမှတ်သော အမိန့်မှာ သစ္စာဖောက်တို့ သွားမြဲလမ်းအတိုင်း သူ၏ မိတ်ဆွေရောမများပါ မြင်နိုင်ရန် အီစရယ်ဝင်းနှင့် မိန်းမဆောင်စပ်ကြားရှိ နီကင်နာ တံခါးပေါက်အလယ်တွင် အစာငတ်၊ ရေငတ် ထားထားရမည်။ သို့သော် သူ့အဖို့ ဗင်နိုနီ၏ တောင်းပန်ချက်အရ ဤအမိန့်ကို နေမဝင်မချင်း ဆောင်ရွက်ခြင်းမရှိစေရ။ ဤအချိန်အတွင်း သစ္စာဖောက်မသည် ရောမတပ်မှူးမားကပ်အား ပြန်လည်ဖမ်းမိနိုင်အောင် သတင်းပေးခဲ့သော် ဘုရားရှိခိုးကျောင်းဝင်း အပြင်တွင် သူ့အား လွှတ်ပစ်ရမည်"

ထို့နောက် အစောင့်များအား မီရီယန်ကို ပြန်ခေါ်သွားရန် အမိန့်ပေးလိုက်လေ၏။

*

အချုပ်ခန်းသို့ ပြန်ရောက်သောအခါ မီရီယန်သည် သူဝှက်ထားသော အသားခြောက်နှင့် ပေါင်မုန့်များကို စားသောက်ပြီးနောက် ၅ နာရီကြာမျှ အိပ်ပျော်သွားလေ၏။ သို့ရှိစဉ် နားထဲမှ အသံတစ်သံ ကြားလိုက်ရသဖြင့် လန့်၍ နိုးရာ၊ သူ့ရှေ့၌ ဗင်နိုနီ ရပ်နေသည်ကို တွေ့ရလေသည်။

"အဘိုး"

"ချစ်သမီး သင့်ကြောင့်သာ မဟုတ်။ အခြားအကြောင်းများကြောင့်ပါ အဘိုးကို သက်မကင်းဖြစ်နေကြတယ်။ ဒါကြောင့် သင် ခွင့်လွှတ်ရန် တောင်းပန်ဖို့ အရဲစွန့်ပြီး ကျွန်ုပ် လာခဲ့တယ်"

"တောင်းပန်စရာ မလိုပါဘူးအဘိုး၊ ကျွန်ုပ်ဟာ မားကပ်ကို တကယ်ပဲ ကယ်ဆယ်ခဲ့ပါတယ်။ ဒါကြောင့် ကျွန်ုပ်ဟာ ကွပ်မျက်ခြင်း ခံထိုက်ပါတယ်"

"ဘယ်ပုံ ကယ်ဆယ်ခဲ့တာလဲ သမီး"



www.burmeseclassic.com

www.burmeseclassic.com



"အဘိုး ကျွန်ုပ် မပြောနိုင်ပါ"

"ပြောသာပြောပါ ချစ်သမီး၊ အသက်ကိုတော့ အသေမခံပါနဲ့၊ ရဟူဒီတွေဟာ မျှော်စင်ကြီးဆီက ဆုတ်လာရလို့ သူ့ကို ဖမ်းမိဖို့ မျှော်လင့်စရာ မရှိတော့ပါဘူး"

"ကျွန်ုပ်ကို ကာကွယ်စောင့်ရှောက်ခဲ့တဲ့ မိတ်ဆွေများ အသက်ကို လည်း ငဲ့ညှာရပါဦးမည်"

"ဒီလိုဆိုရင် သင် သေရလိမ့်မယ် မီရီယန်၊ အဘိုးလည်း မကယ်နိုင်ဘူး"

"ဒါတော့ ဘုရားသခင် သဘောအတိုင်းပါပဲ အဘိုး"

"သင် ပြောခဲ့တာ မှန်လေပြီ မီရီယန်၊ ရဟူဒီများနဲ့ ဒီမြို့ကြီးပါကပ်ကြီး ကျရောက်လိမ့်မယ်ဆိုတာ အခု ကျရောက်ပြီ။ တစ်ဦးနဲ့တစ်ဦး သတ်ကြ ဖြတ်ကြပြီး အငတ်ဘေးနဲ့ မသေရင် ဓားဘေးနဲ့ သေကြရမှာပဲ"

"တီးတပ်မှာ သနားကြင်နာစိတ်မှ မရှိလေရော့သလား အဘိုးရယ်။ အညှဲ့ခံကြရင်ကော မဖြစ်နိုင်ဘူးလား"

"အညှဲ့ခံတော့ ကျွန်ဖြစ်ရင်ဖြစ်၊ မဖြစ်လည်း တီးတပ်အောင်ပွဲခံတဲ့ အခါမှာ ရထားနောက်မြီးမှာ အဆွဲခံရမှာပဲ။ ဒီတော့ အဘိုးတို့ဟာ သေသည် အထိ တိုက်ကြတော့မယ်။ အဘိုးရဲ့ ကံကိုက ဆိုးပါတယ် သမီးရယ်၊ အဘိုး ဟာ သူတို့ပေးထားတဲ့ ရာထူးကြောင့် သမီးအပေါ် ချမှတ်တဲ့ အမိန့်ကိုလည်း သဘောမတူဘဲနဲ့ ခေါင်းညိတ်ခဲ့ရတယ်။ အဘိုးတော့ ချက်ချင်း သေသွားတာက ကောင်းပါလိမ့်ဦးမယ်"

"တော်ပါတော့ အဘိုးရယ် ... အဘိုးစကားကို သမီးမကြားရက်တော့ ပါဘူး ..."

"ဒါထက် သင့်မှာ လွတ်မြောက်ရန် မျှော်လင့်ဖို့များ ရှိပါသေးသလား သမီး၊ တကယ်လို့ ကာလစ်က ..."

"ကာလစ်ဟာ နောက်ဆုံး သမီးအသက်ကို ကယ်ဆယ်ဖို့ ကြိုးစား သေးတယ် မဟုတ်လား။ ဒီအတွက်လည်း သူ့ကို ကျေးဇူးတင်ပါတယ်။ နို့ပေမဲ့ သူနဲ့အတူ လွတ်မြောက်ဖို့ထက် တစ်ယောက်တည်း ဒီမှာ သေရတာက ကောင်း ပါလိမ့်ဦးမယ် အဘိုးရယ်၊ ဒါပေမဲ့ ကျွန်ုပ်တို့ ဂိုဏ်းဝင်တစ်ယောက်က ကျွန်ုပ်ဟာ အသက်ထက်ဆုံး နေရလိမ့်မယ်လို့ နိမိတ်ဖတ်ခဲ့တယ် အဘိုးရဲ့။ သမီးတော့ ဘုရားသခင်သာ အားထားမျှော်လင့်ရတော့တာပဲ"

သို့ရှိစဉ် မိုးကြိုးပစ်သကဲ့ 'ဝုန်း'ခနဲ အသံကြီးတစ်ခုကို ကြားလိုက်ရပြီး လျှင်၊ အပြင်မှ အသံတစ်သံဖြင့် –

www.burmeseclassic.com



"ဘုန်းတော်ကြီး ဗင်နိုနီ၊ တံတိုင်းကြီး ပြိုကျသွားပြီ။ မကြာစေနဲ့ သူတို့ လိုက်ရှာနေကြပြီ" လှမ်း၍ ပြောလိုက်လေ၏။ ထိုအခါ ဗင်နိုနီက မီရီယန်အား–

"ချစ်သမီး သူတို့ရဲ့ လွှတ်တော် အစည်းအဝေးကို အဘိုး သွားရတော့မယ်။ ဒီထက်ပိုပြီး အဘိုးမစောင့်ရှောက်နိုင်တဲ့အတွက် ဝမ်းနည်းပါတယ်။ ကျွန်ုပ်အား အခွင့်လွှတ်ပါတော့ ..."

ထို့နောက် ဗင်နိုနီသည် မီရီယန်အား ဖက်ရမ်း နှုတ်ဆက်ကာ ထွက်သွားလေရာ၊ မီရီယန်မှာ မျက်ရည်စက်လက်နှင့် ကျန်ရစ်ခဲ့လေ၏။

***

www.burmeseclassic.com

www.burmeseclassic.com

## ၁၇

နောက် နှစ်နာရီခန့်မျှ ကြာသောအခါ ကြက်တူရွေးတန်းသဖွယ် အုတ်စီထားသောနေရာမှ အရိပ်ကြီးများ ရှည်ထွက်လာသည်ကို မြင်ရသဖြင့် မီရီယန်သည် မိမိအချိန် နီးကပ်လာပြီဖြစ်ကြောင်း သိရ၏။ သို့ရှိစဉ် မင်းတုံးဆွဲသံ ကြားရပြီး ရုတ်တရက် တံခါးပွင့်လာလေသည်။

မီရီယန်သည် "အချိန်ကျလေပြီ" ဟု ထင်မှတ်လိုက်သဖြင့် မျက်လုံးများ ပြာ၍ သွားပြီးလျှင် မည်သည့်အရာ မြင်လိုက်ရသည်ဟု ရုတ်တရက် မသိရချေ။ သို့သော် အတန်ငယ် ဆိတ်ငြိမ်သွားသောအခါ၊ သူ့ရှေ့တွင် ဓားလွတ်ကိုကိုင်၍ ရပ်နေသော ကာလစ်ကို တွေ့မြင်ရသဖြင့် ရုတ်တရက်သော် မိမိမျက်စိများကိုပင် မယုံကြည်သကဲ့သို့ ရှိတော့၏။ ကာလစ်ကား အစာပြတ်လတ်ခြင်းကြောင့် အတန်ငယ် ကြုံလှီသွားသည်မှ တစ်ပါး၊ ခံ့ညားထည်ဝါစွာပင် ရှိနေ၏။ ကာလစ်ရှေ့၌ ကြောက်စိတ်ကို မပြရန် မီရီယန်သည် စိတ်ကို တင်းလိုက်လေသည်။

"ကျွန်ုပ်ကို စီရင်ဖို့လွှတ်လိုက်တာလား ကာလစ် ..."

ကာလစ်သည် ဦးခေါင်းကို ညိတ်လိုက်၏။ ထို့နောက်မှ အတော်ပင် စိတ်ဒုက္ခရောက်နေသည့်ဟန်ဖြင့် "မှန်တယ် မီရီယန်၊ နေဝင်ပြီးတဲ့နောက် စီရင်ရလိမ့်မယ်။ သင့်ကို အရှာခိုင်းတဲ့ တရားသူကြီး ဆီမီယွန်ဟာ လူမဟုတ်ဘူး တိရစ္ဆာန်ပဲ။ သင့်ကို ကျွန်ုပ်က ကာကွယ်နေတယ်လို့ သူထင်နေတယ်"

"ထင်ချင်သလို ထင်ပါစေလေ။ သင်လည်း ဝတ္တရားအတိုင်းသာ ဆောင်ရွက်ပါတော့။ ကျွန်ုပ်တို့ ငယ်စဉ်တုန်းက ကျွန်ုပ် လက်ကို ပန်းနွယ်တွေနဲ့ သင်က ချည်တာ ကျွန်ုပ်အမှတ်ရသေးတော့တယ်။ အခုတော့ ကြိုးနဲ့ တကယ် ချည်ရတော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"သင်ဟာ သိပ်ရက်စက်တာပဲ မိရီယန်"

"သင်ကမှ တကယ်ရက်စက်တာ ကာလစ်၊ မျှော်စင်ထဲမှာတုန်းက ရဟူဒီတွေ ရှေ့မှာ ကျွန်ုပ် နာမည်ခေါ်ပြီး မားကပ်ရဲ့ ရည်းစားလို့ သင်ပြောတယ် မဟုတ်လား"

"ဒါကတော့ အချစ်စိတ်နဲ့ မနာလိုမှုကြောင့် ပြောမိပြောရာ ကျွန်ုပ်လည်း ပြောလိုက်မိတာပဲ"

"သင်ရဲ့အချစ်က သိုးငယ်တစ်ကောင်က ဝံပုလွေကို ချစ်တဲ့အချစ်မျိုးပဲ။ မနာလိုတာကကော ဘာကြောင့်လဲ။ မားကပ်ကို သတ်ဖို့ သင်ကြိုးစားပြီး သင့်လက်ထဲက ကျွန်ုပ် တစ်ခါ ကယ်ဆယ်မှာစိုးလို့လား၊ သင်ဟာ မားကပ်ကို မတရားညဏ်ဆင်တိုက်ခိုက်ခဲ့တယ်။ ဒါပေမဲ့ ဘုရားသခင် ကျေးဇူးကြောင့် ကျွန်ုပ်က ကယ်နိုင်ခဲ့တယ်။ ကိုင်းလေ ... အချိန်ကုန်ပါတယ်။ သင့်ဝတ္တရားရှိ သလိုသာ ဆောင်ရွက်ပါတော့"

"ကျွန်ုပ်မှာ အကြံတစ်ခုရှိတယ် မိရီယန်"

"ဘာ အကြံလဲ"

"လွတ်မြောက်ဖို့အကြံပေါ့။ ကျွန်ုပ်က သင့်ကို တံခါးပေါက်ဆီ ခေါ်သွားတဲ့အခါ အချက်ပေးလိုက်ရင် ကျွန်ုပ်ရဲ့ လူတွေက သင့်ကို ကယ်ဆယ်သွားပြီး လုံခြုံတဲ့နေရာမှာ ဝှက်ထားလိမ့်မယ်။ ကျွန်ုပ်က တိုက်ခိုက်ရင်း ဒဏ်ရာရဟန်ဆောင်ပြီး ညဥ့်အချိန် သင်နဲ့လာတွေ့မယ်။ ဒီတော့မှ နှစ်ယောက်သား လွတ်ရာလွတ်ကြောင်း ပြေးကြတာပေါ့"

"ဘယ်ကို ပြေးကြမှာလဲ"

"ရောမတွေဘက်ကိုပေါ့။ မနေ့က ကိစ္စအတွက် သင့်အသက်ကို ချမ်းသာ ပေးလိမ့်မယ်။ ကျွန်ုပ်ကိုလည်း ပေးမှာပဲ။ ဒါပေမဲ့ ကျွန်ုပ်ဟာ သင့်ခင်ပွန်းဖြစ်တဲ့အကြောင်း ပြောရလိမ့်မယ်။ နို့မှသာ ကျွန်ုပ်အဖို့ သက်သာမယ်"

"တယ်ကောင်းတဲ့ အကြံပဲ။ ဒါပေမဲ့ သင်လို ထိပ်တန်း ရဟူဒီစစ်သားတစ်ယောက်က ရန်သူ့ဆီမှာ အညံ့ခံမယ်ဆိုတာ အံ့စရာပဲ"

"မလှောင်ပါနဲ့ မိရီယန်၊ ဘာကြောင့် ကျွန်ုပ် ဒီလိုလုပ်ရတယ်ဆိုတာ သင်အသိဆုံးပါ။ သစ္စာဖောက်လို့လည်း မဟုတ်၊ ရန်သူ့ဆီမှာ အညံ့ခံဖို့ ကြံစည်တာဟာလည်း သင့်အတွက်ပါ မိရီယန်"

"သင်က ဘာကို လိုချင်လို့လဲ"

"သင့်ကိုပေါ့"

"ကျွန်ုပ်ကိုတော့ သင် ဘယ်နည်းနဲ့မှ မရနိုင်ဘူး ကာလစ်၊ သင့် အစီအစဉ်တွေ အားလုံး ဖျက်လိုက်တော့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်လည်း အထင်သားပဲ။ သို့သော် သင်ဟာ ထားပြီးတဲ့ ကတိကို မဖျက်ရင် မားကပ်ကို လက်မထပ်ဖို့ ကတိပေးစေချင်ပါတယ်"

"ဒါကတော့ ခရစ်ယာန် မဟုတ်တဲ့လူကို လက်မထပ်ရမယ့် စည်းကမ်းချက်ကြောင့် သင့်ကို လက်မထပ်နိုင်သလို မားကပ်ကိုလည်း လက်မထပ်နိုင်ဘူးဆိုတာ သင်အသိသားပဲ ကာလစ်"

"ကျွန်ုပ်တော့ သင့်အတွက် သင်တို့ဘာသာကို ဝင်ဖို့ အသင့်ပဲ မိရီယန်"

"နို့ပေမဲ့ ဘာသာဆိုတာ နှစ်နှစ်ကာကာ ယုံကြည်မှုဖြစ်တာပဲ။ ဒါ တောင် ကျွန်ုပ်ဟာ သင့်ကို မချစ်နိုင်ဘူး ကာလစ်ရယ်"

ကာလစ်သည် နံရံဘက်သို့ လှည့်သွားပြီးနောက် ငြိမ်၍နေလေသည်။ ထို့နောက်မှ –

"ကိုင်း … ရှိစေတော့ မိရီယန်၊ နို့ပေမဲ့ သင့်ကိုတော့ ကယ်ပါဦးမယ်။ သင်လွတ်သွားရင် မားကပ်ကို လက်ထပ်ချင် လက်ထပ်ပါ။ ဒါပေမဲ့ ကျွန်ုပ်သာ အသက်မသေဘဲ ကျန်ရင်တော့ မားကပ်ကို တွေ့ရာနေရာမှာ သတ်မယ်ဆိုတဲ့ အကြောင်း ပြောလိုပါတယ်"

BURMESE CLASSIC .com

ခေါင်းခါလျက် –

"ကျွန်ုပ်ကို ကယ်ဖို့ မလိုပါဘူး ကာလစ်။ တိုက်ပွဲတွေ၊ သတ်ပွဲတွေ မြင်ရတာ ပုန်းနေရတာတွေနဲ့ ကျွန်ုပ်မှာ ငြီးငွေ့လှပါပြီ။ ဒါထက် သင့်မှာ တခြား ချစ်စရာ အမျိုးသမီးတွေ မရှိတော့ဘူးလား။ ကျွန်ုပ်အပေါ်မှာ သင်ချစ်တဲ့အချစ်ကို မေ့ပစ်လိုက်ပါတော့ ကာလစ်၊ ဘာကြောင့် ကျွန်ုပ်တစ်ယောက်တည်း အပေါ်မှာ တန်းတန်းစွဲ ဖြစ်နေတာလဲ။ သင့်လမ်းကို သင် သွားပြီး ကျွန်ုပ်လမ်းကို ကျွန်ုပ် သွားပါရစေတော့"

"နို့ပေမဲ့ ကျွန်ုပ်တို့ သုံးယောက်ဟာ တစ်လမ်းတည်းသွားနေကြတယ် မိရီယန်၊ သူက ကျွန်ုပ်ကို သတ်လိုက်လို့ ကျွန်ုပ်သေသွားရင် သင်ဟာ သူ့ကို လက်ထပ်ချင်လက်ထပ်နိုင်ပါတယ်။ ဒါပေမဲ့ ကျွန်ုပ်က သူ့ကို သတ်လိုက်ရင် သင် သဘောမတူသမျှ သင့်ကို ကျွန်ုပ် လက်မထပ်ပါဘူး။ သင် နားလည်ပြီ မဟုတ်လား"

"သင့်စကား အင်မတန် ရှင်းတာပဲ။ ပြီးတော့ မားကပ်လည်း သေပြီလို့ ကျွန်ုပ် ထင်တယ်"

"ကျွန်ုပ် စိတ်ထင်ကတော့ ကျွန်ုပ်တို့ သုံးယောက်စလုံးဟာ သေလိမ့်မယ် မထင်ဘူး။ နို့ … ကျွန်ုပ် မပါရင်ကော သင်မပြေးတော့ဘူးလား"

"မပြေးတော့ဘူး ကာလစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်လည်း ကျွန်ုပ် မတတ်နိုင်တော့ဘူး။ ဝတ္တရားအတိုင်း ဆောင်ရွက်ရတော့မှာပဲ။ နို့ပေမဲ့ ကံကောင်းထောက်မပြီး သင့်ကို ကယ်နိုင်ရင် ကယ်ပါဦးမယ်"

"ကျွန်ုပ်အဖို့တော့ မထူးပါဘူး ကာလစ်၊ ဝတ္တရားအတိုင်းသာ ကျွန်ုပ်ကို ချည်ပါတော့"

"ကျွန်ုပ်မှာ ဒီလိုအမိန့်မပါ, ပါဘူး မီရီယန်၊ အပြင်မှာ စောင့်နေတဲ့ အရာရှိတွေဆီကိုသာ ထွက်ခဲ့ပါတော့။ တကယ်လို့ သင်လွတ်မြောက် ချင်သေးရင် ကျွန်ုပ် လူတွေ စောင့်နေတဲ့လမ်းက သွားမယ်လို့ စိတ်ကူးထားတယ်။ အခုတော့ တခြားလမ်းက သွားရတော့မှာပဲ"

မီရီယန်သည် ရေတစ်ခွက်တောင်း၍ သောက်ပြီးနောက် နှစ်ဦးသား အပြင်သို့ ထွက်ခဲ့ကြလေ၏။ အပြင်တွင် လူလေးယောက်စောင့်နေရာ၊ နှစ်ယောက်မှာ စောစောက မီရီယန်အား ရှာဖွေခဲ့သူများဖြစ်၍ ကျန် နှစ်ယောက်မှာ စစ်သားများ ဖြစ်လေသည်။

"မိန်းမပျိုနှင့် စကားပြောနေတာ ကြာလှပါကလားအရှင်"

မီရီယန်အား ဒေါသထွက်ဟန်ဖြင့် ကြည့်လျက် –

"အင်မတန် ခေါင်းမာတဲ့ စုန်းမ၊ ရောမကောင် ဝှက်ထားတဲ့နေရာကို မေးလို့ပဲ မရဘူး"

"ဒါပေမဲ့ နီကင်နာတံခါးပေါက် ရောက်ရင် စိတ်ပြောင်းသွားပါလိမ့်မယ်။ လာခဲ့လေ မျက်လုံးပြာကလေး၊ ပေါင်မုန့်တစ်ချပ်နဲ့ ကျွန်ုပ် လဲစားဖို့ သင့်လည်ပင်းက လည်ဆွဲကလေး ပေးစမ်းပါဦး"

သို့ပြောဆိုပြီးနောက် ထိုသူသည် သူ၏ ညစ်ပတ်ပေကျံသော လက်ကြီးဖြင့် မီရီယန်၏ ပုလဲလည်ဆွဲကို လှမ်း၍ဆွဲလိုက်၏။ သို့ ဆွဲလိုက်သည်နှင့် တစ်ပြိုင်နက် ဝင်လုဆဲသော နေရောင်အောင်တွင် ဓားရောင် လက်ခနဲ ဖြစ်သွားပြီးနောက်၊ ထိုသူ၏ဦးခေါင်းပေါ်သို့ ကာလစ်၏ဓား ကျရောက်သွားလေရာ၊ ထိုသူသည် နေရာ၌ပင် ပုံလျက်သား လဲသွားလေတော့၏။

*

မကြာမီ ကာလစ်တို့လူစုသည် အီစရယ်ဝင်းနှင့် မိန်းမဆောင်စပ်ကြားရှိ နီကင်နာတံခါးပေါက်သို့ ရောက်သွားလေသည်။ ထိုတံခါးပေါက်ပေါ်တွင် ပေ ၅၀ ကျော်မြင့်သော လေးထောင့် အဆောက်အဦတစ်ခုရှိရာ၊ ၎င်းမှာ ရိက္ခာသိုလှောင်ထားရာ ဖြစ်၏။ အမိုးပြားပေါ်၌ ရွှေပိန်းချထားသော အထွဋ်များ ရှိသည့် ကျောက်ဖြူတိုင်ကြီး သုံးတိုင်ရှိ၏။ တရားသူကြီး ဆီမီယွန်မှာ ထိုနေရာမှ စောင့်ဆိုင်းလျက်ရှိလေသည်။ ဆီမီယွန်က ကာလစ်အား အကျိုးအကြောင်း မေးမြန်း

www.burmeseclassic.com



ကြည့်ရာ၊ မီရီယန်မှာ မားကပ်အား ဝှက်ထားသည့်နေရာကို ယခုတိုင် မပြောသေးကြောင်းနှင့် ပြန်ပြောလိုက်သည်။ သို့နှင့် ဆီမီယွန်က –

"ဟုတ်လားကွယ့် မိန်းကလေး"

"မှန်ပါတယ် အရှင်"

"ကိုင်း ... အပေါ်ကို ခေါ်ခဲ့ကြဟေ့"

သို့နှင့် သူတို့သည် အခန်းများကို ဖြတ်ကျော်ကာ မီရီယန်အား လှေကားမှ အပေါ်ထပ်သို့ ခေါ်သွားကြပြီးနောက်၊ ကျောက်တံခါးကလေးတစ်ခုမှ ထွက်မိကြသောအခါ အမိုးပေါ်သို့ ရောက်သွားလေ၏။ အလယ်တွင် ကျောက်တိုင်ကြီးတစ်တိုင်ရှိ၍ ၎င်း၌ ၁၀ ပေခန့်ရှည်သော သံကြိုးတစ်ချောင်း ချည်ထားရာ၊ သူတို့သည် တရားသူကြီး အမိန့်ဖြင့် မီရီယန်၏ လက်များကို နောက်ပြန် တုတ်လိုက်လေ၏။ ထို့နောက် ဆီမီယွန်သည် စာလိပ်တစ်လိပ်ကို ဖြန့်၍ မီရီယန်၏ လည်ပင်းတွင် ချည်ထားလိုက်လေသည်။ စာမှာ 'ခရစ်ယာန်နှင့် သစ္စာဖောက် မီရီယန်အား ရောမတို့ မျက်မှောက်တွင် သေစေ အပြစ်ဒဏ်စီရင်လိုက်သည်' ဟု ပါရှိ၏။ ထို့နောက် သံကြိုး၏အခြားတစ်ဘက်စွန်းကို မီရီယန်၏ ခါးတွင် ချည်နှောင်၍ တစ်ဘက်စွန်းကို ကျောက်တိုင်တွင် စို့နှင့် ရိုက်ထားလိုက်၏။ ပြီးသောအခါ ဆီမီယွန်က –

"အသင် သစ္စာဖောက်မ၊ သင်၏ အရိုးများ ဤနေရာ၌ တစ်ချောင်းစီ ကြွေ၍ကျသည်အထိ နေရစ်ပေလော့။ အသို့နည်း၊ သင်တို့၏ဘုရား ကယ်နိုင်သေး၏လော"

ကာလစ်က ဒေါသနှင့် –

"မိန်းမပျိုကို မလှောင်ပါနဲ့ အရှင်၊ ကျိန်စာများဟာ ကျိန်သူများ အပေါ်မှာလည်း ကျရောက်တတ်ပါတယ်"

"သင်ဟာ အကြီးအကဲများကိုတောင် စော်ကားပါသလား။ ကျွန်ုပ် သင့်ကို သတ်နိုင်ပေမဲ့ ဒီအကြိမ် ချမ်းသာပေးလိုက်ဦးမယ်။ သင်ဟာ ရောမတွေဘက်ကို ပါနေတယ် ထင်တယ်။ ကိုင်း ... မြန်မြန်သွားပေရော့"

ကာလစ်မှာ မခံချင်စိတ် ရှိသော်လည်း ဆီမီယွန်၏ တန်ခိုးအာဏာကို သိပြီးဖြစ်သဖြင့် အံကြိတ်ကာ လှည့်၍ ထွက်သွားလေ၏။

*

မီရီယန်သည် သံကြိုးစ ရှည်သလောက် အမိုးအစွန်းရှိ 'သူရဲခို' ကလေး ရှိရာသို့ သွားလေရာ၊ အီစရယ်ဝင်းထဲမှာ အယူသည်းသော ရဟူဒီများက ခဲနှင့် ပေါက်သဖြင့် အခြားတစ်ဖက်သို့ ချက်ချင်းတိမ်းရှောင် ထွက်ပြေးရ၏။ ထိုဘက်မှ နေ၍ မိန်းမဆောင်ဝင်းကို မြင်ရ၏။ ထိုမိန်းမဆောင် ဝင်းမှနေ၍ နီကင်နာတံခါးသို့



www.burmeseclassic.com

www.burmeseclassic.com



အရောက်ကျောက်ဖြူများဖြင့် ဆောက်လုပ်ထားသည့် စက်ဝိုင်းခြမ်းသဏ္ဍာန် လှေကားကို တက်ရလေသည်။ အပြင်ဝင်းကို ရောမတို့ ရရှိသွားပြီဖြစ်၍ တံတိုင်းများကို ဘီးတပ်သည့် တုံးမောင်းများဖြင့် အတင်းထိုးဖောက်လျက်ရှိနေရကား၊ ဝင်းကြီး တစ်ခုလုံးမှာ ရဟူဒီတို့ ခုခံရာ စခန်းကြီး ဖြစ်၍နေတော့၏။

တဖြည်းဖြည်း မှောင်၍ လာပြီဖြစ်သော်လည်း တိတ်ဆိတ်သည်ဟူ၍ကား မရှိသေးချေ။ တုံးမောင်းကြီးများဖြင့် ထိုးဖောက်နေသံများကို ကြား၍ နေရလေသည်။ ရောမတို့က မှောင်လာသည်ကိုပင် အခွင့်ကောင်းယူကာ ရုတ်ချည်း ဝင်ရောက် စီးနင်းမည်ကြံသော်လည်း ရဟူဒီတို့က တံတိုင်းထိပ်တစ်လျှောက်တွင် မီးရှူးမီးတိုင်များ ထွန်းညှိထားသဖြင့် မတိုက်ခိုက်နိုင်ဘဲ ရှိကြ၏။ 'လှေကားရှင်' များသည် တံတိုင်းပေါ်မှ ကျော်ထွက်လာပြီးနောက်၊ ရောမတို့သည် ဒိုင်း၊ လှံများ တို့ဖြင့် ကွယ်ကာတက်လာကြသည်ကိုလည်းကောင်း၊ ရဟူဒီတို့က စောင့်၍ ခုတ်ထစ်ချနေသည်ကိုလည်းကောင်း၊ လှေကားထိပ်မှ ကိုင်၍ အောက်သို့ လှန်ချလိုက်သည်ကိုလည်းကောင်း၊ မီရီယန်သည် မြင်၍နေ၏။

ဤသို့ မရပြန်သည့်အခါ ရောမတို့က တစ်မျိုး ကြံကြပြန်၏။ လှံများ၊ မြားများဖြင့် တရစပ်ပစ်ခတ်နေသည့် အတွင်းမှပင် ရောမတို့သည် သစ်သားတံခါးများဆီသို့ ပြေးလာကာ ရဲရဲတောက်သောမီးစများဖြင့် သစ်သား တံခါးနှင့် ပတ္တာများအကြားသို့ ထိုးသွင်းကြရာ၊ မကြာမီ တံခါးများမှာ မီးဟုန်းဟုန်း တောက်၍ လာပြီးလျှင် တံတိုင်းတစ်ဖက် တစ်ချက်ရှိ စင်္ကြံများသို့ပင် ကူးစက်လေတော့၏။ ရဟူဒီတို့ကား မိန်းမဆောင် အတွင်းတွင် ခို၍နေကြ၏။

တဖြည်းဖြည်း မိုးလင်းပြီးနောက် ... နေထွက်လာသည်နှင့် တစ်ပြိုင်နက် ရောမတို့သည် တံခါးဝမှ မီးများကို သတ်ကာ တီးတပ်ကိုယ်တိုင် မြင်းတပ်စု တစ်စုကို ခေါင်းဆောင်ကာ မိန်းမဆောင်ဝင်းအတွင်းသို့ အတင်းထိုးဖောက်ဝင်ကြလေ၏။ ထိုအခါ ရဟူဒီတို့မှာ ပရမ်းပတာ ဆုတ်ခွာရလေရာ အချို့နီကင်နာတံခါး ပေါက်ဆီသို့ သွားသော လှေကားထစ်များပေါ်သို့ပင် တက်ကြပြီးနောက် တစ်ဖက်တစ်ချက်ရှိ တံတိုင်းများပေါ်သို့ တက်ကာ ရန်သူများအလာကို ဆီးကြို ငံ့လင့်နေကြလေ၏။ မီရီယန်သည် သူ့အား ရောမတို့ဘက်မှ ရုတ်တရက် မြင်သွားသည်ကို သိလိုက်ရ၏။ မြင်းတပ်မှူးအချို့သည် ခရမ်းရောင် ဝတ်ရုံကြီးကို သံကိုယ်ကျပ်ပေါ်မှ ခြုံ၍ ဝတ်ထားသူအား သူရှိရာသို့ ညွှန်ပြနေသည်ကို တွေ့ရ၏။

မြူတိမ်းကင်းစင်သော ကောင်းကင်မှ ထွက်ပေါ်လာသော နေမင်းသည် ပူပြင်းသော အရှိန်အဝါများကို အစွမ်းကုန် လွှတ်လေရာ၊ မီရီယန်မှာ နံနက်ခင်းတွင် ကျောက်တိုင်ရိပ်အောက်၌ ကွယ်၍နေနိုင်ခဲ့သော်လည်း တဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



နေတက်၍လာသည့်အခါ၌မူ ပူပြင်းသော ကျောက်ပြားများပေါ်တွင် ထွန့်ထွန့်လူး မျှ ရှိလေ၏။ ရေငတ်လိုက်သည်မှာလည်း မသေရုံမျှသာ ကျန်တော့၏။ ညနေခင်း ရောက်သောအခါမှ အေး၍သွားလေသည်။ ထိုအချိန်၌ ရောမတို့သည် အနီးသို့ ချဉ်းကပ်၍ မတိုက်တော့ဘဲ မိန်းမဆောင်ဝင်းအတွင်းသို့ လောက်လွှဲကြီးများကို သယ်ယူခဲ့ပြီးလျှင် မြားများ၊ ကျောက်တုံးများဖြင့် ပစ်ခတ်လေရာ ရဟူဒီအများ အပြား ကျဆုံးကြရပြန်လေသည်။ သို့နှင့် အချိန်ကုန်ခဲ့ပြီးနောက်၊ ညဉ့်အချိန်သို့ ရောက်လာရာ မီရီယန်ထက် ဝမ်းမြောက်မည့်သူကား ရှိတော့မည် မထင်ပေ။ အကြောင်းသော်ကား နှင်းပေါက်များ တဖွဲဖွဲကျလာ၍ ၎င်းတို့သည် ကျောက်ဖြူ တိုင်ထိပ်ရှေ့ပြားကွပ်ထားသည့် နေရာတွင် အရည်ဖွဲ့ကာ ကျောက်ဖြူတိုင်၏ မျှော့ကြောင်းတစ်လျှောက်သို့ စီးဆင်းကျလာသဖြင့် မီရီယန်သည် လျှာနှင့် လျက် ကာ ရေငတ်ပြေရှာလေသည်။ ထို့ပြင် သူ၏ဦးခေါင်းပေါ်သို့ ဆီးနှင်းများ ကျသဖြင့်လည်း အတော် လန်းဆန်းလာခဲ့လေသည်။ သို့နှင့် အိပ်ပျော်သွားရာ ထိုညဉ့်အဖို့ နောက်ထပ်တိုက်ပွဲများ မဖြစ်တော့ချေ။

မီရီယန်သည် မောရိယတောင်ကုန်း အလယ်ဗဟို၌ ကျောက်တုံးနက်ကြီးပေါ်တွင် 'အိုင်ဇက်' အား ယဇ်ပူဇော်ခဲ့ပုံများနှင့်တကွ နောက်ဆုံးတွင် တရားစီရင်ဆုံးဖြတ်မည့်နေ့၌ ကမ္ဘာကြီး ဖြစ်ပျက်ပုံများကို အိပ်မက် မက်နေပြီးနောက် ဖျတ်ခနဲ အိပ်ရာမှ လန့်နိုးလေ၏။ ထိုအခါ အရှေ့ဘက် မိန်းမဆောင်ဝင်းထဲတွင် စခန်းချနေသော ရောမစစ်တပ်မှ မီးရောင်များကို မြင်ရပြီးလျှင် အစာရေစာ ပြတ်လပ်ကာ ညည်းညူအော်ဟစ်နေသည့် ရဟူဒီတို့ အသံများကိုလည်း ကြားရလေသည်။

***

www.burmeseclassic.com



တဖြည်းဖြည်း လင်းစပြုလာခဲ့၏။ သို့သော် ထိုနေ့နံနက်တွင် ပင်လယ်ဘက်မှ တစ်သုတ်ပြီးတစ်သုတ် တိုက်ခတ်လာသော မြူနှင်းထုကြီးကြောင့် နေကို မမြင်ရဘဲ မည်းမှောင်၍နေလေသည်။ ယမန်နေ့ကကဲ့သို့ နေပူခဲ့သော် မီရီယန်မှာ နေကုန်အောင်ပင် မိမိအသက် ခံပါမည်လောဟု အောက်မေ့မိ၏။ အစာမစားရသဖြင့်လည်း လွန်စွာ အားနည်းလျက်ရှိ၏။

မီရီယန်ကဲ့သို့ မြူများ ပိတ်ဖုံးနေသည်ကို သဘောကျနေသူတစ်ယောက်လည်း ရှိ၏။ ထိုသူမှာ ကာလစ်ပင်ဖြစ်လေသည်။ ကာလစ်သည် နီကင်နာတံခါးပေါက်ရှိရာသို့ ချောင်းမြောင်းလာရောက်ခဲ့ပြီးနောက်၊ သော့ခတ်ထားသဖြင့် လှေကားမှ မတက်နိုင်သော်လည်း အဝတ်အိတ်တစ်လုံးကို အပေါ်သို့ ကျင်လည်စွာ ပစ်တင်လိုက်ရာ အိတ်သည် မီရီယန်၏ခြေထောက်အနီးတွင် ကျလာ၏။ အိတ်ထဲတွင် ဝိုင်အရက်နှင့် ရောစပ်ထားသော ရေဗူးတစ်လုံးနှင့် မရှိမဲ့ရှိမဲ့ ရှာ၍လာဟန်တူသော ပေါင်မုန့် မှိုတက်ဘေးသားအပဲ့တစ်ခု ပါရှိလေသည်။ ပေါင်မုန့်ကို အားရပါးရ ဝါးလိုက်၏။ သို့သော် လက်များကို နောက်ပြန်တုပ်ထားသဖြင့် ဗူးရေကို လှမ်း၍ မယူနိုင်ရှာချေ။ ရေငတ်သော သူတို့မည်သည် ရေကိုမြင်သောအခါ သာ၍ပင် မခံမရပ်နိုင်အောင်ရှိတတ်သဖြင့် စိတ်ထဲ၌ မချင့်မရဲရှိနေရှာ၏။ ထိုအတောအတွင်း လူသေကောင်များရှိရာမှ ပျံသန်းလာကြသော မှက်၊ ခြင်၊ ယင် ရဲတို့ကလည်း တစ်ကိုယ်လုံးကို မညှာမတာ ကိုက်လိုက်ချေသေး၏။

www.burmeseclassic.com



ရွှေပြားကို ကျောက်တိုင်တွင် ကပ်ထားရာမှ မြဲမြံစေရန် သုံးမြှောင့်သံများဖြင့် ရိုက်ထားရာ မီရီယန်သည် အစွန်းထွက်နေသော သံချောင်းတစ်ချောင်းကို ကံအားလျော်စွာ တွေ့ရ၍ သူ့အား ချည်နှောင်ထားသော ကြိုးကို သံချောင်းအစွန်းနှင့် တိုက်ဖြတ်ရန် စိတ်ကူးပေါက်ခဲ့လေသည်။ လက်များမှာ ယောင်ကိုင်းနေသဖြင့် နာကျင်လှသော်လည်း ကြိုးစား၍ တိုက်ဖြတ်ခဲ့လေ၏။ ရောမများသည် သူ့အကြောင်းကို သိလိုလှသဖြင့် စွန့်စားကာ တံခါးပေါက်အနီးသို့ရောက်အောင် ချဉ်းကပ်ပြီးနောက်၊ အကျိုးအကြောင်းမေးကြရာ ရောမတစ်ယောက်အား ကယ်ဆယ်ခဲ့မိသဖြင့် ဤသို့ အပြစ်ဒဏ်ခံရကြောင်း လက်တင်ဘာသာဖြင့် ပြန်ပြောလိုက်လေ၏။ သို့သော် ရဟူဒီဘက်မှ မြားများနှင့် ပစ်နေသဖြင့် ရောမစစ်သားတို့မှာ ဆုတ်ခွာရပြီးလျှင် ထိုအကြောင်းကို စစ်သားများက အရာရှိတစ်ယောက်အား ပြန်ပြောသည်ကိုပင် ကြားလိုက်ရ၏။

ထိုအတွင်း မြူများ ပိတ်ဆို့နေခြင်းကို အကာအကွယ်ယူကာ ၄၀၀၀ ကျော်မျှသော ရဟူဒီတို့သည် အီစရယ်ဝင်း အတွင်းတွင် စုရုံးနေကြပြီးနောက်၊ နီကင်နာ တံခါးပေါက်နှင့်တကွ အခြားတံခါးပေါက်များ ပွင့်သွားပြီးလျှင် တံပိုးမှုတ် အချက်ပေးလိုက်သည်နှင့်တစ်ပြိုင်နက် မိန်းမဆောင်အတွင်းသို့ ထိုးဝင်လာကာ ရောမတို့အား တိုက်ခိုက်လေတော့၏။ ရောမ ကင်းတပ်များမှာလည်း ရေကြီးလာသည့်အခါ ရေအလျဉ်တွင် ပရမ်းပတာမျောပါသော ကောက်ရိုးမျှင်များကဲ့သို့ မခံနိုင်ဘဲ ဆုတ်ခွာကြရတော့၏။ သို့သော် ခပ်လှမ်းလှမ်းရှိ အကူတပ်များက တစ်ယောက်နှင့်တစ်ယောက် ဒိုင်းများကို ယှက်ကာ ကြံ့ကြံ့ခိုင်ခိုင် ခံကြသဖြင့် ရဟူဒီတို့မှာ ရှေ့သို့မတိုးနိုင်အောင်ရှိလေသည်။ ထိုအခါ တီးတပ် ကိုယ်တိုင်ခေါင်းဆောင်ကာ ရဟူဒီတို့အား တံခါးများဆီသို့ ရောက်အောင် တွန်းလှန်တိုက်ခိုက်တော့၏။ တီးတပ်ကမူ ဘုရားရှိခိုးကျောင်းကို မပျက်စီးစေလိုသည့်ပြင် ရဟူဒီတို့၏ အသက်များကိုလည်း ချမ်းသာပေးလိုသဖြင့် အညံ့ခံရန် ဟစ်အော်တောင်းဆို၏။ ရဟူဒီတို့ကား အညံ့ခံရန် ဝေးစွ၊ ရောမတို့ကိုပင် ပြောင်လှောင်လိုက်ကြသေး၏။

တီးတပ်သည် ဘုရားရှိခိုးကျောင်းကြီးကို မပျက်စီးစေလိုသည့်သဘောဖြင့် စကြံများ၌ လောင်နေသော မီးကိုပင် ငြိမ်းသတ်စေ၏။ ရဟူဒီတို့ကား တံတိုင်းကြီးကို ခုခံကာကွယ်နေသည်မှတစ်ပါး၊ တစ်စုံတစ်ရာ ပြန်လှန်ပစ်ခတ်ခြင်း မပြုဘဲ ကျောက်တုံးများနောက်တွင် အကာအကွယ်ယူကာ ပြားပြားဝပ်မျှ ပုန်းကွယ်လျက်ရှိကြကုန်၏။ သို့ရှိစဉ် အချို့လည်း ရင်ပတ်များကို ထုကာ အင်္ကျီများကို ဆုတ်ဖြဲလျက်၊ ကလေးနှင့် မိန်းမများသည်လည်း သဲများကို ဦးခေါင်းပေါ်သို့ ကြဲကာ တညည်းညည်း တညူညူရှိနေကြကုန်၏။ သို့သော် နီကင်နာက



www.burmeseclassic.com

www.burmeseclassic.com



တံခါးပေါက်ကိုကား အခိုင်အလုံ စောင့်ရှောက်နေသဖြင့် အနီးသို့ မချဉ်းကပ်ဝံ့ကြချေ။ ရောမတို့က မြင်းတပ်နှင့် ထွက်တိုက်စဉ် ကာလစ်အား သွေးအလိမ်းလိမ်း ဖုန်အလူးလူးဖြင့် ထိုတံခါးမှ ထွက်ပြေးသွားသည်ကို နောက်ဆုံးတွေ့လိုက်ရလေသည်။

နေ့အချိန် ကုန်လွန်ခဲ့ပြီးနောက် ညနေစောင်းသို့ ရောက်လတ်သော် မြူများကွဲသွားလေ၏။ ဝင်လုဆဲသော နေရောင်အောင်၌ ဘုရားရှိခိုးကျောင်းကြီးသည် ခံ့ညားလှသော အသွင်ကိုဆောင်လျက်ရှိ၏။ မကြာမီ ရောမတို့သည် အနားယူ၍ ညစာ စားသောက်နေသည့်ဟန်ဖြင့် အပစ်အခတ် ရပ်စဲလျက်ရှိရာ၊ စင်္ကြံမှ သစ်သားများကို မီးလောင်နေသဖြင့် တဖျစ်ဖျစ် မြည်သံများမှတစ်ပါး ဆိတ်ငြိမ်လျက်ရှိ၏။ သို့နှင့် တဖြည်းဖြည်းနှင့် မှောင်ရိပ်သန်းကာ ညချမ်းအချိန်သို့ ရောက်ခဲ့လေသည်။ မီရီယန်သည် ယောင်ယမ်းနေသော လက်များဖြင့် သူ၏လက်တွင် ချည်ထားသော ကြိုးများကို ကိုက်လျက်ရှိရာ၊ နောက်ဆုံး၌ ကြိုးပြတ်သွားလေ၏။ သို့သော် သွေးတောင့်၍နေသဖြင့် လက်များကို ရုတ်တရက် မမြှောက်နိုင်ဘဲရှိရာက၊ အတန်ကြာမှ လက်များကို မြှောက်နိုင်ပြီးလျှင် ကြိုးစများကို ပါးစပ်နှင့်ကိုက်၍ ဖြည်ကာ ရေဗူးကိုလှမ်းယူနိုင်တော့၏။ ရေအလွန်ငတ်နေသော်လည်း သတိကြီးစွာဖြင့် ရုတ်တရက် အကုန်မသောက်ဘဲ ပါးစပ်နှင့် တစ်ငုံစာမျှ ရှေးဦးစွာ ငုံ၍ တစ်ကျိုက်ချင်း သောက်လေသည်။ ရေမှာ ဝိုင်အရက်နှင့် ရောစပ်ထားသဖြင့် မီရီယန်မှာ တရိပ်ရိပ် ရီဝေလာပြီးလျှင် မကြာမီ အိပ်ပျော်သွား၏။

အိပ်ရာမှ နိုးသောအခါ၌ကား အတော်ပင် လန်းလန်းဆန်းဆန်း ရှိနေခဲ့လေပြီ။ အကယ်၍သာ သူ့ခါးတွင် ချည်ထားသော သံကြိုးကိုဖြုတ်နိုင်ခဲ့လျှင် လွတ်မြောက်ထွက်ပြေးနိုင်တော့မည်။ မီရီယန်မှာ ဒုက္ခအပေါင်းမှ ကင်းလွတ် အောင်သေလိုသောစိတ် ပြင်းပြလျက်ရှိသော်လည်း ဤသို့ အစာငတ် ရေငတ်ဖြင့် ဇိမ်ဆွဲ၍သေရမည့်ဘေးကိုမူ မလိုလားချေ။ သံကြိုးကို ဖြုတ်နိုင်စေကာမူ တံခါးပေါက်များမှာ ပိတ်ထားသဖြင့် အောက်သို့ ဆင်းနိုင်မည်မဟုတ်ဘဲ အမိုးပေါ်မှ လူမမြင်အောင် လျှောချပြီးနောက် ရောမတို့ဘက်သို့ ပြေးနိုင်ပါမှ သက်သာရာရကောင်းရလိမ့်မည်ဟု စိတ်ကူးမိ၏။ သို့သော် သံကြိုးမှာ အခိုင်အမာ ချည်နှောင်ကာ သံမှိုရိုက်ထားသဖြင့် မည်သည့်နည်းနှင့်မျှ ပြုတ်နိုင်မည် မဟုတ်ပေ။ ထိုအခါမှ ငိုကြွေးတော့၏။

သို့ရှိစဉ် အီစရယ်ဝင်း အတွင်းမှ လှုပ်လှုပ်ရှားရှား ကြားပြီးနောက်၊ အတော်များများ စုရုံးနေသည်ကို ကြယ်များ၏ မှုန်မွှားသော အလင်းရောင်အောက်တွင် တွေ့မြင်ရလေ၏။ မကြာမီ တံခါးမကြီးများ ပွင့်သွားပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ရဟူဒီတို့သည် ကျောက်ဖြူလှေကား ခြေရင်းတွင် နှစ်စုခွဲကာ တစ်စုသည် လက်ယာဘက်စကြံရှိရာသို့လည်းကောင်း၊ ကျန်တစ်စုသည် လက်ဝဲဘက်သို့လည်းကောင်း ချီတက်သွားသည်ကို မြင်ရလေသည်။ သူတို့၏အကြံမှာ မီးသတ်နေသည့် ရောမများကို ရှေးဦးစွာ သုတ်သင်ပြီးမှ ခပ်လှမ်းလှမ်းရှိ ရောမတပ်စခန်းကို အလစ်၌ ဝင်စီးရန်ဖြစ်၏။ သို့သော် ကျောက်ဖြူလှေကားပေါ်သို့ သူတို့ရောက်သည်နှင့် တစ်ပြိုင်နက် ရောမကင်းစောင့် စစ်သားများက ဟစ်အော်အချက်ပေးလိုက်ရကား တိုက်ပွဲစရန် ခရာမှုတ်သံများကိုပင် ကြားရလေ၏။ သို့နှင့်ပင် ရဟူဒီတို့သည် မပြေးနိုင်သော ရောမတို့ကို သုတ်သင်ကာ၊ ရောမတို့၏ ယာယီတံတိုင်းရှိရာသို့ အရောက်ချီတက်သွားပြီးနောက်၊ တံတိုင်းကို ဖြိုဖျက်ရန် ကြိုးစားကြလေကုန်၏။ သို့ရှိစဉ် တံတိုင်းနောက်ဘက်မှ ထောင်သောင်းမကသော ရောမတို့သည် လက်နက်စွဲကိုင်ကာ ရုတ်တရက် ထွက်ပေါ်လာပြီးနောက်၊ တံတိုင်းကို ကျော်ဆင်းလာလေ၏။ ထိုအခါမှ ရဟူဒီတို့သည် ရုတ်တရက် တိုက်ခိုက်ခြင်းခံရသဖြင့် အီစရယ်ဝင်းဘက်သို့ ပရမ်းပတာ ထွက်ပြေးကြလေသည်။ ယခုအခါ၌မူကား ရောမတို့သည် ရဟူဒီတို့အား သာမန် တွန်းလှန်လိုက်ရုံဖြင့် မနေဘဲ တရကြမ်းလိုက်၍ တိုက်ခိုက်လေတော့၏။ ထိုအခါ ရဟူဒီတို့သည် တံခါးမှပင် မခံနိုင်တော့ဘဲ ထွက်ပြေးကြလေရာ၊ ရောမတို့သည် တံခါးပေါက်တွင် အစောင့်များ ချထားပြီးနောက် တွေ့သမျှ ဒုက္ခသည်တို့ကို သတ်ဖြတ်ကာ ဘုရားရှိခိုးကျောင်း တံခါးပေါက်သို့ အပြင်းချီတက်သွားကြလေ၏။ ထိုအခါ၌ကား ရဟူဒီတို့ဘက်မှ အရဲရင့်ဆုံး စစ်သားများပင် လက်နက်ကို စွန့်ပစ်ကာ ထွက်ပြေးကြလေပြီ။

ရောမတို့သည် မီးတုတ်များ စွဲကိုင်ကာ လိုက်လံတိုက်ခိုက်သတ်ဖြတ်ကြကုန်၏။ သို့ရှိစဉ် ဘုရားရှိခိုးကျောင်း၏ ပြတင်းပေါက်တစ်ခုမှ မီးတောက်မီးညွန့်များ ထွက်လာသည်ကို မီရီယန်သည် ရုတ်တရက် မြင်လိုက်ရ၏။ ဖြစ်ပုံမှာ စစ်သားတစ်ယောက်သည် အခြားစစ်သားတစ်ယောက်၏ ပခုံးပေါ်သို့တက်ကာ ပြတင်းပေါက် အတွင်းသို့ မီးတုတ်တစ်ခု ပစ်သွင်းလိုက်ရာမှ ပြတင်းကို မီးစွဲသွားခြင်းဖြစ်၏။ မိနစ်အနည်းငယ် အတွင်းတွင် လောင်စာတစ်ခုမှ တစ်ခုသို့ ကူးစက်ပြန့်နှံ့ကာ ဘုရားရှိခိုးကျောင်း တစ်ခြမ်းလုံးမှာ အရှိန်ကောင်းစွာနှင့် တောက်လောင်လျက်ရှိနေခဲ့လေပြီ။ ရောမတို့ကား နီကင်နာတံခါးမှ အဆက်မပြတ်ချီတက်လျက်ပင်ရှိကြ၏။ ဤသို့ ချီတက်နေသည့် အထဲမှ ဝတ်ရုံဖြူအရှည်ကြီးကို ဝတ်လျက် စစ်မြင်းကြီးကို စီးကာ လက်ထဲတွင် ဆင်စွယ်ရာဇ လှံတံကို ကိုင်စွဲလာသည့် ခံ့ညားသော လူကြီးတစ်ယောက်ကို မီရီယန် မြင်ရလေရာ၊ ထိုလူကြီးမှာ တီးတပ် ကိုယ်တိုင်ပင် ဖြစ်တော့၏။ သူသည် မီးများကို ငြိမ်းသတ်ရန်



www.burmeseclassic.com

www.burmeseclassic.com



စစ်သားများအား ဟစ်အော် အမိန့်ပေးလျက်ရှိ၏။ သို့သော် ရှေ့သို့ ချီတက်နှင့်ပြီးသော စစ်သားများကိုကား ရုတ်သိမ်း၍ မရတော့ပေ။ ဘုရားရှိခိုး ကျောင်းကြီးကား နေရာအနှံ့အပြားတွင် မီးစွဲလောင်လျက်ရှိနေပြီ။ စစ်ဗိုလ်မှူး တီးတပ်သည် သူ၏ အရာရှိများ ခြံရံကာ ဘုရားရှိခိုးကျောင်းကြီးအတွင်းသို့ ဝင်သွားပြီးနောက် ရွှေဖယောင်းတိုင် ခုံများနှင့် ရွှေစားပွဲများကို သိမ်းယူရန် အမိန့်ပေးတော့၏။ မောရိယတောင်ကုန်းတွင် နှစ်ပေါင်း (၁၁၃၀) ခန့်မျှ တည်ရှိခဲ့သော ဘုရားရှိခိုးကျောင်းကြီးကား မီးဟုန်းဟုန်းတောက်၍ နေပြီးလျှင် ရွှေဖြင့်ပြုလုပ်ထားသည့် အဖိုးတန် ပစ္စည်းမှန်သမျှ သည်လည်း ရန်သူတို့ သိမ်းဆည်းခြင်းကို ခံရလေပြီ။

အီစရယ်ဝင်းအတွင်းတွင် စစ်သားများသာမက၊ တွေ့သမျှ ဘုန်းကြီး၊ အရပ်သား၊ မိန်းမ၊ ယောက်ျား၊ ကလေးသူငယ် နို့စို့အရွယ်များပါမကျန် သတ်ဖြတ်ခြင်းခံရသဖြင့် ဝင်းကြီးတစ်ခုလုံး သွေးချောင်းစီးလျက် ယဇ်ပလ္လင် ကျောက်တုံးကြီးပင် လူသေအလောင်းတို့ဖြင့် ဖုံးလွှမ်းလျက်ရှိလေ၏။ ခုတ်ထစ်သတ်ဖြတ်ခြင်းခံရလေသဖြင့် ဟစ်အော်ငိုကြွေးနေသည့် ရဟူဒီတို့ အသံများနှင့် ရောမတို့၏ စစ်ကြွေးကြော်သံများသည် ရောနှောဆူညံလျက်ရှိတော့၏။ ဘုရားရှိခိုးကျောင်းကြီးမှ အမိုးနှင့် နံရံပြိုကျသွားပြီးလျှင် မီးတောက်ကြီးများသည် ကောင်းကင်သို့ ပေပေါင်းများစွာ ထိုးတက်လျက်ရှိတော့၏။ မီရီယန်သည် အမိုးပေါ်မှကြည့်ရင်း မီးဟပ်သဖြင့် ကျောက်ဖြူတိုင် နောက်တွင် ဝပ်၍ နေရာမှ ဘူးထဲတွင် ကျန်သေးသော ရေနှင့်ရောစပ်ထားသည့် ဝိုင်အရက်ကို အကုန်သောက်လိုက်ရာ မကြာမီ အိပ်ပျော်သွားလေသည်။

သတိပြန်၍ ရလာသောအခါ နေ့လယ်အချိန်သို့ပင် ရောက်ရှိနေလေပြီ။ ဘုရားရှိခိုးကျောင်းကြီး နေရာ၌ကား ပြာပုံကြီးသာ ရှိနေတော့၏။ ရောမတို့သည် လူသေအလောင်းများကို နင်းကာ လျှောက်သွားနေကြ၏။ ရောမအလံတော်ကို လွှင့်ထူကာ ပြောင်လက်သော အဝတ်တန်ဆာများ ဝတ်ဆင်ထားသည့် အရာရှိများ ခြံရံလျက် တစ်စုံတစ်ယောက်သည် မြင်းနှင့်စီးနင်းဖြတ်သန်းသွားရာ "ဧကရာဇ်ဘုရင် တီးတပ်သက်တော် ရှည်ပါစေ" ဟု ကြွေးကြော်သံကို မီရီယန် ကြားရ၏။

တိုက်ပွဲကား လုံးဝပြီးဆုံးခြင်းသို့ မရောက်သေးချေ။ မသေဘဲ ကျန်နေသော ရဟူဒီ အချို့ကား နောက်ဆုံး ဖြစ်လိုရာ ဖြစ်စေဟူသော သဘောဖြင့် မီးလောင်နေသော စင်္ကြံအချို့ ခေါင်မိုးပေါ်တွင် စုရုံးလျက် စင်္ကြံတစ်ခုပြိုကျသွားလျှင် အခြားတစ်ခုသို့ ကူးကာ မပျက်စီးဘဲ ကျန်နေသေးသော နီကင်နာ တံခါးပေါက်ဆီသို့ တဖြည်းဖြည်း လျှောက်သွားလျက်ရှိကြ၏။ ရောမတို့ကား သတ်ဖြတ်ရန် ငြီးငွေ့လာကြပြီဖြစ်၍ ထိုသူများအား အောက်သို့ ဆင်း၍ အညံ့ခံရန်

www.burmeseclassic.com



ဟစ်အော်ပြောဆိုလျက် ရှိကြ၏။ သို့သော် ရဟူဒီများကား နားမထောင်ကြချေ။ ထိုအထဲတွင် တစ်ယောက်မှာ သူ၏အဘိုး ဗင်နိုနီပင်ဖြစ်ကြောင်း မီရီယန် တွေ့မြင်ရလေသည်။ ပြောမရသည့်အဆုံး၌ ရောမများသည် မြားများနှင့် ပစ်ခတ်လေတော့ရာ ဗင်နိုနီမှတစ်ပါး ကျန်လူအားလုံးပင် လဲကျကြကုန်၏။ ထိုအခါ ရောမတို့သည် သူ့အား လက်ရဖမ်းဆီးရန် တံတိုင်းပေါ်သို့ လှေကားတစ်ခုဖြင့် တက်ကြလေ၏။ ထိုအခါ ဗင်နိုနီသည် နောက်သို့ လှည့်၍ သွားပြန်ရာ တံတိုင်းကြီးနှင့် တကွ စကြံများ မီးလောင်နေသည့် နေရာသို့ ရောက်သွားလေ၏။ ထိုနေရာမှ သူ့နောက်လိုက်လာသော ရန်သူများဘက်သို့ လှည့်ကြည့်လိုက်ရာ ကျောက်တိုင်အနီးတွင် ခွေလဲနေသော မီရီယန်ကို တွေ့မြင်ရလေသည်။ ဗင်နိုနီသည် မီရီယန်သေပြီအထင်နှင့် သူ့လက်များကို လိမ်ချိုးကာ မုတ်ဆိတ်ကို ဆုပ်ကိုင်လိုက်၏။ မီရီယန်ကမူ ထိုအကြောင်းကိုသိသော်လည်း အာခေါင်လည်း ခြောက်၊ အင်အားလည်း ကုန်ခမ်းနေသဖြင့် လှမ်း၍စကားမပြောနိုင်ဘဲ ရှိလေသည်။

ရောမတို့ကား ဗင်နိုနီ၏ အနီးသို့ တဖြည်းဖြည်း ချဉ်းကပ်လာကြလေသည်။ သို့သော် မီးထဲသို့ ကျသွားမည်စိုးသဖြင့် လက်လှမ်းမီအောင် မကပ်ဝံ့ဘဲ အညံ့ခံလျှင် အသက်ကို ချမ်းသာပေးမည့်အကြောင်းနှင့် လှမ်း၍ ဟစ်အော်ကြ၏။ သို့သော် ဗင်နိုနီကား အနီးဆုံး ရောမစစ်သားတစ်ယောက်ကိုပင် လှံနှင့် ပစ်ထိုးလိုက်ပြီးနောက်၊ သူ၏ဘဝကို အညံ့မခံတော့ဘဲ အောက်တွင် တောက်လောင်လျက်ရှိသော မီးပုံထဲသို့ ခုန်ချလိုက်လေသည်။

*

မီရီယန်သည် သတိမရတစ်ချက်၊ ရတစ်ချက်နှင့်ရှိစဉ်၊ အမိုးပေါ်သို့ ရောက်သည့် တံခါးကလေး ရုတ်တရက် ပွင့်လာသည်ကို မြင်လိုက်ရပြီးနောက်၊ သွေးများ လိမ်းကျံလျက် ဆံပင်ဖရိုဖရဲ၊ အဝတ်အစား အစုတ်စုတ် အပြတ်ပြတ်နှင့် လူတစ်ယောက် ပြေးထွက်လာသည်ကို မြင်လိုက်၏။ ထိုသူကား အခြားသူ မဟုတ်၊ တရားသူကြီး ဆီမီယွန်ပင် ဖြစ်တော့၏။ သူ့နောက်တွင် သူ့အင်္ကျီစကို ဆွဲလျက် ရောမအရာရှိတစ်ယောက် ထက်ချပ်ပါလာ၏။ ရောမ အရာရှိမှာ ကိုယ်လုံးကိုယ်ထည် ကြံ့ခိုင်လျက် အသက်အရွယ် အလယ်အလတ်လောက်ပင် ဖြစ်ရာ၊ ရာသီဥတုဒဏ်ကြောင့် ခက်ထန်ကြမ်းတမ်းဟန်ရှိသော သူ၏မျက်နှာကို မီရီယန်သည် ယခင်က မြင်ဖူးသကဲ့သို့ ထင်မှတ်မိ၏။ အရာရှိနောက်မှ စစ်သားခြောက်ယောက်ပါလာလေသည်။ မီယွန်ကား မီးထဲသို့ခုန်ဆင်းကာ ဇာတ်သိမ်းတော့မည့်ဆဲဆဲတွင် တစ်ခါတည်း လက်ရဖမ်းဆီးခြင်းကို ခံရလေ၏။ ထိုအခါမှ စစ်ဗိုလ်သည် မီရီယန်အား တွေ့မြင်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... သတိမေ့နေလိုက်တာ၊ ဒီမိန်းကလေးကို ကယ်ဖို့ မနေ့က ကတည်းက အမိန့်ရတာပဲ။ သေများ သေလေပြီလား မပြောတတ်ဘူး"

မီရီယန်သည် မော်၍ ကြည့်လိုက်၏။

"အလို ဒီမျက်နှာမြင်ဖူးတယ် ထင်တယ်။ တစ်ခါမြင်ဖူးခဲ့ရင် ဘယ်တော့မှ မမေ့နိုင်တဲ့ မျက်နှာမျိုးပဲ။ သြော် ... သတိရပြီ သတိရပြီ"

သို့ပြောဆိုပြီးနောက် သူသည် မီရီယန်၏ ရင်ဘတ်ထဲ၌ ဆွဲထားသော စာကို ဖတ်ကြည့်မိ၏။ စာမှာ သစ္စာဖောက်မီရီယန်အား ဘုရားသခင် အလိုတော် ရှိသကဲ့သို့ သူ၏ မိတ်ဆွေရောမတို့ မျက်မှောက်တွင် သေစေရန် ဤနေရာသို့ အပြစ်ဒဏ် စီရင်ထားသည်ဟု ပါရှိ၏။ အောက်တွင် တရားသူကြီးက လက်မှတ် ထိုးထားလေသည်။ စစ်သားတစ်ယောက်က မီရီယန်၏ ပုလဲလည်ဆွဲကို ဖြုတ်ယူမည်ပြုနေစဉ် စစ်ဗိုလ်အမိန့်အရ သံကြိုးကိုသာ ဖြည်ရလေ၏။

"သင် မတ်တတ်ရပ်နိုင်သလား မိန်းကလေး"

မီရီယန်က ခေါင်းခါလိုက်၏။ ထိုအခါ စစ်ဗိုလ်သည် မီရီယန်အား ကလေးတစ်ယောက်ပမာ ယုယစွာ ပွေ့ချီလျက် စစ်သားများကိုလည်း ဆီမီယွန်အား ခေါ်ဆောင်ခဲ့ရန် ပြောပြီးလျှင် သတိကြီးစွာဖြင့် အောက်ထပ်သို့ ဆင်းသွားလေ၏။

*

ဗိုလ်မှူးချုပ်တီးတပ်ကား မီးမလောင်ဘဲ ကျန်သော တောင်ဘက်စကြံ တစ်ခုအောက်ရှိ ခုံတစ်ခုံပေါ်၌ ထိုင်ကာ သူ့ရှေ့သို့ တစ်ခုပြီးတစ်ခု ယူလာသည့် ဘုရားရှိခိုးကျောင်းမှ အဖိုးတန် ပစ္စည်းများကို ကြည့်ရှုလျက်ရှိရာမှ မီရီယန်အား ပွေ့ချီလာသည့် လူစုကို မြင်လိုက်သဖြင့် သူ့ဆီသို့ ခေါ်လိုက်လေ၏။

"သင်ပွေ့လာတာ ဘယ်သူလဲ ဗိုလ်ကြီး"

"မြားနှင့် မပစ်ခတ်ရန် အရှင် အမိန့်ပေးသော တံခါးပေါက်ပေါ်မှ မိန်းကလေး ဖြစ်ပါတယ်"

"အသက် ရှိသေးသလား"

"ရှိပါသေးတယ် အရှင် ... ဒါပေမဲ့ ရေငတ်၊ မီးဟပ်ခံရလို့ သက်ဆိုးရှည်မယ်တော့ မထင်ပါဘူး"

"ဒီနေရာကို ဘယ်လိုရောက်နေတာလဲ ဗိုလ်ကြီးရဲ့"

စစ်ဗိုလ်က မီရီယန်၏ လည်ပင်း၌ ဆွဲထားသော စာကို ပြလိုက်သဖြင့် ဖတ်ကြည့်ပြီးနောက် –

"အလို ခရစ်ယာန်တစ်ယောက်ပဲ။ သူတို့ဟာ ရဟူဒီတွေထက်တောင် ဆိုးတယ်ဆိုပါကလား၊ ပြီးတော့ သစ္စာဖောက်မတဲ့၊ ဟင် ... ဘုရားသခင် အလို



www.burmeseclassic.com

www.burmeseclassic.com



တော်အတိုင်း သူ၏မိတ်ဆွေ ရောမတို့မျက်မှောက်တွင် သေရန် အပြစ်ဒဏ်ပေးထားတယ် ဆိုပါကလား၊ ဒီဟာက ဘာသဘောလဲ၊ မိန်းကလေး စကားပြောနိုင်ပြီလား"

မီရီယန်သည် သူ့အား ပွေ့ချီထားရာမှ ခေါင်းထောင်၍ ကြည့်လိုက်ပြီးလျှင် ဆီမီယွန်အား လက်ညှိုးထိုး၍ ပြလိုက်လေသည်။ ထိုအခါ တီးတပ်က ဆီမီယွန်အား –

"ကိုင်း ... အသက်မသေချင်ရင် မှန်ရာကို ပြောစမ်း"

"သူ့အား တရားလွှတ်တော်ချုပ်က အပြစ်ပေးခဲ့ပါသည်။ ဤသို့အပြစ်ပေးသည့်အထဲတွင် သူ့အဘိုးကိုယ်တိုင် ပါ ပါသည်"

"ပြစ်မှုက ဘာပြစ်မှုလဲ"

"ရောမ အကျဉ်းသားတစ်ယောက်ကို လွတ်မြောက်အောင် ကူညီတဲ့ပြစ်မှု ဖြစ်ပါတယ်"

"နာမည်က ဘယ်သူတဲ့လဲ"

"ကျွန်ုပ် မမှတ်မိတော့ပါ အရှင်"

"ကောင်းပြီ ... အကျဉ်းသားအတွက် အရေးမကြီးပါဘူး။ ဒါထက်သင့်အဝတ်အစားကြည့်ရတာ တရားသူကြီးတစ်ယောက်နဲ့ တူတယ် ဟုတ်သလား"

"မှန်ပါတယ် အရှင် ... ကျွန်ုပ် နာမည် ဆီမီယွန် ဖြစ်ပါတယ်။ အရှင်တို့ကြားဖူးကောင်း ကြားဖူးပါလိမ့်မယ်"

"ထိပ်ဆုံးက လက်မှတ်ထိုးတဲ့ ဆီမီယွန်ဆိုတာ သင်ပဲ မဟုတ်လား။ ရောမစစ်သားတစ်ယောက်ကို ကယ်ဆယ်ရုံနဲ့ အမျိုးကောင်းသမီးတစ်ဦးကို သင်က သေဒဏ် အပြစ်ပေးခဲ့တာပဲ။ ဒီတော့ သင် ပေးတဲ့အပြစ်ကို သင်ပဲ ခံဖို့ရှိတော့တယ်။ ကိုင်း ... ဒီလူကို မိန်းကလေးနေရာ ခေါ်သွားပြီး ကျောက်တိုင်မှာ ချည်ထားလိုက်ကြပေတော့"

ထို့နောက် တီးတပ်က မီရီယန်သည် ခရစ်ယာန်တစ်ယောက်ဖြစ်၍ ခရစ်ယာန်များမှာ အာဏာပိုင်များကို တော်လှန်ရန် ကြိုးစားနေသည့်ပြင်၊ ကမ္ဘာကြီး ပျက်စီးစေမည့် တရားများကိုဟောနေကြောင်း၊ သူ့အမျိုးကိုလည်း သစ္စာဖောက်ခဲ့သူဖြစ်ကြောင်း၊ သို့သော် ရောမစစ်သားတစ်ယောက်အား ကယ်ဆယ်သဖြင့် လွှတ်ပစ်ခဲ့သော် ကောင်းမည်မထင်ကြောင်း၊ အကယ်၍ လွှတ်ပစ်ခဲ့လျှင် သေဖွယ်သာရှိကြောင်း၊ သို့ဖြစ်၍ သူ့အား ပြုစုစောင့်ရှောက်ထားပြီးလျှင် မိမိအောင်ပွဲခံရာ၌ ကျွန်အဖြစ် ရောင်းချပြီးနောက် ရရှိသောငွေကို ဒဏ်ရာရသောစစ်သားများအတွက် အသုံးပြုမည်ဖြစ်ကြောင်း ပြောပြပြီးလျှင် စောင့်ရှောက်ထား



www.burmeseclassic.com

www.burmeseclassic.com



မည့်သူ ရှိ, မရှိ မေးမြန်းရာ မီရီယန်အား ကယ်ဆယ်ခဲ့သည့် အရာရှိက သူ့တွင် တဲစောင့် မိန်းမကြီးတစ်ယောက် အသင့်ရှိနေ၍ သူ စောင့်ရှောက်ထားပါမည့် အကြောင်းနှင့် တာဝန်ယူလေ၏။ ထိုအခါ တီးတပ်က –

"ဒီမှာရှိတဲ့ လူအားလုံး ကျွန်ုပ်အမိန့်ကို ကြားကြပေစေ။ မိန်းကလေးကို ကောင်းစွာ စောင့်ရှောက်ပြီး ကျွန်ုပ် ရောမကို ရောက်တဲ့အခါ အစီရင်ခံရလိမ့်မယ်။ ကိုင်း ... သင်ကိုယ်တိုင် ခေါ်သွားပေတော့"

***

www.burmeseclassic.com

www.burmeseclassic.com

## ၁၉

ရက်ပေါင်းများစွာ ကုန်လွန်ခဲ့သော်လည်း ရဟူဒီများကား မြို့အထက်ပိုင်းကို သိမ်းပိုက်လျက်ပင် ရှိသေး၍ တိုက်ပွဲများကား မပြီးဆုံးခဲ့သေးချေ။ မီရီယန်အား ထိန်းသိမ်းခဲ့သော စစ်ဗိုလ်သည် ထိုတိုက်ပွဲတစ်ခု၌ ခြေထောက်တွင် ဒဏ်ရာရ၍ အခြားဒဏ်ရာရသူများနှင့်အတူ တီးတပ်သိမ်းဆည်းရရှိခဲ့သော အဖိုးတန်ရွှေငွေပစ္စည်းများကို သယ်ဆောင်ကာ ရောမမြို့သို့ပြန်ရန် အခွင့်ရခဲ့၏။ သို့နှင့်သင်္ဘောရှိရာ ‘တိုင်ယာ’ မြို့သို့ ထွက်ခဲ့လေ၏။ ဗိုလ်မှူးသည် သူ၏တဲစခန်းရှိရာ ‘အော်လိုက်’ တောင်ကုန်းသို့ မီရီယန်အား ခေါ်ဆောင်ခဲ့ပြီးနောက် တဲစောင့်မိန်းမကြီးအား ပြုစုစေခဲ့၏။ မီရီယန်မှာ အချိန်အတန်ကြာမျှ သေမည် ရှင်မည်မသိရှိနေရာမှ၊ အစားအသောက်ကလည်းကောင်း၊ အပြုအစုလည်း ကောင်းသဖြင့်နောက်ဆုံး၌ သေတွင်း၌ လွတ်မြောက်ခဲ့လေ၏။

ရောမအရာရှိသည် မီရီယန်ကို သမီးအရင်းသဖွယ် အနွံအတာခံကာပြုစုစောင့်ရှောက်ခဲ့ရှာ၏။ ဒဏ်ရာရပြီးနောက်၌ကား နေ့စဉ်ပင် အချိန်ကုန်သည့်တိုင်အောင် မီရီယန်နှင့်အတူ ရှိနေခဲ့ရာ၊ မီရီယန်ကလည်း အတော်ခင်မင်၍ လာခဲ့လေသည်။ သို့နှင့် သူ၏စစ်သားများနှင့်လည်း သိကျွမ်းလာတော့၏။ တိုင်ယာမြို့သို့ သွားရန် အမိန့်ကျလာသောအခါ မီရီယန်ကိုပါ ခေါ်ဆောင်၍ သွားလေရာ၊ ရှစ်ရက်မြောက်သောနေ့တွင် ‘တိုင်ယာ’ သို့ ရောက်ရှိကြလေ၏။

တိုင်ယာသို့ ရောက်သောအခါ သင်္ဘောမှာ အသင့်မရှိသေးသဖြင့်တစ်ခုသော ဥယျာဉ်အတွင်း၌ ယာယီတဲများကို ထိုးကာစောင့်ဆိုင်းနေရလေရာ၊ ထိုဥယျာဉ်မှာ ဗင်နိုနီ၏ ဥယျာဉ်ပင်ဖြစ်လေသည်။ မီရီယန်သည် အရဏ်တက်ချိန်တွင် အိပ်ရာမှနိုးလာခဲ့ရာ၊ ကျောက်ဆောင်များကို ပုတ်ခတ်နေသည့် လှိုင်းသံများ

www.burmeseclassic.com



ကို ကြားရသဖြင့် တဲပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်၏။ စခန်းတစ်ခုလုံးမှာ အိပ်မောကျလျက်ပင် ရှိသေး၏။ ရုတ်တရက် မြူများ ကွဲသွားပြီးနောက် ပြာလဲ့သော ရေပြင်ကြီးပေါ်တွင် နေရောင်ခြည်များ ဟပ်စပြုလာသည်ကို မြင်ရ၏။ သို့ရှိစဉ် မီရီယန်သည် ဦးခေါင်းထဲသို့ အလင်းရောင်တစ်ခု ဝင်လာသည့်အလား၊ တစ်စုံတစ်ခုကို ရုတ်တရက် သတိရသကဲ့သို့ရှိလေ၏။ ဥယျာဉ်မှာ သူ့အဘိုး ဥယျာဉ်ပင်ဖြစ်ရာ၊ ယခင်က ထိုဥယျာဉ်ထဲ၌ နီဟွတ်စတာနှင့်အတူ ရှိနေစဉ်၊ မားကပ်၏စာနှင့် လက်ဆောင်များရခဲ့ဖူးသည်ကို ပြန်၍ သတိရမိ၏။ သို့စဉ်းစားရင်း မီရီယန်သည် လည်ပင်းသို့လက်နှင့် အမှတ်မဲ့ စမ်းသပ်ကြည့်ရာ၊ ပုလဲလည်ဆွဲကို တွေ့ရရုံမျှမက သူ မကျန်းမာစဉ် အစောင့်မိန်းမကြီးက သူ၏ဆံပင်ထဲမှ တွေ့ရသဖြင့် လည်ဆွဲတွင် ဆွဲချိတ်ပေးထားသည့် လက်စွပ်ကိုပါ တွေ့ရလေသည်။ မီရီယန်သည် လက်စွပ်ကို ဝတ်ထားလိုက်၏။ သို့သော် ရဟူဒီတို့ ဝိုင်းဝန်းတိုက်ခိုက်ခြင်း မခံရမီက အဖြစ်အပျက်များကိုသာ စဉ်းစား၍ရလေသည်။ မီရီယန်သည် ကျောက်ဆောင်တစ်ခုပေါ်၌ ထိုင်လျက်ရှိစဉ်၊ ရောမဗိုလ်ကြီးမှာ နေ့စဉ်လာ၍ မီရီယန်အား မေးနေကြဖြစ်သည့်အတိုင်း အနာမပျောက်သေးသည်နှင့် ချိုင်းထောက်ဖြင့် လျှောက်လာကာ မီရီယန်အား နှုတ်ဆက်ရင်း ယမန်နေ့ညက ကောင်းစွာ အိပ်ရပါ၏လောဟု မေးမြန်းလေ၏။ သို့သော် မီရီယန်မှာ ယခင်က ကဲ့သို့မဟုတ်ဘဲ၊ ကောင်းစွာ သတိရလာပြီဖြစ်၍ –

"အရှင် ကျေးဇူးတင်ပါ၏။ ညက ကောင်းစွာအိပ်ရပါသည်။ ရှေ့က မြို့ကြီးသည် တိုင်ယာမြို့ပင် မဟုတ်ပါလော၊ ဤဥယျာဉ်သည်လည်း အဘိုး ဗင်နိုနီ၏ ဥယျာဉ်ပင် မဟုတ်ပါလော၊ ထိုအတွင်း ကျွန်ုပ်လမ်းလျှောက်နေသည်မှာ ကြာမြင့်လှပြီဖြစ်၍ ဤအတွင်း ကြောက်မက်ဖွယ် အမျိုးမျိုးကို တွေ့ကြုံခဲ့ရပါသည်။ သို့သော် ကျွန်ုပ် မမှတ်မိတော့ပါ"

"မမှတ်မိတာပဲ ကောင်းပါတယ်။ ပြီးတော့ ဒီမြို့ဟာ တိုင်ယာမြို့ကြီးပါပဲ။ ဥယျာဉ်ကတော့ ဘယ်သူ့ဥယျာဉ်ဆိုတာ ကျွန်ုပ် မပြောတတ်ဘူး"

မီရီယန်သည် စစ်ဗိုလ်ကြီး၏ မျက်နှာကို စိုက်ကြည့်ပြီးနောက် –

"အို ... ကျွန်ုပ် သတိရပြီ၊ အရှင်ဟာ ကျွန်ုပ်ထံကို စာယူပြီးလာတဲ့ စစ်ဗိုလ်ကြီး ဂဲလပ် မဟုတ်လား"

သို့နှင့် သူသည် ရင်ထဲတွင် အမြဲဝှက်ထားသော မားကပ်၏စာကို စမ်းသပ်လိုက်၏။ သို့သော် စာကို မတွေ့ရတော့ချေ။

"ဟုတ်ပါတယ်၊ ကျွန်ုပ်ဟာ ဂဲလပ်ပါပဲ။ အကျိုးအကြောင်းနောက်မှ ပြောကြပါစို့ရဲ့၊ ဟိုမှာ သင့်ကိုထိန်းတဲ့ မိန်းမကြီးက နံနက်စာစားဖို့ ခေါ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



မီရီယန်သည် ကမ်းစပ်တွင်ထိုင်ကာ ပင်လယ်ဘက်သို့ မျှော်ကြည့်နေစဉ် ယခင်အတိတ်ကမှ အဖြစ်အပျက်များသည် တစ်ခုပြီးတစ်ခု ပေါ်လာလေတော့၏။ သို့သော် နီကင်နာ တံခါး အမိုးပေါ်မှ ကယ်ဆယ်ခြင်းခံရပြီးနောက် တီးတပ်က မည်သို့ အမိန့်ချလိုက်သည်ကို မမှတ်မိချေ။ သို့နှင့် အစေခံမိန်းမကြီးနှင့်အတူ ပြန်လာရာ လမ်းတွင် စုရုံးနေကြသော ရောမစစ်သား အချို့ကို တွေ့ရသဖြင့် ဂျေရုဆလမ်မြို့ကို ဝိုင်းဝန်းတိုက်ခိုက်စဉ်က အဖြစ်အပျက်များကို ပြန်၍သတိရလာပြီးလျှင် ထွက်ပြေးမည်ပြုလေ၏။ ထိုအခါ မိန်းမကြီးက –

“သူတို့ကို မကြောက်ပါနဲ့၊ ပုလဲသခင်မကို သူတို့လက်ဖျားနဲ့တောင် မထိဝံ့ကြပါဘူး”

“ပုလဲသခင်မဆိုတာ ဘယ်သူလဲ၊ ဘာကြောင့် ခေါ်တာလဲ”

“သခင်မကို သူတို့ ဖမ်းခဲ့စဉ်က အခု ဝတ်ဆင်ထားတဲ့ ပုလဲလည်ဆွဲနဲ့ တွေ့ရလို့ ခေါ်ခြင်းဖြစ်ပါတယ်။ ဒီစစ်သားတွေဟာ သင့်ကို စောင့်ရှောက်ခဲ့တဲ့ ဂဲလပ်ရဲ့ စစ်သားတွေ ဖြစ်ပါတယ်”

မိန်းမကြီး ပြောသည့်အတိုင်း အနီးသို့ ရောက်သောအခါ စစ်သားများသည် မီရီယန်အား ယုယကြင်နာစွာ ဆီးကြိုနှုတ်ဆက်ကြလေ၏။ မီရီယန်မှာမူ သူကဲ့သို့ လူရာမဝင်သူတစ်ယောက်အား ထိုကဲ့သို့ ကြင်နာကြသည့်အတွက် ဝမ်းသာ ဝမ်းနည်းဖြစ်ကာ မျက်ရည်များပင် ကျမိလေ၏။

စစ်ဗိုလ်ကြီး ဂဲလပ်သည် မီရီယန်အား သူနှင့်အတူ နေ့လယ်စာစားရန် ခေါ်သွား၍ စားပွဲတွင် ထိုင်ကြသောအခါ ဂဲလပ်က မီရီယန်အား ခရုကမာများကိုလည်းကောင်း၊ တောကြက်ရင်အုပ်သားနှင့် သိုးကလေးကင်ကိုလည်းကောင်း ကျွေးမွေးပြီးနောက် –

“ကိုင်း ... သင်မှတ်မိသလောက် ကျွန်ုပ်ကို ပြောပြစမ်းပါ။ အရင်က သင်နဲ့ ကျွန်ုပ် နှစ်ယောက်အတူထိုင်ပြီး စားတိုင်း သင်ဟာ ကျွန်ုပ်လည်ပင်းကို ဟီးလေးခိုပြီး ဦးလေးကို ခေါ်ခဲ့တယ်။ မရက်ပါနဲ့လေ ... ကျွန်ုပ်ဟာ သင့်အဖေ အရွယ်လောက် ရှိပါတယ်။ ပြီးတော့ ကျွန်ုပ်ကလည်း သင့်ကိုသမီး အရင်းလို သဘောထားတာပဲ”

“အရှင် ... ကျွန်ုပ်အပေါ်မှာ ဘာကြောင့် ဒီလောက် ချစ်ခင်ရတာလဲ”

“ဒါကတော့ အကြောင်းအမျိုးမျိုးရှိတယ်။ ပထမအကြောင်းက သင်ဟာ ကွယ်လွန်ပြီးတဲ့ ကျွန်ုပ်ရဲဘော်တစ်ယောက်ရဲ့ မိတ်ဆွေဖြစ်တယ်။ ဒုတိယ အကြောင်းက သင့်ကို ကျွန်ုပ်ကိုယ်တိုင် ကယ်ဆယ်ပြီး ကျွန်ုပ်ရဲ့ အဖော်ဖြစ်ခဲ့တယ်။ တတိယအကြောင်းကတော့ သင့်ရဲ့မျက်လုံးများကို မြင်ရတိုင်း ကွယ်လွန်သွားတဲ့ ကျွန်ုပ်ရဲ့ သမီးတစ်ယောက်ကို သတိရခဲ့တယ်။ ကျွန်ုပ်ရဲ့ ရဲဘော်အမည်



www.burmeseclassic.com

www.burmeseclassic.com



က မားကပ်တဲ့။ သူ့ဆီက လက်ဆောင်တွေယူလာပြီး သင့်ကို ပေးတာဟာ ကျွန်ုပ်ပဲ၊ နီကင်နာတံခါးပေါ်မှာ သင် ရုပ်ပျက်ဆင်းပျက်ဖြစ်ပြီး သတိမေ့လဲနေတုန်းကတည်းက ကျွန်ုပ် မှတ်မိခဲ့တယ်။ သင့်ကို ကျွန်ုပ်တို့ ဗိုလ်မှူးချုပ် တီးတပ်ရဲ့ ကျွန်အဖြစ်နဲ့ ကျွန်ုပ်က ထိန်းသိမ်းစောင့်ရှောက်ထားပြီး ရောမမြို့ရောက်တဲ့အခါ သူ့လက်ကို အပ်ရလိမ့်မယ်။ သင် ဘာကြောင့် ဒီလို အပြစ်ဒဏ် ခံခဲ့ရတယ်ဆို ပြောပါဦး"

မီရီယန်သည် မားကပ်အား ကယ်ဆယ်ခဲ့ပုံ အကျိုးအကြောင်းကို ပြန်ပြောလေသည်။

"ကျွန်ုပ်တော့ သူသေပြီထင်တာပဲ။ ရောမစစ်သားဆိုတာ အသက်ရှင်လျက်နဲ့ ရန်သူရဲ့ အဖမ်းမခံရဘူး"

"ကျွန်ုပ်ကတော့ သေမယ် မထင်သေးဘူး။ ဒဏ်ရာကြောင့် မသေရင်တော့ ကျွန်ုပ်ရဲ့ အစေခံ နီဟွတ်စတာနဲ့ အက်ဆင်းတွေက သူ့ကို စောင့်ရှောက်ထားကြလိမ့်မယ် ထင်တယ်"

"အသက် ရှင်နေရင် သူနဲ့ ဆက်သွယ်ချင်လို့လား"

"မှန်ပါတယ်။ ဒါထက် ရောမမြို့ရောက်ရင် ကျွန်ုပ် ဘယ်လိုဖြစ်မယ်ဆိုတာ ပြောပါဦးအရှင်"

"သူအောင်ပွဲခံပြီးတဲ့အခါ တကယ်လို့ သူစိတ်မပြောင်းရင် သင့်ကို ကျွန်အဖြစ်နဲ့ ဈေးအကြီးဆုံး ပေးနိုင်တဲ့လူကို ရောင်းလိမ့်မယ်"

"မိန်းကလေး တစ်ယောက်အတွက် အင်မတန် ဆိုးရွားတဲ့ ကြမ္မာပဲ"

"နို့ပေမဲ့ ကျွန်ုပ် စိတ်ထင်တော့ သင်ဟာ တခြားနေရာတွေမှာ ကံကောင်းခဲ့သလို၊ ဒီနေရာမှာလည်း ကံကောင်းလိမ့်မယ် ထင်တယ်"

"ဒီလို ကျွန်အဖြစ် အရောင်းခံရမယ်ဆိုတာကို မားကပ်သိစေချင်ပါတယ်"

"သူ အသက်ရှင်တယ်ပဲထားတော့။ ဘယ်လိုလုပ်ပြီးသိအောင် လုပ်နိုင်မလဲ။ ပြီးတော့ ကျွန်ုပ်ဟာ နက်ဖြန်ညမှာ ခရီးထွက်ရတော့မယ်။ သင့်အတွက် ကျွန်ုပ် ဘာလုပ်ပေးရမလဲ"

"ကျွန်ုပ်ဆီက အထိမ်းအမှတ် ပစ္စည်းတစ်ခုယူသွားပြီး၊ မားကပ်ဆီကို လူတစ်ယောက် လွှတ်ပေးစေချင်ပါတယ် အရှင်"

"ပေးနိုင်ပါတယ်။ နို့ပေမဲ့ သူအသက်ရှင်ပြီး အက်ဆင်းတွေ လက်ထဲမှာ ရှိတောင် သုံ့ပန်းဖြစ်ချင် ဖြစ်နေမယ်။ ဒီတော့ သူ့ကို ဘယ်သူက တွေ့အောင် ရှာနိုင်ဦးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဒီမြို့ထဲမှာ ကျွန်ုပ်ရဲ့ ခရစ်ယာန် မိတ်ဆွေတွေရှိပါတယ်။ ဒီအထဲက တစ်ယောက်ယောက်နဲ့သာ တွေ့ရရင် ကျွန်ုပ်ရဲ့စာကို သူ့လက်ထဲရောက်အောင် ပို့ပေးနိုင်ပါလိမ့်မယ်"

သို့နှင့် စစ်ဗိုလ်ကြီး ဂဲလပ်သည် ဤကိစ္စကို ဆောင်ရွက်စေရန် အစေခံမကြီးအား မီရီယန်ထံသို့ ခေါ်ပေးလေ၏။

"သင်သည် တိုင်ယာမြို့သို့ သွား၍ အက်ဆင်းတစ်ယောက်ယောက်ကိုတွေ့လျှင် 'အက်ဆင်းဘုရင်မ' က သူ့ဆီသို့ လိုက်လာရန် ခေါ်နေကြောင်း ပြောပါ၊ ထိုသူက မကျေနပ်သေးလျှင် 'နေထွက်ပြီ' ဟူသော စကားကို ပြောလိုက်ပါ။ အကယ်၍ ခရစ်ယာန် တစ်ယောက်ယောက်နှင့် တွေ့က 'သင်၏နှမတစ်ယောက်က ခေါ်နေပါသည်' ဟု ပြောပါ၊ ထိုသူက မယုံကြည်သေးလျှင် 'အရုဏ်တက်ပြီ' ဟုပြောလိုက်ပါ။ ကျွန်ုပ်ပြောတာ သင် နားလည်ပြီ မဟုတ်လား"

"နားလည်ပါပြီ သခင်မ"

ထို့နောက် ဂဲလပ်က အစေခံမကြီးအား မိုးမချုပ်မီလည်း ပြန်လာရန်ပြောကြားပြီးလျှင် လွှတ်လိုက်၏။

အစေခံမကြီးသည် မိုးမချုပ်မီ ပြန်ရောက်လာပြီးနောက်၊ ခရစ်ယာန်အားလုံးမှာ ထွက်ပြေးကြပြီဖြစ်၍ အက်ဆင်းဂိုဏ်းဝင် 'ဆင်မြူယယ်' ဆိုသူတစ်ယောက်ကို တွေ့ရသဖြင့် ခေါ်ခဲ့ရကြောင်း၊ ထိုသူသည် နေဝင်လျှင် ရောက်လာလိမ့်မည်ဖြစ်ကြောင်း ပြောပြလေသည်။ မိုးချုပ်ပြီးနောက် ထိုသူသည် ရောက်လာ၍ အစေခံမကြီးသည် မီရီယန်ထံ ခေါ်သွားလေ၏။ ၎င်းမှာ ငယ်သားတစ်ဦး ဖြစ်၍ မီရီယန်က မသိသော်လည်း ထိုလူကမူ မီရီယန်ကို သိလေသည်။

ဂဲလပ်က အလိုက်သိစွာ အပြင်သို့ ရှောင်ပေးသောအခါမှ မီရီယန်သည် အက်ဆင်းတို့ ပုန်းအောင်းရာ အရပ်ကို ထိုသူအား ပြောပြရာ၊ ထိုသူကလည်း အက်ဆင်းအကြီးအကဲများနှင့် တွေ့လိုနေသဖြင့် နောက်ဆုံး မီရီယန်အား ကူညီရန် သဘောတူလေ၏။ ထိုအခါ မီရီယန်သည် လက်စွပ်ကို ချွတ်၍ သူ၏အကျိုးအကြောင်း ပြောပြပြီးလျှင် မားကပ်အား ပေးရန်၊ အကယ်၍ မားကပ်သေခဲ့သော် 'နီဟွတ်စတာ' အားပေးရန်၊ နီဟွတ်စတာကို မတွေ့လျှင် အကြီးအကဲဖြစ်သူ 'အီသီယယ်' အားပေးရန်၊ ထို့ပြင်တတ်နိုင်က သူ့အား လာရောက်ကယ်ဆယ်ရန် သော်လည်းကောင်း၊ မတတ်နိုင်ခဲ့သော် အနည်းဆုံး ရောမမြို့ ဂဲလပ်အိမ်သို့ သတင်းပို့ရန်သော်လည်းကောင်း အသေအချာ မှာကြားလေ၏။ ထို့နောက် မီရီယန်သည် မျှော်စင်အောက်တွင် အဖမ်းခံရသည့်အချိန်မှစ၍ ယခုတိုင် ဖြစ်ပျက်ခဲ့ပုံများကို ရေး၍ ထိုသူ့လက်ကို အပ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့၌ ဂဲလပ်သည် ဂျေရုဆလမ်ရှိ သူ့မိတ်ဆွေအရာရှိတစ်ဦးထံ စာတစ်စောင်ရေးရာ၊ အကယ်၍ မားကပ်သည် စစ်တပ်သို့ ပြန်ရောက် ကပေးရန် မီရီယန်၏ စာကိုပါထည့်၍ ပေးလိုက်ရလေသည်။ ထိုည၌ပင် သူတို့ သည် အီတလီသို့ သင်္ဘောလွှင့်ခဲ့ရာ၊ ရက်ပေါင်း ၃၀ အကြာတွင် ‘ရီဂျီယန်’ သို့ ရောက်ခဲ့၍ ထိုမှတစ်ဆင့် ရောမသို့ ကုန်းကြောင်းခရီးဖြင့် ထွက်ခဲ့ရ၏။

***

www.burmeseclassic.com

www.burmeseclassic.com



မျှော်စင်ကြီးအတွင်းတွင် မီရီယန် အဖမ်းခံစဉ်က ထိုနေရာမှာ အလွန်မှောင်နေသဖြင့် အပြင်၌ မီရီယန်ကျန်၍ နေရစ်ခဲ့သည်ကို နီဟွတ်စတာ မသိလိုက်ချေ။ တံခါးပိတ်သွားသံကိုသာ ကြားလိုက်ရလေသည်။ မီရီယန်အား လှမ်း၍ စကားပြောလိုက်သေးသော်လည်း စကားပြန်မရဘဲ သူ့အသံသာ ပဲ့တင်ထပ်၍ ပြန်လာလေသည်။ ထိုအတွင်း မားကပ်မှာ ပြန်၍ သတိရလာသဖြင့် –

"ဘာဖြစ်သွားသလဲဟင် မီရီယန်၊ ကျွန်ုပ်တို့ ဘယ်ရောက်နေကြသလဲ"

"မြေအောက်စခန်းက လိုဏ်ခေါင်းထဲ ကျွန်ုပ်တို့ ရောက်နေတယ်။ သူ မဝင်နိုင်ခင် တံခါးဟာ ပိတ်သွားလို့ ရန်သူ့လက်ကို ပါသွားပြီ ထင်တာပဲ။ သင့်ကို ကယ်ဆယ်ခဲ့တဲ့အတွက် အသတ်ခံရရှာတော့မယ်"

"စကားပြောမနေပါနဲ့၊ တံခါးသာ မြန်မြန်ဖွင့်စမ်းပါ။ ကျွန်ုပ်ဟာ ယောက်ျားတစ်ယောက်ပဲ၊ တိုက်နိုင်ပါသေးတယ်။ သြော် ကျွန်ုပ်မှာ ဓားလည်း မရှိတော့ပါလား"

"တံခါးဟာ ဖွင့်လို့မရတော့ဘူး။ တံခါးဖွင့်တဲ့ သံချောင်းက သူ့လက်ထဲ ပါသွားပြီ"

'ရိုက်ချိုးပြီးဖွင့်ပါလား။ ကျွန်ုပ်လည်း ကူညီမှာပေါ့"

"ထုသုံးပေထူတဲ့ တံခါးကို ရိုက်ဖွင့်နိုင်ပါ့မလား"

သို့နှင့် နီဟွတ်စတာသည် အက်ကြောင်းကလေးများကြားထဲသို့ လက်ချောင်းများဖြင့် ထိုး၍ ကြည့်သေး၏။ မားကပ်ကလည်း တံခါးရွက်ကို အားစိုက်၍ တွန်း၏။ သို့သော် တံခါးကြီးကား လှုပ်ရုံမျှပင် မလှုပ်ခဲ့ချေ။ သို့ဖွင့်နေရာမှ



www.burmeseclassic.com

www.burmeseclassic.com



အားစိုက်လွန်းသဖြင့် မားကပ်သည် သတိလစ်၍ ရုတ်တရက် လဲကျသွားပြန်လေ၏။ နီဟွတ်စတာမှာ သူ့သခင်မအား မကယ်နိုင်သဖြင့် ကြိတ်မနိုင်ခဲမရဖြစ်နေရှာ၏။ အကယ်၍ မိမိမျက်စိ အောက်၌ မီရီယန် သေသွားလျှင်လည်း မိမိကိုယ်ကိုမိမိသတ်၍သေရန် အသင့်ရှိ၏။ မကြာမီ လိုဏ်ခေါင်းအတွင်းမှ မီးရောင်တစ်ခု ချဉ်းကပ်လာသည်ကို မြင်ရပြီးလျှင် အီသီယယ်သည် မီးတုတ်တစ်ခုကို ကိုင်ကာ အနီးသို့ ရောက်လာသဖြင့် နီဟွတ်စတာက မားကပ်ကို လက်ညှိုးညွှန်ပြပြီးလျှင် မီရီယန်မှာ ရန်သူ့လက်သို့ ပါသွားသည့်အဖြစ်အပျက်များကို ပြောပြလေ၏။

ထိုအခါ အီသီယယ်က ညည်းညူလျက် –

"ဒီလိုဆိုရင် ကျွန်ုပ်တို့လည်း ဘာမှမတတ်နိုင်ဘူး။ တံခါးကို အခုသွားဖွင့်ရင် ရောမတွေကလည်း ကျွန်ုပ်တို့ ရန်သူဖြစ်လို့ ကျွန်ုပ်တို့ကို သတ်မှာပဲ။ ရဟူဒီတွေ တွေ့ရင်လည်း ကျွန်ုပ်တို့ရဲ့ အစားအစာတွေကို လုယူချင်လို့ သတ်မှာပဲ၊ သူ့အတွက် ဘုရားသခင် လက်မှာအပ်ပြီး အခုအခိုက်အတန့်တော့ ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့ ကာကွယ်ဖို့ ကြိုးစားရတော့မှာပဲ နီဟွတ်စတာ"

"သင် ပြောတဲ့စကားလည်း မှန်ပါတယ်။ ဒါထက် ဒီလူအတွက် ဘယ်လို လုပ်ကြမလဲ"

"သူ့အတွက်တော့ မီရီယန်လုပ်စေချင်သလို လုပ်ရလိမ့်မယ် ထင်တယ်။ ပြီးတော့ တစ်ခါက ဒီလူဟာ ကျွန်ုပ်တို့မိတ်ဆွေကောင်းတစ်ယောက်ဖြစ်ခဲ့တယ် မဟုတ်လား။ ကိုင်းလေ ... သူ့ကို သယ်ဖို့ လူသွားပြီး ခေါ်ဦးမှပဲ"

မကြာမီက အီသီယယ်သည် လူ လေးငါးယောက်နှင့်အတူ ပြန်လာပြီးနောက် မားကပ်အား သူတို့စခန်းသို့ သယ်ဆောင်သွားကြလေ၏။

မားကပ်သည် ရက်ပေါင်းအတော်ကြာ သတိမရဘဲရှိနေခဲ့ရာ ပြုစုစောင့်ရှောက်ခြင်း၊ ဆေးဝါးကုသခြင်းမပြုက သေနိုင်သည်ဖြစ်သော်လည်း၊ နီဟွတ်စတာ၏ ပြုစုစောင့်ရှောက်မှု၊ အက်ဆင်းအချို့၏ ဆေးဝါးဘက်တွင် ကျွမ်းကျင်မှုတို့ကြောင့် အသက်ဘေးမှ ချမ်းသာရာရခဲ့လေသည်။ ထိုအချိန်များအတွင်း ဘုရားရှိခိုးကျောင်းကြီးနှင့်တကွ ဆီယွန်တောင်ကုန်းပါ ရန်သူများ လက်သို့ ကျရောက်ကြောင်း၊ မီရီယန်ကိုလည်း တရားစစ်ဆေး၍ နီကင်နာ တံခါးပေါ်တွင် ချုပ်နှောင်ထားကြောင်းကို အက်ဆင်းတို့သည် သူလျှိုများမှတစ်ဆင့် ကြားသိခဲ့ကြ၏။ ထို့နောက် မီရီယန်မည်ကဲ့သို့ ဖြစ်သွားသည်ကား မသိကြချေ။ သေပြီဟုသာ ယူဆကြ၏။

အက်ဆင်းတို့မှာ အချိန်ကြာလတ်သော် ရိက္ခာများနည်းပါးလာရကား၊ ရောမတို့ကလည်း ယခင်ကကဲ့သို့ အစောင့်အရှောက်များ ကြပ်တည်းစွာ ချထား



www.burmeseclassic.com

www.burmeseclassic.com



ခြင်း မရှိတော့သဖြင့် ရွာသို့ ပြန်ရန် စိတ်ပိုင်းဖြတ်လိုက်၏။ ထိုအခါ အီသီယယ်မှာ အတော်ပင် မကျန်းမမာ ဖြစ်နေသည့်ပြင်၊ မားကပ်အတွက်ကြောင့်လည်း အခက်ကြုံလျက်ရှိနေတော့၏။ မားကပ်မှာ အဆိုးရွားဆုံးသော အခြေအနေကို ကျော်လွန်ခဲ့ပြီဖြစ်သော်လည်း အရိုးပေါ်တွင် အရေတင်ဖြစ်ကာ ကယောင်ချောက်ချားပြောလျက်ပင် ရှိနေသေး၏။ အက်ဆင်းအချို့က သူ့အား စွန့်ပစ်ထားခဲ့ရန်၊ အချို့ကလည်း ရောမတို့ထံ ပြန်ပို့ရန် အမျိုးမျိုး သဘောကွဲလျက်ရှိရာ နီဟွတ်စတာကမူ သူ့အား သုံ့ပန်းအဖြစ် ဆက်လက်ထားခြင်းဖြင့် နောင် အရေး တစ်စုံတစ်ရာ ကြုံတွေ့ခဲ့သော် အထောက်အခံရမည် ဖြစ်ကြောင်းနှင့် အကြံပေး၏။ သို့နှင့် နောက်ဆုံးတွင် သုံ့ပန်းအဖြစ် ထားရန် သဘောတူကြလေသည်။ သို့နှင့် အက်ဆင်းတို့သည် လေမိုးပြင်းထန်၍ မှောင်မိုက်သော ညဥ့်တစ်ညဥ့်တွင် အီသီ ယယ်နှင့် မားကပ်တို့ကို ထမ်းစင်များဖြင့် သယ်ဆောင်ပြီးလျှင် သူတို့၏ လျှို့ဝှက် သော မြေအောက်လိုဏ်ဂူစခန်းမှ တိတ်တဆိတ် ထွက်ခဲ့ကြလေ၏။ ထိုနေရာတစ်ဝိုက်တွင် ရောမတို့ မရှိဘဲ နီယွန်တောင်ကုန်းအနီး၌သာ စခန်းချနေသဖြင့် ထိုသို့ အခွင့်သာခဲ့၏။

နံနက်လင်းသောအခါ သူတို့သည် 'ဂျယ်ရီကို' သို့ သွားရာ လမ်းပေါ်သို့ပင် ရောက်၍ လမ်းမှာ သဲကန္တာရတစ်လျှောက်ဖြတ်သန်းသွားရသဖြင့် လမ်းတွင်ရနိုင်သော သစ်ဥ၊ သစ်ဖုများနှင့် အစားအစာ အကြွင်းအကျန်ကလေးများ ဖြင့်သာ တင်းတိမ်ကာ ခရီးဆက်ကြလေရာ၊ နောက်ဆုံးတွင် ရစရာမရှိအောင် ပျက်စီးနေသည့် 'ဂျယ်ရီကို' မြို့သို့ ရောက်ရှိခဲ့ကြလေ၏။ သူတို့ရွာမှာလည်း မီးလောင်၍ ပျက်စီးခဲ့ရကား ... ကျန်သမျှ အစားအစာများကို ချွေတာစွာ သုံးစွဲစားသောက်ရင်း လယ်ယာများကို ပြန်လည်စိုက်ပျိုးကြကုန်၏။ မကြာမီ ကောက်သစ်များ ပေါ်ပြီးနောက် အစားအစာများ လုံလောက်၍ လာပြန်လေသည်။ ထိုအတွင်း မားကပ်သည်လည်း အတော်ပင် ကျန်းမာလာခဲ့ပြီဖြစ်ရာ၊ မီရီယန်၏ သတင်းကို နီဟွတ်စတာထံမှ ကြားရသောအခါ ယူကျုံးမရ ဖြစ်ရရှာတော့၏။ မားကပ်မှာ ကျန်းမာလာပြီဟု ဆိုရသော်လည်း ချိုင်းထောက်နှင့်သာ သွားနေရသေး၍ သူသည် နေ့ရှိသမျှ ဂျော်ဒန်မြစ်နဘေး၌ ထိုင်ကာ အတိတ်တွင် ဖြစ်ပျက်ခဲ့သည့်အကြောင်းများကို စဉ်းစားရင်း အချိန်ကုန်ခဲ့လေရာ လေးငါးလပင် ကြာမြင့်ခဲ့လေပြီ။

မီရီယန်နေခဲ့သော အိမ်မှာ ပျက်စီးသွားပြီ ဖြစ်သော်လည်း ဥယျာဉ်ထောင့်၌မူ မီရီယန် အရုပ်ထုခဲ့သော တဲကလေးမှာ ကျန်ရှိနေသေး၍ မားကပ်သည် ထိုတဲကလေးကိုကြည့်ကာ အချိန်ကုန်စေလျက် မီရီယန်အကြောင်းကို ပို၍ အမှတ်ရလျက် ရှိလေ၏။ ထိုအချိန်အတွင်း တီးတပ်သည် 'ဗယ်ရိတပ်'



www.burmeseclassic.com

www.burmeseclassic.com



သို့ တပ်ခေါက်ခါ အောင်ပွဲခံလျက်ရှိသည့် သတင်းများကို ကြားရ၏။ မားကပ်မှာ တီးတပ်နှင့် ဆက်သွယ်ရန် အခွင့်အရေး မရသည့်ပြင် ခြေထောက်မှာလည်း ကောင်းစွာ မသန်သေးသဖြင့် အားမလိုအားမရ ဖြစ်၍နေ၏။ အားလုံးက မီရီယန်သေပြီဟု ယူဆသော်လည်း နီဟွတ်စတာကမူ မယုံကြည်ခဲ့ပေ။ ဤသို့ဖြင့် အချိန်ကုန်မှန်းမသိ ကုန်လွန်ခဲ့ရာ မားကပ်သည်လည်း တဖြည်းဖြည်း ကျန်းမာ၍ လာခဲ့လေပြီ။

*

မီရီယန်က လှို့ဝှက်စွာ လွှတ်လိုက်သူ 'ဆင်မြူယယ်' သည် ဂျေရုဆလမ်မြို့သို့ ရောက်ခဲ့ရာ မြို့ကြီးတစ်ခုလုံး ရစရာမရှိအောင် ပျက်စီးနေသည်ကို တွေ့ရလေ၏။ သို့နှင့် သူသည် အက်ဆင်းတို့ ပုန်းအောင်းရာ မြေအောက် လိုဏ်ခေါင်းသွားသည့် တံခါးများကို ရှာဖွေရင်း ဒမတ်စကပ်တံခါးအနီး မြို့မြောက်ပိုင်း၌ တဝဲလည်လည်ရှိနေစဉ်၊ ရောမစစ်သားများက မသင်္ကာသဖြင့် နောက်ဆုံးဖမ်းဆီး ခြင်းခံရတော့၏။ ထိုအခါ ရောမတို့သည် သူ့အား အခြားသုံ့ပန်းများနှင့်အတူ မြို့ရိုးတံတိုင်းများ ဖြိုဖျက်ရာတွင် ခိုင်းစေသဖြင့် လေးလတိုင်တိုင် အလုပ်ကြမ်း လုပ်၍ နေရရှာ၏။ သို့သော် နောက်ဆုံးတွင် တိတ်တဆိတ် ထွက်ပြေးလွတ် မြောက်လာခဲ့လေသည်။ ယင်းကဲ့သို့ သုံ့ပန်းအဖြစ် ရှိနေစဉ်က အက်ဆင်းဂိုဏ်း ဝင်တစ်ဦး၏ ညီတစ်ယောက်နှင့် မိတ်ဆွေဖြစ်ခဲ့ရာ ထိုသူက အက်ဆင်းတို့သည် 'ဂျော်ဒန်' သို့ ပြန်သွားကြပြီဖြစ်ကြောင်း သိခဲ့ရ၏။ သို့နှင့် သူသည် အက်ဆင်းရွာသို့ ချက်ချင်း လိုက်သွားကြပြီးနောက်၊ အက်ဆင်းအကြီးအကဲများကို တွေ့ အောင် ရှာပြီးလျှင် မီရီယန်၏ အကြောင်းနှင့်တကွ၊ မားကပ်ထံသို့လည်း သတင်း စကားတစ်ရပ် ပေးပို့ရန်ရှိကြောင်း ပြောပြရာ၊ သူ့အား မီရီယန်၏ အိမ်ယာ ဟောင်း ဉယျာဉ်သို့ ခေါ်သွားလေ၏။

*

မားကပ်ကား နီဟွတ်စတာနှင့်အတူ ဉယျာဉ်ထဲတွင် နေစာလှုံရင်း မီရီယန်၏အကြောင်းကိုပင် ပြောဆိုလျက်ရှိလေသည်။

"သင်က အသက် မသေသေးဘူးထင်ပေမဲ့ မီရီယန်က မရှိတော့ဘူးလို့ ထင်တာပဲ နီဟွတ်စတာ ... ဘုရားရှိခိုးကျောင်းကြီး မီးလောင်တဲ့ညက သူဟာ ဘယ်နည်းနဲ့မှ ရှင်နိုင်မယ် မဟုတ်ဘူး"

"အင်း ... ရှင်နိုင်ဖို့ ခဲယဉ်းတာတော့ ဟုတ်တယ်။ နို့ပေမဲ့ ဘယ်နည်းနဲ့မှ သူ မသေဘူးလို့ ကျွန်ုပ်ဖြင့် ယုံကြည်တာပဲ။ ဒီစစ်ပွဲမှာ ခရစ်ယာန်တစ် ယောက်မှ မပျက်စီးနိုင်ဘူးလို့ အစတည်းက နိမိတ်ဖတ်ထားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သက်သေ အထောက်အထားပြလေ။ ဒီလိုပြနိုင်ရင် ကျွန်ုပ် ခရစ်ယာန်အယူကို ယူပါ့မယ်။ နိမိတ်အကြောင်းနဲ့ မရေမရာ စကားတော့ မပြောပါနဲ့"

"သင့်စိတ်သဘောထားပါ ပြောင်းလဲမှ ခရစ်ယာန် ဖြစ်နိုင်တယ် မားကပ်၊ အသိဉာဏ်အလင်းရောင်ဆိုတာ ဝမ်းထဲက လာမှ ဖြစ်နိုင်တာ"

သို့ရှိစဉ် ဆယ်မြူယယ်သည် သစ်ပင်ချုံများအကြားမှ ထွက်လာပြီးနောက် သူတို့ရှေ့တွင် ရပ်လျက်ရှိလေ၏။ ထိုအခါ နီဟွတ်စတာက "သင် ဘယ်သူ့ကို တွေ့ချင်လို့လဲ" ဟု မေးလိုက်လေသည်။

"မားကပ်ကို ကျွန်ုပ် တွေ့ချင်ပါတယ်။ သူ့ကိုလည်း သတင်းစကား ပြောဖို့ ရှိပါတယ်"

"ကျွန်ုပ်ပါပဲ၊ သင့်ကို ဘယ်သူက လွှတ်လိုက်လို့ ဘာသတင်းများ ပါလာပါသလဲ"

"မီရီယန် ဟု ခေါ်သည့် အက်ဆင်းတို့ ဘုရင်မက လွှတ်လိုက်ပါ တယ်"

ထိုအခါ မားကပ်နှင့် နီဟွတ်စတာတို့သည် ရုတ်တရက် နေရာမှ ခုန်၍ ထလိုက်လေသည်။

"သင့်မှာ ဘယ်လိုအထိမ်းအမှတ်များ ပါသလဲ"

ထိုသူသည် အင်္ကျီအတွင်းမှ လက်စွပ်ကို ထုတ်၍ ပေးလိုက်၏။ လက်စွပ်ကို မြင်သည်နှင့် တစ်ပြိုင်နက် မီရီယန်သို့ပေးခဲ့သော လက်စွပ်ဖြစ်ကြောင်း သိလေပြီ။ မားကပ်က –

"အခြား ပေးစရာများကော ရှိသေးသလား"

"စာတစ်စောင် ရှိပါတယ်။ ဒါပေမဲ့ ဒီစာဟာ ကျွန်ုပ် အင်္ကျီကို ရောမစစ်သားများ ချွတ်ယူသွားစဉ်က ပါသွားပါပြီ" ဟု သူ့အား ရောမတို့က ဖမ်းဆီးပြီးလျှင် ရက်ပေါင်း ၁၂၀ ခန့်မျှ အလုပ်ကြမ်းလုပ်ခဲ့ရကြောင်းကို ပြောပြလေ၏။

"ဒီလိုဆိုရင် တီးတပ်ပြန်သွားပြီလို့ ကြားသလား"

"အလက်ဇန္ဒရီးယားမှ ထွက်သွားပြီဟု ကြားခဲ့ရပါတယ်"

"ဒီလိုဆိုရင် သူအောင်ပွဲ ခံရာမှာ မီရီယန်ကို ကျွန်အဖြစ် ရောင်းတော့မှာပဲ၊ ကျွန်ုပ်တို့ ဒီလိုအချိန်ဖြုန်းနေလို့ မဖြစ်ဘူး နီဟွတ်စတာ"

ထို့နောက် ဆယ်မြူရယ်ဘက်လှည့်ပြီးလျှင် "သြော် ... ဒါထက် သင် ဟာ ကျွန်ုပ်တို့အတွက် အတော်ပဲ ဒုက္ခရောက်ခဲ့တယ်။ သင် ဘယ် ဆုလာဘ် မျိုးကို လိုချင်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်ကိုမှ ကျွန်ုပ် မလိုချင်ပါ။ ကျွန်ုပ်ရဲ့ ကတိအတိုင်း ဆောင်ရွက်ခြင်း ဖြစ်ပါတယ်"

*

အီသီယယ်ကား အတော်ပင် နာမကျန်းဖြစ်၍နေရာ သူတို့သည် မီရီယန်၏ သတင်းကို ပြောပြသောအခါ အတိုင်းမသိ ဝမ်းမြောက်လျက်ရှိလေ၏။ ထို့နောက် အီသီယယ်က မားကပ်အား –

"ကိုင်း ... ဒီတော့ သင် ဘယ်လိုလုပ်ချင်သလဲ"

"သုံ့ပန်းများ လေလံပွဲအမီ ရောက်အောင် ကျွန်ုပ်သွားလိုတဲ့အတွက် သင်တို့ရဲ့ အကျဉ်းသားအဖြစ်မှ လွတ်မြောက်လိုပါတယ်။ ကျွန်ုပ်မှာ တန်ခိုး အာဏာပင် မရှိသော်လည်း ငွေကြေးများစွာ ရှိပါတယ်"

"သင်က ကျွန်အဖြစ်နဲ့ ဝယ်ချင်လို့လား"

"မဟုတ်ပါ၊ ဇနီးပြုရန်သာ ဖြစ်ပါသည်"

"နို့ပေမဲ့ သင်က ခရစ်ယာန်မဟုတ်လို့ လက်ထပ်နိုင်မယ် မဟုတ်ဘူး"

"ဘယ်နည်းနဲ့မဆို တခြားလူလက်ထဲ ရောက်တာထက်တော့ ကျွန်ုပ် လက်ထဲ ရောက်တာက ကောင်းပါသေးတယ်။ သူ အလိုရှိရင် လွှတ်ပစ်ဖို့ ရည်ရွယ်ပါတယ်"

သို့နှင့် အီသီယယ်သည် ဤကိစ္စကို ဆုံးဖြတ်ရန် အက်ဆင်းအကြီး အကဲများ အစည်းအဝေးခေါ်စေ၏။ ထိုအစည်းအဝေးတွင် အခြားသူများက မားကပ်အား အဖိုးတန် သုံ့ပန်းတစ်ယောက်ဖြစ်သဖြင့် လွှတ်ပစ်ရန် မသင့် ကြောင်း ကန့်ကွက်သော်လည်း အီသီယယ်ကမူ မီရီယန်အား အရှက်တကွဲ အကျိုးနည်း ဖြစ်မည့်အရေးမှ ကယ်ဆယ်ရန် ရည်ရွယ်လျက် လွှတ်သင့်ကြောင်း တင်းမာစွာပြောရာ နောက်ဆုံး၌ လွှတ်လိုက်ကြလေသည်။

သို့နှင့် နီဟွတ်စတာနှင့် မားကပ်တို့သည် အီသီယယ်အား နှုတ်ဆက် ကာ မြင်းများစီးနင်းလျက် 'ဂျော့ပ' သို့ ထွက်ခဲ့ကြ၍ ကံအားလျော်စွာ သင်္ဘော တစ်စင်း တွေ့ရသည်နှင့် အလက်ဇန္ဒရီးယားသို့ လိုက်ခဲ့ပြီးလျှင် ထိုမှတစ်ဖန် ရိုက်ဂျီယံသို့ အခြားသင်္ဘောတစ်စင်းဖြင့် အလွယ်တကူ ရောက်ခဲ့ကြလေသည်။

*

ဘုရားရှိခိုးကျောင်းကြီးကို မီးလောင်သွားခဲ့သည့်ညက ကာလစ်သည် တံတားတစ်ခုဖြတ်ကာ ဂျေရုဆလမ်မြို့ အထက်ပိုင်းသို့ ထွက်ပြေးလွတ်မြောက်ခဲ့ လေသည်။ သူသည် လူများ ရောယှက်ရှုပ်ထွေးနေစဉ် နီကင်နာတံခါးသို့ ရောက် အောင် ပြန်သွားပြီးလျှင် မီရီယန်အား ကယ်ဆယ်ရန် စိတ်ကူးမိသေး၏။ သို့သော် တံတားထိပ်ဘက်တွင် ရောမစစ်သားများ ရောက်နေသဖြင့် အကြံအထ မမြောက်



www.burmeseclassic.com

www.burmeseclassic.com



ချေ။ သို့နှင့် သူသည် စိတ်ပျက်ကာ သေလျှင်လည်း သေစေတော့ဟု တိုက်ပွဲတွင် ရှေ့တန်းမှ ပါဝင်တိုက်ခိုက်ခဲ့၏။ သို့သော် မသေဘဲ ၇ ရက်ခန့်ကြာသောအခါ မီရီယန်အား တီးတပ်အမိန့်ဖြင့် ဖမ်းဆီးပြီးနောက်၊ ရောမ စစ်ဗိုလ်တစ်ယောက် လက်သို့ ထိမ်းသိမ်းစောင့်ရှောက်ရန် အပ်လိုက်ကြောင်း၊ သတင်းကောင်း ကြားခဲ့ရလေသည်။ သို့နှင့် စွဲလန်းနေသော မီရီယန်အား မတွေ့တွေ့အောင် ရှာတော့ မည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်လေ၏။

ထိုည၌ ကာလစ်သည် တံတား၌စောင့်ရန် တာဝန်ကျခဲ့ရာ၊ သူ၏ အဖော်များ အိပ်မောကျနေခိုက်တွင် သူဝှက်ထားသော ကြိုးနှင့် တံတိုင်းကို ကျော်၍ ဆင်းခဲ့ပြီးနောက် ကျုံးသို့ရောက်ခဲ့လေ၏။ ကျုံးအတွင်း၌ လူသေအလောင်းများ အနှံ့အပြား ရှိနေသေး၍ လယ်သမားတစ်ယောက်၏ အဝတ်ကို ချွတ်ယူပြီးလျှင် သူ၏အဝတ်နှင့်လဲလှယ်ပြီးနောက်၊ ဓားမြှောင်တစ်ချောင်းကိုသာ ကိုင်လျက် မှောင်ရိပ်ခိုကာ မြို့ပြင်သို့ ထွက်ပြေးလေ၏။ နံနက်လင်းလျှင် ဆံပင်တိုတို ညှပ်ကာ မုတ်ဆိတ်ကိုလည်း ပယ်လိုက်၏။ ထို့နောက် ရောမစစ်သားများအား ဟင်းရွက်ရောင်းသည့် တောတွင်းသားအသွင် ဖန်တီးလိုက်လေသည်။ သူ့တွင် ငွေကြေးအတော်အတန်ပါခဲ့သည့်အတိုင်း တောတွင်းသားများထံမှ ဟင်းသီးဟင်းရွက်များကို ဝယ်ယူ၍ စစ်တပ်များကို ရောင်းချရင်း မီရီယန်၏ သတင်းကို နားထောင်ကာ စစ်တပ်များကို တစ်ခုပြီးတစ်ခု ကျော်လွှန်၍ လာခဲ့လေ၏။ နောက် ၁၀ ရက်ခန့်ကြာသောအခါ ကာလစ်သည် စစ်တပ်တစ်တပ်တွင် ထမင်းချက်ကြီး တစ်ယောက်နှင့် စကားလက်ဆုံကျရာမှ၊ မကြာမီက သူတို့တပ်၌ လည်တွင်ဆွဲထားသော ပုလဲကုံးကြောင့် 'ပုလဲသခင်မ' ခေါ်သည့် အကျဉ်းခံနေရသော မိန်းမပျိုတစ်ယောက်အား စစ်ဗိုလ်ကြီးဂဲလပ်က ထိန်းသိမ်းကာ ရောမမြို့သို့ ဆောင်ကြဉ်းသွားကြောင်း သတင်းရခဲ့ရာ၊ မိန်းကလေးမှာ မီရီယန်ပင် ဖြစ်ရမည်ဟု ယူဆသည့်အတိုင်း၊ တောင်ကုန်းများကို ဖြတ်ကာ တိုင်ယာမြို့သို့ ခရီးပြင်း ထွက်ခဲ့လေ၏။

တိုင်ယာမြို့သို့ ကာလစ် ရောက်သောအခါ နေဝင်ချိန်ဖြစ်၍ ဝင်လုဆဲသော နေရောင်အောက်တွင် ရွက်များလွှင့်ကာ ထွက်သွားသော သင်္ဘောတစ်စင်းကို မြင်လိုက်ရပြီးလျှင်၊ ထိုသင်္ဘော၌ ဗိုလ်ကြီးဂဲလပ်နှင့်အတူ မိန်းကလေးပါ, ပါသွားကြောင်း သတင်းရလေသည်။ ကာလစ်မှာ စစ်ပွဲဖြစ်စကပင် သူပိုင်သော မြေနှင့် အိမ်ယာများကို ရောင်းချ၍ရသောငွေနှင့် အခြားအဖိုးတန် ကျောက်မျက်ရွဲများကိုပါ မိတ်ဆွေတစ်ဦးထံ အပ်နှံထားခဲ့ရာ ထိုငွေဖြင့် ကုန်ပစ္စည်းများကို ဝယ်ယူပြီးနောက် 'ရိုဂျီယန်' သို့ ထွက်ခွာမည့် သင်္ဘောတစ်စင်းပေါ် တင်လေ၏။ သူ၏



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုလည်း အီဂျစ်ကုန်သည်တစ်ဦးကဲ့သို့ ဝတ်ဆင်ကာ 'ဒီမက်ထရီယပ်' အမည်ကို ခံယူ၏။

ကာလစ်သည် ထိုသင်္ဘောနှင့် ထွက်ခဲ့ရာ၊ သင်္ဘောမှာ မူလက 'တရီ' ကျွန်းသို့ တောက်လျှောက်သွားရန် ရည်ရွယ်သော်လည်း လေမုန်တိုင်းဒဏ် ကြောင့် ဆိုက်ပရပ်ကျွန်း 'ပတ်ဖော' မြို့တွင် ဝင်ရောက်ဆိုက်ကပ်ခဲ့ရ၏။ ထိုကျွန်း တွင် တစ်ထောက်ခိုပြီးနောက် ထိုမှတစ်ဆင့် နောက်ဆုံးတွင် 'ဒီမတ်ထရီယပ်' အမည်ခံ ကာလစ်သည် သင်္ဘောပြောင်းကာ 'ဆင်တန်ဆီလီယေး' မြို့သို့ရောက် ပြီးနောက် မိုင် ၄၀ ဝေးသော ရောမမြို့သို့ ကုန်းကြောင်းခရီးဖြင့် ထွက်ခဲ့လေ၏။

***

www.burmeseclassic.com

www.burmeseclassic.com

## ၂၁

ဗိုလ်ကြီးဂဲလပ်သည် မီရီယန်အား မြို့တွင်းသို့ ခေါ်သွားပြီးလျှင် လူသူလေးပါး မေးမြန်းမည်စိုးသဖြင့် ရောမမြို့စွန်တွင် ခေတ္တနားနေလျက်ရှိလေသည်။ သူစစ်ထွက်ခဲ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်၍ သူ၏ ဇနီး 'ဂျူလီယာ' ရှိမရှိ စုံစမ်းရန်နှင့် ရှိလျှင် တီးတပ်ကို အပ်နှံလိုက်သော အမျိုးသမီးတစ်ယောက် ပါလာကြောင်းပြောကြားရန် တပ်သားတစ်ယောက်အား စေလွှတ်လိုက်၏။ မိုးမချုပ်မီ တပ်သားပြန်လာ၍ ဂျူလီယာ ပါလာလေသည်။ ဂျူလီယာမှာ ဒုတိယအရွယ် လွန်နေပြီဖြစ်၍ ဆံပင်များပင် ဖြူနေသော်လည်း ရုပ်ရည်ချောမောလှပတုန်းပင် ရှိသေး၏။ နှစ်ပေါင်းများစွာ ကွဲကွာ၍ နေကြသဖြင့် သူတို့တွေ့ဆုံပုံမှာ မီရီယန်အတွက် စိတ်ကို ထိခိုက်လှ၏။ ဂဲလပ်က ဝမ်းမြောက်ဝမ်းသာလက်များ ဆန့်တန်းကာ ရောမဘုရားများအား ကျေးဇူးတင်ကြောင်း ပြောဆိုနှုတ်ဆက်သော်လည်း ဂျူလီယာကမူ သူ၏ရင်ဘတ်ကို ပခုံးများနှင့် ထိတွေ့ကာ 'ဘုရားသခင်ကို ကျေးဇူးတင်ပါသည်' ဟု ဆိုလေသည်။

ဂျူလီယာသည် မီရီယန်ကို မြင်သွားသဖြင့် မယုံသင်္ကာရှိသော အမူအရာဖြင့် ကြည့်လိုက်ပြီးနောက်၊ ဤရဟူဒီမကလေးအား အဘယ်ကြောင့် စောင့်ရှောက်နေရပါသနည်းဟု မေးမြန်းရာ ဂဲလပ်က ဤသို့စောင့်ထိန်းနေရသည်မှာ တီးတပ်၏ အမိန့်အရ ဖြစ်၍ ရောမမြို့သို့ သူပြန်လာလျှင် အပ်နှင်းရမည်ဖြစ်ကြောင်း၊ မိန်းကလေးမှာ ရဟူဒီတို့အား သစ္စာဖောက်သူ ခရစ်ယာန်တစ်ယောက်ဖြစ်ကြောင်း ပြောပြလေသည်။ ထိုအခါ ဂျူလီယာသည် အတော်အတန် တုန်လှုပ်သွားပြီးနောက်၊ မီရီယန်ဘက်သို့လှည့်၍ "သမီး ... ခရစ်ယာန်တစ်ယောက်ဖြစ်ပါသလား" ဟု သူ၏ ရင်ဘတ်ပေါ်တွင် လက်ဝါးကပ်တိုင်ပုံ အမှတ်မထင်



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြလိုက်၏။ ထိုအခါ မီရီယန်က "မှန်ပါတယ် မိခင်၊ ကျွန်ုပ် ခရစ်ယာန်တစ်ယောက် ဖြစ်ပါတယ်" ဟု အဖြေပေးရင်း သူ့နည်းတူ ပြန်၍ လုပ်ပြလိုက်လေသည်။

ထို့နောက် ဂျူလီယာက ဂဲလပ်အား –

"ကိုင်း ... မိန်းကလေးအကြောင်း နောက်မှပြောကြပါစို့ ... အမောင်။ ရဟူဒီပဲဖြစ်ဖြစ်၊ ခရစ်ယာန်ပဲဖြစ်ဖြစ် ကျွန်ုပ် အလုပ် မဟုတ်ပါဘူး။ ကျွန်ုပ် လက်ခံဖို့ အသင့်ရှိပါတယ်"ဟုပြောကာ မီရီယန်၏ နဖူးကို နမ်းရှုပ်လိုက်ပြီးနောက် "သင်သိသော နာမ,တော်ဖြင့် နှုတ်ဆက်ပါသည်" ဟု တီးတိုးရေရွတ်လိုက်သဖြင့် ဂျူလီယာမှာ ခရစ်ယာန်တစ်ယောက်ဖြစ်ကြောင်း မီရီယန် သိရှိသွားလေသည်။

*

ထိုနေ့ညနေစောင်းတွင် သူတို့သည် ရောမမြို့တွင်းသို့ အက်ပီယန်တံခါးမှ ဝင်ခဲ့ကြပြီးနောက် လူချင်းခွဲကာ ဂဲလပ်က ရွှေငွေဘဏ္ဍာများကို ဆိုင်ရာအရာရှိသို့ ပေးအပ်ပြီးလျှင် သူ့အတွက် ပြင်ဆင်ထားသော စစ်စခန်းသို့ သွားရလေရာ ဂျူလီယာမှာမူ မီရီယန်ကိုခေါ်၍ အစောင့်နှစ်ယောက်နှင့်အတူ အိမ်သို့ပြန်ခဲ့ပြီးနောက်၊ ရောက်သောအခါ အစောင့်များအား ပြန်၍ လွှတ်လိုက်လေ၏။

ဧည့်ခန်း၌ ထိုင်မိကြသောအခါ ဂျူလီယာက –

"ဒီအိမ်ဟာ ကျွန်ုပ်ဖခင်ဆီက အမွေရလိုက်တဲ့အိမ်ပဲ။ သမီးရဲ့ ခင်ပွန်းသည် စစ်ထွက်နေချိန်မှာ ကျွန်ုပ်လည်း ပျင်းပျင်းရိရိနဲ့ပဲ ဒီမှာ အချိန်ကုန်ခဲ့ရတယ်။ ကျွန်ုပ်ဟာ ခရစ်ယာန်တစ်ယောက် ဖြစ်ပေမဲ့ ဒီအကြောင်း သူမသိရှာဘူး။ သမီးစိတ်ပျော်သလိုသာ နေပေတော့"

"ကျေးဇူးတင်ပါတယ် မိခင်"

သူတို့သည် ဆမွန်များ တောင်းကြပြီးလျှင် ကောင်းမွန်စွာ ချက်ပြုတ်ထားသော အစားအသောက်များကို စားကြပြီးနောက် ဆေးဖြူသုတ်ထားသော အခန်းကလေးတစ်ခုထဲသို့ မီရီယန်အား ခေါ်သွားလေ၏။ အခန်းထောင့်တစ်ခုတွင် ဖြူဖွေးသန့်ရှင်းသော အိပ်ရာတစ်ခုရှိရာ၊ ဂျူလီယာသည် သက်ပြင်းချလျက်

"ဒီအိပ်ရာဟာ တစ်ခါက မိန်းမပျိုတစ်ဦး အိပ်ခဲ့ဖူးတယ်"

"မှန်ပါတယ်။ သူ့နံမည်က ဖလေဗီယာ မဟုတ်လား။ ကျွန်ုပ် ပြောတာကို မအံ့သြပါနဲ့။ သူ့အကြောင်း ကျွန်ုပ် ကြားခဲ့ဖူးပါတယ်"

"ဂဲလပ်ကပြောလို့ ကြားဖူးသလား"

ခေါင်းညိတ်လျက် –

"မှန်ပါတယ်။ သူနဲ့ ကျွန်ုပ် မိတ်ဆွေဖြစ်ခဲ့ပါတယ်။ လူကြမ်းတစ်ယောက်ဖြစ်ပေမဲ့ ကြင်နာတတ်တဲ့စိတ် အမှန်ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



တစ်ခဏမျှကြာသောအခါ ဂျူလီယာသည် မီရီယန်အား နဖူးကို နမ်းရှုံ့ပြီးနောက် အခန်းတွင်းမှ ထွက်သွားလေ၏။ နောက်တစ်နေ့နံနက်တွင် မီရီယန်သည် အခန်းတွင်းမှထွက်ခဲ့ရာ၊ ပြောင်လက်သော သံကိုယ်ကျပ်အင်္ကျီကို ဝတ်ထားသည့် ဂဲလပ်အား ဝင်းကလေးအလယ်၌ တွေ့ရလေသည်။ သူသည် မီရီယန်အား နှုတ်ခွန်းဆက်သပြီးနောက် ညက ကောင်းစွာအိပ်စက်ရပါ၏လောဟု မေးသဖြင့် မီရီယန်က အိပ်စက်ရကြောင်း ပြန်ပြောလေ၏။ မည်သည့်အတွက် သံကိုယ်ကျပ်အင်္ကျီကို ဝတ်လာရကြောင်း မေးမြန်းခဲ့ရာ ဂဲလပ်က သူသည် တီးတပ်၏ဖခင် 'ဗက်စပါဆီယန်ဆီဇာ' ထံ သူ ယူဆောင်လာခဲ့သော ပစ္စည်းဘဏ္ဍာများကို ပို့ရမည့်ပြင်၊ ဂျူဒီပြည်အကြောင်းနှင့် မီရီယန်အတွက်ကိုပါ အစီရင်ခံရန် သွားရမည့်အကြောင်း ပြောပြီးလျှင် မကြာမီ ထွက်ခွာသွားလေ၏။

*

သုံးနာရီကြာသောအခါ ဂဲလပ် ပြန်၍ ရောက်လာရာ ဂျူလီယာသည် ခင်ပွန်းသည်အား လက်ကမ်းလိုက်ပြီးနောက်၊ အခန်းတံခါးကို ပိတ်လိုက်လေ၏။ ထို့နောက် ဂျူလီယာက –

"ဘယ်လို သတင်းများလဲ"

"ကျွန်ုပ် ခြေထောက်ဟာ မိမွေးတိုင်း ဖမွေးတိုင်း မဖြစ်တော့ဘူးဆိုတဲ့ သမားတော်ကြီးစကားကြောင့် စစ်တပ်က အနားယူခွင့်ပေးလိုက်ပြီ စစ်တော့ မတိုက်ရတော့ဘူး။ သင် ဘာကြောင့် မငိုတာလဲ ဂျူလီယာ"

ဂျူလီယာက အေးဆေးစွာနှင့် –

"ကျွန်ုပ် ဝမ်းသာလို့ မငိုတာပဲ။ အမောင် နှစ်ပေါင်း ၃၀ လောက် စစ်တိုက်ခဲ့ရလို့ နားဖို့ အချိန်တော်ပြီ မဟုတ်လား။ သင်မရှိတဲ့အခိုက် ချွေချွေတာတာ စုဆောင်းထားခဲ့လို့ ကျွန်ုပ်တို့နှစ်ယောက် စားသောက်ဖို့ ဖူလုံပါတယ်"

"ဗက်စပါဆီယန်ဆီဇာကလည်း ကျွန်ုပ် သေသည်အထိ လစာတစ် ဝက်ပေးဖို့ အမိန့်ချလိုက်သေးတယ်။ အခုသိမ်းလာတဲ့ ဘဏ္ဍာတွေထဲကလည်း ဝေစုရဦးမယ်။ ဒါပေမဲ့ စစ်မတိုက်ရတဲ့အတွက် ကျွန်ုပ်တော့ စိတ်မကောင်းလှဘူး"

"မိန်းကလေးအတွက်ကတော့ ဘယ်လိုလဲ၊ ပြောပါဦး ဂဲလပ်"

"ကျွန်ုပ်လည်း တာဝန်ရှိတဲ့အတိုင်း အစီရင်ခံရတဲ့အခါ သူ့သားတော် 'ဒိုမီရှန်' က မိန်းကလေးကို တွေ့ချင်တဲ့အကြောင်းတောင် ပြောလို့ အမိန့်ချတော့ မယ့်ဆဲဆဲမှာ မိန်းကလေးမှာ ကောင်းကောင်းမကျန်းမာသေးတဲ့အကြောင်း၊ တီးတပ်ကိုယ်တိုင်ကလည်း သူပြန်လာသည်အထိ စောင့်ရှောက်ဖို့ အမိန့်ပေးလိုက်သေးတဲ့အကြောင်း လှည့်ပတ်ပြီး ကျွန်ုပ်လျှောက်ထားခဲ့ရတယ်။ ဒါကြောင့် တီးတပ် ရောက်လာတဲ့အချိန်အထိ မီရီယန်အတွက်တော့ စိုးရိမ်စရာ မရှိသေးပါဘူး"

www.burmeseclassic.com



ထို့နောက် ဂဲလပ်က မီရီယန်ဘက်သို့ လှည့်၍ –

“ဒါပေမဲ့ ထွက်မပြေးဘူးဆိုတာ ကတိပေးစေချင်တယ်”

“လွယ်လွယ်နဲ့ ကျွန်ုပ်ကတိပေးပါတယ်။ ပြေးမယ် ကြံဦးတော့ ကျွန်ုပ် မပြေးနိုင်ပါ ...”

*

သို့နှင့် မီရီယန်သည် ဂဲလပ်တို့ ဇနီးမောင်နှံအိမ်တွင် ဖြ လခန့်မျှ နေထိုင်ခဲ့ရာ တစ်ခါတစ်ရံ မြို့တွင်းသို့ပင် ဂျူလီယာနှင့်အတူ ရုပ်ဖျက်ထွက်ခဲ့၏။ ထိုအခါ မီရီယန်အား တွေ့မြင်ရသောသူများက မည်သူ၏ ကျွန်ဖြစ်လေသနည်း ဟု တွေးတောကာ ငေးမောကြည့်ရှုနေတတ်ကြလေသည်။ တစ်ခါသော် သူတို့သည် မင်းခမ်းမင်းနားနှင့် ထွက်ချီလာသော ‘ဒိုမီရှန်’ ကို တွေ့ရလေရာ၊ ၎င်းမှာ ဖခင်နှင့် နောင်တော် တီးတပ်တို့၏ သရဖူများကို ဆောင်းလိုသူ ဖြစ်ကြောင်းနှင့် ဂျူလီယာက ပြောပြသဖြင့် သိရ၏။ ထိုအချိန်အတွင်း ဂဲလပ်သည် ဂျူဒီမှ ရောက်ရှိလာသော စစ်သားများထံမှ မားကပ်အကြောင်းကို ထောက်လှမ်းစုံစမ်း၍ မရသဖြင့် ၎င်းတို့မှာ သေလေပြီဟု ယုံကြည်စ ပြုလာတော့၏။ မကြာမီ ဂဲလပ်သည် သူ့ဇနီး ဂျူလီယာမှာ ခရစ်ယာန်တစ်ယောက်ဖြစ်ကြောင်း သိသွားတော့၏။ သို့သော် ဂျူလီယာမှာ ကိုယ်တိုင်ဆုံးဖြတ်နိုင်သည့် အရွယ်သို့ ရောက်နေသူဖြစ်၍ အမှတ်မဲ့ပင် နေလိုက်လေသည်။

နောက်ဆုံးတွင် တီးတပ်ပြန်၍ ရောက်ရှိလာရာ ရောမ ‘ဆီးနိတ်’ အဖွဲ့တစ်ခုလုံးသည် သူ့အား မြို့ပြင်တွင်ထွက်၍ ကြိုဆိုကြပြီးနောက် အောင်ပွဲသဘင်တစ်ခု သူ့အတွက် ကျင်းပရန် စီစဉ်ကြလေ၏။ ထိုပွဲမှာ အီဂျစ်တွင် အောင်ပန်းဆွတ်ခူးခဲ့သော ‘ဗက်စပါဆီယန်’ အတွက်လည်း ရည်ရွယ်ထားသည်ဖြစ်၍ ရောမမြို့တွင် မကြုံစဖူး ထူးကဲကြီးကျယ်သော ပွဲကြီး ဖြစ်ပေမည်။ သို့နှင့် အခမ်းအနား အစီအစဉ်များကို ဆီးနိတ်အဖွဲ့က ကြပ်မတ်ဆောင်ရွက်လျက်ရှိလေသည်။

တစ်နေ့သော နံနက်တွင် ဂဲလပ်သည် နန်းတော်တွင်းသို့ ဝင်ရောက်ခစားခဲ့ပြီးနောက်၊ အိမ်သို့ပြန်လာရာ ဂျူလီယာက ဆီးကြိုမေးမြန်းလေသည်။ ထိုအခါ ဂဲလပ်က –

“အကြောင်း မထူးလှသေးပါဘူး ဂျူလီယာ။ နို့ပေမဲ့ ကျွန်ုပ်တို့ရဲ့ ပုလဲသခင်မဟာ နေ့လယ်စာ စားသောက်ပြီးတဲ့အခါ ဗက်စပါဆီယန်နဲ့ တီးတပ်တို့ ရှေ့တော် ဝင်ရလိမ့်မယ်။ တကယ်ချောမောလှပတာ မြင်ရင် ဂုဏ်ထူးဆောင်တန်းက လိုက်ရလိမ့်မယ်။ ဝတ်ဆင်ရမယ့် အဝတ်ကတော့ ပိုးသားဖြူပေါ်မှာ ငွေကြယ်တွေ ဖောက်ထားပြီး ရင်ဘတ်ပေါ်မှာ နီကင်နာတံခါးပုံကို ရွှေကြယ်တွေနဲ့ ထိုးထားတဲ့ အင်္ကျီပဲ”



www.burmeseclassic.com

www.burmeseclassic.com



မီရီယန်သည် မျက်ရည်မဆည်နိုင်တော့ဘဲ ငိုကြွေးရှာတော့၏။ သို့နှင့် ဂဲလပ်က –

"မငိုပါနဲ့ မိန်းကလေး၊ ဖြစ်ရမယ့်ကိစ္စဟာ ဖြစ်မှာပါပဲ။ သောင်းသောင်းဖျဖျ ဟစ်အော်နေတဲ့ လူအုပ်ကြီးထဲဖြတ်သွားရုံနဲ့ ဘေးအန္တရာယ်မရှိပါဘူး။ ကိုင်း … ကျွန်ုပ်တို့ နေ့လယ်စာစားကြစို့"

ထို့နောက် နေ့လယ်စာ စားသောက်ပြီးကြသောအခါ မီရီယန်မှာ စစ်ဗိုလ်ဂဲလပ်နှင့် ဇနီး ဂျူလီယာတို့နောက်မှ လိုက်ပါလျက် အလုံပိတ်ထားသော ဝေါယာဉ်ကိုစီးကာ နန်းတော်ကြီးသို့ လိုက်ပါသွားရလေ၏။

မီရီယန်က နန်းတော်သို့ ရှေ့ဦးစွာရောက်သွားရာ၊ ဗက်စပါဆီယန်နှင့် တီးတပ်တို့အား ခစားရန် လာရောက်သူများ အလယ်တွင် တစ်ယောက်တည်းရှိနေတော့၏။ အချို့သည် မီရီယန်အား တီးတိုးပြောင်လှောင်လျက်ရှိကြရာ တစ်ယောက်က မိန်းကလေးတစ်ယောက်၏ အသားမည်မျှဖွံ့ဖြိုးသည်ကို လက်ညှိုးဖြင့် ထိုးကြည့်မှသာ သိနိုင်ကြောင်းပြောပြီးလျှင် သူသည် မီရီယန်၏ အသားကို လက်ညှိုးဖြင့် ဖိနှိပ်ကြည့်လိုက်၏။ ထိုခဏ၌ လူပြောင်သည် 'ဒိုင်း'ခနဲ ကြမ်းပေါ်သို့ ဒလိမ့်ခေါက်ကွေး လဲကျသွားပြီးလျှင် နှာခေါင်းမှ သွေးများစီးကျလျက် ရှိနေတော့၏။

အတန်ငယ် နောက်ကျ၍ ရောက်လာသော ဂဲလပ်သည် ဒေါသကို မချုပ်တည်းနိုင်တော့ဘဲ တံတောင်ဆစ်နှင့် တွက်လိုက်သောကြောင့် ဖြစ်လေ သည်။ ထိုအခါ ဂဲလပ်က 'လမ်းဖယ်ကြလော့၊ ကျွန်ုပ်သည် ဤမိန်းကလေးအား အရှင်နှစ်ပါးရှေ့တော်သို့ ခေါ်ဆောင်သွားရမည်ဖြစ်၏။ ကျွန်ုပ်၏ဓားက ကျွန်ုပ်၏ တံတောင်ထက်ပင် ဆိုးဝါးလိမ့်မည်' ဟု ကြွေးကြော်၍ခေါ်သွားလေ၏။ ဂဲလပ်၏ စိတ်ထက်ခြင်းနှင့် သူ၏စွမ်းရည်သတ္တိကို သိကြပြီးဖြစ်သည့်အတိုင်း မည်သူမျှ တုတ်တုတ်ပင် မလှုပ်ဝံ့ကြချေ။ လှပသော တင်းတိမ်များ ကာရံထားသည့် နေရာသို့ရောက်သောအခါ ထိုနေရာမှ အရာရှိအား ဂဲလပ်က အကျိုးအကြောင်း ပြောလိုက်ရာ အရာရှိသည် အတွင်းသို့ ဝင်သွားပြီးနောက် မကြာမီ ပြန်ထွက်လာပြီးလျှင် လက်ပြခေါ်ဆောင်သွားလေ၏။ သို့နှင့် မီရီယန်တို့သည် စင်္ကြံတစ်လျှောက် လိုက်၍ သွားလေရာ၊ နောက်ဆုံးတွင် ကျောက်ဖြူ ခန်းမဆောင်ကြီးတစ်ခုအတွင်းသို့ ရောက်သွားလေသည်။ ခန်းမကြီးအလယ်၌ ဧကရာဇ် ဗက်စပါဆီယန်က ထိုင်လျက် သားတော်နှစ်ပါး ဖြစ်ကြသော တီးတပ်နှင့် ဒိုမီရှန်တို့က ဝဲယာ အသီးသီး၌ ရပ်လျက်ရှိနေပြီးလျှင် သူတို့ရှေ့၌ အခမ်းအနားမှူးတစ်ယောက်သည် အစီအစဉ် ရေးဆွဲထားသည့် ပုံကြမ်းများကို ဘုရင့်အား ပြသလျက်ရှိ၏။ ရွှေတိုက်စိုးစသော ရင်းနှီးသော အခြားမိတ်ဆွေများလည်း ရှိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရင် ဗက်စပါဆီယန်က ဂဲလပ်အား –

“အသင် ဂဲလပ်နှင့် သင်၏ဇနီး ဂျူလီယာတို့အား ကျွန်ုပ်နှုတ်ခွန်းဆက်သပါ၏။ ပုလဲဒေဝီဆိုသူကား သူပင်ဖြစ်သလော၊ သူ့အား ချီးမွမ်းသံကို ကျွန်ုပ်တို့ ကြားရှိပေပြီ။ ကျွန်ုပ်မှာ အလှကို အကဲဖြတ်နိုင်သူ မဟုတ်သော်လည်း ဤရဟူဒီအကျဉ်းသမကား သူ့အမည်နှင့် လိုက်လျောသည်ဟု ကျွန်ုပ် ဆိုချင်၏။ အသင် တီးတပ် သူ့ကို သင်မှတ်မိသလော”

“အမှန်ပြောရလျှင် ကျွန်ုပ် မမှတ်မိပါ ခမည်းတော်၊ ဂဲလပ်သည် မီးလောင်နေသော အရုပ်ကြီးကဲ့သို့ ကြပ်ခိုး အလိမ်းလိမ်းကပ်နေသော ပိန်ပိန်လှီလှီ မိန်းကလေးတစ်ယောက်ကို ပွေ့ချီလာပါသည်။ သို့သော် သူကား လုပ၍ အောင်ပွဲ လှည့်ရာတွင် နေရာကောင်း ပေးထိုက်လှပေသည်။ သူ၏ပုလဲလည်ဆွဲနှင့် တိုင်ယာမြို့မှ အမွေပါရမည်ဖြစ်၍ ဈေးကောင်းရသင့်ပါသည် ခမည်းတော်”

“ကျွန်တစ်ယောက်သည် မည်သို့ အမွေခံနိုင်မည်နည်း သားတော်”

“ကျွန်ုပ် မသိပါ ခမည်းတော်၊ ဥပဒေတတ်ကျွမ်းသော ဒိုမီရှန် ပြောနိုင်ပါလိမ့်မယ်”

“ကျွန်ုပ်၌ အခွင့်အရေး တစ်စုံတစ်ရာမရသဖြင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်မရှိပါ။ သို့သော် အရှေ့တလွှားကို အုပ်စိုးသော ဆီဇာသည် ဤမည်သော ပစ္စည်းဥစ္စာများပါစေရမည်ဟု အမိန့်ချမှတ်နိုင်ပါသည်”

“ဤကိစ္စမျိုး၌ ကျွန်ုပ်၏အမိန့်သည် မလုံလောက်ပါ”

“အရှင့်အမိန့် လုံလောက်ပါသည်။ အရှင့်ထံမှ ဆုလာဘ်တစ်ခု ကျွန်ုပ် တောင်းလိုပါသည်။ ညီတော်အပေါ်တွင် ရက်ရောပါလော့”

ဤသို့ပြောပြီးနောက် ဒိုမီရှန်သည် တီးတပ် ရှေ့တွင် ဒူးထောက်လိုက်၏။

“မည်သည့်ဆုလာဘ်ကို တောင်းလိုပါသနည်း။ ကျွန်ုပ် ပိုင်ပစ္စည်းများကား သင်၏ဥစ္စာပင် ဖြစ်တော့၏”

“ဤသို့ဆိုလျှင် ပေးပြီးဖြစ်ပါသည် နောင်တော်၊ ကျွန်ုပ်ကား ပုလဲဒေဝီကိုသာ အလိုရှိပါသည်။ သူ၏ပစ္စည်းဥစ္စာများကို ကျွန်ုပ် အလိုမရှိပါ”

ဗက်စပါဆီယန်သည် မော်ကြည့်လိုက်၏။ သို့သော် တစ်စုံတစ်ရာ မပြောနိုင်မီ တီးတပ်က –

“ဒိုမီရှန် ကျွန်ုပ်တွင်ရှိသမျှဟု ကျွန်ုပ်ဆိုခဲ့၏။ ဤမိန်းမပျိုကား ကျွန်ုပ်၏ ပစ္စည်း မဟုတ်ပါ။ ဤသို့ပန်းများကို ရောင်းချရသမျှငွေဖြင့် ဆင်းရဲသားတို့အား ခွဲဝေပေးရန် အမိန့်ချပြီးဖြစ်သည်”



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ထားမြင့်မြတ်လှပါပေသည်။ ထောင်သောင်းမကသော သံ့ပန်းများအနက် ဤတစ်ယောက်ကိုမျှပင် နှုတ်မယူနိုင်တော့ပြီလော နောင်တော်"

"ဤမိန်းမပျိုကို ညီတော်အလိုရှိက လေလံပွဲတွင် ဆွဲဝယ်နိုင်ပါသည်။ ဤစကားသည် ကျွန်ုပ်၏ နောက်ဆုံး စကားပင်ဖြစ်သည်"

ဒိုမီရှန်သည် ရုတ်တရက် ဒေါသထွက်လာသည့် လက္ခဏာဖြင့် သူ၏ မျက်နှာ၌ ဟန်ဆောင်သော နိမ့်ချခြင်းများ ကွယ်ပျောက်သွားပြီးလျှင် မျက်ခမ်းစပ်၍နေသော မျက်လုံးများဖြင့် ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။

"ကျွန်ုပ်သည် ဆီဇာအငယ်ထံမှ အကြီးထံသို့ အယူခံလိုပါသည်။ တီးတပ်သည် သူ့တွင် ရှိသမျှ ကျွန်ုပ်ပိုင်စေဆိုခဲ့ပါလျက် သံ့ပန်းမိန်းမပျိုကို တောင်းသောအခါ ငြင်းပယ်ပါသည်။ သူ၏ ကတိတည်စေရန် အမိန့်ပေးတော်မူပါ"

တီးတပ်နှင့် သူ့အား မနာလိုနေသော ဒိုမီရှန်တို့ အချင်းချင်းမှာ ယခင်က မီးခဲပြာဖုံးရှိရာမှ သံ့ပန်းပျိုမ တည်းဟူသော လေကပင့်သဖြင့် လောင်လာခဲ့လေပြီ။

တီးတပ်က မျက်နှာထားနှင့် "အို ... ခမည်းတော် ကျွန်ုပ်အား ရန်မစရန် ညီတော်အား အမိန့်ပေးပါလော့၊ ထို့ပြင် သူနှင့် ရှင်းလင်းရန် ကိစ္စများကိုလည်း ခမည်းတော် ရှင်းလင်းပေးပါလော့"

ဗက်စပါဆီယန်က မသာယာသော မျက်နှာဖြင့် –

"အို ... ချစ်သားတို့၊ သင်တို့နှစ်ယောက်ကား တစ်ပြိုင်တည်းသော်လည်းကောင်း၊ တစ်ဦးစီသော်လည်းကောင်း ကမ္ဘာကြီးကို အုပ်စိုးရမည့်သူများဖြစ်၏။ ယခုကဲ့သို့ စိတ်ဝမ်းကွဲပြားနေက သင်တို့သာမက တိုင်းသူပြည်သားများအတွက်ပါ နိမိတ်ဆိုး ဖြစ်တော့၏။ သင့်မြတ်ကြလော့၊ သင်တို့၌ အလုံ အလောက် မရှိလေသလော၊ ဂျူဒီမှ ရရှိသော ပစ္စည်းဥစ္စာများနှင့်တကွ ဤမိန်းမပျို ကို တီးတပ်ပိုင်၏။ တီးတပ်ကား သူ၏စကားကို မည်သည့်အခါမျှ ဖျက်လေ့မရှိ။ မိန်းမပျိုကို အလိုရှိက ကိုယ်စားလှယ်ဖြင့် ဝယ်ယူလော့"

"ကျွန်ုပ် ဝယ်ယူပါမည်။ သို့သော် မကြာမီ တန်ဖိုးနှင့်တကွ သူမပေးလိုသည့်ပစ္စည်းကို ကျွန်ုပ်အား ပေးရလိမ့်မည်"

သို့ပြောဆိုပြီးနောက် ဒိုမီရှန်သည် ခက်ထန်သော အမူအရာနှင့် အခန်းထဲမှ ထွက်သွားလေ၏။

***

www.burmeseclassic.com

www.burmeseclassic.com



ရက်သတ္တ တစ်ပတ်ခန့်ကြာ၍ အောင်ပွဲမခံမီ တစ်နေ့ညနေတွင် ဂဲလပ်အိမ်သို့ အပ်ချုပ်သည်များ ရောက်လာပြီးလျှင် မီရီယန်အတွက် ပိုးသားအဖြူတွင် ငွေကြယ်များဖောက်ကာ ရင်ဘတ်၌ နီကင်နာတံခါးပုံကို ရွှေချည်ဖြင့် ထိုးထားသော အင်္ကျီကို ပေးအပ်ကြ၏။ ရှေ့တော်ပြေးတစ်ယောက်နှင့်အတူ အထုပ်တစ်ခုလည်း ပါလာ၏။ အထုပ်အတွင်း၌ ရွှေခါးပတ်တစ်ခုကို တွေ့ရ၍ ချက်ဖုံးပေါ်၌ 'နက်ဖြန်တွင် မိမိပိုင်ဆိုင်တော့မည့်သူအတွက် ဒိုမီရှန်၏ လက်ဆောင်' ဟု စာတမ်းကို ကျောက်များဖြင့် ချယ်စီထား၏။ မီရီယန်သည် ခါးပတ်ကို လွှင့်ပစ်လိုက်၏။ ထိုနေ့ညနေ၌ပင် ဂိုဏ်းအုပ် 'ဆီနယ်' သည်လည်း စိတ်မကောင်းဖြစ်နေရှာသော မီရီယန်ထံ ရောက်လာပြီးလျှင် ဘုရားသခင်ကို အာရုံပြုက အရှက်တကွဲ အကျိုးနည်း မဖြစ်နိုင်ကြောင်းဖြင့် နှစ်သိမ့်ရှာ၏။

မီရီယန်သည် ဂိုဏ်းချုပ်ကြီး၏ စကားကြောင့် အတော်ပင် စိတ်သက်သာရာ ရလေ၏။ ထိုည၌ မီရီယန်သည် ကောင်းစွာ အိပ်စက်ရ၍ အရုဏ်မတက်မီ နှစ်နာရီခန့်တွင် ဂျူလီယာသည် မီရီယန်အား အိပ်ရာမှနိုးပြီးလျှင် အဝတ်အစားများ ဆင်ယင်ပေး၏။ မီရီယန်သည် မျက်ရည်စက်လက်ဖြင့် နှုတ်ဆက်လေရာ ဂျူလီယာက မိမိမှာ မီရီယန်အား သမီးအရင်းတမျှ ချစ်၍ နေပြီဖြစ်ကြောင်းနှင့် ပြောသဖြင့် မီရီယန်ကလည်း ဤသို့ပြုစုစောင့်ရှောက်ခဲ့သည့် ကျေးဇူးကို မည်သည့်အခါမှ မမေ့ပါကြောင်း ပြန်ပြော၏။ ထိုအခါ ဂဲလပ်က ဝင်၍ "ကျွန်ုပ်လည်း နောင်အခါ သင့်အား ကယ်ဆယ်နိုင်ပါလိမ့်ဦးမယ်။ ဒိုမီရှန်က သင့်အား ကောင်းစွာ မဆက်ဆံခဲ့သော်၊ ကျွန်ုပ်၏ ဓားသွားသည် မင်းညီမင်းသား၏ အသည်းနှလုံးကို ဖောက်ထွင်းရန် ဦးမလေးပါ" ဟု အားပေးစကား ပြောကြားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဝေါယာဉ်နှင့် အစောင့်တပ်သားများ ရောက်လာသည်နှင့် စီးနင်းကာ အိမ်မှ ထွက်လာခဲ့ကြလေ၏။ အချိန်မှာ မှောင်နေသေးသော်လည်း မြို့ကြီးတစ်ခုလုံးမှာ အောင်ပွဲသဘင်ကြီးအတွက် အသင့်ပြင်ဆင်နေကြသည့် အလား မီးရှူးမီးတိုင်များ ထွန်းညှိကာ လူများသွားလာလှုပ်ရှားလျက် ရှိလေ သည်။ လမ်းဘေးများနှင့်တကွ အိမ်ခေါင်မိုးများနှင့် သစ်ပင်များပေါ်တွင်လည်း ကြည့်ရှုသူများဖြင့် ပြည့်လျက်ရှိ၏။ သို့နှင့် သူတို့သည် အဆောက်အဦကြီးတစ်ခု၏ တံခါးပေါက်ရှိရာသို့ ရောက်၍ မီရီယန်သည် ဝေါယာဉ်ပေါ်မှ ဆင်းသက်ခဲ့လေသည်။ ဂဲလပ်သည် မီရီယန်အား အစောင့်အရာရှိများလက်သို့ အပ်ခဲ့ပြီး နောက် ထွက်သွားလေ၏။ မီရီယန်သည် လူအုပ်ထဲမှ ဖြတ်၍ အရာရှိနောက်သို့ လိုက်သွားရလေရာ၊ အခန်းကလေးတစ်ခုသို့ ရောက်သွား၍ ထိုအထဲတွင် တစ်ယောက်တည်း နေရစ်ခဲ့ရလေသည်။ မကြာမီ အခန်းတံခါးပွင့်သွားပြီးနောက် အစေခံတစ်ယောက်သည် ပေါင်မုန့်နှင့် နို့များယူလာ၏။ ထို့နောက် နန်းတွင်းကျွန်တစ်ယောက်သည် အမဲဟင်းလျာများကို ငွေခွက်နှင့်ထည့်၍ ယူလာပြန် သဖြင့် စားသောက်ရလေသည်။

စားသောက်ပြီးနောက် မကြာမီ အရာရှိတစ်ယောက် ရောက်လာ၍ မီရီယန်အား အခြားအကျဉ်းသားများ စုရုံးနေရာ အပြင်ဘက်ရှိ လေးထောင့်ကွက်လပ်တစ်ခုသို့ခေါ်သွားလေ၏။ ထိုအချိန်၌ နေသည် ထွက်ပြူစ ပြုလာပြီဖြစ်၍ သူ၏ရှေ့တွင် ခမ်းနားကြီးကျယ်သော အဆောက်အဦကြီးကိုလည်းကောင်း၊ ထိုအထဲတွင် မြင်းစီးသူရဲကောင်းများ၊ မှူးကြီးမတ်ကြီးများ၊ ယင်းတို့၏ ခြွေရံသင်းပင်းများနှင့်တကွ၊ အတိုင်းတိုင်း အပြည်ပြည်မှ ရောက်လာကြသော မင်းညီမင်းသားများကိုလည်းကောင်း တွေ့မြင်ကြ၏။ အဆောက်အဦ စင်္ကြံရှေ့တွင် ဆင်စွယ်ကုလားထိုင် နှစ်လုံးရှိ၍ ၎င်းတို့၏ ဝဲယာတွင် ထောင်ပေါင်းများစွာသော စစ်သည်တော်တို့သည် မျက်စိတစ်ဆုံး စီတန်းရပ်နေကြကုန်၏။ မကြာမီ ဒိုမီရှန်နှင့် နောက်လိုက်နောက်ပါများ ခြံရံလျက် ဗက်စပါဆီယန်နှင့် တီးတပ်တို့သည် ပိုးသားဝတ်ရုံများကို ဝတ်ဆင်ကာ လော်ရယ်ခေါ် သစ်ရွက်ခွေများကို အောင်ပန်းအဖြစ်ဖြင့် ဦးခေါင်းထက်တွင် ပန်ဆင်လျက်ထွက်ချီလာကြလေသည်။ ဆင်စွယ်ကုလားထိုင်ပေါ်၌ သူတို့ထိုင်မိကြသောအခါ စစ်သည်တော်များက တစ်ခဲနက်ဩဘာပေးကြလေသည်။

ထို့နောက် မင်းနှစ်ပါးတို့သည် ဆုမွန်တောင်း၍ စစ်သည်တော်များအား ရဲရင့်စွာ အမှုထမ်းဆောင်သည့်အတွက် ဆုလာဘ်များ ချီးမြှင့်မည်ဖြစ်ကြောင်း မိန့်ခွန်းစကား မြွက်ကြား၏။ သူတို့ ပြန်ကြွသွားကြပြီးနောက် မကြာမီ စီတန်း လှည့်လည်မည့် အစီအစဉ်များစတော့၏။ မီရီယန်မှာ အစီအစဉ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကောင်းစွာ မမြင်နိုင်သော်လည်း သူ့ရှေ့ဘက်တွင် ၂၀၀၀ မျှမကသော ရဟူဒီ သံ့ပန်းများအား ၈ ယောက်တန်းစီ ကြိုးများဖြင့် နှောင်ဖွဲ့ကာ စီတန်းလျက်ရှိနေသည်ကို တွေ့ရ၏။ မီရီယန်မှာ သူကဲ့သို့ပင် သူ့နောက်တွင် လျှောက်ရမည့် လူတစ်ယောက်ရှိနေသည်ကို တွေ့ရလေသည်။ ထိုသူကား မှုန်ကုပ်ကုပ် မျက်နှာဖြင့် ခရမ်းရောင်ဝတ်ရုံရှည်၊ ခရမ်းရောင် ခါးပြတ်အင်္ကျီကို ဝတ်ကာ လည်ပင်းတွင် ရွှေရည်စိမ်သံကြိုးတစ်ချောင်း ဆွဲထား၏။

ထိုသူအား မြင်ဖူးသလိုလိုရှိသဖြင့် စဉ်းစားရာ၊ ရဟူဒီခေါင်းဆောင် 'ဆိုင်မွန်' ဖြစ်ကြောင်း သတိရလေသည်။ ထိုအခိုက် လူများ ရှုပ်ရှုပ်ထွေးထွေး ဖြစ်သွားသဖြင့် နှစ်ယောက်သား နီးကပ်သွားရာ၊ ထိုသူက "အသင်သည် ဗင်နိုနီ၏ မြေး မီရီယန် မဟုတ်ပါသလော"

"အသင် ဆိုင်မွန်၊ ကျွန်ုပ်ကား သင် သေဒဏ်အပြစ်ပေးလိုက်သော မီရီယန် အစစ်ဖြစ်၏။ သို့သော် ကျွန်ုပ်ကား မသေသေးချေ"

သို့ရှိစဉ် စစ်သားများက လူချင်းခွဲလိုက်သဖြင့် နောက်ထပ် စကားပြောခွင့် မရတော့ချေ။ သူ့ရှေ့တွင် ကြိုးများဖြင့် ချည်နှောင်ထားသော သံ့ပန်းများရှိနေလျက် နောက်တွင် ဘုရားရှိခိုးကျောင်းမှ ယူလာသည့် ရွှေထည်များကို ယူဆောင်သူများ၊ ထို့နောက်တွင် အောင်ပွဲ အထိမ်းအမှတ်အဖြစ် ရွှေရုပ်ထု ဆင်စွယ်ရုပ်ထုများကို ကိုင်ဆောင်သူများနှင့် သူတို့နောက်၌ ပုဆိန်များတွင် လော်ရယ်သစ်ရွက်ခွေများ ချည်ထားသည့် ပုဆိန်ကိုင် လက်ယာတောင် အမှုထမ်းများ ခြံရံကာ၊ ခမည်းတော်ဗက်စပါဆီယန်မှာ မြင်းဖြူလေးကောင်က ရွှေရထားဖြင့် လည်းကောင်း လိုက်ပါလာကြ၏။ ဒိုမီရှန်ကား တီးတပ်ရထားနှင့် ယှဉ်လျက် ခံ့ညားလှပသော စစ်မြင်းကြီးကို စီး၍ လိုက်ပါလာ၏။ ထို့နောက်တွင် မှူးမတ်များနှင့် တကွ အရာရှိကြီးငယ်တို့သည်လည်းကောင်း၊ နောက်ဆုံးတွင် ၅၀၀၀ မျှသော စစ်သည်တော်များသည်လည်းကောင်း လိုက်ပါလေသည်။

မျက်စိတစ်ဆုံးမျှရှိသော ပရိသတ်ကြီးသည် 'တိုင်ဗာ' မြစ်ကို ဖြတ် ကာ၊ လမ်းကျယ်ကြီးများတစ်လျှောက်မှ 'ဂျူပီတာ' နတ်ကွန်းရှိရာ 'ကက်ပီတို' တောင်ဆီသို့ ချီတက်ခဲ့ရာ၊ မြို့ခံလူများက စီတန်းလှည့်လည်လာသော လူထုကြီးအား အဖျော်ယမကာများ ဆီးကြိုတိုက်ကျွေးကြသဖြင့် မကြာခဏ ရပ်တန့်ကြရ၏။ ဤသို့ရှိစဉ်အခါ၌ မီရီယန်သည် လက်ဝဲဘက်သို့ လှမ်း၍ ကြည့်လိုက်မိသည်တွင် ကျောက်ဖြူဖြင့် ဆောက်လုပ်ထားသည့် ခံ့ညားသော အိမ်တစ်လုံးကို တွေ့မြင်ရလေသည်။ သို့သော ပြတင်းပေါက်အားလုံးကို ပိတ်ထားရာ၊ ထိုအိမ်မှာ ရဟူဒီစစ်ပွဲများတွင် ကျဆုံးခဲ့သော ရောမလူကုံထံတစ်ဦး၏ အိမ်ဖြစ်၍ ပိတ်ထားကြောင်း အနီးမှ လူတစ်ယောက်ပြောသံကို မီရီယန်ကြားရ၏။ ထိုအခိုက်တွင်



www.burmeseclassic.com

www.burmeseclassic.com



အနီးမှ အရှေ့တိုင်းသား ကုန်သည်တစ်ဦးကဲ့သို့ ဝတ်ဆင်ထားသော အရပ်ရှည်ရှည် လူတစ်ယောက်က ပုလဲဒေဝီအား ထိုညလေလံတင် ရောင်းချမည်ဆိုသည်မှာ မှန်ပါသလောဟု ရှေ့တော်ပြေးတစ်ယောက်အား မေးရာ၊ ၎င်းက ဟုတ်မှန်ကြောင်း ပြောလိုက်သည်တွင် ထိုလူလည်း မကြာမီ လူအုပ်ထဲတွင် ပျောက်ကွယ်သွားလေသည်။ မီရီယန်ကား ပင်ပန်းနွမ်းနယ်လှပြီဖြစ်၍ အားငယ် လျက်ရှိရာလေ၏။

သို့ရှိစဉ် သူ့လက်ဝဲဘက်ရှိ ယခင်က ပိတ်ထားသော ကျောက်ဖြူအိမ်ကြီးမှ ပြတင်းပေါက်တစ်ခု ပွင့်နေပြီးလျှင် ၎င်း၌ ချိတ်ထားသည့် ဇာခန်းဆီးအပြာကိုပါ မြင်ရလေ၏။ မီရီယန်သည် မိမိမျက်လုံးများကိုပင် မယုံနိုင်ဘဲ စိုက်ကြည့်လျက်ရှိရာ ခန်းဆီးဟ၍ သွားပြီးနောက် ဆံပင်ဖြူ၍ အသားမည်းနက်သော မိန်းမကြီးတစ်ယောက်၏ မျက်နှာပေါ်လာတော့၏။ မျက်နှာကိုမြင်လိုက်သည်နှင့် တစ်ပြိုင်နက်၊ မီရီယန် သိလေပြီ။ ထိုမျက်နှာကား မည်သည့်အခါမျှ တွေ့ရတော့မည် မဟုတ်ဟု မျှော်လင့်ခဲ့သော နီဟွတ်စတာ၏ မျက်နှာပင်တည်း။ နီဟွတ်စတာသည် သူ့အား ဆိတ်ဆိတ်နေရန် လက်ပြလိုက်ပြီးနောက် ပြတင်းပေါက်မှာ ရုတ်ချည်းပြန်၍ ပိတ်သွားလေ၏။ သို့နှင့် ဆက်လက်လျှောက်ရပြန်ရာ နေမဝင်မီ တစ်နာရီခန့်တွင်မှ အောင်ပွဲ လှည့်လည်ပွဲကြီး ပြီးဆုံးသွားတော့၏။ ထိုအချိန်၌ မီရီယန်တို့ကား ဂျူပီတာ နတ်ကွန်းကို တက်သည့် လှေကားထစ်များကို တက်နေကြရလေပြီ။ သို့ရှိစဉ် အစောင့်များက ဆိုင်မွန်၏ လည်ပင်းကို ချည်ထားသည့် သံကြိုးကိုဆွဲကာ ခေါ်သွားကြ၏။ မင်းနှစ်ပါးတို့သည် လှေကားထိပ်ရှိ ယဇ်ပလ္လင်များ အနီးတွင်ရပ်လျက် ရှိကြ၏။ မကြာမီ အောက်မှ လူများ ပြေးတက်လာရာ လူတစ်ယောက်၏ လက်ထဲတွင် ပဝါနှင့် ထည့်ထားသော အရာဝတ္ထုတစ်ခု ပါလာ၏။ ထိုသူသည် ဘုရင်နှစ်ပါးရှေ့သို့ ရောက်လာသောအခါ ဆိုင်မွန်၏ခေါင်းပြတ်ကြီးကို မြှောက်ပြလိုက်သဖြင့် ခရာမှုတ်သံများ၊ ဩဘာပေးသံများ ဆူညံသွားတော့၏။ ထို့နောက် မင်းနှစ်ပါးတို့သည် တိရစ္ဆာန်များကို သတ်ဖြတ်ကာ နတ်များအား ယဇ်ပူဇော်မှု ပြုကြလေသတည်း။

***

www.burmeseclassic.com

www.burmeseclassic.com

## ၂၃

အောင်ပွဲသဘင် လှည့်လည်မည့်နေ့မတိုင်မီ တစ်ရက်က 'အိုင်ဆစ်' ဘုရားရှိခိုးကျောင်းကို ဂဲလပ်နှင့် အခြံအရံများ ဖြတ်သွားခဲ့စဉ် အကယ်၍ မီရီယန်သည် ဝေါယာဉ်အတွင်းမှ ကြည့်လိုက်ခဲ့သော် မြင်းများစီးကာ ခရီးပန်းလာသော လူနှစ်ယောက်ကို တွေ့ရပေမည်။ နှစ်ဦးလုံးမှာ ယောက်ျားများဟု ထင်ရသော်လည်း အရှေ့အတိုင်းအဝတ်ကို ဝတ်၍ မျက်နှာဖုံးထားသူမှာ မိန်းမဖြစ်၏။

"ကျွန်ုပ်တို့ ကံကောင်းတာပဲ နီဟွတ်စတာ၊ အောင်ပွဲမီရုံကလေးပဲ ရှိတော့တယ်"

"နောက်ကျနေပါပြီ။ ပြီးတော့လည်း ကျွန်ုပ်ကို လက်ခံပါ့မလား မသိသေးဘူး"

"တီးတပ်ဟာ သူ့အပေါင်းအဖော်တွေ အပေါ် သစ္စာရှိတယ် မဟုတ်လား"

"ရန်သူ အဖမ်းခံရတဲ့ အကျဉ်းသားအပေါ် အခုလို သဘောထားကောင်းမှ ထားမယ်။ ကျွန်ုပ်လို လူမျိုးတစ်ယောက်ကို အရင်က တပ်ထဲက ထုတ်ပစ်လိုက်ဖူးတယ်။ ရောမများဟာ အညံ့မခံဘဲ သတိရတာနဲ့ တစ်ပြိုင်နက် ကိုယ့်ကိုယ်ကို သတ်သေလိုက်ရမယ်။ မီရီယန်အတွက်ကြောင့်သာ မဟုတ်ရင် ကျွန်ုပ် ဒီကို မလာဘူး နီဟွတ်စတာ"

"ဒါဖြင့် ဘယ်လိုများ အကြံရှိသလဲ မားကပ်ရဲ့"

"ရေချိုးဆိပ်နားက ကျွန်ုပ်ရဲ့ အိမ်ကို သွားကြမယ်။ အောင်ပွဲဟာ အဲဒီအိမ်ရှေ့လမ်းက လှည့်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တဖြည်းဖြည်း များ၍လာသော လူအုပ်ကြားထဲမှ သူတို့သည် အိမ်ကြီးဆီသို့ သွားကြလေ၏။ အိမ်ကြီးမှာ လူမနေသော်လည်း အစောင့်ရှိသဖြင့် တံခါးကို ခေါက်သောအခါ ထိုသူသည် ပထမငြင်းဆန်နေသော်လည်း မားကပ်က အသံပြုလိုက်သောအခါမှ ဝမ်းမြောက်စွာ ဖွင့်ပေးလေသည်။ သူတို့သည် မြင်းများကို ဝင်းထဲသို့ သွင်းပြီးနောက် မားကပ်သည် တံခါးကိုပိတ်ကာ သော့ခတ်လိုက်လေသည်။ အစောင့်ကား မားကပ်၏ ဘဏ္ဍာစိုးက မားကပ်မှာ မိမိ၏ဂုဏ်သိက္ခာကို ညှိုးနွမ်းစေရန် မည်သည့်နည်းနှင့်မျှ အရှင်လတ်လတ် အဖမ်းခံမည်မဟုတ်ဟု ထင်သဖြင့် သေပြီထင်ကြောင်း ပြောပြလေသည်။ ထိုအခါ မားကပ်က နီဟွတ်စတာအား ဘဏ္ဍာစိုးကပင် ဤသို့ထင်က မိမိ၏ အရှင်သခင်များက မည်သို့ထင်လိမ့်မည်နည်းဟု မေးခွန်းထုတ်၏။ ထိုနောက် မားကပ်သည် ရေမိုးချိုးရန်နှင့် အစားအသောက်များစားရန် ဘဏ္ဍာစိုးအား ပြင်ဆင်စေရာ စတက်ဖင်နပ်သည် အိမ်၌ ကျွန်များပင် မရှိသော်လည်း သူတတ်အားသမျှ အစားအသောက်များကို ပြင်ဆင်ပေးရှာ၏။

ထို့နောက် သစ္စာရှိလှသော စတက်ဖင်နပ်က နီဟွတ်စတာမကြား အောင် တီးတိုးလေသံဖြင့် အိမ်၌ကျွန်များပင် မရှိသော်လည်း မားကပ်၏ လယ် မြေများမှ သုံးနှစ်တွက် သီးထောက်ခများကို တောင်းခံရရှိခဲ့သဖြင့် ဘဏ္ဍာတိုက် ခန်းတွင် ရွှေများအပြည့်ရှိနေကြောင်းဖြင့် ပြောပြလေ၏။ မားကပ်နှင့် နီဟွတ်စတာ တို့လည်း နာရီပေါင်း ၃၀ မျှ ခရီးပြင်းလာခဲ့ရသဖြင့် အစားအသောက်များကို မြိန်ရှက်စွာ စားသောက်ကြလေသည်။

နေ့လယ်ချိန်သို့ ရောက်သောအခါ မားကပ်သည် တရုတ်ကပ်ကြားမှ လမ်းမကြီးတစ်လျှောက် လှည့်လာသော အောင်ပွဲကို ကြည့်ရှုလျက်ရှိစဉ်မှ သူ့အနီးသို့ နီးဟွတ်စတာ ရောက်လာသဖြင့် မည်သည့်သတင်းမျိုး ကြားရသနည်းဟု မေးရာ ယခုအောင်ပွဲတွင် ရုပ်ရည်ချောမောသော ရဟူဒီ အကျဉ်းသမကလေး တစ်ဦးအား အခြားအကျဉ်းသားများနှင့်အတူ ကျွန်ဈေးတွင် ရောင်းချမည်ဖြစ်ရာ ထိုမိန်းကလေးအတွက် တီးတပ်နှင့် ဒိုမီရှန်တို့ပင် အချင်းများခဲ့ကြသည်ဟု ဘဏ္ဍာစိုးထံမှ သတင်းကြားသိရကြောင်း နီဟွတ်စတာက ပြောပြ၏။ သို့နှင့် သူတို့သည် ထိုမိန်းကလေးမှာ မီရီယန် ဟုတ်, မဟုတ်ကို စောင့်ဆိုင်းကြည့်ရှုလျက် ရှိကြလေသည်။

ရာဇဝတ်ကောင်များထဲ၌ ရဟူဒီတို့ အဖမ်းခံရသည့် ရောမစစ်သားနှစ်ယောက်ပါ၍ လက်များကို နောက်ပြန်တုတ်ထားပြီးလျှင် “ကျွန်ုပ်သည် သေရမည်ထက် ဂုဏ်ညှိုးငယ်သည်ကို အလိုရှိသော ရောမဖြစ်ပါသည်” ဟု လည်



www.burmeseclassic.com

www.burmeseclassic.com



ပင်းတွင် စာဆွဲထား၏။ လူပြောင် လူလျောင်များကလည်း ၎င်းတို့အား သူရဲဘော နည်းသူများဟု ဝိုင်းဝန်းလှောင်ပြောင်ကာ လိုက်ပါလာကြ၏။ လူအုပ်ကြီးထဲမှ မိန်းမကြီးတစ်ယောက်ကမူ ထိုသူနှစ်ယောက်အား ကျောက်စရစ်ခဲဖြင့် လှမ်း၍ ပေါက်လိုက်ကာ "ခွေးတွေ၊ သူရဲဘောကြောင်တဲ့ အကောင်တွေ"ဟု ဟစ်အော် လိုက်လေ၏။ ထိုအခါ သူတို့နှစ်ယောက်ထဲမှ မျက်လုံးပြာပြာနှင့်လူသည် လူအုပ် အား မျက်နှာမူလိုက်ကာ "ကျွန်ုပ်ကား လူငါးယောက်ကို တစ်ယောက်ချင်း သတ်ခဲ့၍ လူ ၁၀ ယောက်ကို မိမိလက်ဖြင့် သတ်ခဲ့သူဖြစ်၏။ အကျဉ်းခံနေရစဉ် သားမယားများကို ငွဲလိုက်သဖြင့်သာ ဤသို့ဖြစ်ရ၏။ ကျွန်ုပ် သူရဲဘောမကြောင် ကြောင်း ယခုပင်ပြအံ့" ဟု ဆိုလိုက်၏။ သူ့နောက်တွင် သဘော်ပုံသဏ္ဍာန်ပြု လုပ်ထားသည့် နွားလှည်းတစ်စီးပါလာသဖြင့် ထိုသူသည် အစောင့်များကို ရှောင် တိမ်းပြေးလွှားကာ လှည်းရှေ့တွင် ရုတ်တရက် ကိုယ်ကို ပစ်လှဲလိုက်ရာ လှည်း ဘီးကြီးများသည် သူ၏ကိုယ်ပေါ်သို့ ဖြတ်ကြိတ်သွားပြီးနောက် ထိုသူသည် မရှုမလှ အသက်ထွက်သွားလေ၏။ ထိုအခါ လူအုပ်ကြီးသည် သနားဖို့ဝေးစွ၊ လက်ခုပ်လက်ဝါးတီးကာ "ကောင်းလေစွ"ဟု ဟစ်အော်လိုက်ကြ၏။ ထိုအခြင်း အရာကို မြင်သည်နှင့် မားကပ်သည် သူ၏မျက်နှာကို လက်ဝါးဖြင့် အုပ်ထား လိုက်လေ၏။

*

ရှစ်ယောက်တစ်တန်းစီ ကြိုးများဖြင့် သီထားသော ရာပေါင်းများစွာ သော သုံ့ပန်းများ လွန်သွားပြီးနောက်၊ ခပ်လှမ်းလှမ်းမှ ရင်ပတ်တွင် ရွှေချည်များ ထိုးထားသည့် ပိုးသားအဖြူအင်္ကျီရှည်ကြီးကို ဝတ်ထားသော မိန်းမပျိုတစ်ဦး သည် ခြေများကို မလှမ်းချင် လှမ်းချင်ဖြင့် လျှောက်လာ၏။ ငုံ့နေသော သူ၏ဦး ခေါင်းမှ ကျနေသည့်ဆံပင်များသည် ခါးသို့တိုင်အောင် ဖုံးအုပ်လျက်ရှိရာ၊ သူ၏ ရင်ဘတ်တွင်လည်း ပုလဲကုံးတစ်ကုံး ဆွဲထားလေသည်။ လူထုကြီးက "ပုလဲဒေဝီ ... ပုလဲဒေဝီ" ဟု ဟစ်အော်လိုက်သဖြင့် နီဟွတ်စတာသည် မားကပ်၏ပခုံးကို တို့လိုက်၏။ မားကပ်မှာ မီရီယန်အား အက်ဆင်းရှာတွင် ခွဲခွာခဲ့ပြီးနောက်၊ ယခု ပထမဆုံးအကြိမ် မြင်ရခြင်းဖြစ်လေသည်။

"အသင်ရှေမ၊ မီရီယန်ကိုကား ယခုတွေ့ရပြီ၊ သူ့အား ယခင်ကကဲ့သို့ ပင် သင်ချစ်သလော"

"အသို့ဆိုရသနည်း နီဟွတ်စတာ၊ မီရီယန်ကား ယခင်က ချစ်စဖွယ် သာကောင်း၏။ ယခုမူ သနားဖွယ်၊ ကြည်ညိုဖွယ် ဖြစ်တော့၏"

"မည်သို့ပင် ဖြစ်စေ၊ သူ့အား သတိနှင့်သာ ဆက်ဆံပါတော့"



www.burmeseclassic.com

www.burmeseclassic.com



သို့ပြောဆိုရင်း နီဟွတ်စတာသည် ခါးထဲတွင် ဝှက်ထားသော ဓားမြှောင်ကိုပင် စမ်းလိုက်မိသေး၏။ ထို့နောက် မားကပ်အား တွန်းဖယ်ကာ သူ့မျက်နှာကို မြင်စေရန် ပိုးခန်းစီး အပြာကို မ,လိုက်ခြင်း ဖြစ်လေသည်။

စီတန်းလှည့်လည်သော ပရိသတ်ကြီး ဆက်လက်ချီတက်သွားပြန်ရာ၊ နီဟွတ်စတာနှင့် မားကပ်တို့သည် မီရီယန်အား မျက်စိတစ်ဆုံး လိုက်လံကြည့်ရှုလျက်ရှိလေ၏။ ထို့နောက် မားကပ်လည်း သူ၏ဘဏ္ဍာစိုး စတက်ဖင်နပ်ကို ခေါ်ပြီးလျှင် ပုလဲဒေဝီအား မည်သည့်အချိန် မည်သည့်နေရာတွင် လေလံတင်ရောင်းချမည့်အကြောင်း လျှို့ဝှက်စွာ စုံစမ်းရန် စေလွှတ်လိုက်လေ၏။

*

နေမင်းကား အနောက်ဘက်တောင်စွယ်တွင် ကွယ်လုဆဲဆဲရှိနေရာ အောင်ပွဲပြီးသဖြင့် လူများ အတော်ပင် ရှင်းလင်းသွားပြီဖြစ်၏။ ကျွန်ဈေးတစ်ခု၌ကား ကျွန်များထားရာ ကျောက်ဖြူတိုင်နှင့် ကြိုးများကာထားသည့် အဆောက်အဦကလေး အပြင်ဘက်တွင် ကျွန်များ ဝယ်ယူရန် လာရောက်ကြသူများဖြင့် ပြည့်နှက်လျက်ရှိ၏။ သို့ရှိစဉ် မျက်လုံးများကိုသာဖော်ကာ မျက်နှာတစ်ခုလုံးကို ဖုံးအုပ်ထားသည့် မိန်းမအိုကြီး တစ်ယောက်သည် ခြင်းတောင်းတစ်လုံးကို ကျောပိုးလျက် အဆောက်အဦး တံခါးပေါက်ဆီသို့ ရောက်သွားလေသည်။ ထိုအခါ တံခါးစောင့်က နှင်ထုတ်သဖြင့် မိန်းမကြီးသည် အစောင့်လက်ထဲသို့ ရွှေစတစ်စကို ထည့်လိုက်သောအခါမှ ၎င်းအား ဝင်ခွင့်ပြု၏။ (ထိုမိန်းမကြီးကား နီဟွတ်စတာပင် ဖြစ်လေသည်။)

အဆောက်အဦအတွင်း၌ကား၊ အလင်းရောင်နည်းနေပြီဖြစ်၍ မီးတုတ်ကြီးများ ထွန်းညှိထားရ၏။ မိန်းမသုံ့ပန်း ၁၅ ယောက်ခန့်တို့သည် ကျောက်ဖြူခုံရှည်များပေါ်၌ ထိုင်နေ၍ ကျွန်မိန်းမများက ရောင်းရာတွင် မျက်နှာပန်းလှစေရန် သူတို့၏ ဆံပင်များကို သန့်ရှင်းဖြီးပေးနေရ၏။ ကျွန်ဝယ်မည့်သူများမှာ အစိတ်သုံးဆယ်ခန့်ရှိရာ၊ သူတို့သည် မိန်းကလေး တစ်ဦးမှတစ်ဦးသို့ ကူးပြောင်းလျှောက်သွားကာ၊ ကိုယ်လုံးကိုယ်ပေါက်များကို အကဲခတ်ကြည့်ရှုနေကြ၏။ မိန်းကလေးတစ်ယောက်ကမူ သူ၏ခြေထောက်ကိုင်ကြည့်သူအား ခြေဖြင့် ကန်လိုက်ရာ၊ ဝယ်သူသည် ပက်လက်လန်ကျသွားသဖြင့် ဝိုင်း၍ရယ်မောကြလေ၏။ မီရီယန်ကား တစ်ယောက်တည်း ကုလားထိုင်တစ်လုံးပေါ်တွင် လက်ပိုက်ကာ ဦးခေါင်းငိုက်စိုက်ချလျက်ရှိ၏။ ကျွန်ဝယ်သူအားလုံးလိုလိုပင် မီရီယန်အနီးသို့ တစ်ယောက်စီသာ ချဉ်းကပ်ကြည့်ရှုကြရ၏။ သို့သော် မည်သူမျှ လက်ဖြင့် ကိုင်တွယ်ကြည့်ရှုခွင့် မရချေ။ နီဟွတ်စတာသည် ထိုလူတန်းကြီး၏ နောက်တွင် ရပ်ကာ ဂရုတစိုက်နားထောင်လျက်ရှိစဉ် အီဂျစ်လူမျိုး ကုန်သည်တစ်ဦးကဲ့သို့

www.burmeseclassic.com



ဝတ်ဆင်ထားသည့် အရပ်ရှည်ရှည် လူတစ်ယောက်သည် မီရီယန်အပေါ်သို့ ငုံ့၍ တစ်စုံတစ်ရာ ပြောလိုက်မည်ပြုပြီးမှ အစောင့်က ပုလဲဒေဝီအား မည်သူမျှ စကား မပြောရန် အမိန့်ပေးထားကြောင်း၊ ပြောလိုက်သဖြင့် အခြားဘက်သို့ လှည့်သွား တော့၏။ ထိုအခါ သူ၏မျက်နှာမှာ အမှောင်ဘက်သို့ ကျနေသဖြင့် နီဟွတ်စတာ က ကောင်းစွာ မမြင်လိုက်ရသော်လည်း ပုံပန်းကိုကား ကောင်းစွာ မှတ်မိလေ သည်။ ထိုသူ၏ ညာဘက်လက်တွင် လက်ညှိုးကလေး ပြတ်နေသည်ကို မီး ရောင်၌မြင်လိုက်ရသောအခါ သာ၍ပင် သေချာသွားတော့၏။ နီဟွတ်စတာသည် အစောင့်ထံသို့ သွားရောက်စုံစမ်းရာ၊ ထိုသူမှာ အလက်ဇန္ဒရီးယားမြို့မှ ကုန်သည် ဒီမက်ထရီယပ် ဖြစ်သည်ဟု ပြောလိုက်၏။ ကာလစ်ကား၊ ရောမမြို့သို့ပင် ရောက်နေချေပြီ။

ထို့နောက် လူချမ်းသာများအတွက် အဝယ်တော်နှစ်ဦးအချင်းချင်း တိုင် ပင်နေသည်ကို ကြားရပြန်၏။ တစ်ယောက်က ဤလေလံပွဲမှာ ဟန်ဆောင်မှုဖြစ် ကြောင်း၊ ဒိုမီရှန်က အလျင်လိုသဖြင့်သာ ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ အခန်းထောင့် ၌ ဝတ်ကောင်းစားလှနှင့် ရှိနေသူမှာ ၎င်း၏ကိုယ်စားလှယ်ဖြစ်၍၊ မိန်းကလေး အား 'ဆက်စတာရှာ ရွှေဒင်္ဂါးတစ်ထောင်' အထိ တက်ပေးရန် အမိန့်ပေးထား သည်ဟုပင် ကြားရကြောင်းဖြင့် ပြောပြလေ၏။ ထိုသူ နှစ်ယောက်ထွက်သွားပြီး နီဟွတ်စတာ အလှည့်သို့ ရောက်လာရာ၊ နီဟွတ်စတာက အသံကျယ်စွာဖြင့် "ဒီသူငယ်မက အတော်ကြည့်ပျော်ရှုပျော်ရှိပါကလား၊ ကျွန်ုပ်လည်း အသားမည်း ပေမဲ့ ငယ်စဉ်က အတော်ချောခဲ့တာကလား၊ ဟော့ သူငယ်မ ခေါင်းကို မော့စမ်းပါ ဦး" ဟု ပြောရင်း လက်ကိုမြှောက်ချည် ချချည်ပြုလုပ်လေ၏။ သို့ပြုလုပ်ခြင်းမှာ မီရီယန်အား မားကပ်ပေးခဲ့သည့် လက်စွပ်ကို မြင်စေလိုသောကြောင့်ဖြစ်၏။ မည် သို့ပင်ဖြစ်စေ သူ၏လည်ပင်းနှင့် ရင်ဘတ်တစ်ခုလုံး နီသွားသည်ကို မြင်သဖြင့် နီဟွတ်စတာ ဖြစ်ကြောင်းနှင့် မားကပ်လည်း အသက်ရှင်နေကြောင်း သူသိသွား ပေမည်။

ထိုအချိန်၌ တံခါးစောင့်က အချိန်စေ့ပြီဖြစ်ကြောင်း ပြောလိုက်သဖြင့်၊ အဝယ်တော်များလည်း အခန်းတွင်းမှ ထွက်သွားကြလေ၏။ မကြာမီ လေလံပစ် သမားရောက်ရှိလာ၍ ယခုညရောင်းချမည့် သူများမှာ တီးတပ်ပိုင်ပစ္စည်း ဖြစ် ကြောင်း၊ ရောင်းရသမျှ ငွေများကို ဒဏ်ရာရရှိ၍ နာမကျန်းဖြစ်နေသော စစ်ပြန်များ အား ထောက်ပံ့ရန် ဖြစ်၍ မျိုးချစ်ပုဂ္ဂိုလ်များဆွဲဝယ်သင့်ကြောင်း၊ မိန်းကလေးများ မှာလည်း ထောင်ပေါင်းများစွာထဲမှ လက်ရွေးစင် ရွေးချယ်ထားသော မျိုးရိုး ကောင်း ရုပ်ချောအမျိုးသမီးများဖြစ်ကြောင်း၊ ရဟူဒီမကလေးများမှာလည်း ရုပ် ချောရုံသာမက လက်မှုပညာတတ်များဖြစ်ကြောင်း၊ ထိုအထဲတွင် ပုလဲဒေဝီခေါ်



www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုတစ်ဦးလည်းပါဝင်ကြောင်းဖြင့် ပြောပြလေသည်။ ထို့နောက် မီရီယန်၏ အလှအချောဂုဏ်ပုဒ်များကို ဖွဲ့နွဲ့ချီးကျူးကာ လူမသမာများက မျိုးရိုးမြင့်မြတ်သူ တစ်ဦးအမည်ကို ထည့်သွင်းပြောဆိုနေသော်လည်း မည်သူမဆို ငွေကြေးတတ်နိုင်လျှင် ဆွဲဝယ်နိုင်၍ လေလံမှာ တရားသဖြင့်သာဖြစ်ရမည် ဖြစ်ကြောင်းနှင့် နိဂုံးချုပ် ပြောဆိုလေသည်။ ထိုသူက ပုလဲဒေဝီမှာ အမှတ် (၇) ဖြစ်ကြောင်း ပြောပြပြီး မှောင်လာသည်နှင့် မီးရှူးမီးတိုင်များ ထွန်းညှိလေ၏။

လေလံအမှတ် (၁) မှာ နက်မှောင်သော ဆံပင်နှင့် ၁၆ နှစ်ရွယ် မိန်းကလေးတစ်ယောက်ဖြစ်၍ ဂရိလူမျိုးတစ်ဦးက ဆက်စတာရှား ရွှေဒင်္ဂါး ၁၅ ပြား (ပေါင် ၁၂၀ ခန့်) နှင့် ဝယ်သွား၏။ နောက် လေးယောက်မှာ သူ့ထက် ဈေးရ၏။ အမှတ် ၆ ကား သူ၏ခြေထောက်ကို ကိုင်ကြည့်မိသဖြင့် အရှေ့တိုင်းသားတစ်ဦးအား ခြေဖြင့် ကန်ကျောက်လိုက်သော မိန်းမဖြစ်၏။ ထိုအရှေ့တိုင်းသားကပင် လက်စားချေရန် မရမက ဆွဲဝယ်လေသည်။

ဤသို့ဖြင့် အစဉ်အတိုင်း လေလံပစ်ခဲ့ရာ၊ အမှတ် ၇ အလှည့်သို့ ရောက်လာတော့၏။ သို့နှင့် မီရီယန်အား လေလံပစ်တော့မည့်ဆဲဆဲရှိနေစဉ်၊ မနီးမဝေး မှောင်ရိပ်တစ်ခုထဲမှ လူတစ်ယောက်၏ စူးစူးဝါးဝါး အော်လိုက်သံကို ကြားရလေ၏။ သို့နှင့် လူများသည် မီးတုတ်များကိုကိုင်ကာ အသံကြားရာသို့ ပြေးသွားကြရာ၊ ခပ်စောစောက လေလံဆွဲဝယ်သွားသော အရှေ့တိုင်းသားကြီးသည် ဓားဒဏ်ရာကြီးဖြင့် သွေးအိုင်ထဲတွင် လဲကျလျက်၊ အနီး၌ကား၊ ကလဲ့စားချေလိုက်ရသဖြင့် ကျေနပ်သည့် မျက်နှာဖြင့် ရပ်နေသော အမှတ် ၆ ရဟူဒီ မိန်းကလေးကို တွေ့ရလေသည်။ လူအုပ်ကြီး ဝိုင်းလာသည်နှင့်တစ်ပြိုင်နက်၊ ရဟူဒီမကလေး သည် သူ့ကိုယ်သူ ထိုးသတ်လိုက်လေ၏။

***

www.burmeseclassic.com

www.burmeseclassic.com



လေလံအပစ်ခံရသူများကား ကျောက်ဖြူခုံမြင့်ကလေးပေါ်တွင် ပရိသတ်အားလုံးမြင်အောင် တက်၍ ရပ်ပြရသည်ဖြစ်ရာ၊ ပုလဲဒေဝီအား မီးတုတ်ကိုင်ထားသည့် လူ နှစ်ယောက်က ခေါ်ဆောင်လာသည့်အခါ ပရိသတ်က လက်ခုပ်လက်ဝါးတီးကာ သြဘာပေးကြ၏။ ထိုလူထုထဲတွင် အီဂျစ်ကုန်သည် 'ဒီမက်ထရိယပ်' နှင့် မျက်နှာကို ဖုံးထားသည့် မိန်းမကြီးပါဝင်လေသည်။ ထိုမိန်းမကြီးနှင့်အတူ သူကဲ့သို့ပင် ကျောတွင်ခြင်းကြီးတစ်ခု လွယ်ထားသည့် ကျွန်နှင့်တူသူလူတစ်ယောက်ပါလာ၏။ ဒိုမီရှန်၏ အဝယ်တော် 'စတူးရီးယပ်' ကား၊ သခင့်အရှိန်ဖြင့် ကြိုးတားထားသည့်အတွင်းဘက်သို့ပင် ကျော်ဝင်ကာ ပုလဲဒေဝီအား ဘယ်ပြန်ညာပြန်ကြည့်ရှုလျက်ရှိလေ၏။

ထိုအခါ အာဝဇ္ဇန်းရွှင်လှသော လေလံသမားက ၁၀ နှစ်ကျော်ကျော်မျှ သူလေလံသမား လုပ်ခဲ့ဖူးသည့်အတွင်း မိန်းမပေါင်း ၁၅၀၀၀ – ၁၆၀၀၀ မျှ လေလံပစ်ရောင်းချခဲ့ဖူးရာ၊ ယခု မိန်းမပျိုကဲ့သို့ စင်းလုံးချောချောသူကို တစ်ခါမျှ မတွေ့ဖူးကြောင်း၊ ကိုယ်လုံးကိုယ်ပေါက်မှာလည်း ပန်းပုဆရာနှင့် ကျောက်ဆစ်ဆရာတို့အဖို့ စံပြသဖွယ် ဖြစ်လောက်ကြောင်း ထို့ပြင် မိန်းမပျို၌ဆွဲထားသည့် ပုလဲလည်ဆွဲပင် 'ဆက်စတာရှား' ရွှေဒင်္ဂါး ၁၀၀ ခန့်တန်ကြောင်း၊ ထိုမှတစ်ပါး တိုင်ယာမြို့အနီးတွင် မိန်းမပျိုပိုင်အိမ်ခြေယာခြေနှင့် လယ်မြေများလည်း ရှိသေးကြောင်း၊ လေလံဆွဲဝယ်သူအား ထိုပစ္စည်းများကို လက်ရှိပိုင်ဆိုင်စေရန် တီးတပ်ကိုယ်တိုင် စာချုပ်ဖြင့် လွှဲပြောင်းပေးမည်ဖြစ်ကြောင်း၊ လေလံဆွဲသူများက ရက်ရောစွာပေးလေလေ ဆင်းရဲသားများအတွက် အကျိုးရှိလေလေဖြစ်ကြောင်းဖြင့် စကားအမျှင်မပြတ်အောင် ပြောဆိုလျက်ရှိလေ၏။ ထို့နောက် ဆက်လက်၍ –



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း … ကျွန်ုပ်တို့ လေလံပွဲစ,ကြပါစို့၊ ဘယ်နှုန်းကစကြမည်လဲ။ ငါးရာလော၊ တစ်ထောင်လော၊ သို့သော် ၅၀ ကပင် ကျွန်ုပ် စပေတော့မည်။ ငါးဆယ်၊ တစ်ရာ၊ နှစ်ရာ၊ သုံးရာ၊ လေးရာ၊ ငါးရာ၊ ခြောက်ရာ၊ ခုနစ်ရာ၊ ရှစ် ရာ အို … အဆွေ အဘယ်ကြောင့် ရပ်နေပါသလဲ"

သူသည် ကြိုးတန်းအနီးသို့ ရောက်သောအခါ နှာခေါင်းချွန်ချွန်နှင့် လူအား မေးလိုက်လေသည်။ ထို့နောက် လေလံသမားသည် ဒိုမီရုန်၏ အိမ်တော် ဝန်ဘက်သို့လှည့်၍ "ဘယ့်နှယ်လဲ စတူးရီးယပ် သင်အိပ်များ ပျော်နေသလား"

ထို့နောက် ဈေးနှုန်းမှာ ရာနှင့်ချီ၍တက်လာရာ၊ ၉၀၀ ထိ ရောက်လာခဲ့၏။ ထိုအခါ အလက်ဇန္ဒရီးယားမှ ကုန်သည်သည် ရှေ့သို့တိုးလာပြီးလျှင် လက်ညှိုးထောင်လိုက်ကာ 'တစ်ထောင်' ဟု အော်လိုက်လေ၏။ စတူးရီးယပ် သည် ထိုသူအား ဒေါသနှင့် ကြည့်ကာ ၁၁၀၀ အထိတက်ပေးလိုက်ရာ၊ ဒီမက် ထရိယပ်သည် လက်ညှိုးထောင်လိုက်ပြီးနောက် ၁၂၀၀ ဟု အော်လိုက်ပြန်လေ သည်။ အခြားသူများကား ထိုသူနှစ်ယောက်တို့၏ မျက်နှာကို အံ့သြစွာ ကြည့်နေ ကြလေ၏။

"တစ်ထောင့်သုံးရာ"

"တစ်ထောင့်လေးရာ"

"ယခု တစ်ထောင့်လေးရာ ရှိနေပြီ၊ မည်သူတိုး၍ ပေးဦးမည်နည်း၊ တိုး၍ပေးသူ မရှိလျှင် ကျွန်ုပ် …"

သူသည် ဤသို့ပြောရင်း ပရိသတ်ကို လှည့်ကြည့်လိုက်ရာ၊ ခြင်း တောင်းကို လွယ်လာသော မိန်းမကြီးသည် ရှေ့သို့တိုးလာပြီးနောက် 'နှစ်ထောင်' ဟု အော်လိုက်လေ၏။ ထိုအခါ လေလံသမားသည် မိန်းမကြီးအား သင်္ကာ မကင်းသော မျက်နှာဖြင့် ကြည့်လျက် "မိတ်ဆွေအမျိုးသမီးကြီး ဆက်စတာတိုင် ဒင်္ဂါးကို ဆိုလိုပါသလော၊ အမည်ချင်း ခပ်ဆင်ဆင်ဖြစ်၍ မှားမည်စိုးသောကြောင့် မေးရပါသည်။ ကျွန်ုပ်ကို ခွင့်လွှတ်ပါ"

"ဆက်စတာရှား ဒင်္ဂါးနှစ်ထောင်"

"ကောင်းလှပါပြီ … အသို့နည်း မိတ်ဆွေ စတူးရီးယပ်"

"ကျွန်ုပ် ပို၍မပေးနိုင်တော့ပါ။ လေလံကိုသာ ချလိုက်ပါလော့"

"ဈေးခေါ်သော်လည်း ပေးနိုင်မှ ပေးနိုင်မည်။ သင်ပေးသော ၁၅၀၀ ကို ကျွန်ုပ် မှတ်သားထား၍ အကယ်၍ ဤအမျိုးသမီးကြီး မပေးနိုင်က သင်ပေး သော ဈေးကို ကျွန်ုပ် လက်ခံပါမည်။ အသင်အမျိုးသမီးကြီး ကြားပါ၏လော"

"အကြွေးဝယ်၍ ရမည်မထင်သောကြောင့် ရွှေများကို ကျွန်ုပ်တစ်ပါ တည်း ယူခဲ့ပါသည်"



www.burmeseclassic.com

www.burmeseclassic.com



လေလံသမားသည် နောက်ဆုံး တိုးပေးမည့်သူ မရှိသဖြင့် မတတ်သာတော့ဘဲ လေလံကို ချလိုက်ရတော့၏။ ထို့နောက် မိန်းမကြီးအား အမည်ကိုမေးရာ 'ဂျူလီယာ' ဟု ပြန်ပြောသည်တွင် အားလုံးက ရယ်မောကြလေ၏။ သို့နှင့်ငွေများကို ပေးချေရန် အခန်းထဲသို့ သွားကြရာ၊ မိန်းမကြီးက သူဝယ်ထားသောပစ္စည်းမှာ တန်ဖိုးကြီးလှသဖြင့် စိတ်မချနိုင်သောကြောင့်တစ်ပါတည်း ခေါ်ဆောင်သွားရန် တောင်းပန်သည့်အတိုင်း ခေါ်သွားရလေ၏။ အခန်းတွင်းသို့ ရောက်သောအခါ၊ မိန်းမကြီးသည် ကျောပေါ်တွင် လွယ်ထားသော ခြင်းကြီးကို အစေခံ၏ အကူအညီဖြင့် ကြမ်းပြင်ပေါ်သို့ ချပြီးနောက်၊ လေလံသမားအား "မိတ်ဆွေ ခြင်းကို ဖွင့်၍ ရေတွက်ပါလော့"ဟု ဆို၏။ လေလံသမားသည် ခြင်းကို ဖွင့်လိုက်ရာ၊ ဆလပ်ရွက်များကိုသာ တွေ့ရသဖြင့် ဒေါသထွက်လျက်ရှိစဉ် မိန်းမကြီးက ဤဆလပ်ရွက်များမှာ မြေဝါ၍သာ ပေါက်ကြောင်း ပြောပြီးနောက် ဆလပ်ရွက်များကို ဖယ်ရှားလိုက်ရာ၊ တစ်ကန့်စီ သပ်ရပ်စွာ စီထားသော ရွှေဒင်္ဂါးများ ပေါ်လာလေသည်။

"မရေတွက်မီ အသေအချာ စစ်ဆေးပါဦးလော့"

လေလံသမားသည် ရွှေဒင်္ဂါးများကို ပါးစပ်ဖြင့် ကိုက်၍ကြည့်၏။ တီးခေါက်၍ ကြည့်၏။

"ရွှေဒင်္ဂါးအစစ်အမှန်ပင် ဖြစ်ပါတော့သည် အမျိုးသမီးကြီး"

ပထမဆွဲခြင်းတွင် ရွှေဒင်္ဂါး ၁၁၀၀ သာ တွေ့ရ၍ မိန်းမကြီးသည် သူ့အစေခံ၏ခြင်းကို တစ်ဖန် ချစေပြီးလျှင် အပေါ်မှ ဖုံးထားသည့် ဆလပ်ရွက်များကို ဖယ်ရှားပြီးနောက်၊ ရေတွက်ပြန်စေ၏။ နှစ်ထောင်ပြည့်အောင် ရေတွက်ပြီးသောအခါ၌ပင် ခြင်းထဲတွင် သုံးတစ်ပုံခန့် ကျန်နေသေး၏။ လေလံသမားကား ကျန်ရှိနေသော ရွှေဒင်္ဂါးများကို လိုချင်တပ်မက်မောသော မျက်နှာနှင့် ကြည့်ရှုလျက်ရှိလေသည်။ သို့နှင့် မိန်းမကြီးသည် လေလံသမား လက်ထဲသို့ ရွှေဒင်္ဂါး လက်တစ်ဆုပ်နှင့် သူ၏စာရေးအတွက် ရွှေဒင်္ဂါး ၁၀ ပြားကို ရက်ရောစွာ ပေးလိုက်ပြီးလျှင် စာချုပ်တွင်လည်း 'ဟေရအာဂရိပမင်းကြီး လွန်သည့်နှစ်တွင် ဒီမတ်နှင့် ရာခယ်တို့၏သမီး မိရိယန်' ဟု ဖြည့်စွက်ထည့်စေ၏။ ထို့နောက် လေလံသမားအား "ကျွန်ုပ်ကို နောက်တစ်ခု ကျေးဇူးပြုပါဦးလော့၊ ဤအခန်းတွင် အခြားထွက်ပေါက်တစ်ခုရှိသေး၍ ကျွန်ုပ်ဝယ်သော ကျွန်မမှာ အတော်ပင် မောပန်းနေပြီဖြစ်သောကြောင့် ကျွန်ုပ်တို့အား ထိုအပေါက်မှ ထွက်ခွင့်ပြုစေလိုပါသည်။ သင်၏စာရေးကိုလည်း ကျွန်ုပ်နှင့်အတူ ထည့်လိုက်ပါ။ ထို့ပြင် အခန်းထောင့်ထဲ၌ အင်္ကျီအထူတစ်ထည်လည်း တွေ့ပါသည်။ ကျွန်မအတွက် အအေးမှ ကာကွယ်စေရန်

www.burmeseclassic.com



ဤအင်္ကျီကိုလည်း ပေးပါလော့”ဟု ပြောကာ အင်္ကျီအတွက် သူ၏လက်ထဲသို့ ရွှေဒင်္ဂါး ၅ ပြား ထည့်လိုက်ပြန်လေ၏။ ပေးကမ်းခြင်းကား အောင်မြင်မှုပင်ဖြစ်၏။

နောက် သုံးမိနစ်ကြာသောအခါ စာရေး၏ အကူအညီဖြင့် ရုံးများရှိရာ ရပ်ကွက်အပြင်ဘက်သို့ရောက်၍ ထိုနေရာမှ စာရေးအား နှုတ်ဆက်ကာ ထွက်ခွာသွားကြလေ၏။ လေလံစာရေးသည် ကျွန်ဈေးဘက်သို့ လှည့်၍ ပြန်လာသောအခါ၊ အရပ်အရှည်ရှည် လူတစ်ယောက်နှင့် မျက်နှာချင်းဆိုင် တွေ့ရလေရာ၊ ထိုသူမှာ ခပ်စောစောက ပုလဲဒေဝီအား ရွှေဒင်္ဂါး ၁၄၀၀ အထိ ပေးခဲ့သော အီဂျစ်ကုန်သည်ဖြစ်ကြောင်း မှတ်မိလိုက်လေသည်။

“သင့် မိတ်ဆွေတွေ ဘယ်ထွက်သွားကြသလဲ”

“ကျွန်ုပ် မသိပါ”

“စဉ်းစားပါဦး မိတ်ဆွေ၊ စဉ်းစား၍ လွယ်အောင် ဤဟာများကိုလည်း ကြည့်ပါဦး”

သို့ပြောဆိုရင်း အရပ်ရှည်သော သူသည် စာရေးလက်ထဲသို့ ရွှေဒင်္ဂါး ၅ ပြား ထည့်လိုက်လေ၏။

“ဤဟာများဟာ ကျွန်ုပ်အတွက် တစ်စုံတစ်ရာ မထူးခြားလှပါ”

“ဤသို့ဖြစ်လျှင် မြန်မြန်စဉ်းစား၍ရအောင် ကျွန်ုပ်က ထုတ်ပေးပါဦးမည်”

သူသည် ခါးပြောင်ကို ဆွဲထုတ်လိုက်ပြီးနောက် “ခပ်စောစောက အရှေ့တိုင်းသားကြီးနှင့် ရဟူဒီတို့ သွားသည့် လမ်းကို သင်လိုက်လိုသလော”

“သူတို့ လက်ျာဘက်သို့ ချိုးသွားကြပါသည်”

ဒီမက်ထရိယပ်လည်း ချက်ချင်းပင် ထိုသူ့အနီးမှ ထွက်ခွာသွားလေ၏။ လေလံပစ်ရာသို့ ပြန်ရောက်သွားသောအခါ ဒိုမီရှန်၏ အဝယ်တော်သည် လေလံအမှတ် ၁၃ အား သူ့ဆရာအတွက် ဆွဲဝယ်သွားကြောင်း ကြားသိရလေသည်။

ထိုအချိန်အတွင်း နီဟွတ်စတာ၊ မီရီယန်နှင့် ဘဏ္ဍာစိုးစတက်ဖင်နပ်တို့သည် လမ်းတွင် တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲ လျင်မြန်နိုင်သမျှ လျင်မြန်စွာ လာခဲ့ကြရာ၊ အဂရစ်ပလမ်းရှိ မားကပ်အိမ်သို့ ရောက်ခဲ့ကြလေ၏။ အိမ်တံခါးကို ဘဏ္ဍာစိုးစတက်ဖင်နပ်က ဖွင့်နေစဉ် လူတစ်ယောက် အိမ်ရှေ့မှ ဖြတ်သွား၍ ဘဏ္ဍာစိုးက နီဟွတ်စတာအား မေးမြန်းရာ၊ ထိုသူမှာ အလက်ဇန္ဒြီးယားမြို့မှ ဒီမက်ထရိယပ်ဖြစ်ကြောင်း၊ သို့သော် သူ့အား ယခင်က အခြားနာမည်တစ်ဦးနှင့် သိခဲ့ဖူးကြောင်း ပြောပြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့လည်း ခုံးကြီးအောက်မှ ဖြတ်၍ မီးအိမ်တစ်ခုတည်းသာ ထွန်းထားသော အခန်းတစ်ခုအတွင်းသို့ ဝင်သွားကြရာ အခန်းထဲသို့ ရောက်သော အခါ နီဟွတ်စတာသည် မျက်နှာတွင် ဖုံးထားသည့် အဝတ် ဖြုတ်ချလိုက်ပြီး နောက် မီရီယန်အား ပွေ့ပိုက်ကာ အကြိမ်ကြိမ် နမ်းရှုပ်လေတော့၏။

"ဘယ်နှယ့်လဲနူး၊ ကျွန်ုပ်ကို အကြောင်းစုံ ပြောပြပါဦး"

"ကျွန်ုပ်ရဲ့ ဆုတောင်းကြောင့် အချိန်မီ ရောက်လာပြီး သင့်ကို ကယ်ဖို့ ဒီပစ္စည်းတွေ ရလာတာပဲ"

"ဘယ်သူ့ပစ္စည်းတွေလဲ"

နီဟွတ်စတာသည် တစ်စုံတစ်ရာ ပြန်မပြောဘဲ မီရီယန်၏ လက်ကို ဆွဲကာ စင်္ကြံတစ်လျှောက်မှ အခန်းတွင်းသို့ ခေါ်ဆောင်သွားလေ၏။ အခန်းမှာ ကြီးမားသလောက် အဖိုးတန် ကော်ဇောကြီးများ၊ ကျောက်ဖြူရုပ်ထုများ၊ အိမ်ထောင်ပရိဘောဂများဖြင့် ပြည့်လျက်ရှိလေသည်။ စားပွဲ၏တစ်ဖက်တွင် ယောကျ်ားကြီးတစ်ယောက်သည် မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ကာ အိပ်ပျော်နေသကဲ့သို့ ရှိလေ၏။ သူတို့နှစ်ယောက်ကား မှောင်ရိပ်တွင် ရပ်လျက်ရှိရာ မီရီယန်သည် ထိုသူကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် တုန်လှုပ်၍ သွားသဖြင့် နီဟွတ်စကာက တိတ်ဆိတ်စွာ နေရန် ပြောလိုက်လေသည်။ ယောကျ်ားကြီးကား အခြားသူမဟုတ် မားကပ်ပင် ဖြစ်ကြောင်း မီရီယန် တွေ့လိုက်ရ၏။ သို့သော် မားကပ်၏မျက်နှာမှာ အတော်ပင် ရင့်ရော်နေ၍ သူ၏နားထင်မှ ဆံပင်များမှာ ကွက်၍ဖြူနေ၏။ မားကပ်ကား တစ်ယောက်တည်း စကားပြော၍ နေလေသည်။

"ကျွန်ုပ်ကား မအောင့်နိုင်တော့ပြီ၊ သုံးကြိမ်တိုင် တံခါးပေါက်တွင် စောင့်၍နေသော်လည်း သူ့အား အရိပ်အယောင်မျှ မတွေ့ရ၊ ယခုအချိန်၌မူ ဒိုမီရှန် အိမ်သို့ပင် ရောက်နေပြီလော မပြောနိုင်"

သို့နှင့် နီဟွတ်စတာသည် မီရီယန်အား ရှေ့သို့တွန်း၍ ပို့လိုက်လေ၏။

"ကျွန်ုပ် အိပ်မက်များ မက်နေသလား"

"မားကပ် … သင်အိပ်မက် မက်နေခြင်း မဟုတ်ပါ။ ကျွန်ုပ် မီရီယန် အစစ်ဖြစ်ပါတော့သည်"

တစ်ခဏချင်း၌ပင် မားကပ်သည် မီရီယန်အပါးသို့ ရောက်လာပြီးလျှင် တင်းကြပ်စွာ ပွေ့ပိုက်ထားလေ၏။

"သင့်လက်တွေ နည်းနည်းလျှော့ပါဦး မားကပ်၊ ကျွန်ုပ် အသက်ရှူ ကြပ်လှပါပြီ"

မားကပ်သည် မီရီယန်အား အခန်းရှိ ခုတင်ပေါ်တွင် အသာအယာ ချထားလိုက်ပြီးနောက်၊ "သင့်အဖြစ်အပျက် ပြောပါဦး မီရီယန်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်ကား နွမ်းနယ်လှပြီဖြစ်၍ မပြောနိုင်တော့ပါ။ နီဟွတ်စတာသာ မေးပါတော့"

နီဟွတ်စတာက အကျိုးအကြောင်းကို အကျဉ်းချုပ်ပြောပြပြီးနောက်၊ မားကပ်သည် မီရီယန်တို့အား အသားများ၊ သစ်သီးများ၊ ဝိုင်အရက်များ ရှိသော စားပွဲတစ်လုံးသို့ ခေါ်သွားပြီးလျှင် ကျွေးမွေးလေ၏။ ထို့နောက် မားကပ်က ယင်ကဲ့သို့ ငွေကြေး အမြောက်အများရအောင် စုဆောင်းပေးခဲ့သော ဘဏ္ဍာစိုးအား ကျေးဇူးတင်ကြောင်း ပြောပြလေသည်။

"ဒါဖြင့် သင်ဟာ ကျွန်ုပ်ကို ဝယ်လိုက်ပြီပေါ့"

"မှန်ပါတယ် မီရီယန်"

"ဒီလိုဆိုရင် ကျွန်ုပ်ဟာ သင့်ကျွန်ဖြစ်နေပြီ"

"ဒီလို မဟုတ်ပါဘူး မီရီယန်၊ ကျွန်ုပ်သာ သင့်ကျွန်ဖြစ်ပါတယ်။ သင်ဟာ ကျွန်ုပ်ရဲ့ ဇနီးဖြစ်ရန်သာ လိုပါတော့တယ်"

"မဖြစ်နိုင်ပါ"

မားကပ်၏မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်သွား၏။

"နှစ်ပေါင်းများစွာ ကျွန်ုပ်တို့ ဒုက္ခခံပြီးမှ သင်ဒီလို ပြောရက်သလား မီရီယန်"

"ဒီလိုပဲ ပြောဖို့ရှိပါတယ်။ ဂျော်ဒန် မြစ်ကမ်းပါးမှာ အရင်က ကျွန်ုပ် ပြောခဲ့ဖူးတဲ့အတိုင်း ကျွန်ုပ်မိဘများက ခရစ်ယာန် မဟုတ်သူကို လက်မထပ်ရန် တားမြစ်ခဲ့ပါသည်။ သွားလေသူမိဘများ အမိန့်ကို မဖောက်ဖျက်လိုပါ"

မားကပ်က အတန်ငယ် စဉ်းစားနေပြီးနောက်–

"ထိုသို့ဖြစ်လျှင် ခရစ်ယာန်အယူကို ကျွန်ုပ်ယူပါတော့မည်"

"ဒီမျှနဲ့ မဖြစ်သေးဘူး မားကပ်၊ အယူဆိုတာ စိတ်ဓာတ်ပြောင်းလဲမှသာ ဖြစ်နိုင်တယ်။ အခု သင်ပြောတဲ့ စကားတွေဟာ နှုတ်ဖျားကသာ မဟုတ်ဘဲ အသည်းနှလုံးထဲက ထွက်လာတဲ့အခါ သင့်အလိုကို ကျွန်ုပ် လိုက်လျောပါတော့မယ်။ ယခုဆိုလျှင် ကျွန်ုပ် တခြားကို ထွက်သွားခြင်းက ကောင်းပါသေးတယ်"

"သင်ဟာ ကျွန်ုပ် ဈေးကြီးပေးပြီး ဝယ်ခဲ့ရတဲ့ ကျွန်ဖြစ်တယ်။ သင့်ကို အဘယ်ကြောင့် ကျွန်ုပ် စွန့်လွှတ်ရမှာလဲ၊ ကျွန်ုပ်ဆီမှာပဲ ထားရလိမ့်မယ်"

"ထားနိုင်ပါတယ်။ သင့်ဂုဏ်သရေ ညှိုးနွမ်းမည်စိုး၍ ပြောခြင်းဖြစ်ပါတယ်"

"ဘာကြောင့် ညှိုးနွမ်းရမှာလဲ မီရီယန်၊ သင့်မိဘများက ဘယ်သူ့ကိုသာ လက်ထပ်ရမယ်လို့ အမိန့်ပေးခဲ့ပါသလား"



www.burmeseclassic.com

www.burmeseclassic.com



"မပေးခဲ့ပါ။ ကျွန်ုပ် ချစ်လိုသူကို ချစ်နိုင်ပါတယ်။ သို့သော် တရားသဖြင့် မဟုတ်လျှင် ကျွန်ုပ် ချစ်ချင်မှလည်း ချစ်ပေမယ်"

"ဘာကြောင့်လဲ မီရီယန်၊ သင်ဟာ မျှော်စင်ကြီးအောက်မှ ကျွန်ုပ်ကြောင့်ပဲ အသက်ကိုစွန့်ခဲ့ပြီ မဟုတ်လား။ ကျွန်ုပ်ကလည်း တတ်နိုင်သလောက် သင့်အတွက် ဆောင်ရွက်ခဲ့ပြီ မဟုတ်လား။ ကျွန်ုပ်ဟာ အသက်ထက် မြတ်နိုးတဲ့ ဂုဏ်သရေကိုတောင် ပဓာနမထားဘဲ၊ သင့်ရဲ့သတင်းကို နားထောင်ဖို့ ရောမမြို့အနီးကိုတောင် လာခဲ့ပါတယ်။ ရန်သူအဖမ်းခံရပြီးတဲ့နောက် လွတ်လာတဲ့လူကို သူရဲဘောကြောင်တဲ့ လူလို့ ထင်ကြတဲ့အတိုင်း ကျွန်ုပ် အသက်ရှင်နေတာ သိရင် ကျွန်ုပ်ကိုလည်း ဒီလိုပဲ ထင်ကြပေလိမ့်မယ်။ ဒါနဲ့တောင် သင်ဟာ ကျွန်ုပ်ကို ငြင်းရက်ပလေတယ် မီရီယန်၊ ကျွန်ုပ် အသက်ရှင်နေတာဟာ သင့်အတွက်ပဲ မဟုတ်လား"

သို့ပြောဆိုရင်း မားကပ်သည် မီရီယန်အား သူ၏ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်လေ၏။

(ရှိုက်ငိုလျက်) "ကျွန်ုပ်တော့ ဒုက္ခတွေ့ပြီ၊ ကျွန်ုပ် ဘယ်လို လုပ်ရပါ့မလဲ"

နီဟွတ်စတာက ဝင်၍ –

"သင် ဝတ္တရားရှိတဲ့အတိုင်း လုပ်ရုံပေါ့"

"အသင်က တိတ်တိတ်နေစမ်းပါ"

"ကျွန်ုပ် မနေနိုင်ဘူး မားကပ်၊ ကျွန်ုပ်ဟာ သင့်ကို ချစ်ခင်လို့သာ သင်သေလုမျောပါး ဖြစ်နေစဉ်က ကျွန်ုပ် ပြုခဲ့တယ် မဟုတ်လား။ ကျွန်ုပ် မသေခင်လည်း သင်တို့ ဇနီးခင်ပွန်း ဖြစ်သွားတာ မြင်လိုပါတယ်။ နို့ပေမဲ့ သင်ဟာ မိန်းမသားတစ်ဦးကို သူ့ရဲ့ နူးညံ့အားနွဲ့တတ်တဲ့စိတ်ဓာတ် ထိခိုက်အောင်လုပ်ပြီး သင့်ဘက်ပါအောင် ဆွဲနေတာပဲ။ ဒီလိုလူမျိုးကိုမှ သူရဲဘောနည်းသူ မခေါ်လျှင် ဘယ်သူ့ကို ခေါ်ဦးမှာလဲ။ သင်လုပ်ပုံ ပြောပုံက သင့်ကို လက်မထပ်ရင်ရှိစေ၊ သင်ပိုင်တဲ့ပစ္စည်းဖြစ်လို့ သင့်အလိုကိုလိုက်ရင် အပြစ်မရှိဘူးလို့ သင်ဆိုလိုတာပဲ။ ဒီဟာ အင်မတန် ကြီးလေးတဲ့ အပြစ်ဖြစ်လို့ သင်တို့နှစ်ယောက်ဟာ တစ်နည်းနည်း ဒုက္ခတွေ့ရလိမ့်မယ်"

မားကပ်သည် မီရီယန်အား သူ၏ရင်ခွင်ထဲမှ လွှတ်လိုက်ပြီး –

"သင့်မှာ ပြောစရာကုန်ပြီလား အဘွားကြီး"

"မကုန်သေးပါဘူး မားကပ်၊ သင့်မှာ သူ့ကို လွှတ်နိုင်တဲ့ အခွင့်အရေးရှိပါတယ်။ သူ့လည်ပင်းက အနှောင်အဖွဲ့ကို ဖြတ်ပြီး သူ့ကို ပေးခဲ့ရတဲ့တန်ဖိုးကို သင်ပြန်ယူပါ။ တိုင်ယာမှာ သူ့အဖိုးပိုင်တဲ့ ပစ္စည်းတွေ သူ့နာမည်နဲ့ရှိပါတယ်။ တရားတော်ကိုလည်း လေ့လာပြီး နှစ်နှစ်ကာကာ သက်ဝင်ယုံကြည်မှ သူ့ကို

www.burmeseclassic.com



ယူပါ။ တကယ်လို့ သဘောမကျရင်လည်း စိတ်ထားသန့်သန့်ရှင်းရှင်းနဲ့ သူ့ကို လွှတ်လိုက်ပါတော့။ ကိုင်း ... အခု သင်ရဲ့ သဘောထားကို ပြောပြပါဦး မားကပ်"

မားကပ်ကား တစ်စုံတစ်ရာပြန်မပြောဘဲ အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်၍နေ၏။ သူ၏မျက်နှာသည်လည်း အတော်ရင့်ရော်၍ နေလေသည်။

"ပြောရမယ်ဆိုရင် သင်နဲ့တော့ ဖက်ပြိုင် မပြောနိုင်ပါဘူး နီဟွတ်စတာ၊ မီရီယန်ဟာ စိတ်မသန့်ရင် ကျွန်ုပ်နဲ့ လက်မထပ်ဘဲ နေနိုင်ပါတယ်။ သင့်ကို ယခုလွှတ်ပါပြီ မီရီယန်၊ ပြီးတော့လည်း တိုင်ယာမြို့က သင်ပိုင်တဲ့ ပစ္စည်းတွေကို လည်း ကျွန်ုပ်ပေးရတဲ့ တန်ဖိုးအစား လက်ခံပါတယ်။ သင့်အခန်းကို နီဟွတ် စတာက ခေါ်သွားလိမ့်မယ်။ နက်ဖြန်ကစပြီး သင်တို့ သွားလိုရာကို သွားနိုင်ပါ ပြီ"

မီရီယန်က ချုံးချ၍ ငိုကြွေးရာတော့၏။

"ငိုမနေနဲ့တော့ မီရီယန်၊ ငိုနေရင် ကျွန်ုပ် စိတ်ပြောင်းသွားချင်သွားလိမ့် မယ်။ ကိုင်း ... သွားပေတော့"

မီရီယန်သည် အခန်းထဲမှ ထွက်သွားသဖြင့် နီဟွတ်စတာလည်း နောက်မှ လိုက်ပါသွားလေရာ၊ မားကပ်သည် နီဟွတ်စတာ၏ လက်ကို ဆွဲလိုက် ပြီးနောက် –

"ကျွန်ုပ် သင့်ကိုသာ သတ်ပစ်ချင်တော့တာပဲ"

ရယ်မောလျက် –

"ကျွန်ုပ် ပြောတာတွေ အမှန်ချည်းပဲ။ နောင်တော့ သင်သိလိမ့်မယ်"

"သူ့ကို ဘယ်ခေါ်သွားမှာလဲ"

"အခုတော့ မပြောနိုင်သေးပါဘူး။ စိတ်ချရတဲ့ နေရာရောက်ရင် သင့်ကို အသိပေးပါ့မယ်"

"အကူအညီလိုရင် ပြောပါလေ။ ကိုင်း ... သွားကြပေတော့"

***

www.burmeseclassic.com

www.burmeseclassic.com

## ၂၅

အောင်ပွဲသဘင်ပြီးဆုံးပြီးနောက် ဒိမီရှန်သည် နန်းတော်သို့ စိတ်မချမ်းမသာနှင့် ပြန်သွား၏။ အောင်ပွဲကြီးကား သူမုန်းတီးသော နောင်တော် တီးတပ်အတွက်သာ ဖြစ်၍ သူ့မှာ တီးတပ်၏ ရထားနောက်ဆွယ်မှ အမှတ်မထင် လိုက်ပါခဲ့ရ၏။ တီးတပ်မှာ တိုင်းပြည်လူထုက ချီးမွမ်းထောပနာပြုသည်ကိုလည်းကောင်း၊ အခြားထီးဆောင်းမင်းများနှင့် လက်အောက်ခံ မင်းငယ်များက ဦးညွှတ်ကာ လက်ဆောင် ပဏ္ဏာများ ဆက်သသည်ကိုလည်းကောင်း ခံ၍၊ သူ့မှာ တီးတပ် နောက်မှ မင်းဖြစ်ရကား၊ ပျင်းရိငြီးငွေ့ဖွယ်ကောင်းလောက်အောင်ပင် စောင့်ဆိုင်းရပေဦးမည်။ ထို့ပြင် ပုလဲဒေဝီသည်လည်း သူပို့လိုက်သော ခါးပတ်ကို မဆင်မြန်းဘဲနေခဲ့ရာ၊ ခေါင်းကိုက်သည်ဟု အကြောင်းပြကာ ထမင်းစားပွဲကြီးမှ သူ၏ကျေးကျွန်များနှင့်ပြန်လာခဲ့၏။ နန်းတော်သို့ ရောက်သောအခါ၌လည်း ဆတူးရီးယပ်သည် ‘ပုလဲဒေဝီ’ အား ဆက်စတာရှား ဒင်္ဂါးတစ်ထောင်မျှ ပေးရစေကာမူ၊ ဝယ်ယူခဲ့ရမည်ဖြစ်၍ ၎င်းနှင့်အတူ မုချပါလာရမည်ဟု မျှော်လင့်ချက်ရှိ၏။

ဤသို့ ပုလဲဒေဝီအား စိတ်ကူးနှင့်မှန်းမျှော်ရင်း ကျွန်မများကို အက, ခိုင်းလျက်ရှိ၏။ ဝိုင်အရက်များကိုလည်း အဆက်မပြတ် သောက်လျက်ရှိရာ စိတ်သက်သာရာ ရ၍နေသော ထိုင်သာရှိရာမှ ထိုအခြေထက်ကျော်လွန်ကာ လူမှန်းမသိတသိ အခြေသို့ ဆိုက်ရောက်ခဲ့လေသည်။ ထိုအခါမျိုး၌ သူသည် အလွန်ရက်စက်ကြမ်းကြုတ်တတ်၍ ကျွန်မတစ်ယောက် က,ပြရင်း ခြေလှမ်းမှားသွားသည့်အတွက် ဝိုင်း၍ရိုက်ရန် သူ့အဖော်များအား အမိန့်ပေး၏။ သို့သော် ကံအားလျော်စွာ ထိုအချိန်တွင် အပြင်၌ ဆတူးရီးယပ် ရောက်လာပြီဖြစ်ကြောင်း ကျွန်တစ်ယောက်က လာပြောသဖြင့် ထိုကျွန်မမှာ ချမ်းသာရာ ရသွားလေသည်။

“တစ်ယောက်တည်းလော”

www.burmeseclassic.com



"မဟုတ်ပါအရှင် ... သူနဲ့အတူ မိန်းကလေးတစ်ယောက် ပါလာပါသည်"

"သင်တို့အားလုံး ထွက်သွားကြလော့။ ဆတူးရီးယပ်ကို ဝင်ခဲ့ရန် ပြောလော့"

မကြာမီ ဆတူးရီးယပ်သည် အခန်းတွင်းသို့ မရဲတရဲ ဝင်လာပြီးလျှင် ထုံးစံအတိုင်း အရိုအသေပြုလိုက်၏။ သူ့နောက်တွင်ကား အင်္ကျီရှည်ကြီးကို ခြုံလျက် မျက်နှာကိုလည်း ဖုံးအုပ်ထားသော မိန်းမတစ်ယောက်ပါလာသည်။

"အသို့နည်း ဆတူးရီးယပ်၊ ရခဲ့ပါသလား"

"ရခဲ့ပါသည် အရှင်"

"သင် အကျိုးဆောင်ခဲ့သည့်အတွက် ကျေးဇူးရစေမည်။ သင်ကား လိမ္မာပါးနပ်၍ သစ္စာရှိသည့်ကိုယ်စားလှယ် ဖြစ်ပေတော့မည်။ ဈေးကြီး ပေးရပါသလော"

"ဆက်စတားဒင်္ဂါး ငါးဆယ်ပါအရှင်"

"အလွန်တော်သောဈေး ဖြစ်ပေသည်"

ထိုနောက် မိန်းကလေးဘက်သို့လှည့်၍

"အသို့နည်း အချစ်ကလေး၊ သင်ကား အတော် ပင်ပန်းနွမ်းနယ်နေသည် ထင်သည်"

သို့သော် မိန်းကလေးကား တစ်စုံတစ်ရာ ပြန်၍မပြောချေ။ သို့နှင့် ဒိုမီရှန်က ဆက်လက်၍ –

"မိန်းမပျိုတစ်ယောက်အတွက် ဣန္ဒြေစောင့်စည်းခြင်းသည် နှစ်လိုဖွယ်အရည်အချင်းဖြစ်၏။ သို့သော် ကျွန်ုပ် ရှေ့၌ကား ဣန္ဒြေမလုပ်ပါနှင့်တော့ အချစ်ကလေး၊ သင့်မျက်နှာက အဝတ်ကို ဖြုတ်လိုက်ပါလော့၊ ကျွန်ုပ်ကိုယ်တိုင် ဖြုတ်ချရမည်လော"

သို့နှင့် သူသည် မိန်းကလေးအနီးသို့ ဒယိမ်းဒယိုင် ချဉ်းကပ်သွားလေသည်။ ဆတူးရီးယပ်ကား သူ့သခင် မူးယစ်နေသဖြင့် ထိုညဥ့်အဖို့ ရှင်းလင်းပြောပြ၍ မဖြစ်နိုင်တော့သည့်အတိုင်း အခန်းထဲမှ ထွက်သွားရန် စိတ်ကူးမိသဖြင့် ပြန်ခွင့်တောင်းရာ ဒိုမီရှန်က –

"အသို့နည်း ဆတူးရီးယပ်၊ မိန်းကလေးကိုယ်မှာ သင်ချည်ပေးထားတဲ့အဝတ်ဟာ အီဂျစ်က မံမီရုပ်ကလပ်နှင့်ပင် တူနေသည်။ ဖြည်ပါဦးလော့" ဟု ဆို၏။ သို့ရှိစဉ် မိန်းမပျိုသည် မျက်နှာတွင် ဖုံးအုပ်ထားသည့် ပိတ်စကိုလည်းကောင်း၊ အပေါ်ရုံ အင်္ကျီရှည်ကြီးကိုလည်းကောင်း သူကိုယ်တိုင် ဖြုတ်ချလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမပျိုကား ကိုယ်လက်အင်္ဂါ ပြေပြစ်၍ ရုပ်ရည်မှာလည်း ကြည့်ပျော် ရှုပျော်ရှိရာ ဒိုမီရှုန်သည် ဇဝေဇဝါ ဖြစ်ဟန်ဖြင့် မိန်းမပျိုအား စူးစိုက်ကြည့်ရှုလျက် ရှိ၏။

"အတော်ပဲ ပြောင်းနေပါကလား၊ အရင်က မျက်လုံးပြာပြီ ဆံပင်က မည်းနက်တွန့်လိမ်နေသည်။ လည်ပင်းမှာလည်း ပုလဲလည်ဆွဲ မရှိတော့ပါ ကလား၊ ပုလဲဒေဝီ သင့်လည်ဆွဲ ဘယ်ရောက်သွားပြီလဲ"

"အရှင် ကျွန်ုပ်မှာ တစ်ခါမှ လည်ဆွဲမရှိခဲ့ဘူးပါ"

"ကျွန်ုပ် ရှင်းပြပါရစေအရှင်၊ ဤကလေးမသည် ပုလဲဒေဝီမဟုတ်ပါ။ ပုလဲဒေဝီမှာ ဈေးကြီးမြင့်လွန်းသဖြင့် ကျွန်ုပ် မဝယ်နိုင်ခဲ့ပါ။ သို့သော်"

ဒိုမီရှုန်၏ မျက်နှာမှာ ကြောက်မက်ဖွယ် ကောင်းလာသည်နှင့် သူသည် စကားကိုရပ်လိုက်၏။ ဒိုမီရှုန်၏မျက်နှာတွင် မူးယစ်နေသည့် အမူအရာများ ပျောက်သွားပြီးနောက်၊ ရက်စက်ကြမ်းကြုတ်သည့် လက္ခဏာများ ပေါ်လာလေသည်။

"အသို့နည်း ဆတူးရီးယပ်၊ ကျွန်ုပ် အမျှော်လင့်ကြီး မျှော်လင့်နေသည်မှာ အချည်းနှီးဖြစ်ရတော့မည်လော၊ မည်သူ လုယူသွားသနည်း။ ပုလဲဒေဝီအစား ဤမိန်းမယုတ်ကို ခေါ်လာ၍ ကျွန်ုပ်အား သင်လှည့်ဖျားမည်ကြံ၏"

သို့နှင့်သူသည် လက်ခုပ်တီး၍ ကျယ်လောင်စွာ ခေါ်လိုက်ရာ အခန်းတွင်းသို့ ကျွန်များနှင့် အစောင့်များ ပြေးဝင်လာကြလေသည်။

"ဤမိန်းမယုတ်ကို အပြင်သို့ ကန်ထုတ်ကြလော့"

သို့နှင့် မိန်းကလေးအား အစောင့်များက အပြင်သို့ ဆွဲထုတ်သွားကြလေ၏။ ထို့နောက် ဒိုမီရှုန်လည်း ဆတူးရီးယပ်အား အဝတ်အစားများကို ချွတ်၍ သေသည်အထိ ရိုက်နှက်ရန် အမိန့်ပေးတော့ရာ၊ မကြာမီ ရိုက်နှက်သံများနှင့် ဆတူးရီးယပ်၏ ညည်းညူသံများထွက်ပေါ်လာလေ၏။

ဒိုမီရှုန်သည် ကျွန်များ ရိုက်နှက်နေသည်ကို အားမရဟန်ဖြင့် တုတ်တစ်ချောင်းကို ဆွဲယူကာ ကြမ်းပေါ်တွင် မှောက်လျက်သား ဖြစ်နေသည့် ဆတူးရီးရပ် ရှိရာသို့ လျှောက်သွားလေ၏။ ထိုအခါ ဆတူးရီးယပ်သည် ဒူးထောက်လိုက်ကာ – "အရှင် ကျွန်ုပ်ကို သတ်လျှင် အရှင်အလိုရှိသော ပုလဲဒေဝီကို မည်သည့်နည်းနှင့်မျှ ရှာတွေ့နိုင်တော့မည် မဟုတ်ပါ"

ဒိုမီရှုန်သည် ရပ်တန့်စဉ်းစားလိုက်ပြီးနောက် –

"အသင် တွေ့အောင်ရှာနိုင်မည်လော ဆတူးရီးရပ်"

"အချိန်ရမည်ဆိုက ရှာနိုင်ပါမည်။ ဆက်စတားရှင်းနှစ်ထောင်ပေး၍ လေလံဆွဲသွားသူသည် ရတ်တရက် ပုန်းအောင်းမနေနိုင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ဒိုမီရှန်လည်း ဆတူးရီးယပ်အား လေလံပွဲ၌ ဖြစ်ပျက်သမျှ အကြောင်းကို အလုံးစုံ ပြန်၍ပြောစေ၏။

"သင်ကား မိုက်မဲလှ၏။ အကယ်၍ ငွေမလုံလောက်၍ သင် အကြွေး ဝယ်ယူပြီး၊ နောက်မှ ကျွန်ုပ်က ရှင်းလင်းပေးဆပ်လျှင် မဖြစ်ပါလော၊ ယခုကား သင်၏အမှားကို ပြင်ရန်သာ ရှိတော့၏။

"ဤအမှားကို နက်ဖြန် ပြင်နိုင်အောင် ကြံစည်ပါမည် အရှင်၊ မိန်း ကလေးအား ဝယ်သွားသူကို ကျွန်ုပ်ကိုယ်တိုင် ရှာဖွေ သုတ်သင်ပြီးနောက် ကျန် ကိစ္စများကား လွယ်ကူလှပါသည်"

"ကောင်းပြီ ... ရှိစေတော့၊ ယနေ့ည သင့်အား ချမ်းသာပေးလိုက်မည်။ နောက်တစ်ကြိမ် နေရာမကျက အသင် အသေဆိုး ... သေရလိမ့်မည်"

*

အောင်ပွဲသဘင် ဆင်ယင်ကျင်းပပြီး နောက်တစ်နေ့နံနက်၌ အလက် ဇန္ဒရီးယားမြို့မှ ကုန်သည် ဒီမက်ထရီယပ်ခေါ် 'ကာလစ်' သည် ရောမမြို့ အစည် ကားဆုံးရပ်ကွက် ကုန်လှောင်ရုံတစ်ခု၏ အခန်းတွင်း၌ ထိုင်နေ၏။ ယမန်နေ့က သူသည် လှည့်ပွဲတွင် မီရီယန်နှင့် နီးနိုင်သမျှ နီးသောနေရာ လူအုပ်ထဲမှ လိုက်ပါ လာခဲ့၏။

မီရီယန်အား ထိုညက လေလံတင်ရောင်းချမည့်အကြောင်းကို သိ သဖြင့် သူ၏ကုန်ပစ္စည်းများကို ရောင်းချကာ ငွေများကို အသင့်ထား၏။ သို့သော် အားလုံးပင် ပုံ၍ပေးသော်လည်း မရသည့်ပြင်၊ ဒိုမီရှန်၏ကိုယ်စားလှယ်ပင် နောက်ကျန်၍ နေခဲ့၏။ လေလံဆွဲဝယ်သူ မိန်းမကြီးမှာ မည်သို့ပင် ရုပ်ဖျက်ထား သော်လည်း ၎င်းမှာ နီဟွတ်စတာပင် ဖြစ်ရမည်ဟု ကာလစ် သိလိုက်၏။ မီရီ ယန်သည် နီဟွတ်စတာ လက်ထဲသို့ ရောက်သွားလျှင် စိုးရိမ်ရန်မရှိပေ။ သို့သော် ထိုမျှလောက် များပြားသော ငွေများကို သူဘယ်က ရလေသနည်း။ မည်သူ့ အတွက် သူဝယ်လေသနည်း။ ကာလစ်သည် သူ၏ရန်သူ မားကပ်ကိုသာ သတိ ရ၏။ မားကပ်သည် သူ၏လက်ချက်ဖြင့် စစ်ပွဲ၌ နောက်ဆုံးအကြိမ် ဒဏ်ရာရ သွားပြီးနောက် မျှော်စင်ကြီးထဲတွင် သတိလစ်ကာ လဲကျလျက်ရှိစဉ် ရုတ်တရက် ပျောက်သွားခဲ့၏။ ထို့နောက် သူ့အစား မီရီယန်ကို တွေ့ရ၏။ မီရီယန်က ဝှက် ထားသဖြင့် အသက်ရှင်သည် ထားဘိဦး၊ အဘယ်ကြောင့် အောင်ပွဲတွင် ထင်ရှား သော စစ်ဗိုလ်တစ်ဦးအနေနှင့် မပါဝင်လေသနည်း။

မီရီယန်အား လေလံဆွဲဝယ်ယူသည့် လေလံသမားနှင့်အတူ ငွေချေ သည့် ရုံးကလေးသို့ သွားသောအခါ ကာလစ်သည် နောက်ယောက်ခံ၍ လိုက် သွား၏။ သို့သော် တံခါးစောင့်က တားဆီးထားသဖြင့် ဝင်ခွင့်မရခဲ့ချေ။ လေလံ



www.burmeseclassic.com

www.burmeseclassic.com



စာရေးနှင့် တွေ့ပြီးသည့်နောက် တစ်ဖန်လိုက်သွားပြန်ရာ ပထမအကြိမ် မျက်ခြည်ပြတ်သွားသေး၏။ သို့နှင့်ပင် စိတ်မပျက်ဘဲ ဆက်လက်လိုက်သွားရာ၊ နောက်ဆုံးတွင် သူတို့လူစုသည် တံခါးတစ်ခုအတွင်းသို့ ဝင်သွားသည်ကို တွေ့လိုက်ရလေသည်။ ကာလစ်ကား ထုထည်ကြီး၍ အတွင်းမှ မင်းတုံးချထားသော တံခါးကိုပင် ဖွင့်ရန် ကြိုးစားသေး၏။ သို့သော် အချည်းနှီးပင်။

သို့နှင့် အိမ်ကြီးကို နံဘေးမှ လှည့်ပတ်ကြည့်ရာ၊ ၎င်းမှာ နန်းတော်တမျှ ခမ်းနားကြီးကျယ်လှသော်လည်း လူများနေထိုင်ကြဟန် မတူကြောင်း တွေ့ရလေသည်။ ကျွန်မ ချောချောကလေးတစ်ဦးအား ရွှေဒင်္ဂါး ၂၀၀၀ မျှ ပေးဝယ်နိုင်သည့် သခင်သစ်တစ်ဦးလက်ထဲသို့ မီရီယန်ကား ယခုအချိန်တွင် ရောက်ရှိနေပေလိမ့်မည်။ ထိုသခင်သစ်ကား မည်သူပေနည်း။ ယခင်က ကာလစ်တွင် ရည်ရွယ်ချက်နှစ်ခုရှိ၏။ ပထမအချက်မှာ ရဟူဒီတို့အပေါ် ကြီးစိုးရန်နှင့် ဒုတိယမှာ မီရီယန်၏အချစ်ကိုရယူရန် ဖြစ်လေသည်။ ထို့ကြောင့်လည်း ဂျူဒီမှ ရောမတို့အား မောင်းထုတ်ရန် အသက်ဆံဖျား စွန့်စားတိုက်ခိုက်ခဲ့၏။ သို့သော် ရဟူဒီတို့ အရေးနိမ့်ကာ အကြံမမြောက်ဘဲ သူသိုဝှက်ထားသော ရွှေ့ငွေပစ္စည်းများဖြင့် အရှေ့တိုင်းသား ကုန်သည်ကြီးတစ်ဦးလုပ်ပြီးလျှင် ကြံစည်ခဲ့ပြန်လေသည်။ မီရီယန်ကိုမူ သူငယ်စဉ်ကပင် ချစ်ခဲ့သော်လည်း မီရီယန်က တစ်ကြိမ်တစ်ခါမျှ သူ့ကိုပြန်၍ မချစ်မနှစ်သက်ခဲ့ပေ။

ထိုညဉ့်တစ်ညဉ့်လုံး သူသည် အိမ်ကြီးပတ်ဝန်းကျင်တွင် လှည့်ကာရင်း အချိန်ကုန်ခဲ့၏။ အရုဏ်တက်ပြီးနောက် လင်းရောင်ခြည်များ ပေါ်ထွက်လာသည့်အချိန်တွင် ပွဲပြန်များနှင့် လမ်းတွင် တံမြက်လှည်းသူများ ရောက်လာကြရာ၊ တံမြက်လှည်းသမားတစ်ယောက်က သူ့အား အရက်မူးသမား ထင်မှတ်သဖြင့် ကာလစ်က မိမိသည် အိမ်ကြီးမှ တံခါးအဖွင့်ကို စောင့်ဆိုင်းနေကြောင်းနှင့် ပြန်ပြောလေသည်။ တံမြက်လှည်းသမားက ‘မည်သည့် အိမ်ကြီးနည်း၊ ကံချွန်သည့်ဂေဟာလော’ ဟု မေးသောအခါမှ လှမ်း၍ကြည့်လိုက်ရာ၊ အိမ်ကြီးဆင်ဝင်တွင် ‘ကံချွန်သည့် ဂေဟာ’ ဟု ရွှေစာလုံးများ ရေးထိုးထားသည်ကို တွေ့ရလေသည်။ ထိုအခါ တံမြက်လှည်းသမားက –

“ဤအိမ်ရှင်မှာ စစ်ပွဲတွင် ကျဆုံး၍ အမွေဆက်ခံမည့်သူ မရှိသေးမီ တံခါးဖွင့်ဦးမည် မဟုတ်ပါ”

“အိမ်ရှင်က မည်သူပါလဲ”

“နီရိုး၏အချစ်တော် မားကပ်ဖြစ်ပါတယ်”

ကာလစ်သည် ရေရွတ်ကျိန်ဆဲရင်း ဤနေရာမှ ထွက်ခွာသွားလေ၏။

***

www.burmeseclassic.com

www.burmeseclassic.com

# ၂၆

ကာလစ်သည် ကုန်လှောင်ကန်အတွင်း၌ တနုံ့နုံ့ စဉ်းစားလျက်ရှိ၏။ မားကပ် အသက်မသေ လွတ်မြောက်ခဲ့ပြီးနောက်၊ ရောမမြို့သို့ ရောက်နေသည်မှာ ယုံမှားဖွယ်မရှိပေ။ သူပင် ရောမမြို့၌ အချမ်းသာဆုံးဖြစ်သည့်အတိုင်း ပုလဲဒေဝီအား အဖိုးအများဆုံးပေး၍ ဆွဲဝယ်ရန် ငွေထုတ်ပေးခြင်း ဖြစ်ပေလိမ့်မည်။ သို့ ဆိုက သူတစ်သက်လုံး ကြံစည်ကြိုးပမ်းခဲ့သမျှ အချည်းနှီးဖြစ်ပေတော့မည်။ သူ့အတွက် လက်စားချေရန် တစ်ခုတည်းသာ ကျန်တော့၏။ သူသည် မားကပ် နောက်မှ ခြေရာခံ၍ လိုက်ကာ သတ်နိုင်၏။ သို့သော် မိမိမှာ နိုင်ငံခြားသားလည်း ဖြစ်ပြန်၊ ရဟူဒီတစ်ယောက်လည်း ဖြစ်ရကား၊ ရောမ လူကုံထံတစ်ယောက်အား ဘေးအန္တရာယ် ပြုခဲ့သော် မည်သည့်နည်းနှင့်မျှ သက်သာခွင့်ရမည်မဟုတ်။

ဤသို့စဉ်းစားနေစဉ် အပြင်မှ တံခါးခေါက်သံ ကြားရသည်နှင့် "ဝင်ခဲ့လော့" ဟု ခပ်ထန်ထန် ပြောလိုက်လေသည်။ မကြာမီ ခြေထော့ကျိုးနှင့် လူတစ်ယောက်သည် ဒယိမ်းဒယိုင်နှင့် အခန်းတွင်းသို့ ဝင်လာလေ၏။ ထိုသူ၏မျက်လုံးတစ်ဖက်မှာ ညိုမည်းနေ၍ နားထင်တစ်ဖက်၌လည်း ပလပ်စတာ ကပ်ထားသည်ကို မြင်ရ၏။ ကာလစ်သည် ထိုသူအား မြင်ဖူးသလိုရှိသည်ဟု အောက်မေ့နေရာမှ ဒိုမီရှန်၏ ကိုယ်စားလှယ်တော် 'ဆတူးရီးယပ်' ဖြစ်ကြောင်း နောက်ဆုံးတွင် သိရှိရတော့၏။

"အသင် ဆတူးရီးယပ် ထိုင်ပါလော့၊ သင့်အား နှုတ်ခွန်းဆက်သပါ၏"

"မှန်ပါသည် ယမန်နေ့က ကျွန်ုပ်မှာ မတော်တဆ ဒဏ်ရာရခဲ့ပါသည်။ သင်၏အမည် ဒီမက်ထရိယပ် မဟုတ်ပါလော၊ သင့်မျက်လုံးများ ကြည့်ရသည်မှာ ယမန်ညက တစ်ညဉ့်လုံး အိပ်ရပုံ မပေါ်ပေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်လည်း ဒဏ်ရာရခဲ့၏။ သို့သော် ကျွန်ုပ်၏ ဒဏ်ရာမှာ အတွင်းဒဏ်ရာဖြစ်၍ သင် မမြင်နိုင်ပါ။ သင် ရှောစောင်များ အလိုရှိပါသလော"

"အလိုမရှိပါ။ ရှောစောင်ခြုံသူများအကြောင်းကို ပြောရန် လာခဲ့ပါသည်။ ယမန်ညက သင် စိတ်ဝင်စားသော ရဟူဒီမကလေးကား အတော်ပင်ချောမောသည် မဟုတ်ပါလော"

"မှန်ပါသည်။ ကျွန်ုပ်ကား အလုပ်များသူဖြစ်ပါသည်။ လိုရင်းကိုသာ ပြောပါလော့"

"ပြောပါမည်၊ ပြောခွင့်ကိုသာ ကျွန်ုပ် စောင့်ဆိုင်းနေပါသည်"

"အဆွေ ဆတူးရီးယပ်၊ ဤနေရာတွင် ရှင်းရှင်းသာ ပြောပါလော့"

"ပြောပါတော့မည်၊ ကျွန်ုပ်ကား ရဟူဒီမကလေးကို စိတ်ဝင်စားနေ သောပုဂ္ဂိုလ်ကြီး၏ ကိုယ်စားလှယ်တော်ဖြစ်၍ သူသည် ရဟူဒီမကလေးအားလက်လွတ်သွားသည်ကို သိသောအခါ ချုံးပွဲချငိုကြွေးပါတော့သည်။ ကျွန်ုပ်အားလည်း အပြစ်တင်ပါသည်"

"သင်ဒဏ်ရာ ရခဲ့သည်မှာလည်း ထိုကြောင့်ပင် ဖြစ်သလော"

"မှန်ပါသည်။ ကျွန်ုပ်၏အရှင်သခင် ပူဆွေးနေသည်ကို ကျွန်ုပ် မကြည့်ရက်နိုင်သဖြင့် ကျွန်ုပ် လဲကျသွားပါသည်"

"သင်၏မျက်လုံး၊ ကျောကုန်းနှင့် ခြေထောက်များ တစ်ပြိုင်တည်းဒဏ်ရာရပုံထောက်လျှင် ရေတွင်းထဲသို့ သင် လဲကျဟန်တူသည်"

"ကျွန်ုပ် ဒဏ်ရာရသည်ကို ထားဘိဦး၊ ပွင့်လင်းစွာပြောရမည်ဆိုလျှင်ကျွန်ုပ်သည် ရဟူဒီ မိန်းမချောကလေးအား ဝယ်သွားသူကို သိလိုသောကြောင့်၊ သင် သိလိုသိငြားလာခဲ့ခြင်း ဖြစ်ပါသည်"

"ဘာကြောင့်ပါလဲ"

"ဒိုမီရှန်က သူ့ဦးခေါင်းကို လိုချင်ပါသည်"

ထိုအခါ ကာလစ်၏ခေါင်းထဲတွင် အသိဉာဏ်တစ်ခု တိုးဝင်လာ၏။

"အကယ်၍ ထိုခေါင်းကို ရနိုင်သည့် နည်းလမ်းပြနိုင်က ထိုရဟူဒီမလေးကို ကျွန်ုပ် ရနိုင်လိမ့်မှ သင် ထင်ပါသလော၊ သူ့ကို ကျွန်ုပ် ယယ်စဉ်ကပင်သိကျွမ်းခဲ့၍ မောင်နှမ အရင်းကဲ့သို့ ချစ်ခင်ခဲ့၏"

"ဒိုမီရှန်ကတော့ လိုချင်တော့မည် မထင်ပါ"

"ထိုအချက်ကို ရှေးဦးစွာ ရှင်းလင်းအောင် မလုပ်လျှင် ဘေးအန္တရာယ်များလှသော ကိစ္စကို ကျွန်ုပ် မဆောင်ရွက်လိုပါ"

"သင်၏ လိုလားချက်များကို စာနှင့် ရေးသားပါလော့။ ကျွန်ုပ်ကလည်း စာနှင့်ပင် အကြောင်းပြန်ရန် ဆောင်ကြဉ်းပေးပါမည်"



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် ကာလစ်သည် ကလောင်နှင့် စာရွက်ကို ယူကာ အောက်ပါအတိုင်း ရေးသားလေသည်။

*ရဟူဒီစစ်ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့သော တီလီးယပ်၏ သား ကာလစ်ဆိုသူအတွက်၊ သက်ဆိုင်ရာ အာဏာပိုင်တို့ လက်မှတ်ရေးထိုးထားသည့် ရောမနိုင်ငံတော်အတွင်း လွတ်လပ်စွာ နေထိုင်ကုန်သွယ်ခွင့် အပါအဝင် လွတ်ငြိမ်းချမ်းသာခွင့် လက်မှတ် …*

*သက်ဆိုင်ရာ ပုဂ္ဂိုလ်က သူအလိုရှိသည့်အတိုင်း ခေါင်းကို ဆောင်ကြဉ်းပေးလျှင် အက်လက်ဇန္ဒရီယားမြို့မှ ကုန်သည်ကြီး ဒီမက်ထရိယပ်အား ပုလဲဒေဝီကို ပေးပါမည်ဟု လက်မှတ်ရေးထိုးသည့် ကတိစာချုပ်။*

စာရွက်ကို ဆတူးရီးယပ်အား လှမ်းပေးပြီးနောက် ဒီမက်ထရီယပ်က ကာလစ်ဆိုသူမှာ မိမိ၏ မိတ်ဆွေရင်း တစ်ယောက် ဖြစ်ကြောင်း၊ ဂျေရုဆလမ်ကို ရောမတို့ တိုက်ခိုက်သော စစ်ပွဲ၌ သေွးပျက်သကဲ့သို့ ဖြစ်သွားကြောင်း၊ မိန်းကလေးမှာလည်း ထိုသူ့အတွက်ပင်ဖြစ်ကြောင်း၊ ထိုလွတ်ငြိမ်းခွင့်ကို တီးတပ်ကိုယ်တိုင် လက်မှတ်ရေးထိုးရန် လိုအပ်ကြောင်းနှင့် ပြောပြလေသည်။

"ကောင်းပါပြီ ဒီမက်ထရိယပ်၊ နှစ်နာရီအတွင်း ကျွန်ုပ် ပြန်လာခဲ့ပါမည်"

"သင်တစ်ယောက်တည်း ပြန်ခဲ့ပါလော့၊ အခုကိစ္စ ဆောင်ရွက်ရာတွင် ကာလစ်သည် အဓိက ဖြစ်ပါသည်။ သူကြောက်ရွံ့၍ထွက်ပြေးလျှင် မိတ်ဆွေ၏ အရှင်သခင်လည်း သူအလိုရှိသော ခေါင်းကိုရတော့မည် မဟုတ်ပါ"

ဆတူးရီးယပ် ထွက်သွားပြီးနောက် ကာလစ်သည် တစ်ကိုယ်တည်း ပြောဆိုလျက် ရှိလေသည်။

"ငါကား … ရေနက်ထဲသို့ ရောက်နေသော်လည်း ကောင်းစွာ ကူးခတ်နိုင်လိမ့်ဦးမည် ထင်၏။ ဒိုမီရှန်၊ မီရီယန် အပေါ်တွင် အကယ်စင်စစ် ချစ်ခြင်းထက် သူ့လက်ထဲမှ လုယူသွားသူအပေါ်တွင် ကလဲ့စားချေလိုစိတ်က ပို၍များနေသည် ထင်၏။ ၎င်းမှာ ငါ့အတွက် အကွက်ကောင်းဆိုက်ခြင်းပေတည်း"

*

နန်းတော်အတွင်းဝယ် ဆတူးရီးယပ်သည် မင်းသား ဒိုမီရှန်အား အကျိုးအကြောင်း ပြောပြရာ၊ ဒိုမီရှန်က –

"အသို့နည်း ဆတူးရီးယပ်၊ သူက ပုလဲဒေဝီကို ယူ၍ ကျွန်ုပ်က ဝယ်သွားသူ၏ ဦးခေါင်းကိုသာ ယူရမည်ဟု သင်အကြံပေးခြင်းမှာ သင်ရူးနေသလား၊ ကျွန်ုပ်ကား နှစ်ဦးလုံးကို လိုချင်၏"



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းသား ကျွန်ုပ် ကောင်းစွာ နားလည်ပါ၏။ ကျွန်ုပ်တို့က သွေးဆောင်ခြင်းမပြုလျှင် သူတစ်စုံတစ်ရာ ပြောတော့မည် မဟုတ်ပါ"

"ဤသို့ဆိုလျှင် သူ့အား ခေါ်လာ၍ ညဉ်းပန်း စစ်ဆေးလော့"

"ကျွန်ုပ်လည်း ဤအကြံရပါ၏။ သို့သော် ဤသို့ ပြုလုပ်နေစဉ် ရဟူဒီမ လွတ်သွားမည် စိုးရိမ်ရပါသည်။ သူ့အား ကတိပေးပြီးနောက် ထိုကတိကို မေ့ပစ်လိုက်ခြင်းထက် ကောင်းသော အရာ ရှိမည် မထင်ပါ"

"သို့သော် သူက စာနှင့် ရေးပေးရမည်ဟု ဆိုသည် မဟုတ်လော"

"စာကို ကျွန်ုပ် လက်ရေးနှင့် ရေးပေး၍ နောက်ကို အရှင်က ငြင်းပယ်လျှင် ဖြစ်နိုင်၏။ ကာလစ်၏ လွတ်ငြိမ်းချမ်းသာခွင့်ကိုကား တီးတပ် ကိုယ်တိုင် လက်မှတ်ရေးထိုးလိမ့်ရမည်။ ရဟူဒီတစ်ယောက်အား ရောမနိုင်ငံအတွင်း ကုန်သွယ်ခွင့် ပေးရခြင်းအတွက် အရှင့်မှာ မည်သို့မျှ အကျိုးမယုတ်နိုင်ပါ။ အချိန်ကျလျှင် သူတို့နှစ်ယောက်လုံးအား အသာ ဖမ်းယူရုံသာရှိသည်"

"ဆတူးရီးယပ်၊ သင်ကား ကျွန်ုပ်ထင်သကဲ့သို့ မမိုက်မဲလှပေ။ ယမန်ညက ကိစ္စသည် သင်၏ဉာဏ်စွမ်းကို ထက်မြက်လာအောင် သွေးပေးလိုက်သည်နှင့် တူ၏။ သူလိုချင်သည့် ကတိပါသော စာတစ်စောင်ရေး၍ လက်မှတ်ထိုးပေးလိုက်ပါတော့။ ထို့နောက် တီးတပ် ထံသွား၍ ကျွန်ုပ်က စေလွှတ်လိုက်ကြောင်း ပြောကာ၊ ကာလစ်အတွက် လွတ်ငြိမ်းခွင့်ကို လက်မှတ်ထိုးစေပါလော့"

"ကောင်းပါပြီ အရှင်"

*

သုံးနာရီခန့် ကြာသောအခါ ဆတူးရီးယပ်သည် ကုန်သည် ဒီမတ်ထရိယပ်ထံ ဒုတိယအကြိမ် ရောက်ရှိပြန်လေသည်။

"အဆွေ … ဒီမက်ထရီယပ်၊ သင့်အား သတင်းကောင်း ပြောကြားရန် ကျွန်ုပ် လာခဲ့ပါသည်။ သင် အလိုရှိသော အချက်များ အားလုံး ရခဲ့ပါပြီ။ ဤလက်မှတ်ကား တီးတပ်ကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် အသင့်မိတ်ဆွေ 'ကာလစ်' အတွက် လွတ်ငြိမ်းချမ်းသာခွင့်နှင့် နိုင်ငံတော်အတွင်း နေထိုင်ခွင့်၊ ကုန်သွယ်ခွင့် လက်မှတ်ဖြစ်၍ အတော်ခဲယဉ်းစွာယူခဲ့ရ၏။ တီးတပ်ကား ပင်ပန်းနွမ်းနယ်လှ၍ ကမ်းခြေအနီး စံအိမ်တော်တွင် အေးချမ်းစွာ အနားယူရန် ယနေ့ပင် ထွက်သွားလေပြီ"

လက်မှတ်များကို အသေအချာ ကြည့်ရှုပြီးနောက် –

"လက်မှတ်ကား ကျနသေချာစွာ ရှိလှပါသည်"

"အဆွေ ဒီမက်ထရိယပ်၊ မသေချာမည် မစိုးရိမ်လင့်၊ ကာလစ်ကား အပြင်သို့ထွက်၍ တရားပင် ဟောလိုက ဟောနိုင်ပါပြီ။ ဤစာကား အရှင်ဒိုမီရှန်၏

www.burmeseclassic.com



စာဖြစ်၍ သူကိုယ်တိုင် လက်မှတ်ရေးထိုးကာ ကျွန်ုပ်က သက်သေအဖြစ် ရေးထိုးရပါသည်။ သူနှင့် ယှဉ်ပြိုင်ဆွဲဝယ်ဝံ့သော လူမိုက်အား ဖမ်းဆီးနိုင်အောင် သက်သေခံနိုင်က ရဟူဒီမကို သင်ရစေမည်။ သို့မဟုတ် ရွှေဒင်္ဂါး ၁၅ ပြားနှင့် ဆွဲဝယ်ရရှိစေရမည်ဟု ဆိုပါသည်။ သင် ကျေနပ်ပါ၏လော"

ကာလစ်သည် စာကို သေချာစွာ ဖတ်ကြည့်လေ၏။

"ဒိုမီရှန်နှင့် သင်၏လက်မှတ်တို့မှာ ခပ်ဆင်ဆင်တူသည် ထင်ရ၏"

"တူချင်လည်း တူပေလိမ့်မည်။ နန်းတော်အိမ်များတွင် အိမ်တော်ဝန်များသည် မိမိတို့ အရှင်သခင်၏ လက်ရေးကိုတု၍ ရေးတတ်ကြပါသည်။ ချိပ်တံဆိပ်များကိုလည်း သင် အသိအမှတ်ပြုသည် မဟုတ်လော"

"တံဆိပ်တုံးများကို ခေတ္တယူထားလျှင် မဖြစ်နိုင်သလော၊ သို့သော် ရှိစေလော့၊ ကျွန်ုပ် စွန့်စားပါမည်"

"ဤသို့ဆိုလျှင် ကျွန်ုပ်အား နာမည်ကို ပြောပါလော့"

"ဂျူဒီစစ်ပွဲတွင် တီးတပ်၏ မြင်းတပ်မှူးအဖြစ် ဆောင်ရွက်ခဲ့သူ 'မားကပ်' ပင်ဖြစ်တော့၏။ သူသည် ပုလဲဒေဝီခေါ် မီရီယန်အား လီဗီယန်လူမျိုး မိန်းမကြီး နီဟွတ်စတာအား သူ့အတွက် ဆွဲဝယ်စေပြီးလျှင် အာဂရစ်ဝလမ်းရှိ 'ကံချွန်သည့်ဂေဟာ' ခေါ် အိမ်ကြီးသို့ ယူဆောင်ခဲ့၍ ယခု ထိုအိမ်၌ရှိပါသည်"

"မားကပ် သေပြီ မဟုတ်လော၊ သင် မည်သို့သိရှိပါသနည်း"

"ကျွန်ုပ်၏ မိတ်ဆွေ ကာလစ်မှတစ်ဆင့် သိရပါသည်။ ကာလစ်သည် ပုလဲဒေဝီတို့ လူစုနောက်သို့ နောက်ယောက်ခံ၍ လိုက်သွားရာ ထိုအိမ်သို့ ဝင်သွားသည်ကို တွေ့ခဲ့ရပါသည်။ မားကပ်သည် ဂျူဒီတွင် မီရီယန်နှင့် ချစ်ကျွမ်းဝင်ခဲ့သဖြင့်"

"ရှေ့သို့ မဆက်ပါနှင့်တော့၊ ကျွန်ုပ် နားလည်ပါပြီ၊ သို့သော် အိမ်ထဲတွင် မားကပ်ရှိသည်ကို အသို့သိသနည်း။ လေလံပွဲတွင် ဆွဲဝယ်ခြင်းဖြစ်၍ တရားဝင်၏"

"မှန်ပေသည်။ သို့သော် မားကပ်သည် ရာဇဝတ်မှုတစ်ခု ကျူးလွန်ခဲ့သော် ထိုအမှုအတွက် အပြစ်မပေးနိုင်ပြီလော"

"ပေးနိုင်ပေ၏။ သို့သော် မည်သို့သော ပြစ်မှုမျိုးကို ကျူးလွန်ခဲ့ပါသနည်း"

"ရဟူဒီတို့၏ အဖမ်းခံရပြီး အသက်ရှင်လျက် ထွက်ပြေးလွတ်မြောက်လာသည့် ပြစ်မှုဖြစ်၏။ ထိုသို့သော ပြစ်မှုမျိုးအတွက် သေဒဏ်၊ သို့မဟုတ် ပြည်နှင်ဒဏ်ပေးမည်ဟု တီးတပ်က အမိန့်တစ်ရပ် ထုတ်ထားခဲ့သည် မဟုတ်ပါလော"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ကြောင်း မည်သူက ပြောနိုင်ပါသနည်း"

"ကာလစ်သည် သူ့အား ဖမ်းဆီးခဲ့သူဖြစ်၍ ကောင်းစွာပြောနိုင်၏"

"ယခု ကာလစ် အဘယ်နည်း"

"ကျွန်ုပ်ပင် ကာလစ်ဖြစ်တော့၏"

"အသင် ကာလစ်ဖြစ်သလော၊ ထိုသို့ဖြစ်လျှင် ကျွန်ုပ်တို့ကိစ္စမှာ သာ၍ ရှင်းလေပြီ။ အခု အသင် ဘာလုပ်စေချင်သနည်း"

"လိုအပ်သော စာရွက်စာတမ်းများကို ရှေးဦးစွာ ရယူစေချင်၏။ ထိုကိစ္စမှာ အသင်၏ အရှင်အတွက် ခဲယဉ်းလှသည် မဟုတ်ပေ၊ ထို့နောက် မားကပ်အား ဖမ်းဆီး စစ်ဆေး၍ တီးတပ်အမိန့်အရ အပြစ်ပေးကာ ပုလဲဒေဝီကို ကျွန်ုပ်အား ပေးစေလို၏။ သူ့ကို ရသည်နှင့် ရောမမြို့မှ ကျွန်ုပ် ချက်ချင်းပင် ခေါ်ဆောင်သွားပါမည်"

"ကောင်းလှပြီ။ တီးတပ် အနားယူခိုက် စစ်တပ်နှင့် ဆိုင်သော ကိစ္စများကို ဒိုမီရှန်အား လွှဲအပ်ထားခဲ့၏။ ထို့ထက်ကောင်းသော အခွင့်အရေးကား မရှိတော့ပြီ။ သူ့အား အပြစ်ပေးရန် လွယ်ကူလှပေ၏။ သို့သော် ဗက်စပါဆီယန်က အတည်ပြုလိမ့်မည်။ ယနေ့ညပင် သူ့အား ဖမ်းဆီးထားပါမည်။ သို့ဖြစ်၍ နက်ဖြန် အသင် သက်သေခံရန် လိုကောင်းလိုပေလိမ့်မည်ဖြစ်၍ အသင့် ပြင်ထားပါလော့"

"ထိုအချိန်တွင် မိန်းကလေးကို ကျွန်ုပ်အား ပေးအပ်မည်လော"

"ပေးအပ်လိုက်မည်ထင်ပါသည်။ သို့သော် သူ့အား ချက်ချင်း ပြန် လည် လေလံတင်ရန် ဥပဒေ အခက်အခဲများ ရှိကောင်းရှိလိမ့်မည်"

"အသင့်အဖို့လည်း အကျိုးမယုတ်စေရပါ။ ကျွန်ုပ် လက်ထဲသို့ ရဟူဒီမ ရောက်လျှင် ဆက်စတာရှားငါးဆယ် ပေးပါမည်"

"ကျွန်ုပ်ကား မည်သို့မျှ မပြောလိုပါ။ သို့သော် ယခု ဆက်စတာရှား ငါးပြားပေးထားနှင့်လျှင် မကောင်းပါလော၊ ကျေးဇူးလည်း တင်လှပါသည်"

နောက်တစ်နေ့နံနက်စောစောတွင် ကာလစ်သည် သူ၏ကုန်လှောင်ရုံသို့ ထွက်ခဲ့ရာ၊ ဒိုမီရှန်အိမ်တော်မှ အမှုထမ်းနှစ်ယောက် စောင့်နေသည်ကို တွေ့မြင်ရပြီးလျှင် သူ့အား အမှုတစ်ခုတွင် သက်သေခံရန်ဟု ပြောကာ ဒိုမီရှန်အိမ်တော်သို့ ခေါ်သွားလေ၏။ ရန်သူတစ်ယောက် အဖမ်းခံရပြီဖြစ်၍ သူ၏စိတ်၌ ပီတိသောမနဿ ဖြစ်မိ၏။ မီရီယန်သည် သူ့လက်ထဲသို့ ရောက်သောအခါ ယခင်က ကောင်းခဲ့ဖူးသည်များကို သတိရကာ တဖြည်းဖြည်း သူ့အား ချစ်ခင်လာလိမ့်မည်ဟု မျှော်လင့်၏။

www.burmeseclassic.com



မကြာမီ ဒိုမီရှန်၏ နန်းတော်တံခါးသို့ ရောက်၍ အတွင်းသို့ ဝင်မိသော အခါ ဆတူးရီးယပ်ကို တွေ့ရ၏။ ဆတူးရီးယပ်က အမှုထမ်းများအား ခပ်လှမ်း လှမ်းတွင် ရပ်နေရန် အချက်ပြလိုက်လေသည်။

ကာလစ်က စိတ်အားထက်သန်စွာဖြင့် –

"သူ့ကို မိခဲ့ပြီလော"

"မိခဲ့ပါပြီ ... အတိအကျ ပြောရမည်ဆိုသော် တစ်ယောက်သာ မိသေး ၏။ မိန်းမပျိုကိုကား မတွေ့ခဲ့ရပေ"

ကာလစ်သည် နောက်သို့ ဆုတ်လိုက်၏။

"မတွေ့ရလျှင် အဘယ်သို့ ရောက်သွားသနည်း"

"ကျွန်ုပ် သင့်ကို ပြောလိုပါ၏။ သို့သော် မသိသဖြင့် မပြောနိုင်ပါ။ လာပါလော့ ... သင့်အား စစ်ဆေးရန် စောင့်နေကြပါသည်"

ကာလစ်က နောက်သို့ ဆုတ်လျက် –

"မိန်းမပျို မရှိလျှင် အဘယ်ကြောင့် ကျွန်ုပ် လိုက်ဖို့ လိုဦးမည်နည်း"

"ကျွန်ုပ် မသိပါ။ သို့သော် သင်လိုက်ရလိမ့်မည်။ အစောင့်များ ဤသူကို ခေါ်သွားကြလော့"

ကာလစ်သည် မတတ်သာတော့ဘဲ သူ့အလိုအလျောက် ဆတူးရီး ယပ် နောက်သို့ လိုက်သွားရလေ၏။ မကြာမီ အလွန်မြင့်သော အခန်းကြီးတစ်ခု သို့ ရောက်သွားရာ၊ အခန်းထိပ်တွင် ခရမ်းရောင် အင်္ကျီရှည်ကြီးကို ဝတ်ကာ ဒိုမီရှန်သည် ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်နေ၏။ သူ၏ဝဲယာတွင် သံချပ်အင်္ကျီ များ ဝတ်ထားသော ရောမအရာရှိ လေး ငါးဦးနှင့် သူ၏ကိုယ်ရံတော်များ ထိုင် လျက်ရှိလေသည်။ စာရေး နှစ်ယောက်နှင့် အမှုလိုက် ရှေ့နေနှင့် တူသူတစ် ယောက်၊ ထို့ပြင် အစောင့်ကျနေသော စစ်သားအချို့လည်း ရှိလေသည်။

ဒိုမီရှန်သည် ရှေ့နေနှင့် စကားပြောနေရာမှ ရုတ်တရက် မော့်ကြည့် လိုက်သည်တွင် ကာလစ်ဝင်လာသည်ကို မြင်လိုက်သဖြင့် –

"သက်သေခံမည့် ရဟူဒီကား ဤသူပင်လော 'ဆတူးရီးယပ်' " ဟု မေးလိုက်လေ၏။

"မှန်ပါသည်အရှင်၊ အခြား သက်သေတစ်ယောက် အပြင်တွင် စောင့် နေပါသည်"

"တရားခံကို သွင်းခဲ့လော့"

တစ်ခဏ တိတ်ဆိတ်နေပြီးနောက်၊ ကာလစ်သည် သူ့နောက်မှ ခြေသံ ကြားရသဖြင့် လှည့်ကြည့်လိုက်ရာ မားကပ်သည် စစ်သွေးစစ်မာန်ဖြင့် ဣန္ဒြေရစွာ ဝင်လာသည်ကို တွေ့ရလေ၏။ သူတို့နှစ်ယောက် မျက်လုံးများ ဆုံမိရာတွင်

www.burmeseclassic.com



မားကပ်သည် ခေတ္တ ရပ်လိုက်ပြီးနောက် ကျယ်လောင်သော အသံဖြင့် "အလို ရဟူဒီ ကာလစ်ပါတကား၊ ယခုမှ ကျွန်ုပ် နားလည်ပေတော့သည်" ဟု အော်လိုက်၏။ ထို့နောက် ဆက်လက်သွားကာ ဒိုမီရှန်အား အလေးပြုလိုက်လေသည်။

ဒိုမီရှန်သည် မားကပ်အား မုန်းတီးလှသည့် မျက်နှာထားဖြင့် စိုက်ကြည့်လိုက်လေသည်။

"တရားခံကား ဤသူလော၊ စွဲချက်ကား မည်သို့နည်း"

"စွဲချက်မှာ ဂျူဒီပြည်တွင် တီးတပ်လက်အောက်၌ မြင်းတပ်မှူးအဖြစ် အမှုထမ်းခဲ့စဉ်က တရားခံ မားကပ်သည် ရောမစစ်တပ်၏ ထုံးတမ်းစဉ်လာနှင့် တီးတပ်၏ အမိန့်ကို ကျော်လွန်လျက် ရန်သူ့လက်တွင်းသို့ ကျရောက်စေခဲ့ပါသည်။ ထိုအမိန့်အရ မည်သည့် ရောမစစ်သားမျှ အသက်ရှင်လျက် ရန်သူ့လက်တွင်း မကျမခံရပါ။ ထို့နောက် ပြန်လည်ဖမ်းမိသည်ဖြစ်စေ၊ လွတ်မြောက်လာသည်ဖြစ်စေ၊ သေဒဏ် သို့မဟုတ် ပြည်နှင်ဒဏ် ထိုက်သင့်ပါသည် အရှင်"

"မားကပ် ယခု စွဲချက်အရ အပြစ်ရှိကြောင်း ဝန်ခံပါသလော"

"ရှေ့ဦးစွာ ယခု ကျွန်ုပ်အား စစ်ဆေးသည် ရုံးတော်ကို သိလိုပါသည်။ ကျွန်ုပ်ကို စစ်ဆေးမည်ဆိုလျှင် ကျွန်ုပ်၏ ဗိုလ်ချုပ် တီးတပ်ကိုယ်တိုင် စစ်ဆေးရန် တောင်းဆိုပါသည်"

"ထိုသို့ဖြစ်လျှင် တီးတပ်ထံသို့ စောစောကပင် သွားရောက် သတင်းပို့သင့်၏။ ယခုမူ အနားယူနေ၍ စစ်မှုရေးရာ ကိစ္စများကို သူ၏ညီတော် ဒိုမီရှန် အရှင်အား လွှဲအပ်ထား၏။ အရှင်ဒိုမီရှန်နှင့် ဤအရာရှိကြီးများကား တရားဝင် တရားသူကြီးများပင် ဖြစ်တော့သည်"

"သင်သည် ရောမသို့ ရောက်စက အခြားကိစ္စများနှင့် အလုပ်များနေခဲ့သဖြင့် တီးတပ်ထံသို့ မရောက်နိုင်အားဘဲ ရှိခဲ့သည် ထင်၏"

"ကျွန်ုပ် သင့်နောက်သို့ လိုက်မည့်ဆဲဆဲတွင် အဖမ်းခံရခြင်း ဖြစ်ပါသည်"

ထို့နောက် အမှုလိုက် ရှေ့နေက တရားခံသည် မိန်းမကြီး တစ်ယောက်နှင့်အတူ အောင်ပွဲသဘင် လှည့်သည့်နေ့က ရောမမြို့သို့ မြင်းများစီးနင်းကာ လာရောက်ပြီးနောက် 'ကံချွန်သည့် ဂေဟာ' အိမ်ကြီးတွင် တစ်နေ့လုံး ပုန်းအောင်း နေထိုင်ခဲ့ကြောင်း၊ ညနေတွင် ထိုမိန်းမကြီးနှင့် ကျွန်တစ်ယောက်အား ကျွန်ဈေးသို့ စေလွှတ်ကာ ပုလဲဒေဗီဟု ခေါ်တွင်သည့် ရဟူဒီသူ့ပန်းမကလေးအား ဝယ်ယူစေခဲ့ကြောင်း၊ ထိုရဟူဒီမကလေးအား အိမ်သို့ ခေါ်ဆောင်သွားဟန် တူသော်လည်း နောက်တစ်နေ့နံနက်တွင် မတွေ့ရတော့ကြောင်းဖြင့် အမှုအကျဉ်းချုပ်ကို ပြောပြီး

www.burmeseclassic.com



လျှင် တီးတပ်ထံမှ လွတ်ငြိမ်းခွင့်ရပြီးသော ရဟူဒီကာလစ်က သက်သေခံမည့် အကြောင်း၊ ထိုသူမှာ ဒီမက်ထရိယပ်အမည်ဖြင့် ကုန်သွယ်နေသူတစ်ယောက် ဖြစ်ကြောင်း ပြောပြလေသည်။

ကာလစ်က အစစ်ခံရာတွင် ဂျေရုဆလမ်မြို့ရှိ မျှော်စင်ဟောင်းကြီးကို ရောမတို့ မသိမ်းပိုက်မီက သူသည် ထိုမျှော်စင်ကြီးရှေ့တွင် ရဟူဒီတပ်သားအချို့ ကို ကွပ်ကဲလျက် ရောမတို့နှင့် တိုက်ခိုက်ခဲ့ကြောင်း၊ ထိုအတွင်း ယခုသူ့အရှေ့ တွင် ရောက်ရှိနေသော မြင်းတပ်မှူး မားကပ်စကားဆိုရာမှအစ၊ တစ်ယောက်ချင်း တိုက်ရန် အရေးဆိုခဲ့ကြောင်း၊ သို့သော် မားကပ်က ငြင်းဆန် ထွက်ပြေးမည်ပြု သဖြင့် နောက်ကျောကို ဓားပြားနှင့် ရိုက်ခဲ့ကြောင်း၊ ထိုအခါ တိုက်ပွဲဖြစ်ပွား၍ သူ အရေးသာပြီးလျှင် တရားခံမှာ ဒဏ်ရာရကာ သူ့လက်မှဓားကို ချပြီးလျှင် အညံ့ခံခဲ့ကြောင်း၊ ထို့နောက် သူ့အား မျှော်စင်ကြီးအောက်သို့ သွင်းခဲ့ပြီးလျှင် ဆက်လက်တိုက်ခဲ့ကြောင်း၊ သို့သော် နောက်တစ်ကြိမ် မျှော်စင်ကြီးသို့ ပြန်သွား ရာတွင် မားကပ်အား မတွေ့ရတော့ဘဲ ယခုပုလဲဒေဝီ ခေါ်သည့် အမျိုးသမီး တစ်ဦးကိုသာ တွေ့ရကြောင်း၊ နောက်တွင် ရောမတို့က ထိုမိန်းမကို ဖမ်းဆီးကာ ကျွန်ဈေးတွင် လေလံတင်ရောင်းချရာ၊ ပုလဲဒေဝီ၏ အထိန်းဟု မိမိမှတ်မိသော မိန်းမကြီးတစ်ယောက်က ဆွဲဝယ်သွားကြောင်း၊ သူတို့နောက်သို့ ကိုယ်တိုင် နောက်ယောင်ခံ၍ လိုက်သွားသည်တွင် တရာခံ မားကပ်၏ အိမ်ထဲသို့ ဝင်သွား သည်ကို တွေ့ရကြောင်း၊ သူသိသမျှ ဤမျှသာ ဖြစ်ကြောင်း အစစ်ခံသည်။

ထို့နောက် ဤအမှုလိုက်က စစ်သားတစ်ဦးကို ခေါ်ယူစစ်ဆေးရာတွင်၊ သူသည် ထိုနေ့က မားကပ်၏ လက်အောက်တွင် ရှိနေခဲ့ကြောင်း၊ ရဟူဒီစစ်ဗိုလ် ဆိုသူမှာ ထိုသူပင်ဖြစ်၍ သူက မားကပ်၏ကျောကို ဓားပြားဖြင့် ရိုက်သည်ကို မြင်လိုက်ရကြောင်း၊ ထိုတိုက်ပွဲ၌ ရောမတို့ ဆုတ်ခွာသွားရာ တိုက်ပွဲပြီးသောအခါ မားကပ်အား ဖမ်းဆီးသွားသည်ကို တွေ့ရကြောင်းဖြင့် ထွက်ဆိုလေသည်။

သက်သေများကို စစ်ဆေးပြီးသွားပြီဖြစ်၍ မားကပ်အား တစ်စုံတစ်ရာ ပြောဆိုရန် ရှိသလောဟု မေးလိုက်၏။

“ကျွန်ုပ်အား တရားသဖြင့် စစ်ဆေးလျှင် လျှောက်လဲပြောဆိုစရာ အချက်အလက်များစွာ ရှိပါ၏။ ကျွန်ုပ်သည် ထိုနေ့က အတူရှိနေခဲ့သော ကျွန်ုပ် ၏ တပ်သားများကို ခေါ်လိုပါသည်။ သို့သော် ယခု အစစ်ခံသွားသူက လွဲလျှင် တစ်ယောက်မျှ မရှိကြပါ။ ဤသူမှာလည်း ခိုးမှုကြောင့် ကျွန်ုပ်က ကြိမ်ဒဏ်ပေးခဲ့ ပြီး တပ်မှ ထုတ်ထားခဲ့သူ ဖြစ်ပါသည်။ ကျွန်ုပ်၏ တပ်သားများသည် အီဂျစ်တွင် ရှိနေကြ၍ သူတို့အား မည်သို့ ခေါ်နိုင်ပါအံ့နည်း။ ပထမ အစစ်ခံသွားသည့် ရဟူဒီမှာ ကျွန်ုပ်၏ ရန်သူဟောင်းဖြစ်ပါသည်။ ငယ်ရွယ်စဉ်က လူသတ်မှု ကျူး

www.burmeseclassic.com



လွန်ခဲ့၍ တစ်ခါက ဂျူဒီတွင် ကျွန်ုပ်နှင့် နှစ်ယောက်ချင်းတိုက်ရာတွင် ကျွန်ုပ်က အနိုင်ရပြီး အသက်ချမ်းသာပေးခဲ့ဖူးပါသည်။ နောက်သို့ ကျွန်ုပ် လှည့်လိုက်စဉ် ကျွန်ုပ်အား ဓားပြားနှင့် ရိုက်ခဲ့သည်ဆိုသည်မှာ မှန်ပါ၏။ သို့သော် ကျွန်ုပ်က လှည့်၍ သူနှင့် တိုက်မည်အပြုတွင် ကျွန်ုပ်၏ခေါင်းကို ဓားနှင့် ခုတ်လိုက်သဖြင့် ကျွန်ုပ် သတိလစ်သွားပါသည်။ ဤသို့ဖြင့် အဖမ်းခံရပြီး မြေအောက်လိုဏ်ခေါင်း တစ်ခုတွင် ရက်ပေါင်းများစွာ နာမကျန်းဖြစ်နေခဲ့ရာ၊ ရဟူဒီ အချို့က ကျွန်ုပ်အား ပြုစုစောင့်ရှောက် ကုသပေးခဲ့ပါ၏။ သူတို့လက်တွင်းမှ ကျွန်ုပ်သည် ကျွန်ုပ်၏ အရှင် တီးတပ်ထံတွင် သတင်းပို့ အစီရင်ခံရန် ထွက်ပြေးလာခဲ့ပါသည်။ ကျွန်ုပ် တီးတပ် စစ်ဆေးသည်ကိုသာ ကျွန်ုပ် ခံလိုပါ၏။

"ကျွန်ုပ်ကား တီးတပ်၏ ကိုယ်စားပင် ဖြစ်တော့၏။

"ထိုသို့ဖြစ်လျှင် ဗက်စပါဆီယန်အရှင် စစ်ဆေးသည်ကို ခံလိုပါ၏။ ဗက်စပါဆီယန် အရှင်ထံတွင် ကျွန်ုပ် အလုံးစုံကို အစီရင်ခံပါမည်။ ကျွန်ုပ်သည် အမျိုးအရိုး မြင့်မြတ်သည့် ရောမလူကုံထံတစ်ဦးဖြစ်၍ ယခုကဲ့သို့ ကျွန်ုပ်အပေါ်တွင် အနာဂတ်ရှိသူတစ်ဦးက သဘာပတိအဖြစ် ဆောင်ရွက်ပြီး၊ သူ့ဘက်တော်သားများသာ ပါဝင်သည့် ရုံးတော်၏ စစ်ဆေးမခံဘဲ ဗက်စပါဆီယန် ကိုယ်တိုင် စစ်ဆေးရန် တောင်းဆိုနိုင်သည့် အခွင့်အရေးရှိ၏"

"အသင်ကား ခေါင်းမာလှချေ၏တကား၊ သင်၏သဘောအတိုင်းပင် ဗက်စပါဆီယန်ထံသို့ တင်ပြမည်။ သို့သော် သူ စစ်ဆေးလိုမှ စစ်ဆေးမည်ကို သတိပြုလော့။ ယခု ကျွန်ုပ်တို့အား သင် ဝယ်ယူသွားသည့် မိန်းမပျို ဘယ်မှာရှိသည်ကို ပြောပြလော့၊ သူ့အား ကျွန်ုပ် စစ်ဆေးလို၏"

"အရှင်မင်းသား ကျွန်ုပ် မသိပါ။ ကျွန်ုပ်အိမ်သို့ သူ ရောက်လာသည်မှာ မှန်ပါ၏။ သို့သော် ရောက်လာသည်နှင့် ကျွန်ုပ်က လွတ်လပ်ခွင့် ပေးလိုက်ရာ၊ သူ၏ အထိန်းနှင့်အတူ ချက်ချင်းပင် ထွက်သွားကြပါသည်။ မည်သည့်အရပ်သို့ ထွက်ခွာသွားသည်ကို ကျွန်ုပ် မပြောနိုင်ပါ"

"သင့်အား ယခင်က သူရဲဘောနည်းသည်ဟူ၍သာ ထင်ခဲ့၏။ ယခုမူကား မုသား ပြောတတ်သည်ဟူ၍လည်း သိရလေပြီ" ထို့နောက် သူ၏အရာရှိများနှင့် တိုင်ပင်ပြီးမှ "သင့်အပေါ်၌ စွပ်စွဲချက်မှာ မှန်ကန်ခိုင်လုံသည်ဟု ကျွန်ုပ်တို့ ယူဆ၏။ သင့်အောက် အဆင့်အတန်း နိမ့်ကျသူများပင် ရန်သူ့လက်တွင်း အကျမခံဘဲ မိမိတို့ကိုယ်ကို မိမိတို့ အဆုံးစီရင်သွားနိုင်သေးသည်ကို ထောက်၍ သင်သည် ဗက်စပါဆီယန်အရှင် ပေးချင်သော မည်သည့်အပြစ်ဒဏ်ကိုမဆို ကောင်းစွာ ခံယူထိုက်လှတော့၏။ သို့သော် သူ၏ဆန္ဒကို မသိရသေးမီ သင့်အား 'မား' နတ်ကွန်းအနီးရှိ စစ်တပ်အကျဉ်းထောင်တွင် သီးသန့်အခန်း၌ ချုပ်

www.burmeseclassic.com



နှောင်ထားရန် အမိန့်ပေးလိုက်၏။ ထွက်ပြေးရန် ကြိုးစားလျှင် အသတ်ခံရအံ့၊ သင့်အမှုအကြောင်းကို စာဖြင့် ရေးသား တင်သွင်းနိုင်ခွင့်ရှိ၏။ သက်သေခံချက် မိတ္တူများနှင့်အတူ ခမည်းတော်ထံ တင်ပြပေးမည်"

"ယခုမှ ကျွန်ုပ်ကိုယ်ကို ကျွန်ုပ်သတ်၍ သေလိုတော့၏။ သို့သော် ဗက်စပါဆီယန်က ကျွန်ုပ်၏အမှုကို ကြားနာ၍ ကျွန်ုပ်၏ ဗိုလ်မှူးချုပ် တီးတပ်က လည်း ကျွန်ုပ်အား အပြစ်ဒဏ်ချမှတ်သည့်အခါမှသာ အသေခံတော့မည်။ အရှင် မင်းသားနှင့် မြို့ပြင်သို့ပင် မထွက်ရဲသော တပ်မှူးအပေါင်းတို့ ... ငယ်ရွယ်စဉ်မှစ၍ ယခုအချိန်အထိ စစ်မှုထမ်းလျက်ရှိနေသေးသော စစ်ပွဲ ၅ ပွဲတွင် ပါဝင်တိုက်ခိုက်ခဲ့ ဖူးသည့် ကျွန်ုပ်အား ကျွန်ုပ်၏ ရန်သူနှင့် ကျွန်ုပ်က အပြစ်ပေးဖူးသော စစ်သားတစ် ယောက်၏ ထွက်ဆိုချက်မျှလောက်ဖြင့် သူရဲဘောနည်းသူဟု မခေါ်ပါလင့်၊ ကြည့် လော့၊ ဤရင်ဘတ်ကား သူရဲဘောနည်းသူ၏ ရင်ဘတ်လော"

ထိုသို့ပြောဆိုရင်း အင်္ကျီကိုလှစ်ကာ သူ၏ရင်ဘတ်မှ အနာရွတ်ကြီး လေးခုကို ပြလိုက်လေသည်။ ထို့နောက် ဆက်လက်၍ –

"ကျွန်ုပ်နှင့်အတူ ဂေါပြည်၊ ဆီစလီကျွန်း၊ အီဂျစ်ပြည်၊ ဂျူဒီပြည်တို့တွင် တိုက်ခဲ့ဖူးသည့် ရဲဘော်တို့ကိုခေါ်၍ မားကပ်သည် သူရဲဘောနည်းသူ တစ် ယောက်လောဟု မေးပါလော့၊ ကျွန်ုပ်က အသက်ချမ်းသာပေးခဲ့သော ဤရဟူဒီကို ပင် ကျွန်ုပ်သည် သူရဲဘောကြောင်သလောဟု မေးပါလော့"

"သင်ကား ဝါကြွားလှတော့၏။ တိတ်လော့ သင်၏ရင်ဘတ်မှ အနာ ရွတ်များကို ဖုံးလိုက်လော့၊ ရဟူဒီတို့ လက်တွင် သင် အဖမ်းခံရရုံမျှနှင့် လုံ လောက်ပေပြီ၊ သင့်အား ရဟူဒီတို့ လက်တွင်းမှ ကယ်ဆယ်၍ သင်ဝယ်ယူခဲ့သော ရဟူဒီ မလေးကိုသာ ထုတ်ပေးလော့၊ ထုတ်ပေးလျှင် သင်၏ထွက်ချက်ကို လက် ခံမည်။ ထုတ်မပေးမီအတွင်း အချုပ်ထောင်သို့သာသွား၍ နေလော့၊ ကိုယ်ရံတော် များ ... မားကပ်ကို ခေါ်သွားကြလော့"

***

www.burmeseclassic.com

## ၂၇

အောင်ပွဲသဘင် ကျင်းပပြီးသည့် နောက်တစ်နေ့တွင် ဂဲလပ်၏ဇနီး ဂျူလီယာသည် အိပ်ခန်း၌ထိုင်ကာ မလှမ်းမကမ်းတွင် စီးဆင်းနေသော တိုင်ဗာမြစ်ကို ကြည့်ရှုလျက်ရှိလေ၏။ ယမန်နေ့က မီရီယန်မှာ ပင်ပန်းကြီးစွာ လျှောက်သွားနေသည်ကို မကြည့်ရက်နိုင်သဖြင့် ခပ်စောစော အိမ်သို့ပြန်ခဲ့၏။ ထိုည ၉ နာရီခန့်တွင် အိမ်သို့ ဂဲလပ်ပြန်ရောက်လာ၍ မီရီယန်အား စုန်းမနှင့် တူသည့် မိန်းမကြီးတစ်ယောက်က ငွေကြေးအမြောက်အမြားပေး၍ ဆွဲဝယ်သွားကြောင်း ပြောပြသောအခါ ဒိုမီရှန်လက်တွင်းသို့ ရောက်မသွားသည်ကိုပင် စိတ်ထဲက တွေး၍ ဝမ်းမြောက်မိသေး၏။

ထိုနေ့နံနက်တွင် ဂဲလပ်သည် သတင်းထောက်လှမ်းရန် အပြင်သို့ ခပ်စောစော ထွက်သွားခိုက် ဂျူလီယာသည် ဆုတောင်းဝတ်ပြုနေစဉ်၊ အပြင်မှ တံခါးဖွင့်သံ ကြားလိုက်ရသဖြင့် အိမ်အစေခံဟု ပထမ ထင်မှတ်ကာ အမှတ်မဲ့နေလိုက်၏။ သို့သော် မကြာမီ သူ့ရှေ့တွင် အရိပ်နှစ်ရိပ်ထိုးလာသဖြင့် မော်ကြည့်လိုက်ရာ မီရီယန်နှင့်အတူ သူမသိသော အသားမည်းသည့် မိန်းမကြီးတစ်ယောက်ကိုပါ တွေ့မြင်ရလေ၏။

"ဤသို့ အဘယ်ပုံရောက်လာသနည်း"

"အို ... မိခင် နီဟွတ်စတာနှင့် အခြားသူတစ်ယောက်တို့ အကူအညီဖြင့် ဒိုမီရှန်လက်မှ လွတ်မြောက်ကာ ဘေးမသီ ရန်မခရောက်လာပါသည်"

ထို့နောက် ဂျူလီယာက မေးသဖြင့် မီရီယန်သည် သူ၏အဖြစ်အပျက်ကို အကျဉ်းချုပ် ပြောပြလေသည်။ ဂျူလီယာက မားကပ်သည် မိစ္ဆာဒိဋ္ဌိပင်ဖြစ်သော်လည်း သဘောပြည့်ဝသူဖြစ်ကြောင်း၊ ဘုရားသခင်က သူ့အား ကျေးဇူး

www.burmeseclassic.com



ပြုမည် ဖြစ်ကြောင်း၊ မီရီယန်ကိုယ်တိုင်လည်း ကျေးဇူးပြုသင့်ကြောင်း ပြောပြ၏။ ထိုအခါ နီဟွတ်စတာက ဝင်၍ မိမိသာ မတားဆီးခဲ့လျှင် မီရီယန်မှာ ကျေးဇူးပြုတော့မည့် ဆဲဆဲဖြစ်ကြောင်းနှင့်ပြောပြရာ၊ ဂျူလီယာက မသိမသာ ပြုံးလိုက်၏။

ထိုအခိုက် ဂဲလပ် ပြန်ရောက်လာသဖြင့် သူ့အား အကျိုးအကြောင်း ပြန်၍ ပြောပြရလေသည်။ ထိုအခါ ဂဲလပ်က မိမိသာဆိုလျှင် ဤသို့ ပြုလုပ်မည် မဟုတ်ကြောင်း၊ ကိုယ့်ချစ်သူကို ခေါ်၍ ရောမမြို့မှ မဆိုင်းမတွ ထွက်သွားမည် ဖြစ်ကြောင်း ပြောပြပြီးလျှင် အချိန်အတော်လင့်လာပြီဖြစ်၍ နံနက်စာစားသောက်ကြလေ၏။ ဂဲလပ်သည် အတန်ကြာ နှုတ်ဆိတ်လျက်ရှိရာမှ –

"မီရီယန် သင်တို့နှစ်ယောက် ဤအိမ်ထဲဝင်လာသည်ကို တစ်စုံတစ်ယောက် တွေ့မြင်လေသလော"

"ဝင်းတံခါး ဟနေပြီးလျှင် အစေခံလည်း ပြန်မလာသေးသဖြင့် မည်သူမျှမြင်မည် မထင်ပါ"

"ဤသို့ဆိုက အစေခံပြန်လာလျှင် ဧည့်သည်များ ထွက်မသွားမီ တစ်နေရာသို့ အချိန်ကြာကြာခိုင်းလိုက်ရမည်"

ထိုအခါ ဂျူလီယာက –

"ဧည့်သည်များ မည်သည့်နေရာသို့ သွားရဦးမည်နည်း။ သမီးအရင်းကဲ့သို့ ချစ်နေသူမိန်းမပျိုအား သင် နှင်ထုတ်လိမ့်မည် မဟုတ်ဟု ကျွန်ုပ် ယုံကြည်၏"

ဂဲလပ်သည် မီရီယန်၏ လက်ကို ယုယကြင်နာစွာ ကိုင်ဆွဲလျက် –

"သို့သော် သူ့အား ချစ်လှသည့်အတွက်ပင် နှင်ထုတ်ရလိမ့်မည် ... နားထောင်လော့၊ မီရီယန်သည် ကျွန်ုပ်တို့အိမ်၌ လပေါင်းများစွာ နေထိုင်ခဲ့ဖူးသည်ကို လူတိုင်းပင် အသိဖြစ်၍ လူတို့ရှာဖွေက ဤနေရာသို့ လိုက်လံရှာဖွေကြမည် မဟုတ်လော"

"မည်သူက ရှာဦးမည်နည်း။ မားကပ်က ကျွန်ဈေးတွင် ဝယ်ယူပြီးနောက် သူ့သဘောအတိုင်း လွှတ်လိုက်ပြီဖြစ်၍ မီရီယန်မှာ လူလွတ်တစ်ယောက် ဖြစ်နေပြီ မဟုတ်လား"

"သို့သော် ဒိုမီရှန်က သဘောကျနေသော မိန်းကလေး တစ်ယောက်သည် ရောမမြို့တွင် လွတ်လပ်စွာ နေနိုင်မည် မဟုတ်ပေ။ အသင် ခရစ်ယာန်တို့ကား၊ အတွေ့အကြုံနည်းပါးလှ၏။ သို့ဖြစ်၍ သင်တို့ ဂိဏ်းအုပ် ဆီရယ်ထံ သွားပြီးလျှင် သူ့အား အဖြစ်အပျက်ကို ပြောပြပြီးနောက် မီရီယန်နှင့် သူ့အဖော်မိန်းမကြီးအား ရောမမြို့မှ လွတ်ရာသို့ သင်္ဘောဖြင့် ပို့မပေးနိုင်မီ ခရစ်ယာန်တို့ အထဲတွင် ပုန်းအောင်းစရာ ရှာပေးရန် ပြောကြားပါလော့"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ နီဟွတ်စတာက ဤအကြံမှာ သင့်မြတ်ပါကြောင်းဖြင့် ပြောပြလေရာ၊ မီရီယန်ကလည်း ကျေးဇူးတင်ပါကြောင်းဖြင့် ထောက်ခံပြောဆိုလေ၏။

နောက် နှစ်နာရီခန့် ကြာသောအခါ ရောမမြို့ လူနေစိပ်သည့် ဆင်းရဲသားရပ်ကွက်တစ်ခုတွင် 'ဆက်ပတီးမတ်' ခေါ် လက်သမားကျော်တစ်ဦးသည် သူ၏အလုပ်ရုံ အပေါ်ထပ်ရှိ အခန်းကျဉ်းကလေးထဲတွင် နေ့လယ်စာ စားသောက်လျက်ရှိရာ၊ ပင်ပန်းကြီးစွာ လုပ်ရသဖြင့် သူ၏ မုတ်ဆိတ်ဖြူကြီးပင် လှုပ်စွာ အလိမ်းလိမ်း ကပ်လျက်ရှိရာ၊ သူ့အား 'ဆီရယ်' ဟု မှတ်မိကြမည် မဟုတ်ပေ။

သို့ရှိစဉ် အခန်းထဲသို့ မိန်းမတစ်ယောက် ဝင်လာပြီးလျှင် သူ့အား တစ်စုံတစ်ရာ တီးတိုးပြောလိုက်လေသည်။

"ဂျူလီယာနှင့် အဖော် နှစ်ဦး ပါသလော၊ သူခေါ်လာသူများကို ကျွန်ုပ်တို့ ထိတ်လန့်စရာမလိုပေ၊ အထဲသို့သာ သွင်းခဲ့ပါလော့"

မကြာမီ တံခါးပွင့်သွားပြီးလျှင် ဂျူလီယာနှင့်အတူ မျက်နှာကို ဖုံးထားသူနှစ်ဦး ဝင်လာလေသည်။

သူသည် ကောင်းချီးပေးရန် လက်ကိုမြှောက်လိုက်ပြီးမှ ရုတ်တရက် ရပ်လိုက်ကာ "ချစ်သမီး ... သူတို့ကား၊ မည်သူများပေနည်း" ဟု မေးလိုက်၏။ ထိုအခါ ဂျူလီယာက မျက်နှာဖုံးများကို ချွတ်ရန်ပြောလိုက်သောအခါ မီရီယန်နှင့် နီဟွတ်စတာတို့သည် မျက်နှာဖုံးများကို ချွတ်လိုက်ကြလေသည်။ မီရီယန်ကို တွေ့လိုက်သောအခါ ဂိုဏ်းချုပ်ကြီးသည် ရုတ်တရက် အံ့အားသင့်သွား၏။ ထို့နောက် နီဟွတ်စတာဘက်သို့ လှည့်ကာ –

"ဤအမျိုးသမီးကြီးအတွက် မည်သူက အာမခံမည်နည်း"

"ကျွန်ုပ်ကိုယ်တိုင် ဝန်ခံပေးပါမည်။ ကျွန်ုပ်ကား နှစ်ချင်းမင်္ဂလာခံယူသည့် ခရစ်ယာန်တစ်ဦးဖြစ်၍ ဆီးဇားရီးယားတွင် ခြသေ့်စာ အကျွေးပင် ခံခဲ့ရသူဖြစ်၏"

"ဤအတိုင်း မှန်ပါသည် ဖခင်၊ သူသည် ကျွန်ုပ် အဘွား၏ အစေခံဖြစ်၍ ကျွန်ုပ်၏ မိခင်နှင့် ကျွန်ုပ်အား ကျွေးမွေးစောင့်ရှောက်ကာ ကျွန်ုပ်အသက်ကို အကြိမ်များစွာ ကယ်ဆယ်ခဲ့ဖူးသူ ဖြစ်ပါသည်"

ထိုအခါမှ ဆီရယ်သည် လက်များကို မြှောက်ကာ ကောင်းချီးပေးလိုက်လေသည်။ ထို့နောက် သူတို့သည် ဒိုမီရှန်၏ လက်မှ လွတ်မြောက်အောင် ပုန်းအောင်းရန် မီရီယန်အတွက် နေရာရှာကြရကြောင်း ပြောပြ၏။ ဆီရယ်သည် မုတ်ဆိတ်များကို သပ်ကာ တစ်ခဏမျှ စဉ်းစားပြီးနောက် မီရီယန်အား –

www.burmeseclassic.com



"အသင် ဘာများလုပ်တတ်သနည်း။ လူကုံထံ အမျိုးသမီးများကား ဘာအလုပ်မျှ လုပ်သည်ကို မတွေ့ဖူးပေ"

"ကျွန်ုပ်အား တစ်ခါက ကျောက်ဆစ်ပညာတွင် လက်ရာမြောက်သည်ဟု ယူဆကြ၏။ ကျွန်ုပ်၏ လက်ရာတစ်ခုကိုပင် နီရိုဘုရင်က သဘောကျကြောင်း သိရပါသည်"

"မားကပ်၏ ပုံတူ ကိုယ်တစ်ပိုင်း အရုပ် မဟုတ်လော၊ လက်ရာကောင်းတစ်ခုဖြစ်၏။ သို့သော် ကျွန်ုပ်တို့မှာ ဤပစ္စည်းမျိုးကို မလုပ်ကြ၊ ကျွန်ုပ်တို့ကား အနုပညာသည်များ မဟုတ်ကြဘဲ လက်မှုပညာများသာ ဖြစ်ကြသည်"

"လက်မှုပညာသည် သည် အနုပညာသည် မဖြစ်သင့်ပါသလော"

"ဖြစ်သင့်သော်လည်း မဖြစ်သည်က များ၏။ အသင် မီးခွက်များ ပုံသွင်းတတ်ပါမည်လော"

"နမူနာကို ကြည့်၍ မလုပ်ဘဲ မိမိသဘောအတိုင်း လုပ်ရက လုပ်လိုပါသည်"

"သို့ဖြစ်က သင့်အား မည်သူမျှ ရှာဖွေမည် မဟုတ်သော နေရာကို ကျွန်ုပ်ညွှန်ပြနိုင်မည် ထင်၏"

*

လက်သမားကျော် 'ဆက်ပတီးမတ်' ၏ လက်သမားရုံနှင့် အလှမ်းတစ်ရာမျှ ကွာသည့်နေရာတွင် အလုပ်ရုံတစ်ခုရှိ၏။ ထိုအလုပ်ရုံတွင် ရေခွက်များ၊ အင်တုံများ၊ မီးခွက်များ ပြုလုပ်ရောင်းချရာ နောက်တစ်နေ့၌ ထိုအလုပ်ရုံတွင် အင်္ကျီကြမ်းအရှည်ကြီးကို ဝတ်ထားသော အရွယ်ငယ်၍ လှပချောမွေ့သည့် အလုပ်သမားအသစ်တစ်ယောက် အလုပ်လုပ်နေသည်ကို တွေ့ရ၏။ ထိုအခါမှစ၍ ထိုအလုပ်ရုံထွက် ပစ္စည်းများမှာလည်း လက်ရာများ သာ၍ကောင်းလာသည်ကို တွေ့ရလေသည်။ မီရီယန်သည် တစ်နေ့လုံး မီးခွက်များကို လုပ်ကိုင်လျက်ရှိစဉ် နီဟွတ်စတာက အနီးမှနေ၍ ရွှံ့များကို နှဲပေးရ၏။ ပြုလုပ်ပြီး မီးခွက်အဖြူထည်များကို မီးဖိုဆီသို့ သယ်ယူပေးရ၏။

အလုပ်သမားအားလုံးမှာ ခရစ်ယာန်များ ဖြစ်သော်လည်း အပြင်လူ များ မရိပ်မိချေ။ သူတို့အား ပေးထားသည့် အိမ်များမှာလည်း အပြင်က ကြည့် လျှင် နုံချာစုတ်ပွဲ့သော်လည်း အတွင်းဘက်၌ကား သပ်ရပ်သန့်ရှင်းလှပေသည်။ ထိုကဲ့သို့ အိမ်မျိုး၏တစ်ခုသော သဘော်ကြီးပေါ်တွင် မီရီယန်တို့ နေထိုင်ရ၏။ သို့ဖြင့် သူတို့သည် အခန်းထဲတွင် အနှောင့်အယှက်မရှိဘဲ ညဉ့်အချိန်တွင် အခြား ခရစ်ယာန်များနှင့်အတူ ဝတ်ပြုခြင်း၊ ဆုတောင်းခြင်းများကို ပြုကြ၏။ သို့ဖြစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ယခင်အခါများထက် ပို၍စိတ်ချမ်းသာပြီးလျှင် ဤသို့ဖြင့် ရက်သတ္တပတ်ပေါင်းများစွာအချိန်ကုန်လွန်ခဲ့၏။

သူတို့သည် အပြင်လောကကြီးနှင့် အဆက်ပြတ်နေသော်လည်း မြို့ကြီးအတွင်း ဖြစ်ပျက်နေသော သတင်းများကို အခြားခရစ်ယာန်များထံမှ တစ်ဆင့်ကြားသိရ၏။ ထို့ပြင် ဥပုသ်နေ့များတွင် မြေအောက် ဥမင်ခန်းများတွင် ခရစ်ယာန်များ စုဝေးဝတ်ပြုရာသို့ ဂျူလီယာ ရောက်လာတတ်၏။ အိမ်မှ သူတို့ထွက်လာသည်မှာ လွန်စွာ ကံကောင်းလှတော့၏။ အဘယ်ကြောင့်ဆိုသော် သူတို့ထွက်ခဲ့၍ သုံးနာရီအကြာတွင် ဂဲလပ်အိမ်သို့ အရာရှိများ ရောက်လာကာ ‘ပုလဲဒေဝီ’ အား တွေ့မြင်ပါသလောဟု မေးမြန်းကြ၏။ သို့သော် ဂျူလီယာက သက်ဆိုင်ရာ အရာရှိများသို့ အပ်ပြီးနောက်၊ တစ်ကြိမ်တစ်ခါမျှ မတွေ့မမြင်ရကြောင်းဖြင့် ပြန်ပြောလိုက်လေသည်။

*

မားကပ်ကား ဒိုမီရှန်၏ အိမ်တော်မှ ‘မား’ နတ်ကွန်းအနီး အချုပ်ထောင်သို့ ပါသွားခဲ့၏။ သို့သော် သူ၏ဂိုဏ်း အဆင့်အတန်းနှင့် ဗက်စပါဆီယန်ထံ အစစ်ခံရန် တောင်းဆိုနေဆဲဖြစ်၍ ကောင်းစွာပင် ပြုစုကြပေ၏။ နေထိုင်ရန်အခန်းနှစ်ခန်း ပေးထား၍ ဘဏ္ဍာစိုး ‘စတက်ဖင်နပ်’ ကိုပင် သူ့အား ပြုစုကျွေးမွေးခွင့်ပေးထား၏။ ထို့ပြင် သူကိုယ်တိုင်က ထွက်မပြေးပါ ဟူသော ခံဝန်ချုပ်ဖြင့် နတ်ကွန်းနှင့် အချုပ်ထောင်ကြားရှိ ဥယျာဉ်များထဲတွင် လမ်းလျှောက်ခွင့် ရခဲ့၍ မည်သည့်အချိန်တွင်မဆို ဧည့်သည်များနှင့် တွေ့ဆုံခွင့်လည်း ရရှိခဲ့လေသည်။ သူ့ကို ပထမဆုံးလာရောက်တွေ့ဆုံသူမှာ ဒိုမီရှန်၏အိမ်တော်ဝန် ‘ဆတူးရီးယပ်’ ဖြစ်၏။ တွေ့လျှင်တွေ့ချင်း သူ့အား အခုကဲ့သို့ တွေ့ရသဖြင့် စိတ်မကောင်းလှကြောင်းဖြင့် အစချီကာ လေရှည်လေတော့ရာ၊ ထိုအခါ မားကပ်က စကားပြတ်အောင် –

“ကျွန်ုပ် အဘယ်ကြောင့် ဤနေရာသို့ရောက်နေရပါသနည်း” ဟု ကြားဖြတ်၍ မေးလိုက်လေသည်။

“အရှင်သည် အလွန်တန်ခိုးကြီးလှသူ တစ်ယောက်အား စိတ်မချမ်းသာအောင် ပြုခဲ့သောကြောင့် ဖြစ်ပါသည်”

“အဘယ်ကြောင့် ဒိုမီရှန်က ကျွန်ုပ်အား နှိပ်စက်ချင်နေပါသနည်း”

“အသင်တို့စစ်သားများကား ရိုးအ, လှတော့၏။ သင် မေးသည်ကို ကျွန်ုပ် သွယ်ဝိုက်၍ ဖြေပါမည်။ အသင်သည် မင်းညီမင်းသားများ မျက်စေ့ကျနေသော သုံ့ပန်းအချောအလှများကို အဘယ်ကြောင့် ဝယ်ခဲ့သနည်း”

မားကပ်သည် ခေတ္တ စဉ်းစားနေပြီးမှ –



www.burmeseclassic.com

www.burmeseclassic.com



"ဤဒုက္ခမှ လွတ်မြောက်ရန် နည်းလမ်းရှိပါသလော"

"အရှင် မားကပ်၊ သင့်အား ထိုနည်းလမ်းမျိုးပြရန် ကျွန်ုပ် လာခဲ့ခြင်းဖြစ်၏။ သင် တာဝန်ဝတ္တရား မပျက်ကြောင်း လူတိုင်းသိ၏။ သို့သော် သင့်အခြေအနေကား ကြပ်တည်းလှ၏။ ဤကိစ္စမှာ ဒိုမီရှန်၏ ကိုယ်ရေးကိုယ်တာဖြစ်သည့်အတွက် ဗက်စပါဆီယန်က ဝင်ရောက်စွက်ဖက်လိမ့်မည် မထင်၊ သင့်မှာ တီးတပ်၏ မြင်းတပ်မှူးဖြစ်သည့်ပြင်၊ မိတ်ဆွေလည်း ဖြစ်သောကြောင့် သူပြန်လာသောအခါ စစ်ဆေးရန်သာ ပြောလိမ့်မည်"

"မည်သည့် နည်းနှင့်မဆို တီးတပ်ကား တရားသဖြင့် စစ်ဆေးပေအံ့"

"ဤအချက်ကား ယုံမှားရန် မရှိပေ။ သို့သော် တီးတပ်က သူ့တပ်သားများအား ရဟူဒီတို့ အဖမ်းခံရလျှင် ရှုံ့ချခြင်းသော်လည်းကောင်း၊ သေဒဏ်ပေးခြင်းသော်လည်းကောင်း ခံရမည်ဟု အမိန့်တစ်ရပ် ထုတ်ခဲ့၏။ သူထုတ်ပြီးအမိန့်များကို သူဖျက်သည်ဟု သင်ကြားဖူးသလော၊ သင့်မှာ ရဟူဒီတို့ အဖမ်းခံခဲ့ရ၏။ အသက်ရှင်လျက် လွတ်မြောက်ခဲ့၏။ ထိုမျှမကသေး၊ ဒိုမီရှန်၏ ငြိုငြင်ခြင်း ခံရအောင်လည်း ပြုလုပ်သေး၏။ သူသည် ပုလဲဒေဝီကို တောင်းစဉ်က လေလံပစ်ရမည် ဟူသော တီးတပ် အမိန့်အတိုင်း ပြုလုပ်ခဲ့သဖြင့် ယခုလည်း တရားသဖြင့် ပြုလုပ်ရန် တီးတပ်အား သူပြောနိုင်သည် မဟုတ်လော၊ တီးတပ်သည် အသင့်အား ချစ်ခင်နေသည် မှန်သော်လည်း ဒိုမီရှန်နှင့် အချင်းမများလိုသည့်အခါမျိုးတွင် မည်ကဲ့သို့ သူဖြေနိုင်ဦးမည်နည်း"

"အသင်သည် ကျွန်ုပ်အား လွတ်မြောက်ရာလမ်းကို ညွှန်ပြရန် လာခဲ့သည်ဆို၏။ သို့သော် ကျွန်ုပ်အား ဘေးဒုက္ခတွေ့မည့်အကြောင်းကိုသာ ပြောနေတော့၏။ အသို့နည်း အသင်၏ လမ်းကား ရွှေဖြင့် ခင်းထားရမည်လော"

"ရွှေဖြင့် မဟုတ်၊ ပုလဲဖြင့် ခင်းပေးရလိမ့်မည်။ ကျွန်ုပ် ရှင်းရှင်းပြောပါမည်။ ပုလဲလည်ဆွဲ ဝတ်ဆင်ထားသူကိုသာ ပေးအပ်ပါလော့၊ မည်သို့ ပြောချင်ပါသနည်း"

ထိုအခါ မားကပ်သည် ဆတူးရီးယပ်လာခြင်း၏ အကြောင်းကို ကောင်းစွာ သိရှိနားလည်သွားလေသည်။

"ကျွန်ုပ်သည် ပုလဲများကို ဝက်များရှေ့တွင် မကြဲလိုဟု ပြောလိုပါသည်"

"အကျဉ်းသားထံမှ တရားသူကြီးထံသို့ ပေးပို့စရာ အတော်ကောင်းလှသည့်အဖြေပါတကား၊ သို့သော် မစိုးရိမ်ပါလင့်၊ ကျွန်ုပ် ပြန်လည်ပြောပြမည် မဟုတ်ပါ။ သင် စဉ်းစားပါဦးလော့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ် စဉ်းစားပြီးပေပြီ။ ကျွန်ုပ်သည် ပုလဲဒေဝီ မည်သည့်နေရာတွင် ရှိသည်ကိုမသိ၍ ဒိုမီရှန်အား မပေးအပ်နိုင်ပါ။ အကယ်၍ သိသည့် တိုင်အောင် လည်း ပြောပြမည် မဟုတ်ပါ။ ရှုံ့ချလျှင်လည်း ခံပါမည်။ သတ်လျှင်လည်း အသေခံတော့မည်"

"အချစ်စစ် အချစ်မှန်ကား ဤသို့ပင် ဖြစ်တော့သည် ထင်၏။ ရှင်းရှင်း ပြောရလျှင် ရောမ လူကုံထံ တစ်ဦးတွင် ဤသို့သော စိတ်ထားမျိုးရှိသဖြင့် နှစ်လို ဖွယ်ရာပင် ကောင်းလှပါသည်။ ပုလဲဒေဝီလည်း ဘေးမသီ ရန်မခဘဲ သင့်လက် တွင်းသို့ ပြန်ရောက်စေရန် ဆုတောင်းလိုက်ပါသည်။ ကျွန်ုပ် သွားပြီ"

*

နောက် နှစ်ရက်မျှကြာသောအခါ အခန်းတွင်းသို့ ဘဏ္ဍာစိုး ဝင်လာ၍ ဆက်ပလီးမတ်ဆိုသူ လူတစ်ယောက်က တွေ့လိုကြောင်း ပြောပြရာ မားကပ် လည်း ဝင်ခွင့်ပြုလိုက်ပြီးလျှင် ပြတင်းပေါက်မှအပြင်သို့ ငေးကြည့်လျက်ရှိလေ၏။ မကြာမီနောက်မှ ခြေသံကြားရသဖြင့် လှည့်ကြည့်လိုက်ရာ အလုပ်သမားတစ်ဦး ကဲ့သို့ ဝတ်ဆင်ထားသော လူအိုကြီး တစ်ယောက်ကို ရုတ်တရက် တွေ့မြင်ရလေ သည်။

မားကပ်က ရိုသေစွာပင် –

"ထိုင်၍ အသင်၏ ကိစ္စကို ပြောပြပါလော့"

"ကျွန်ုပ်၏ ကိစ္စကား ဒုက္ခရောက်နေသူတို့အား တရားဓမ္မ ဟောပြော ညွှန်ပြရန် ဖြစ်ပါသည်"

"ဤသို့ဆိုလျှင် သင်၏လာခြင်းကား ကောင်းသော လာခြင်းပေ တည်း"

"ထိုမျှသာမက၊ သင် အဘယ်ကြောင့် ဤသို့ရောက်နေသည်ကိုလည်း သိပါ၏"

"သင် ခရစ်ယာန် တစ်ယောက်လော ... မကြောက်ပါလင့်၊ ကျွန်ုပ်တွင် ခရစ်ယာန် မိတ်ဆွေများစွာ ရှိပါသည်။ ကျွန်ုပ်ကား မည်သူ့ကိုမျှ ရန်မမူတတ်ပါ"

"အရှင်မားကပ်၊ ကျွန်ုပ်ကားမည်သူ၏ ဘေးရန်ကိုမျှ မကြောက်ပါ။ ကျွန်ုပ်မှာ ရောမမြို့မှ ခရစ်ယာန်ဂိုဏ်းအုပ် ဆီရယ်ပင် ဖြစ်ပါသည်။ သင့်အား ကျွန်ုပ်တို့ အယူဝါဒကို ဟောပြောလိုပါသည်"

ထိုသူသည် သူစိမ်းတစ်ယောက်အပေါ်၌ ဤမျှလောက် စိတ်ဝင်စား သည်ကို မားကပ်သည် အံ့သြမိ၏။

"သို့ပြောသည့်အတွက် အခကြေးငွေ မည်မျှယူပါသနည်း"

မျက်နှာများ နီမြန်းသွားပြီးနောက် –



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်သည် ဘုရားသခင်၏ တရားတော်များကို ငွေကြေးဖြင့် ရောင်းစားသူ မဟုတ်ပါ"

"ကျွန်ုပ်အား ခွင့်လွှတ်ပါလော့၊ သင့်အား ကျွန်ုပ်၏အကြောင်းကို မည်သူက ပြောလိုက်ပါသနည်း"

"သင် ကောင်းစွာ စောင့်ရှောက်ခဲ့သူက ပြောလိုက်ပါသည်"

"သင် ဆိုလိုတာက ... သင်ဆိုလိုတာက၊ သင် ..."

မားကပ်သည် အလန့်တကြား သူ၏ပတ်ဝန်းကျင်ကို ကြည့်လိုက်၏။ ထိုအခါ ဂိုဏ်းချုပ်ကြီးက တီးတိုးလေသံဖြင့် –

"မှန်ပါသည် မီရီယန်ပင်ဖြစ်၍ သူနှင့် သူ၏အဖော်တို့သည် ကျွန်ုပ်ထံတွင် ရှိနေကြ၏။ ဤထက်ပို၍ မသိလိုပါနှင့်။ အတင်းအကြပ်ပြုကာ သင့်ထံမှ သိအောင်လုပ်မည်ကို စိုးရ၏။ ကျွန်ုပ်တို့ကမူ နောက်ဆုံးအချိန်အထိ စောင့်ရှောက်ထားပါမည်"

မားကပ်သည် ကျေးဇူးတင်ကြောင်းကို အဖန်တလဲလဲ ပြောကြားတော့၏။

"ကျွန်ုပ်အား ကျေးဇူးမတင်ပါလင့် ... ကျွန်ုပ်သည် ဝတ္တရားကို ဆောင်ရွက်နေခြင်းသာ ဖြစ်ပါသည်"

"မိတ်ဆွေ ဆီရယ် ... မိန်းကလေးကား အတော် ဒုက္ခရောက်နေ၏။ သူလျှိုများသည် တစ်မြို့လုံး သူ့အား လိုက်လံရှာဖွေနေကြရာ၊ တွေ့သွားလျှင် မည်သို့ဖြစ်မည်ကို သင် အသိဖြစ်၏။ သူ့အား သူ့မိတ်ဆွေများရှိရာ တိုင်ယာမြို့သို့ ထွက်ပြေးပါစေလော့"

ခေါင်းခါလျက် "ဤသို့ပင် ကျွန်ုပ်စိတ်ကူးမိ၏။ သို့သော် ဖြစ်နိုင်မည် မထင်ပါ။ ဆိပ်ကမ်းတိုင်းတွင် အရာရှိများသည် ခရီးသည်တင် သင်္ဘောမှန်သမျှကို လိုက်လံ ရှာဖွေလျက်ရှိ၏။ သို့သော် ကျွန်ုပ်တွင် ထိုသူများထက် သစ္စာရှိသော အရာရှိများ ရှိပါသည်"

သို့ပြောဆိုရင်း ဂိုဏ်းအုပ်ကြီးသည် ပြုံးလိုက်၏။ ထို့နောက် ဆီရယ်က မိမိတွင် နည်းလမ်းတစ်ခုရှိကြောင်း၊ ထိုနည်းလမ်းမှာ ကုန်သည်တစ်ဦးအမည်ဖြင့် သင်္ဘောတစ်စင်း ဝယ်ယူကာ ယုံကြည်စိတ်ချရသော သင်္ဘောသားများကို ငှားရမ်းရန်အကြောင်း၊ ထိုကိစ္စကို မိမိဆောင်ရွက်နိုင်ကြောင်း၊ ထို့နောက်မှ မီရီယန်ကို ညဥ့်အချိန်တွင် သင်္ဘောပေါ်သို့ ခေါ်သွားနိုင်ကြောင်း၊ အရာရှိများက ထိုသင်္ဘောမျိုးကို ရှာဖွေခွင့်မရှိကြောင်း ပြောပြ၏။

"သင်္ဘောကိုသာ ငှားပါလော့၊ ကျွန်ုပ် ငွေရှာ၍ ပေးပါမည်"

www.burmeseclassic.com



"ကျွန်ုပ် စုံစမ်းပြီးနောက် သင့်အား စကားပြန်ပါမည်။ ယခု အတော အတွင်း၌လည်း စိုးရိမ်ရန်မရှိပါ။ ဘုရားသခင်နှင့် ကျွန်ုပ်တို့ ဂိုဏ်းဝင်များက လုံခြုံစွာ စောင့်ရှောက်နေပါသည်"

"ကျွန်ုပ်အား အသင်တို့ ဘုရားသခင်အကြောင်း ပြောပြပါလော့"

ထိုအခါ ဂိုဏ်းအုပ်ဆီရယ်သည် နေဝင်၍ ပြန်ရန်ရောက်သည့် အချိန် ထိ ခရစ်ယာန်တရားများကို ဟောပြောလေသည်။ လေးရက်မျှကြာသွားပြီးနောက် ဆီရယ် ရောက်လာပြန်၏။ ထိုအတွင်း၌ မားကပ်မှာ အတော်ပင် စိတ်ဒုက္ခရောက် ရရှာ၏။ သူ့အမှုမှာ ရောမမြို့သို့ တီးတပ် ပြန်လည်ရောက်ရှိလာသည်အထိ စောင့်ဆိုင်းရမည်ဟု အမိန့်ချမှတ်ကြောင်းကြားရသဖြင့် မားကပ်မှာ မည်သို့မျှ မတတ်နိုင်ဘဲ အချုပ်ထောင်ထဲ၌ပင် စိတ်လက်ညှိုးငယ်စွာ နေခဲ့ရ၏။ သို့သော် ထိုအတွင်း ဆီရယ်ထံမှ မီရီယန်မှာ ကျန်းမာစွာရှိနေကြောင်း သတင်းကြားရ သဖြင့်သာ စိတ်ကို ဖြေဖျောက်၍နေရ၏။ ထို့ပြင် ဆီရယ်က မိမိသည် ခရစ်ယာန် ဘာသာဝင် ဂရိလူမျိုး သင်္ဘောသူကြီး 'ဟက်ကတာ' ဆိုသူကိုလည်းကောင်း၊ အသစ်နီးပါးမျှကောင်းသော 'လူနား' ခေါ် သင်္ဘောကလေးတစ်စင်းကိုလည်း ကောင်း တွေ့ထားပြီဖြစ်၍ ခရစ်ယာန်နှင့် ရဟူဒီသင်္ဘောသားများကို ရှာဖွေငှားရမ်း ရရှိလိမ့်မည်ဖြစ်ကြောင်းနှင့် သတင်းကောင်းပြောလာ၏။ ထိုမှတစ်ပါး ဂဲလပ် နှင့်ဂျူလီယာတို့သည်လည်း ရောမမြို့တွင် သူ့တို့အဖို့ ခင်မင်တွယ်တာရန် မရှိ သဖြင့်တစ်ကြောင်း၊ မီရီယန်ကို ချစ်ခင်သဖြင့် တစ်ကြောင်း၊ အိုး,အိမ်ပစ္စည်းများ ကိုရောင်းချကာ မီရီယန်နှင့်အတူ လိုက်ပါလိုသည်ဟု ပြောကြားကြောင်းနှင့် ဆီ ရယ်က မားကပ်အား ပြောပြလေသည်။

ထို့နောက် မားကပ်သည် ဆီရယ်ထံမှ ငွေမည်မျှ လိုကြောင်း သိရ သောအခါ သူ၏ဘဏ္ဍာစိုး စတက်ဖင်နပ်အား လိုသမျှငွေကို ဆက်ပတီးမတ်အား ပေးရန် ပြောကြားလိုက်လေသည်။ ဤသို့ဖြင့် ရက်များသည် ကုန်လွန်ခဲ့ရာ၊ ဆီရယ်သည် တစ်ပတ်လျှင် နှစ်ကြိမ် သုံးကြိမ်မျှ မားကပ်ထံ ရောက်လာ၍ သတင်းစကားများကို ပြောကြားကာ တရားဓမ္မများကိုလည်း ပြသလေသည်။ ထိုအတွင်း 'လူနား' ခေါ် သင်္ဘောကိုလည်း ဝယ်ပြီး၍ သင်္ဘောသားများကို လည်း သဘောကျ ငှားရမ်းပြီးခဲ့၏။ သို့နှင့် ဆီးရီးယားတွင် ရောင်းရန် ကုန်များကို လည်း ဆိပ်ကမ်း၌တင်လျက် ရှိရာ 'ဟက်ကတာ' မှာ တိုင်းပြည်အသီးသီးသို့ စွန့်စားလှည့်လည်ကာ အရောင်းအဝယ်လုပ်ခဲ့သူဖြစ်၍ မည်သူကမျှ သံသယ မရှိချေ။ မီရီယန်ကိုယ်တိုင်ပင် ဤအကြောင်းကို မရိပ်မိရှာချေ။ နီဟွတ်စတာမှာ ရိပ်မိသော်လည်း ရေငုံ၍နေခဲ့၏။

www.burmeseclassic.com



နှစ်လကုန်လွန်ခဲ့သည့်တိုင်အောင် ရောမမြို့သို့ တီးတပ် ပြန်မရောက်သေးသဖြင့် မားကပ်မှာ အချုပ်ခံရဆဲပင်ရှိနေ၏။ ဒိုမီရှန်မှာ မီရီယန်အား ရှာဖွေမတွေ့ရသဖြင့် စိတ်ပျက်ခဲ့သော်လည်း သူ့အား လက်လွတ်အောင်လုပ်ခဲ့သူကိုမူ ကလဲ့စားချေမည်ဟု သန္နိဋ္ဌာန်ချထားကြောင်း ဆီရယ်ထံမှ ကြားသိရ၏။ မားကပ်မှာ ခရစ်ယာန်တရားများကို အတော်နှစ်ခြိုက်နေပြီဖြစ်သော်လည်း နှစ်ချင်းမင်္ဂလာခံယူရန် ငြင်းပယ်လျက်ရှိ၏။

'လူနား' သင်္ဘောကား အသင့်ဖြစ်နေလျက်၊ ရာသီဥတု ညီညွတ်က တစ်ပတ်အတွင်း ထွက်တော့မည်ဖြစ်၏။ ဂဲလပ်တို့ ဇနီးမောင်နှံတို့လည်း အော့စတူ ယာဆိပ်ကမ်းသို့ရောက်နေကြပြီဖြစ်ရာ၊ မီရီယန်ကိုလည်း သင်္ဘောထွက်မည့်ညတွင် လျှို့ဝှက်စွာခေါ်ဆောင်လာရန် စီစဉ်ပြီးဖြစ်၏။ မီရီယန်သည် မားကပ်တိုက်တွန်းသောကြောင့်သာ ရောမမြို့မှ ထွက်ခွာသွားရတော့မည်ဖြစ်ရာ သူတို့နှစ်ယောက် ပြန်လည်တွေ့တော့မည် မထင်ကြောင်း၊ လက်မထပ်နိုင်စေကာမူ အမြဲချစ်ခင်၍နေမည်ဖြစ်ကြောင်း ဆီရယ်မှတစ်ဆင့် ပြောကြားမှာ်ဆက်လေ၏။ မားကပ်ကလည်း သူ့အား ဆက်လက် ချစ်ခင်နေမည်ဖြစ်၍ အချုပ်မှ လွတ်လျှင် လွတ်ခြင်း တိုင်ယာသို့ လိုက်လာခဲ့မည်ဖြစ်ကြောင်း၊ အကယ်၍ သူသေလွန်လျှင်လည်း သူ့အား မကြာခဏ သတိရစေလိုကြောင်းဖြင့် ပြန်လှန်မှာ်ဆက်လေသည်။

***

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး၌ ဒိမီရှန်သည် မီရီယန်အား လိုက်လံရှာဖွေရန် စိတ်ပျက်ခဲ့သော်လည်း ကာလစ်မှာမူ သူ၏တစ်ခုတည်းသော ရည်ရွယ်ချက်ဖြစ်သည့်အတိုင်း ရှေးကထက်ပင် ကြိုးစားရှာဖွေခဲ့၏။ သို့သော် မီရီယန်အား အစအနကိုမျှ မတွေ့ရချေ။ မီရီယန်သည် ဂဲလပ်အိမ်သို့ မုချလာရမည်အထင်နှင့် ဂဲလပ်အိမ်အနီး၌ပင် လူတစ်ယောက် အစောင့်ချထားသေး၏။ အိမ်သားများကိုလည်း ခြေရာခံ၍ လိုက်စေ၏။ ဤအကြောင်းကို ဂဲလပ်ရိပ်မိသွားသဖြင့်လည်း ရောမတွင် မနေတော့ဘဲ၊ ဆီးရီးယားတွင် သွားရောက်နေထိုင်တော့မည်ဟု စိတ်ကို ပိုင်းဖြတ်ခဲ့ခြင်းဖြစ်လေသည်။ သို့နှင့် သင်္ဘောစောင့်ရန် ဂဲလပ်ထွက်သွားသောအခါ ကာလစ်သည် နောက်ယောင်ခံ၍ လိုက်သွားလေသည်။ သို့နှင့် ဂဲလပ်တို့ ဇနီးမောင်နှံမှာ 'လူနား' သင်္ဘောဖြင့် ထွက်ခွာသွားမည်ကို သိရှိခဲ့သော်လည်း မီရီယန်၏ သတင်းကို စုံစမ်းမရသဖြင့် ရောမသို့ ပြန်ခဲ့၏။

သို့သော် ကံတရားတို့မည်သည် စီမံချင်သလို စီမံလာတတ်သည့်အတိုင်း တစ်နေ့တွင် ကံအားလျော်စွာ အောက်ပါအတိုင်း ခြေရာခံမိလေသည်။ တစ်နေ့တွင် ကာလစ်သည် သူ၏အခန်းတွင် အသုံးပြုရန် မီးခွက်လိုသဖြင့် မီးခွက်ရောင်းသော ဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်ရောက်ကြည့်ရှုရာ အလွန်လှပသော မီးခွက်ပုံသစ် ပုံဆန်းကလေးများကို တွေ့ရ၏။ မီးခွက်တစ်ခုပေါ်၌ စွန်ပလွံပင်များ လိမ်ယှက်နေပုံ ရေးခြယ်ထား၏။ အခြားတစ်လုံးပေါ်တွင် ချွန်ထက်နေသော ကျောက်တုံးကို ရေးခြယ်ထားရာ၊ ကာလစ်သည် ထိုရှုမြင်ကွင်းမျိုးကို မြင်ဖူးသလို



www.burmeseclassic.com

www.burmeseclassic.com



အောက်မေ့မိရာ၊ ဂျော်ဒန်မြစ်ကမ်းနံဘေးတွင် သူနှင့် မီရီယန်တို့အတူ ငါးမျှားခဲ့သော နေရာကို ပြန်၍ သတိရမိ၏။ သို့နှင့် သူသည် ဆိုင်ရှင်အား ဤမီးခွက်ကို ဝယ်လိုကြောင်း၊ မည်သူပြုလုပ်သည်ကို သိလိုကြောင်း မေးမြန်းလိုက်၏။ ထိုအခါ ဆိုင်ရှင်က "မည်သူ ပြုလုပ်သည် မသိပါ။ ဤမီးခွက်များကို အခြားသစ်သား ပန်းပုထည်များနှင့်အတူ ဆက်ပတီးမတ်ဆိုသူ လာရောက်ပေးသွင်းပါသည်။ ယခု တလောတွင် သူ့ထံမှ မီးခွက်ပုံဆန်းများ ရရှိနေပါသည်။ ယခု သူ့လက်ထဲတွင် လက်ရာမြောက်သူတစ်ဦးနှစ်ဦး ရှိနေဟန်တူပါသည်" ဟု ပြောစဉ်၊ အခြားဝယ်သူများ ရောက်လာသဖြင့် ကာလစ်သည် မီးခွက်ကိုဝယ်ကာ ဆိုင်မှ ထွက်ခဲ့လေသည်။

ထိုနေ့ညမမှောင့်တမှောင်အချိန်၌ ကာလစ်သည် မီးခွက်ကို ယူဆောင်ကာ ဆက်ပတီးမတ်၏ အလုပ်ရုံသို့ ထွက်ခဲ့လေရာ၊ အလုပ်ရုံသို့ ရောက်သောအခါ မီးခွက်များလုပ်သော အလုပ်ရုံအပိုင်းမှာ တံခါးများပိတ်နေပြီကို တွေ့ရလေသည်။ တံခါးပိတ်သော မိန်းကလေးတစ်ယောက်က သူ့အား အလုပ်ရုံရှေ့တွင် စိတ်ရှုပ်ဟန်ဖြင့် ရပ်နေသည်ကို တွေ့ရသဖြင့် အကျိုးအကြောင်းကို မေးလိုက်လေ၏။

"မိန်းကလေး ... ကျွန်ုပ် ဤမီးခွက်မျိုး လက်ကားလိုချင်သဖြင့် မည်သူလုပ်သည်ကို သိလိုပါသည်။ သို့သော် ယခု မီးခွက်အလုပ်သမားများ အလုပ်သိမ်းသွားပြီဖြစ်ကြောင်း တွေ့ရသဖြင့် အခက်ကြုံနေပါသည်"

"အသင် မနက်ဖြန် မလာနိုင်ပြီလော"

"ကျွန်ုပ် မနက်ဖြန်တွင် ခရီးထွက်ရန် ရှိနေပါသည်"

ထိုအခါ မိန်းကလေးမှာ ထိုမီးခွက်အမြောက်အမြား မရောင်းရဘဲ လက်လွှတ်သွားခဲ့လျှင် သူတို့အဖို့ နစ်နာရန် အကြောင်းရှိသည့်ပြင်၊ သူ့မှာလည်း ကော်မရှင်မရဘဲရှိမည် စိုးသောကြောင့် –

"သူ မည်သည့်နေရာတွင် နေသည်ကို လိုက်၍ပြပါမည်"

ကာလစ်သည် မိန်းကလေးအား ကျေးဇူးစကား ပြောကြားပြီးလျှင် လမ်းသိမ် လမ်းမွှားများ တစ်လျှောက်၊ ၎င်းနောက်မှ လိုက်သွားခဲ့ရာ မကြာမီ အိမ်အိုကြီးများ ဝိုင်းရံနေသည့် ဝင်းတစ်ခုသို့ ရောက်သွားလေသည်။ မိန်းကလေးက တံခါးပေါက်တစ်ခုကို ညွှန်ပြလျက် ဤအထဲသို့ဝင်ပြီးလျှင် လှေကားမှ တက်သွားက အမိုးနှင့်အနီးဆုံး အခန်းများတွင် မီးခွက်လုပ်သူများကို တွေ့ပါလိမ့်မည်"

ကာလစ်သည် မိန်းကလေး လက်ထဲသို့ ဒင်္ဂါးတစ်ပြား ထည့်လိုက်၏။

ကာလစ်သည် မတ်စောက်သော လှေကားထစ်များမှ ခဲယဉ်းစွာ တက်သွားပြီးနောက်၊ လှေကားထစ်အဆုံးတွင် တံခါးတစ်ခု ဟ, နေသည်ကို တွေ့ရပြီး



www.burmeseclassic.com

www.burmeseclassic.com



လျှင် အခန်းတွင်းမှလည်း တီးတိုးစကားပြောသံများကို ကြားရလေသည်။ တံခါး အနီးသို့ကပ်ကာ နားထောင်ရင်း အတွင်းသို့ ချောင်းမြောင်းကြည့်လိုက်ရာ ရုတ်တရက် သူ၏ မျက်စိများကို မယုံနိုင်အောင်ပင် ဖြစ်သွားလေသည်။ အကြောင်းမူကား အင်္ကျီရှည်အဖြူကြီးကို ဝတ်လျက် ပြတင်းပေါက် ဘောင်ကို တံတောင်ဖြင့် ထောက်ကာ ရပ်နေသည့် မီရီယန်ကို တွေ့မြင်လိုက်ရသောကြောင့်ပေတည်း။ သူ၏အနီး၌ကား နီဟွတ်စတာက ညစာကို ချက်ပြုတ်လျက်ရှိလေသည်။

"နူး … ယနေ့ညကား ကျွန်ုပ်အဖို့ ရောမမြို့တွင် နောက်ဆုံးညဖြစ်၍ မည်မျှလောက် ပျော်ရွှင်ဖွယ်ကောင်းလေသနည်း။ လူနားဆိုသော သင်္ဘောသည် အလွန်"

စကားမဆုံးမီ "တိတ်စမ်းလော့၊ စကားကို အဘယ်ကြောင့် ဤမျှလောက် ကျယ်လောင်စွာ ပြောဘိသနည်း။ လှေကားမှ ခြေသံကဲ့သို့ ကျွန်ုပ်ကြားလိုက်ရ၏"

"ကြွက်များ ဖြစ်ပါလိမ့်မည်။ ကျွန်ုပ်ကား မားကပ်အတွက် စိတ်မပူပန်ရလျှင် ဝမ်းသာလုံးဆို့၍ ငိုမိကောင်း ငိုမိပေတော့မည်"

ကာလစ်သည် ခြေသံမကြားအောင် ပြန်ဆင်းသွားပြီးနောက် ခြေသံပေး၍ တစ်ဖန်တက်လာပြီးသော် တံခါးကို တွန်းကာ အခန်းတွင်းသို့ ဝင်သွားလေ၏။

"ကာလစ် … သင်၏ကိစ္စကား အဘယ်နည်း"

"ကျွန်ုပ်၏ ကိစ္စကား ဤမီးခွက်မျိုးကို အလိုရှိခဲ့ရာမှစခဲ့၍ မီးခွက်၌ ရေးခြယ်ထားပုံမှာ ကျွန်ုပ် ငယ်စဉ်က တွေ့ခဲ့ဖူးသော နေရာကို အမှတ်ရစေ၍"

"အသင် ငှက်ဆိုး လာ၍မရှုပ်နှင့်၊ မီရီယန်အား ဒုက္ခပေးရန် သင် လာပြန်ပြီလော"

"သင်တို့အား တိုင်ယာမြို့ အိမ်ကြီးမှ ကယ်ခဲ့၏။ နီကင်နာ တံခါးပေါ်တွင် မီရီယန်အား အသက်ကို စွန့်၍ အစားအစာများ ပစ်ပေးခဲ့၏။ ယခုလည်း ဒိုမီရှန်လက်မှ ကယ်တင်ရန် လာခဲ့ခြင်းဖြစ်၏"

"သို့ ကယ်ဆယ်ရန်မှာ သင့်အတွက် မဟုတ်လော။ ကျွန်ုပ်တို့၌ နားမျက်စိများရှိကြ၏။ သင် သစ္စာဖောက်ပုံ၊ အိမ်တော်ဝန်နှင့် တိုင်ပင်ပုံ၊ မားကပ်အမှု၌ မတရားသက်သေခံပုံကို သိ၏။ မီရီယန်မှာ အားကိုးရာမဲ့ဖြစ်နေသည် မှန်၏။ သို့သော် ဘုရားသခင်သည် ကြည့်နေမည် မဟုတ်ပေ"

နီဟွတ်စတာ အော်ကြီးဟစ်ကြီး ပြောဆိုလျက်ရှိနေရာမှ၊ သူ၏ အရိုးစုမျှရှိနေသော လက်များကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ ထိုးတော့မည်ဖြစ်ပြု

www.burmeseclassic.com



ပြီးမှ ဒေါသမီးထွက်လျှက်ရှိသော မျက်လုံးများဖြင့် ကာလစ်အား စိုက်ကြည့်လျက် ရှိလေ၏။

"မိန်းမကြီး တိတ်စမ်းလော့၊ အပြစ်များကို အကယ်၍ ကျွန်ုပ် ပြုလုပ်လျှင်လည်း ချစ်စိတ်မွန်၍သာ"

"ကာလစ် အသင်ကျွန်ုပ်ကို ချစ်ခင်သည်ဆိုလျှင် ကျွန်ုပ်အား အဘယ်ကြောင့် အနှောင့်အယှက် ပေးချင်နေပါသနည်း။ ကျွန်ုပ်သည် သင့်အား မည်သည့်နည်းနှင့်မျှ မချစ်နိုင်သည်ကို သင်ကောင်းစွာ သိပါ၏။ ဒိုမီရှုန်၏လက်မှ ကယ်တင်ပေးသည့်တိုင်အောင်လည်း မချစ်နိုင်ပါ။ ဒိုမီရှုန်သည် သင့်အား ခုတုံးအဖြစ်သာ အသုံးပြုနေခြင်းဖြစ်တော့၏။ မားကပ်အား လက်မထပ်နိုင်သည့်အကြောင်းကြောင့်ပင် ကျွန်ုပ်သည် သင့်အား လက်မထပ်နိုင်ပါ ကာလစ်။ သင်သည် သင်၏ကစားဖော်အား ကျွန်ဖြစ်စေလိုသလော၊ ကချေသည်ဖြစ်စေလိုသလော၊ ကျွန်ုပ်အေးချမ်းစွာ သွားပါရစေတော့"

"လူနားသဘော်နှင့် လိုက်ပါသွားရန် မဟုတ်လော"

မီရီယန်သည် ပါးစပ် အဟောင်းသား ဖြစ်၍ နေတော့၏။ ကာလစ်ကား သူတို့၏ ကြံစည်ချက်ကို သိ၍ နေလေပြီ။

"မှန်ပေ၏။ ကျွန်ုပ်တို့သည် 'လူနား' သဘော်ဖြင့် ဖြစ်လိုရာဖြစ်စေ၊ လိုက်ပါသွားရန် ကြံစည်ပြီးဖြစ်သည်။ ကျွန်ုပ်တို့ သွားပါရစေတော့၊ တစ်ခါက သင်သည် ကျွန်ုပ် အလိုမတူဘဲ အတင်းအကြပ်မပြုပါဟု ကျိန်ဆိုခဲ့ဖူးသည်ကို ယခု ဖောက်ဖျက်တော့မည်လော"

"ကျွန်ုပ်တို့ နှစ်ယောက်အကြားတွင် ဝင်လာသူကို ဒုက္ခတွေ့မည်ဟု ကျိန်ဆိုခဲ့သည်ကိုလည်း သတိမရတော့ပြီလော၊ ထိုကျိန်စာကို ယနေ့ ဖောက်ဖျက်ရတော့မည်လော၊ သင်၏ သဘောအလျှောက် ကျွန်ုပ်နောက်သို့သာ လိုက်ခဲ့ပါလော့၊ သင် ငြင်းဆန်လျှင် မားကပ်အား ကျွန်ုပ် သုတ်သင်ရအံ့၊ ကျွန်ုပ်နှင့် သင့်ချစ်သူ၏ အသက်ကို ရွေးချယ်ပါလော့"

"ကာလစ် ကျွန်ုပ်အား ယခုကဲ့သို့ အကြပ်တွေ့အောင်ပြုနေခြင်းသည် သူရဲဘောနည်းသောကြောင့်လော"

"ကျွန်ုပ်အား ဆိုချင်သလို ဆိုနိုင်၏။ သို့သော် ကျွန်ုပ်ပြောသည့်အတိုင်းသာ ကြိုက်ရာ ရွေးပါလော့"

မီရီယန်သည် လက်နှစ်ဖက်ယှက်ကာ အတန်ကြာမျှ အပေါ်သို့ မော်ကြည့်နေပြီးနောက် –

"ကာလစ် ကျွန်ုပ် ရွေးချယ်ပြီးပါပြီ။ သင်လုပ်ချင်သလိုလုပ်ပါလော့။ မားကပ်၏ ကံကြမ္မာမှာ ကျွန်ုပ်လက်ထဲတွင်လည်း မရှိပေ။ ဘုရားသခင် အလို



www.burmeseclassic.com

www.burmeseclassic.com



တော်မရှိဘဲ အသင်ဖြစ်စေ၊ ဒိုမီရှန်ဖြစ်စေ၊ သူ၏ဆံပင်ကိုမျှ ဘေးပြုနိုင်မည် မဟုတ်ချေ။ ကျွန်ုပ်သည် မိမိဂုဏ်သရေကို ညှိုးနွမ်းအောင် မည်သည့်နည်းနှင့်မျှ မပြုလုပ်ရန် စိတ်ပိုင်းဖြတ်ပြီးဖြစ်၏။ ကျွန်ုပ်၏ဂုဏ်သရေနှင့် သူ၏အသက်လဲခဲ့လျှင်လည်း မားကပ်သည် ကျွန်ုပ်အား ပြစ်တင်ရှုံ့ချပေလိမ့်မည်"

"မီရိယန် ဤသည်တို့ကား အသင်၏ နောက်ဆုံး စကားပင်လော"

"မှန်ပေသည်။ အသင်၏ အသက်ကို တစ်ခါက ချမ်းသာပေးခဲ့ဖူးသူအား မတရား သက်သေခံ၍သော်လည်းကောင်း၊ ကိုယ်ထိလက်ရောက် ကျူးလွန်၍သော်လည်းကောင်း ပျက်စီးအောင် ပြုလိုက ပြုပါလော့၊ ကျွန်ုပ် သင်နှင့် စကားမပြောလိုတော့ပြီ"

"ရှိစေလော့၊ သို့သော် လူနားသဘော်ပေါ်တွင် အချောဆုံး ခရီးသည် တစ်ယောက်ကား လိုက်ဖြစ်လိမ့်မည် မဟုတ်ဟု ထင်၏"

မီရီယန်သည် ထိုင်ခုံပေါ်၌ ထိုင်ချလိုက်ပြီးလျှင် မျက်နှာကို လက်ဝါးဖြင့် အုပ်ထားလိုက်လေသည်။ ကာလစ်သည် တံခါးပေါက်ဆီသို့ လျှောက်သွားပြီးနောက် စိတ်ထဲတွင် အကြံတစ်ခုပေါ်လာသကဲ့သို့ ရုတ်တရက်ရပ်ကာ မီရီယန်အား လှမ်းကြည့်လိုက်ပြီးလျှင် "အို ... ကျွန်ုပ် မလုပ်နိုင်တော့ပြီ" ဟု လှမ်း၍ အော်လိုက်လေ၏။

မီရီယန်သည် မျက်နှာကို အုပ်ထားသော လက်များကို ဖြုတ်ချလိုက်ပြီး ကာလစ်အား စိုက်ကြည့်နေလေ၏။

"မီရီယန် သင်ပြောသော စကားမှန်တော့၏။ ကျွန်ုပ်သည် သင်နှင့် မားကပ်တို့အပေါ်တွင် မကောင်းကြံခဲ့၏။ ယခုကား ကျွန်ုပ်၏အပြစ်ကို ဖြေပါတော့မည်၊ သင်တို့ အကြောင်းကို မည်သူ့ကိုမျှလည်း မပြောပါ။ စိတ်ချ၍သာ နေပါလော့၊ သင် မုန်းနေသည့်အတွက် နောက်ထပ်လည်း ကျွန်ုပ်မလာတော့ပါ။ တတ်နိုင်က မားကပ်အား ကယ်ရန်ပင် ကြိုးစား၍ တိုင်ယာသို့ ရောက်အောင် ကူညီလိုက်ပါမည်။ ယခုကား ကျွန်ုပ်သွားပါတော့မည်"

သို့နှင့် နောက်သို့လှည့်၍ ထွက်သွားတော့မည် အပြုတွင် မညီညာသော ကြမ်းပြင်ကို ခလုတ်ကို တိုက်မိသဖြင့် အလျားမှောက်လဲကျသွားလေ၏။ ထိုခဏ၌ နီဟွတ်စတာသည် သူ့အား အပေါ်မှ စီးကာ ရင်ဘတ်ဆီမှ ဓားမြှောင်တစ်ချောင်းကို ဆွဲထုတ်လိုက်လေသည်။

"မလုပ်လေနှင့်၊ လုပ်လျှင် သင်နှင့်ကျွန်ုပ် အိုးစားကွဲလိမ့်အံ့"

"မီရီယန် သင်ကား မိုက်လှချေ၏တကား၊ ဤသူသည် ယခု စိတ်ကောင်းဝင်နေသော်လည်း နက်ဖြန် စိတ်ယုတ်ဝင်၍ လာအံ့၊ သင်ကား ဒုက္ခတွေ့တော့မည်"



www.burmeseclassic.com

www.burmeseclassic.com



ကာလစ်သည် လူးလဲ၍ထကာ နီဟွတ်စတာအား အလွန်ရွံ့ရှာမုန်းတီးသော မျက်နှာဖြင့် ကြည့်ပြီးနောက် "အသင်ကား အသက်ကြီးသော်လည်း အလိမ္မာနည်းသူဖြစ်၏" ဟု ပြောဆိုရင်း မီရီယန်ရှိရာသို့ လျှောက်သွားပြီးလျှင်၊ ကမ်းလင့်သော လက်ကို နမ်းရှုပ်လိုက်လေ၏။ ရုတ်တရက် မီရီယန်သည် နဖူးကို သူ့အား ညွှတ်၍ ပေးလိုက်လေသည်။

"ရှိပါစေတော့ မီရီယန်၊ ဤသည်ကား ကျွန်ုပ်အတွက် မဟုတ်ပါ။ ကျွန်ုပ်သွားပါတော့မည်"

သူသည် အခန်းထဲမှ ထွက်သွားလေ၏။

*

ကာလစ်ကား ဤနေရာတွင် ကတိတည်ဟန်တူ၏။ အဘယ်ကြောင့်ဆိုသော် နောက် ၃ ရက်ခန့် ကြာသောအခါ လူနာသင်္ဘောသည် 'ဟက်ကတာ' ဦးစီးလျက် မီရီယန်၊ နီဟွတ်စတာ၊ ဂျူလီယာနှင့် ဂါလပ်တို့ကို တင်ဆောင်ကာ အော့စတီယာ ဆိပ်ကမ်းမှ အနှောင့်အယှက် မရှိဘဲ ထွက်ခွာသွားနိုင်သောကြောင့်ပေတည်း။

သင်္ဘောထွက်သွားပြီးနောက်၊ နောက်တစ်ပတ်ခန့် ကြာလတ်သော် တီးတပ်သည် ရောမမြို့သို့ ပြန်လည်ရောက်ရှိခဲ့လေသည်။ သူ၏မိတ်ဆွေများက မားကပ်၏ အမှုကို တင်ပြ၍ မားကပ်၏ ဂုဏ်သရေ ညှိုးနွမ်းစေသည့် ကိစ္စကို ရှင်းနိုင်စေချင်းငှာ ပြန်လည်စစ်ဆေးရန်တင်ပြ၏။ သို့နှင့် မားကပ်မှာ သေပြီဟု ယူဆကြပြီးမှ ယခု အသက်ရှင်၍ ရှိနေသည့်အတွက် ဝမ်းမြောက်ကြောင်း၊ သူသည် ယုံကြည်ရသော အရာရှိတစ်ဦးဖြစ်ကြောင်း၊ သို့သော် ရောမသို့ ရောက်လျှင်ရောက်ခြင်း သတင်းပို့အစီရင်ခံလျှင် ဖြစ်နိုင်ရန် အကြောင်းရှိသော်လည်း ထိုသို့မပြုသဖြင့် ဝမ်းနည်းကြောင်း၊ မားကပ်၏ သူရသတ္တိနှင့် စပ်လျဉ်းသည့် စွပ်စွဲချက်များကိုမူ မားကပ်သည် အကြိမ် ၁၀၀ မျှမက ရဲစွမ်းသတ္တိကို ပြခဲ့ပြီးဖြစ်သဖြင့် အဖျင်းစကားများဟု ယူဆကြောင်း ပြောပြ၏။ သို့သော် တီးတပ်ကား ညီတော် ခေါင်းဆောင်သည့် ခုံရုံးမှ ချမှတ်သော အမိန့်ကို လျစ်လျူရှု၍ မဖြစ်တော့ပေ။ သို့ ပြုလုပ်က ဥပဒေကို မရိုသေရာရောက်မည့်ပြင်၊ သူ မရှိခိုက် သူ၏ကိုယ်စား အုပ်ချုပ်ခဲ့သော ညီတော် ဒိုမီရှန်ကိုလည်း စော်ကားရာ ရောက်ပေမည်။ သို့တိုင်အောင် သက်သာနိုင်သမျှ သက်သာသော အပြစ်ကို ပေးရန် ရည်ရွယ်ပြီးဖြစ်သည့်အတိုင်း၊ မားကပ်သည် အချုပ်ထောင်မှ လွှတ်လိုက်လျှင် လွှတ်လိုက်ချင်း၊ အများပြည်သူတို့က ထွေရာလေးပါး ပြောဆိုခြင်းမရှိစေရန် ညဉ့်အချိန် မိမိအိမ်သို့ တောက်လျှောက်ပြန်သွား၍ ကိုယ်ရေးကိစ္စကို နေသားတကျ စီစဉ်ရမည်။ ထို့နောက် ၁၀ ရက်အတွင်း အီတလီနိုင်ငံမှ ထွက်ခွာ၍ တိုင်းတစ်ပါးတွင်

www.burmeseclassic.com



သုံးနှစ်မျှ နေထိုင်ရမည်။ သုံးနှစ်နေပြီးနောက်တွင် ရောမမြို့သို့ ပြန်လာနိုင်သည်ဟု အမိန့်ချမှတ်လိုက်သည်။

မားကပ်ထံသို့ ပထမဦးစွာ တီးတပ်၏ အမိန့်ကို ပြောကြားရန် လာသူမှာ အိမ်တော်ဝန် ဆတူးရီးယပ်ပင်ဖြစ်၏။ သူသည် နန်းတော်မှ တောက်လျှောက်ပင် အချုပ်ထောင်သို့ အပြေးအလွှားရောက်လာခဲ့လေသည်။ အခန်းထဲသို့ ဝင်လာသည့်အခါ မားကပ်က သူ့အား မော်ကြည့်လျက် "အသို့နည်း စတူးရီးယပ်၊ မည်သို့သော သတင်းဆိုးများကို ယူဆောင်လာခဲ့ပြန်ပါသနည်း" ဟု မေးလိုက်၏။

"သတင်းဆိုး မဟုတ်ပါ။ သတင်းကောင်း ဖြစ်ပါ၏။ ထို့ကြောင့်ပင် ကျွန်ုပ်သည် အပြေးအလွှား လာခဲ့ပါသည်။ ကျွန်ုပ် လျှို့ဝှက်စွာ ကြိုးပမ်းခဲ့သောကြောင့် အသင့်အား သုံးနှစ်မျှသာ ပြည်နှင်ဒဏ်ပေးပါသည်။ အသင်၏ ပစ္စည်းများကိုလည်း မည်သို့မျှ မထိခိုက်သဖြင့် အသင့်အကျိုးဆောင်ခဲ့သော မိတ်ဆွေများအား ဆုချလိမ့်ဦးမည်ဟု ယုံကြည်ပါ၏"

"ကျွန်ုပ်အား အကုန်အစင် ပြောပြပါလော့"

သို့နှင့် ဆတူးရီးယပ်လည်း အကျိုးအကြောင်း ပြောပြလေရာ မားကပ်သည် ဣန္ဒြေနှင့် နားထောင်နေလေသည်။ ထို့နောက်မှ "အဘယ်ကြောင့် တီးတပ်သည် ဤသို့ ဆုံးဖြတ်လိုက်ပါသနည်း။ အသင် ဆုလာဘ် မျှော်ကိုးလျှင် ဖွင့်ပြောပါလော့"

"အရှင်မားကပ်၊ ဒိုမီရှန်သည် သူ့ထံသို့ အလျင်ရောက်နှင့် နေပြီး သူ၏ လူသိနတ်ကြား ဆုံးဖြတ်ချက်ကိုပြင်လျှင် သူတို့နှစ်ဦး အတိအလင်း အချင်းများရလိမ့်မည်ဟု ပြောခဲ့သောကြောင့် ဖြစ်၏။ သူ၏ညီကို ကြောက်ရွံ့နေသော တီးတပ်သည် ထိုသို့ ဖြစ်ရန် မလိုလားပါ။ ထို့ကြောင့်ပင် အရင်းနှီးဆုံး မိတ်ဆွေ ဖြစ်သော သင့်မျက်နှာကို မြင်ရလျှင် စိတ်ပြောင်းသွားမည်စိုး၍ သင့်အား အတွေ့မခံလိုခဲ့ခြင်းဖြစ်၏"

"ထိုသို့ဖြစ်လျှင် မင်းသားသည် ကျွန်ုပ်၏ ရန်သူပင် ဖြစ်နေသေးတော့၏"

"မှန်ပေသည် ပုလဲဒေဝီကို ရှာဖွေ မတွေ့သဖြင့်လည်း သင့်အပေါ်တွင် သာ၍ပင် အခဲမကျေ ဖြစ်နေသေး၏။ အသင်သည် ပုလဲဒေဝီအား တစ်နေရာတွင် ဝှက်ထားသည်ဟုလည်း ယုံကြည်နေ၏။ ကျွန်ုပ်ပြောသည်ကို နာယူပါလော့၊ ရောမမြို့မှ လျင်မြန်နိုင်သမျှ လျင်မြန်စွာ သင် ထွက်ခွာသွားလျှင် ကောင်းလိမ့်မည် သို့မဟုတ် ဘေးအန္တရာယ် တွေ့မည်စိုးရ၏"

www.burmeseclassic.com



"ကောင်းလှပေပြီ။ ကျွန်ုပ်သည် ရောမမြို့မှ မြန်နိုင်သမျှ မြန်မြန် ထွက်ခွာသွားပါမည်။ ကျွန်ုပ်အဖို့ ဂုဏ်သရေ ညှိုးနွမ်းသော နေရာတွင် အဘယ်ကြောင့်နေဝံ့ရမည်နည်း။ သို့သော် သင်၏ အရှင်သည် သူ အလိုရှိနေသူမှာ ယခု ပင်လယ်တစ်ဖက်သို့ ရောက်နေပြီဖြစ်ကြောင်း သိလိုကောင်း သိလိုပေလိမ့်မည်။ ယခု သင်သွားပါလော့၊ ကျွန်ုပ် တစ်ကိုယ်တည်း နေလိုပါ၏"

"အသင် ပြောစရာ ဤမျှသာရှိသလော၊ ကျွန်ုပ် ဆုလာဘ် မရတော့ပြီလော"

"အသင် မသွားလိုသေးလျှင် ဆုလာဘ် မဟုတ်ဘဲ အသင်မလိုချင် သည့်အရာကို ရလိမ့်မည်"

ဆတူးရီးယပ်လည်း ထွက်ခွာသွားလေသည်။ သို့သော် အပြင်ဘက်သို့ ရောက်သည့်အခါ အခန်းဘက်သို့ လှည့်၍ သူ၏လက်သီးကို ဝှေ့ယမ်းပြခဲ့သေး၏။

ဒိုမီရှန်၏ နန်းတော်သို့ အပြန်လမ်းတွင် ကုန်သည် ဒီမက်ထရိယပ်၏ ကုန်လှောင်ရုံ တည်ရှိလေရာ၊ ဆတူးရီးယပ်သည် ကုန်လှောင်ရုံထဲသို့ ဝင်သွားလေသည်။ သူသည် ကာလစ်အား သူ၏ သီးသန့်အခန်းထဲတွင် မျက်နှာကို သူ၏လက်များနှင့် အုပ်ကာ ထိုင်နေသည်ကို တွေ့ရ၏။ ဆတူးရီယပ်သည် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်ချလိုက်ပြီးနောက်၊ ကာလစ်အား တီးတပ်သည် သူ၏ ကိုယ်ရံတော် တပ်မှူးအား အတော်ပင် ချစ်ခင်ဟန်တူ၍ သူကိုယ်တိုင် ရှုံ့ချရသည်ကိုပင် စိတ်မကောင်း ဖြစ်နေကြောင်း၊ ထိုထက်ပို၍ အပြစ်ပေးမည် မဟုတ်ကြောင်း၊ ယခုပေးသည့် အပြစ်ဒဏ်ကိုပင် မပေးချင်,ပေးချင် ပေးခဲ့ကြောင်း၊ သို့သော် ဤမျှ အပြစ်ပေးခံရသည်ကိုပင် မားကပ်၏ စိတ်တွင် အတော်ထိခိုက်နေကြောင်း၊ သူ့အား အကျိုးဆောင်ခဲ့သူကို သတိရလိမ့်မည်ဟု မျှော်လင့်ကြောင်းဖြင့် ပြောပြလေသည်။

"မှန်ပေ၏။ မစိုးရိမ်သင့်၊ သင့်အား ကောင်းစွာ ဆုချရမည်။ သင်ကား အတတ်နိုင်ဆုံး ကြိုးပမ်းခဲ့ပေသည်"

"ကျေးဇူးတင်လှပါသည်။ သို့သော် ကျွန်ုပ်အဖို့ အခွင့်သာလျှင် သာပါလိမ့်ဦးမည်။ ယခုပင်လျှင် မားကပ်လူမိုက်က ကျွန်ုပ်တို့ ကိစ္စများနေရသော မိန်းကလေးအား ပင်လယ်တစ်ဖက်ရှိ တစ်နေရာသို့ ခေါ်ဆောင်သွားခဲ့ပြီဟု ပြောလိုက်ပါသည်။ ဤအကြောင်းကို ဒိုမီရှန်ကြားလျှင် သူ့အား တစ်ပတ်ရိုက်ရန် ကြိုးပမ်းခဲ့သော မားကပ်အပေါ်တွင် သူကိုယ်တိုင် ကလဲ့စားချေချင်လာအောင် ဒေါသကြီးလာပါလိမ့်မည်။ ထို့ပြင် ဒိုမီရှန်သည် ပုလဲဒေဝီအား လိုက်လံဖမ်းဆီး၍ ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ဆောင်စေကာ၊ သင့်အားပေးအပ်လိုက်မည်ဖြစ်သဖြင့် မားကပ်သည်လည်း ပုလဲဒေဝီကို ရလိမ့်မည် မဟုတ်ပါ"

"သို့ဖြစ်လျှင် သူသည် ပုလဲဒေဝီအား ပင်လယ် တစ်ဖက်တွင် မဟုတ်ဘဲ၊ ပင်လယ်အောက်တွင် ရှာရလိမ့်မည်"

"အသင် ဘာကိုဆိုလိုသနည်း"

"ပုလဲဒေဝီသည် လွန်ခဲ့သည့် တစ်လခန့်က လူနားသင်္ဘောနှင့် လိုက်ပါလွတ်မြောက်သွားခဲ့ကြောင်း ကျွန်ုပ် သတင်းကြားရပါသည်။ ယနေ့နံနက်တွင် အင်ပါရေးတရစ်သင်္ဘောမှ သင်္ဘောသူကြီးနှင့် သင်္ဘောသားအချို့ ရောမမြို့သို့ ရောက်လာပါသည်။ သူတို့က ရီဂျီယန် အလွန်တွင် လေပြင်းမုန်တိုင်းမိခဲ့ပြီး သင်္ဘောတစ်စင်း နစ်မြုပ်သွားသည်ကို တွေ့ခဲ့ရကြောင်းနှင့် ပြောပြ၏။ ထို့နောက် သူတို့သည် ပျဉ်တစ်ချပ်တွင် တွယ်ကပ်မျောပါလာသည့် သင်္ဘောသားတစ်ဦးကို ဆယ်ခဲ့လေရာ ထိုသူက နစ်မြုပ်သော သင်္ဘောအမည်မှာ 'လူနား' ဖြစ်၍ သင်္ဘောတွင် ပါသူအားလုံးပင် နစ်မြုပ်ရာတွင် ပါသွားသည်ဟု ပြန်လည်ပြောပြပါသည်"

"အသင် ထိုသင်္ဘောသားကို တွေ့ပြီးပြီလား"

"မတွေ့ရပါ၊ သူ့အား ရေထဲမှ ဆယ်ခဲ့ပြီးနောက် မကြာမီ သေဆုံးသွားပါသည်။ သို့သော် သူ့အား ကယ်ဆယ်သော သင်္ဘောသားများနှင့် တွေ့ခဲ့ရပါသည်"

"ဤသို့ဖြစ်လျှင် ဒိုမီရှန်သည် ပုလဲဒေဝီကို သေလမ်းသို့ ပို့ခဲ့သူအား ပို၍ပင် ဒေါသ ဖြစ်ပေလိမ့်မည်။ ယခု သူ့အား အလုံးစုံ ကျွန်ုပ် သွားရောက်ပြောပြပြီးလျှင် သူ၏သင်္ဘောကို စုံစမ်းပါဦး"

"ကောင်းလှပါပြီ၊ သို့သော် အသင် တစ်ခေါက်ပြန်လာပြီးလျှင် ကျွန်ုပ်အား အကျိုးအကြောင်း ပြောပြဦးမည် မဟုတ်လော"

"ချက်ချင်းပင် ပြန်လာပါမည် အရှင်ဒီမတ်ထရိယပ် ... ကျွန်ုပ်တို့၏ စာရင်းများကား မရှင်းရသေးပါ"

"မှန်ပေ၏။ ကျွန်ုပ်တို့ စာရင်းမရှင်းရသေးပါ"

နှစ်နာရီခန့် ကြာသောအခါ အိမ်တော်ဝန် ပေါ်လာပြန်၏။

"အကြောင်း မည်သို့ထူးပါသနည်း"

"မားကပ်အတွက် အခြေအနေ အတော်ဆိုးဝါးနေပြီးလျှင် ကျွန်ုပ်တို့အတွက် အတော်ကောင်းနေပါသည်။ ပုလဲဒေဝီသည် ရောမမြို့မှ ထွက်ပြေးလွတ်မြောက်သွားကာ သင်္ဘောပျက်၍ သေဆုံးသွားပြီဖြစ်ကြောင်း ကြားသိရသောအခါ ဒိုမီရှန်အနီးတွင် ကျွန်ုပ်ပင် မနေရဲတော့ပါ။ ဤမျှလောက် သူစိတ်ဆိုးသည်ကို ယခင်က မမြင်ဖူးပါ။ သူသည် တီးတပ်အား ကျိန်ဆဲ၏။ ကျွန်ုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျိန်ဆဲ၏။ သို့သော် ကျွန်ုပ်က သူ၏စိတ်ကို လမ်းကြောင်း ပြောင်းပေးလိုက်ပါသည်။ ကျွန်ုပ်က ဤသို့ဖြစ်ရသည်မှာ မားကပ်ကြောင့် ဖြစ်ကြောင်း၊ သို့သော် မားကပ်မှာ သုံးနှစ်မျှသာ ပြည်နှင်ဒဏ်ခံရကြောင်း၊ ထို သုံးနှစ်ပင် ထပ်မံလျှော့ပေါ့ရန်ရှိကြောင်းပြောရာ ဒိုမီရှန်မှာ အံတကြိတ်ကြိတ်ရှိနေကာ မျက်ရည်များပင် ကျပါသည်။ သို့နှင့် ကျွန်ုပ်က သူ့အား အကြံကောင်းတစ်ခု ပေးလိုက်သောအခါ သူအတော်သက်သာရာရသွားပါသည်။ သင်လည်း ထိုအကြံကို သဘောကျလိမ့်မည်ဟု ထင်ပါသည်။

"မည်ကဲ့သို့သော အကြံပေးနည်း"

ဆတူးရီးယပ်သည် ထိုင်နေရာမှထလိုက်ကာ အခန်းတံခါးအား အသေအချာ ပိတ်,မပိတ် ကြည့်ပြီးမှ ကာလစ်၏ နား နားသို့ကပ်၍ ပြောလိုက်လေသည်။

"ကျွန်ုပ် ပြောသည်ကို သေချာစွာ နားထောင်ပါလော့၊ ယခုည နေဝင်ပြီးနောက် နှစ်နာရီအတွင်း၌ မားကပ်အား အချုပ်ထောင်မှ လွတ်ပြီးလျှင်၊ သူ၏အိမ်ခုံးပေါက်အောက်ရှိသော တံခါးသို့ အရောက်ထောင်အရာရှိများက လိုက်ပို့ကြလိမ့်မည်။ ရောမမြို့မှ ထွက်ခွာသွားသည်အထိ သူ့အိမ်တွင် နေထိုင်ရန် အမိန့်ပေးထား၏။ ထိုအိမ်တွင် သူ၏ဘဏ္ဍာစိုး ဆက်ပတီးမတ်နှင့် အစေခံ ကျွန်မကြီး တစ်ယောက်လာနေ၏။ အိမ်သို့ မားကပ်မရောက်မီ ဒိုမီရှန်၏ လူများသည် အိမ်တွင်းသို့ ဝင်ရောက်ကာ ဘဏ္ဍာစိုးနှင့် ကျွန်မကြီးကို ဖမ်းဆီးချုပ်နှောင် ပြီးနောက် သူ့အလာကို စောင့်ဆိုင်းနေကြလိမ့်မည်။ ထို့နောက် ဘာဖြစ်မည်ကို သင်စဉ်းစား၍ ကြည့်နိုင်၏။ ဤအကြံ မကောင်းပါလော ..."

"အလွန်ကောင်းပါ၏။ သို့သော် သံသယဖြစ်စရာ မရှိတော့ပြီလော"

"မရှိနိုင်ပါ။ ဒိုမီရှန်အပေါ်တွင် မည်သူက သံသယဖြစ်အံ့နည်း"

သို့သော် အမှန်မှာ ဒိုမီရှန်၏ မျက်နှာဖုံးတပ် လူဆိုးများသည် ဘဏ္ဍာစိုးနှင့် ကျွန်မကြီးကို ဖမ်းဆီးပြီးနောက်၊ ဤကိစ္စမှာ မားကပ်အမှုတွင် တစ်ဖက်က သက်သေခံခဲ့သော မားကပ်နှင့် အချင်းများခဲ့ဖူးသည့် ကာလစ်ခေါ် ကုန်သည် ဒီမက်ထရိယပ်က ခိုင်းစေ၍ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောပြရန် လူဆိုးများ အား ညွှန်ကြားပြီးဖြစ်၏။ ဤအချက်ကိုကား ဆတူးရီးယပ်က မပြောဘဲ လျှို့ဝှက်ထားလေသည်။ ထို့နောက် ဆတူးရီးယပ်က –

"ယခု ကျွန်ုပ်တွင် အရေးတကြီး ဆောင်ရွက်ရန် ကိစ္စတစ်ခု နှစ်ခု ရှိနေသဖြင့် ကျွန်ုပ် သွားရပါတော့မည်။ ကျွန်ုပ်တို့ စာရင်းရှင်းကြပါစို့၊ အရှင် ဒီမက်ထရိယပ်"

ကာလစ်သည် ရွှေဒင်္ဂါး တစ်လိပ်ကိုယူကာ လှမ်းပေးလိုက်၏။ သို့သော် ဆတူးရီးယပ်က ခေါင်းခါလျက် –



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်ုပ်သည် ယခု ထက်နှစ်ဆမျှ ရလိမ့်ဟု မျှော်လင့်ခဲ့၏။ အသင်သည် သူ့အား အလွန် မုန်းတီးခဲ့သည် မဟုတ်လော။ သူသည် အရဲရင့်ဆုံး စစ်ဗိုလ်မှူးတစ်ယောက် ဖြစ်ပါလျက်၊ ရှုံ့ချခံရ၏။ ထို့နောက် သူ့အိမ်တံခါးဝ၌ပင် ခုတ်သတ်ခြင်း ခံရ၏။ ဤထက်ပို၍ ဘာများ အလိုရှိပါသေးသနည်း”

“ဘာမှ မလိုပါ၊ သို့သော် သူမသေသေးပါ။ တစ်ခါတစ်ရံ ကျွန်ုပ်တို့၏ ကံတရားသည် အံ့အားသင့်လောက်အောင် ဖန်တီးတတ်သည် မဟုတ်လော”

“မသေမှာ မစိုးရိမ်လင့်၊ မကြာမီ သေပါလိမ့်မည် ...”

“ကောင်းလှပေပြီ။ သူ့အလောင်းကို ကျွန်ုပ် တွေ့မြင်ပြီးသောအခါ ကျန်ငွေကို ကျွန်ုပ် ပေးပါမည်။ ကျွန်ုပ်ကား စျေးဆစ်နေခြင်း မဟုတ်၊ သေချာအောင် ပြုလုပ်ခြင်းသာဖြစ်ပါသည်”

ဆတူးရီးယပ် ထွက်ခွာသွားပြီးနောက် အလွန် အလုပ်ရှုပ်လျက် ရှိနေဟန်တူသော ကာလစ်သည် ကလောင်တံနှင့် စက္ကူကိုယူပြီးလျှင် စာတစ်စောင် ရေးသားလေသည်။ ထို့နောက် သူ၏ စာရေးအား ခေါ်ပြီးလျှင် ထိုစာကို နောက်နှစ်နာရီခန့်ကြာမှ ပေးရမည်ဖြစ်ကြောင်းနှင့် အမိန့်ပေးလိုက်၏။ ထိုအတွင်း စာ၏ လိပ်စာကို မမြင်စေရန် အပြင်မှ စက္ကူတစ်ထပ် ပတ်ပေးလိုက်၏။ ထို့နောက် ကာလစ်သည် အချိန်အတန်ကြာမျှ ငြိမ်သက်စွာ နေလေသည်။ ထိုအချိန်၌ကား နေဝင်သွားပြီဖြစ်၍ ကာလစ်သည် ရောမအရာရှိများ ဝတ်ဆင်လေ့ရှိသည် အပေါ်အင်္ကျီရှည်အနက်ကြီးကို ဝတ်ကာ အပြင်သို့ ထွက်သွားလေသည်။

***

www.burmeseclassic.com

www.burmeseclassic.com



လူနားသဘော် နစ်မြုပ်ပျက်စီးသွားသည့်အကြောင်းကို ကြားခဲ့ရသူမှာ ကာလစ်တစ်ယောက်တည်းသာမဟုတ်၊ ဂိုဏ်းအုပ် ဆီရယ်သည်လည်း ထို အကြောင်းကို ကြားခဲ့ရလေသည်။ သူသည် 'အင်ပါရေတရစ်' သဘော်မှ သဘော် သူကြီးအား ကိုယ်တိုင်သွားရောက် မေးမြန်းခဲ့၏။ ထို့နောက်စိတ်ပျက်စွာဖြင့် 'မား' နတ်ကွန်းအနီးရှိ အချုပ်ထောင်သို့ သွားလေ၏။ အချုပ်ထောင်သို့ရောက် အခါ မားကပ်က မည်သူနှင့်မျှ မတွေ့လိုဟု ပြောထားကြောင်းနှင့် ထောင်မှူးက ပြောပြသော်လည်း အရေးကြီးသည်ဆိုကာ အခန်းတွင်းသို့ အတင်းဝင်သွားလေ သည်။ မားကပ်ကား အခန်းအလယ်တွင် ရပ်ကာ လက်ထဲတွင် ဓားတစ်ချောင်း ကို ကိုင်ထား၏။ ဧည့်သည်ဝင်လာသည်ကို မြင်လိုက်သောအခါ စိတ်မရှည်သော အမူအရာဖြင့် ဓားကို စားပွဲပေါ်သို့ ပစ်တင်လိုက်ရာ 'တိုင်ယာမြို့ရှိ မီရီယန်လက်သို့ ပေးရန်' ဟု လိပ်တပ်ထားသည့် စာတစ်စောင်အနီးတွင် အလိုက်သင့်ကျသွားလေ ၏။ ဂိုဏ်းအုပ်ကြီးက –

"ချစ်သား သင်ဘာကို လုပ်မလို့ပါနည်း"

"မိတ်ဆွေသိလိုက ကျွန်ုပ် ပြောတော့မည်။ ကျွန်ုပ်သည် မိမိကိုယ်ကို မိမိ သတ်သေရန် ကြံစည်ခဲ့၏။ နောက် တစ်မိနစ်သာ ကြာလျှင် ကျွန်ုပ်အား အသက်ရှင်လျက် တွေ့ရတော့မည်မဟုတ်၊ သူတို့သည် ကျွန်ုပ် အဝတ်အစား များနှင့်အတူ ဤဓားကို ပို့လိုက်၏။ သူတို့အကြံကား ကောင်းလှ၍ သူတို့ ဘာဆိုလိုသည်ကို ကျွန်ုပ်သိပါ၏"

www.burmeseclassic.com



ဆီရယ်သည် စားပွဲပေါ်မှ ဓားကို ကောက်ယူကာ အခန်းထောင့်တစ်ထောင့်သို့ လွှင့်ပစ်လိုက်လေသည်။

"ဘုရားသခင်သည် တစ်ယောက်ကို ခေါ်တော်မူပြီးနောက်၊ သင်ကလည်း ကိုယ့်ကိုယ်ကို သတ်သေရန် ကြံစည်နေပြန်ပြီလော"

"သင်၏ စကားများကား ထိတ်လန့်ဖွယ်ကောင်းလှ၏။ မည်သူ့အား ခေါ်တော်မူသွားပြီနည်း"

"မီရီယန်အား ခေါ်သွားလေပြီ၊ သူ၏အပေါင်းအဖော်များနှင့်အတူ ပင်လယ်ထဲတွင် သင်္ဘောပျက်ကာ သေဆုံးသွားရှာလေပြီ။ ဤအကြောင်းကိုပြောရန် ကျွန်ုပ် လာခဲ့ခြင်း ဖြစ်၏"

မားကပ်သည် တစ်ခဏမျှ အရက်မူးသမားကဲ့သို့ ဆောက်တည်ရာမရဘဲ ဒယိမ်းဒယိုင် ဖြစ်သွားရှာ၏။

"အကယ်ပင်လော၊ ဤသို့ဆိုလျှင် ကျွန်ုပ် သူ့နောက်ကို လိုက်ရန်သာ ရှိတော့၏။ အသင် သွားလော့၊ ကျွန်ုပ်ကိုယ်ကို သတ်၍ သေပါရစေတော့"

ဆီရယ်သည် ဓားကို ခြေထောက်ဖြင့် နင်းထားလိုက်၏။

"အသင်ကား ရူးလှတော့၏။ မီရီယန်သေကြောင်း မသိမီက အဘယ်ကြောင့် သေလိုပါသနည်း"

"အရှက်နှင့် ဂုဏ်သိက္ခာကြောင့် ဖြစ်၏။ ကျွန်ုပ်အား သူရဲဘောနည်းသူဟု သမုတ်ကာ ကျွန်ုပ်၏ ဂုဏ်သရေကို ညှိုးနွမ်းစေခဲ့ကြ၏။ တိုက်ပွဲပေါင်းများစွာတွင် သူနှင့် လက်တွဲတိုက်ခိုက်ကာ သူ့အသက်ကို ကာကွယ်ခဲ့ရသော တီးတပ်သည် ကျွန်ုပ်အား ရောမမြို့မှ နှင်ထုတ်ခဲ့လေပြီ"

"ကျွန်ုပ်အား ထိုအကြောင်း ပြောပြပါလော့"

မားကပ်က အကြောင်းစုံ ပြောပြလေရာ ဆီရယ်လည်း ဆိတ်ငြိမ်စွာ နားထောင်လျက်ရှိလေ၏။

"သင့်ကိုယ်ကို သင်သတ်သေလိုသည်မှာ ဤအတွက်ကြောင့်လော၊ မတရား သက်သေခံချက်များအပေါ်တွင် အခြေပြုသော အမိန့်သည် သင့်ဂုဏ်သရေကို တစ်ဆံချည်မျှ ညှိုးနွမ်းစေလိမ့်မည် မဟုတ်ပေ။ သင်သည် စစ်သားကောင်း တစ်ယောက်ဖြစ်ပါလျက် စစ်မြေပြင်မှ ထွက်ပြေးတော့မည်လော၊ ယခုမှ သင် သူရဲဘောကြောင်သည်ကို ဖော်ပြလျက်ရှိနေချေပြီ"

"ကျွန်ုပ်ကဲ့သို့ အရက်တကွဲ အကျိုးနည်းဖြစ်သူ တစ်ယောက်သည် လောကကြီးတွင် မည်ကဲ့သို့ နေထိုင်ပါတော့အံ့နည်း။ ဤအကြောင်းသိသဖြင့် ကျွန်ုပ်၏ မိတ်ဆွေများက ဤဓားကို အဝတ်များဖြင့် ရစ်ပတ်ပို့လိုက်၏။ မီရီယန်အတွက်ကော အသို့နည်း"



www.burmeseclassic.com

www.burmeseclassic.com



"မီရီယန်သည် သူ့ဆီကို သွေးစွန်းလျက် ရောက်လာသော သင့်အား ဆီးကြိုလက်ခံမည်ဟု သင်ထင်သလော ချစ်သား၊ ဤကိစ္စသည် သင့်အား အကဲစမ်းနေခြင်း ဖြစ်သည်ကို သင်နားမလည်တော့ပြီလော၊ သင်၏ရန်သူအား ကြံစည်မှုကြောင့် လျော့ကျခဲ့ရလေပြီ၊ ရာထူးမှ လျောကာ ပြည်နှင်ဒဏ်ပေးခြင်း ခံခဲ့ရလေပြီ။ သင့်အတွက် သင်ခန်းစာတစ်ခုသည် အကွင်းသားပေါ်လျက်ရှိ၏။ တစ်ပါးသူတို့ မည်မျှပြောစေကာ ဂရုမစိုက်ဘဲ၊ စိတ်ထားဖြူစင်မှုကို ရှာပြီးလျှင် အဆိုးနှင့် အကောင်းကြားမှ ဇွတ်ထိုးကာ မိမိတာဝန်ကို ထမ်းဆောင်သင့်ပါလျှက် ဤဘဝကို စွန့်ခွာရန် ကြံစည်ခဲ့၏"

ထို့နောက် ဆီရယ်သည် စိတ်ချမ်းသာမှုကိုရှာဖွေရန် ခရစ်ယာန် ဓမ္မတရားများကို ဟောပြောဆုံးမလေရာ နောက်ဆုံး၌ မားကပ်သည် နှစ်ချင်းမင်္ဂလာခံယူရန် သဘောတူညီလေတော့၏။ သို့နှင့် ဆီရယ်သည် မားကပ်အား အကျဉ်းထောင်အတွင်း၌ပင် နှစ်ချင်းမင်္ဂလာကို ပေးခဲ့လေသည်။

မားကပ်သည် ဒူးထောက်ရာမှ ထလိုက်ပြီးသော် "ဖခင် ... ကျွန်ုပ် ဘာကို လုပ်ရမည်နည်း၊ ဖခင်ကား ဆီဇာထက်ပင် ကြီးကျယ်မြင့်မြတ်လှပါပေ ၏။ ကျွန်ုပ်အား အမိန့်ပေးပါလော့"

"နားထောင်လော့၊ ကျွန်ုပ်သည် အီဂျစ်ပြည် အလက်ဇန္ဒရီးယားမြို့သို့ သုံးရက်အတွင်း ထွက်ခွာသွားရမည်ဖြစ်၍ သင့်မှာလည်း ပြည်နှင်ဒဏ်ခံရသူဖြစ်သည့်အတိုင်း ကျွန်ုပ်နှင့်အတူ လိုက်ခဲ့လော့၊ ထိုမြို့တွင် သင့်အတွက် အလုပ်ရှာပေးနိုင်၏"

"အသင်သည် ကျွန်ုပ်၏ ဆီဇာဖြစ်ကြောင်း ပြောပြီးပြီ မဟုတ်ပါလော၊ ယခု နေဝင်သွားပြီဖြစ်၍ ကျွန်ုပ်သည် အချုပ်မှ လွတ်လေပြီ၊ ကျွန်ုပ်၏အိမ်သို့ လိုက်ခဲ့ပါလော့၊ အိမ်တွင် ကျွန်ုပ်အတွက် စီစဉ်ရန် ကိစ္စကလေးများ ရှိနေပါသေးသည်"

ထို့နောက် သူတို့သည် အစောင့်နှစ်ဦးသာ လိုက်ပါလျက် အာဂရစ်လမ်းရှိ အိမ်သို့ ထွက်ခွာသွားကြလေ၏။ အိမ်သို့ ရောက်သောအခါ အစောင့်တစ်ယောက်က ဘေးတံခါးပေါက်ကို ညွှန်ပြလျက် "ဤအပေါက်မှ သင်၏အဖော်နှင့်သာ ဝင်ပါလော့" ဟု ပြောဆိုကာ နှုတ်ဆက်ပြန်သွားကြလေ၏။

မားကပ်နှင့် ဆီရယ်တို့လည်း ခုံးကြီးဆီသို့ ဆက်လက်လျှောက်သွားခဲ့ရာ တံခါးဟ,လျက် ရှိသည်ကို တွေ့ရသဖြင့် အတွင်းသို့ ဝင်သွားပြီးနောက် ပိတ်လိုက်လေသည်။

"အသို့နည်း ကျွန်ုပ် ပြန်လာမည်ကို ထောင်မှူးက အကြောင်းကြားခဲ့ပြီးဖြစ်၍ စတက်ဖင်နပ်သည် အသင့်စောင့်နေဖို့ ကောင်းလှ၏"

www.burmeseclassic.com



သို့ပြောဆိုနေဆဲ၌ပင် မားကပ်သည် မှောင်ထဲတွင် တစ်စုံတစ်ခုကို ခလုတ်တိုက်ပြီးလျှင် လဲကျ၍သွားလေ၏။

"မည်သည့် အရာနည်း မားကပ် ..."

"စမ်းကြည့်ရသည်မှာ အမူးလွန်နေသူသော်လည်းကောင်း၊ သေနေသူသော်လည်းကောင်း ဖြစ်ဟန်တူ၏။ သူတောင်းစား တစ်ယောက် ဖြစ်လေသလော မပြောတတ်ပါ"

မားကပ်သည် ဤသို့ ပြောရင်း ဝင်းတံခါးပေါက်ဆီသို့ ဆီရယ်အား ရှေ့ဆောင်၍ခေါ်သွားလေသည်။ ထိုတံခါးမှာလည်း ပွင့်နေသဖြင့် ထိုတံခါးမှနေ၍ ဘဏ္ဍာစိုး စာရင်းစာအုပ်များထားရာနှင့် အိပ်စက်ရာ အခန်းတွင်းသို့ ဝင်သွားကြ၏။ စားပွဲပေါ်တွင် မီးအိမ်တစ်လုံး ထွန်းထားရာ ထိုမီးအိမ်မှ မီးရောင်မှာ ပြတင်းပေါက်မှ သူတို့မြင်ခဲ့သော မီးရောင်ဖြစ်လေသည်။ မီးရောင်အောက်တွင် သူတို့သည် ထူးဆန်းသော အချင်းအရာတို့ကို တွေ့မြင်ရလေ၏။ နံရံတွင် သံကြိုးနှင့် ချည်နှောင်ထားသော သံသေတ္တာမှာ ပွင့်နေလျက်၊ အတွင်းမှ စာရွက်စာတမ်းများသည်လည်း ပြန့်ကြဲလျက်ရှိလေသည်။ စာရွက်စာတမ်းများပေါ်တွင် သားရေဖြင့် ပြုလုပ်ထားသည့် ဟောင်းလောင်းဖြစ်နေသော ငွေအိတ်ကို တွေ့ရ၏။ အခန်းတွင်းမှ အိမ်ထောင်ပရိဘောဂများမှာလည်း မကြာသေးမီက အခန်းတွင်း၌ သတ်ဖြတ်ထားသည့်ဟန်ဖြင့် ဖောက်ထိုးမိုးမျှော် ဖြစ်နေလေသည်။ ထောင့်တစ်ထောင့်နှင့် ကျောက်ဖြူစားပွဲအောက်တွင် ယောက်ျားကြီးတစ်ယောက်နှင့် မိန်းမကြီးတစ်ယောက်လဲကျနေလေ၏။

ဆီရယ်က ညည်းညူလျက် "လူသတ်သမားများ လာရောက်သွားကြသည် ထင်၏"

မားကပ်သည် မီးအိမ်ကိုယူကာ ထောင့်ထဲတွင် လဲကျနေသည့် ယောက်ျားကြီး၏မျက်နှာအနီးသို့ မြှောက်၍ ကြည့်လိုက်လေသည်။

"စတက်ဖင်နပ်ပါတကား၊ ခြေလက်တို့ကို တုပ်နှောင်ကာ ပါးစပ်ကို ပိတ်ထားသော်လည်း အသက်ရှင်နေသေး၏။ အခြားတစ်ယောက်ကား ကျွန်မိန်းမကြီးပင်ဖြစ်၏။ မီးအိမ်ကို ကိုင်ထားပါလော့"

မားကပ်သည် မီးအိမ်ကို ဆီရယ်၏လက်သို့ လှမ်း၍ပေးလိုက်ပြီး နောက်၊ သူ၏ဓားမြှောင်ကိုထုတ်ကာ သူတို့အား ချည်နှောင်ထားသော ကြိုးများ ကို တစ်ယောက်ပြီးတစ်ယောက် ဖြတ်ပေးလိုက်လေသည်။ စတက်ဖင်နပ်သည် လူးလဲ၍ ထလိုက်သဖြင့် မားကပ်က –

"သင်တို့ မည်သို့ဖြစ်ခဲ့သနည်း၊ ပြောစမ်းပါလော့" ဟု မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဘဏ္ဍာစိုးသည် အတန်ကြာအောင် မည်သို့မျှ မပြောနိုင်သေးဘဲ ကြောက်ရွံ့ထိတ်လန့်လှသဖြင့် ပြူးကျယ်နေသော မျက်လုံးများဖြင့် သူ့အား စိုက်ကြည့်နေလေသည်။ ထို့နောက်မှ သက်ပြင်းတစ်ချက်ချလျက် –

"အို ... အရှင်၊ ကျွန်ုပ်သည် အရှင် သေလေပြီဟု ထင်ခဲ့၏။ သူတို့က သင့်အား ရဟူဒီကာလစ်၏ အမိန့်ဖြင့် သတ်ရန် လာခဲ့သည် ပြောကြ၏။

"သူတို့ဆိုသည်မှာ မည်သူများနည်း"

"ကျွန်ုပ် မသိပါ။ သူတို့လေးယောက်စလုံးပင် မျက်နှာဖုံးထားကြပါသည်။ သူတို့က အရှင်အား သတ်ရန် လာခဲ့သော်လည်း ကျွန်ုပ်နှင့် ကျွန်မိန်းမကြီးအား ဖမ်းဆီးချုပ်နှောင်၍ ပါးစပ်ကို ပိတ်ဆို့၍သာ ထားမည်၊ အသက်ကို ရန်ရှာမည်မဟုတ်ဟု ပြောပါသည်။ ကျွန်ုပ်တို့အား အရှင်တို့ ယခုမြင်ရသည့်အတိုင်း ပြုလုပ်ထားခဲ့ပြီးလျှင် တွေ့သမျှ ရွှေငွေများကို ယူသွားပြီးနောက်၊ အရှင့်အား လမ်းတွင် ဖမ်းဆီးရန် ထွက်သွားကြပါသည်။ နောက်မှ ခုံးကြီးအောက်ဆီ လောက်မှ သတ်ပုတ်သံများကြားရ၍ ကျွန်ုပ်မှာ အရှင့်အား ကြိုတင် သတင်း လည်း မပေးနိုင်တော့ပါ"

ထို့နောက် မားကပ်ခေါင်းဆောင်ကာ မီးခွက်တစ်ခွက်ကိုကိုင်၍ ခုံးကြီးဆီကို ပြေးသွားကြရာ၊ ခုံးကြီးအောက်တွင် အလျားမှောက်လျက် သေနေသော လူတစ်ယောက်ကို တွေ့ရ၍ ဒဏ်ရာမှ သွေးတို့ဖြင့် ပေကျံနေသည်ကို မြင်ရ၏။ သို့နှင့် သူတို့သည် အလောင်းကို ပက်လက်လှန်လိုက်ကြရာ၊ မျက်နှာကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက်၊ မားကပ်သည် အံ့အားသင့်ကာ နောက်သို့ဆုတ်လိုက်မိ၏။ ဒဏ်ရာဖြင့် သေနေသူအား ရဟူဒီ ကာလစ်ပင် ဖြစ်တော့၏။

မားကပ်က သူ၏ ဘဏ္ဍာစိုးအား လှမ်း၍ –

"လူသတ်သမားများက သူတို့အား ခိုင်းစေလိုက်သည်ဆိုသူမှာ ဤသူပင် မဟုတ်လော"

"ချစ်သား သေချာပါ၏လော"

"သူ၏ညာဘက်လက်ကို အကျီအောက်မှ ဆွဲထုတ်လိုက်ပါလော့၊ ကျွန်ုပ်ပြောသူမှန်က လက်ညှိုးတစ်ဆစ် ပြတ်နေလိမ့်မည်"

ဆီရယ်သည် အတော်ပင် တောင့်တင်းနေပြီဖြစ်သော လက်ကို ဆွဲထုတ်ကြည့်လိုက်ရာ၊ မားကပ်ပြောသည့်အတိုင်း တွေ့ရလေ၏။

"သူထောင်သော ထောင်ချောက်တွင် ပြန်၍မိဟန်တူပါသည် ဖခင်၊ ကျွန်ုပ်တို့သည် တစ်ကြိမ်မက တစ်ဦးကိုတစ်ဦး သတ်ရန် ကြိုးပမ်းခဲ့သော်လည်း ယခုကဲ့သို့ ကြံစည်လိမ့်မည် မထင်ခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သင် မည်သို့ ပြောနိုင်ပါသနည်း။ သူ မည်သို့ အသတ်ခံခဲ့ရသည်ကို သင် သိပါသလော၊ သင့်အား သတိပေးရန် ကတိုက်ကရိုက် အလာတွင် အသတ်ခံရခြင်း မဖြစ်နိုင်သလော"

"မဖြစ်နိုင်ပါ ဖခင်၊ ကျွန်ုပ်သည် ကာလစ် အကြောင်းကို ကောင်းစွာ သိပါသည်"

သူတို့သည် ကာလစ်အလောင်းကို အိမ်တွင်းသို့ သယ်ယူခဲ့ကြပြီး လျှင်၊ မည်သို့ပြုလုပ်ရမည်ကို ဆွေးနွေးတိုင်ပင်လျက်ရှိကြစဉ်၊ ခုံးကြီးအောက်ရှိ တံခါးပေါက်မှ တံခါးခေါက်သံများကို ကြားရလေ၏။ သူတို့သည် တံခါးဖွင့်ပေးရမည်ကို ချီတုံချတုံ ဖြစ်၍နေစဉ်၊ တံခါးခေါက်သံမှာ ပိုမိုပြင်းထန်လာသည်နှင့် ဘဏ္ဍာစိုးစတက်ဖင်နပ်သည် အခန်းတွင်းမှ ထွက်သွားလေ၏။ မကြာမီ သူပြန်လာရာ မားကပ်က "အသို့နည်း စတက်ဖင်နပ်၊ တံခါးခေါက်သူကား မည်သူနည်း"

"အလက်ဇန္ဒြီးယားမြို့မှ ကုန်သည် ဒီမက်ထရိယပ် ဆိုသူ၏ အခိုင်းအစေ လူရွယ်တစ်ယောက် ဖြစ်ပါသည်။ သူ၏ သခင်က ယခုအချိန်မှ ဤစာကို ပေးရမည်ဟု အမိန့်ပေးထားသည်ဆို၍ ယခုလာရောက် ပေးကမ်းခြင်း ဖြစ်ပါသည် ... ဤစာပင် ဖြစ်ပါသည် အရှင်"

မားကပ်က စာကို လှမ်းယူလိုက်ပြီးနောက် –

"အလက်ဇန္ဒြီးယားက ဒီမက်ထရိယပ်ဟု သင်ပြောသည် မှန်သလော။ ဒီမက်ထရပ်ဆိုသူအား ယခုသေနေသူ ကာလစ်ပင် ဖြစ်တော့၏။

"စာကို ဖတ်ပါလော့"

သို့နှင့် မားကပ်သည် အပေါ်မှ ရစ်ပတ်ချည်နှောင်၍ ထားသော ပိုးကြိုးကို ဖြတ်၍ ဖွင့်ကာ စာကို ဖတ်ကြည့်လေ၏။

*အရှင် မားကပ်ထံသို့*

*ယခင်က ကျွန်ုပ်သည် သင့်အား မကောင်းကြံခဲ့၍ မကြာခဏ သတ်ဖြတ်ရန် ကြိုးပမ်းခဲ့၏။ ကျွန်ုပ်ထက်ပင် သင့်အား မုန်းတီးနေသောဒိုမီရှန်က အသင့်အား အသင်၏ အိမ်ရှေ့၌ပင် လုပ်ကြံမည့် အကြောင်းကြားသိခဲ့ရပါသည်။ အသင့်ထက်ပို၍ ရဲစွမ်းသတ္တိရှိသူကို မတွေ့ဘူးသည် မှန်၏။ သို့စဉ်လျက် ကျွန်ုပ်သည် သင့်အပေါ်၌ အမှန်ကို ဖုံးကွယ်ကာ မတရားသက်သေထွက်ဆိုခဲ့သည့် အဖြစ်ကို ပြန်၍ ဖြေရန် အလို့ငှာ အသင်၏ အိမ်သို့ အသင်တို့ကဲ့သို့ ရောမဗိုလ်မှူးများ ဝတ်ဆင်တတ်သည့် အပေါ်ရုံ အင်္ကျီရှည်ကြီး ဝတ်ဆင်ကာ သွားရောက်မည်ဟု စိတ်ကူးမိခဲ့၏။ ထိုအိမ်တွင် ကျွန်ုပ်၏စာကို သင် မဖတ်ရသေးမီ ကျွန်ုပ်ကို တွေ့ကောင်းတွေ့ပါလိမ့်မည် မားကပ်၊ ကျွန်ုပ်*



www.burmeseclassic.com

www.burmeseclassic.com



*အတွက် မပူဆွေးပါလင့်။ ကျွန်ုပ်အားလည်း ရက်ရောသူ၊ စိတ်ထားမြင့်မြတ်သူဟူ၍ မပြောပါလင့်။ မီရီယန် သေဆုံးပြီးကတည်းက ကျွန်ုပ်သည် နောက်ဘဝတွင် ယခု ဘဝထက် ကျွန်ုပ်အဖို့ ကံကောင်းလို ကောင်းငြား သူ့နောက်သို့သာ လိုက်လိုနေခဲ့၏။ မားကပ် သင့်အား ကျွန်ုပ် နှုတ်ဆက်ခဲ့ပါ၏။ ကျွန်ုပ်သေရမည်ဆိုသော်၊ သင်နှင့် နှစ်ယောက်ချင်း တိုက်ကာ သင့်ဓားချက် ဖြင့်သေလိုပါသည်။ သို့သော် ဆိုးရွားသော ကံကြမ္မာသည် ကျွန်ုပ်အား စည်းစိမ်ချမ်းသာကိုသာ ပေးပြီးလျှင် ချစ်သူကို မပေးခဲ့ချေ။ ထိုကံကြမ္မာသည် အခြားသူကိုသတ်ရန် ကြံနေသူတို့၏ ဓားချက်ဖြင့် အသက်ထွက်ရန် ဖန်တီးခဲ့၏။ ထိုအတိုင်းပင် ရှိပါစေတော့၊ အသင်ကား အသင်၏ဘဝတွင် နေရစ်ပေလော့၊ ကျွန်ုပ်ကား မီရီယန်ထံသို့ လိုက်ပါသွားပါလေပြီ။ ကျွန်ုပ် သေမည့်ညတွင် ရောမမြို့၌ ရေးသားခဲ့သည်။*

*ကာလစ်*

မားကပ်သည် စာကို ဖတ်ပြီးနောက် –

"ဤသူကား ရဲရင့်၍ စိတ်ဓာတ်ပြင်းပြလှဖြစ်၏။ အို ... ဖခင် ယခုမှ သူ့အား ယခင်ကထက် မနာလို ဖြစ်မိ၏။ သင့်အတွက်ကြောင့်သာ မဟုတ်လျှင် မီရီယန်အား သူရှာဖွေရန်ရောက်လာသည့်အခါ ကျွန်ုပ်က မီရီယန်နံဘေးတွင် ရှိနေကြောင်း တွေ့ရပေလိမ့်မည်။ ယခုမူ မည်သူ ပြောနိုင်ပါအံ့နည်း"

"တိတ်လော့၊ ဝိညာဉ်များသာ နေထိုင်ရာဌာန၌ ကျွန်ုပ်တို့၏ ဘဝမှာကဲ့သို့ တပ်မက်သည့် စိတ်ထားရှိဦးမည် သင် ထင်သလော၊ သို့သော် သင့်အား ကျွန်ုပ် အပြစ်မတင်လိုပေ၊ အသင့်နှင့် ရဟူဒီကာလစ်တို့သည် အယူသည်းမှု စိတ်ဓာတ်များ အကြားတွင် ကြီးပြင်းလာခဲ့ကြရ၏။ ကောင်းကင်ဘုံတွင် ရဟူဒီကာလစ်၏ ဘေးရန်ကို မကြောက်ပါလင့်၊ ကာလစ်သည် သူပြောသည်ထက် ပိုမိုမြင့်မြတ်သော ရည်ရွယ်ချက်ဖြင့် အသက်ကို စွန့်လွှတ်သွားသည်ဟု ကျွန်ုပ် ယုံကြည်၏"

"ကျွန်ုပ်ကလည်း ဤသို့ ဖြစ်ပါစေဟု မျှော်လင့်ပါ၏။ သို့သော် အမှန်ပြောရလျှင် ကျွန်ုပ်၏ ကိုယ်စား သူအသေခံ သွားသည့်အတွက် ကျွန်ုပ်အတွက် မည်သို့မျှ သက်သာရာ မရပါ။ ကျွန်ုပ် သေသွားသည်က ကောင်းသေးသည်ဟု အောက်မေ့မိပါသည်"

"သို့သော် ဘုရားသခင်၏ အလိုတော်အတိုင်းမျှသာ ဖြစ်ခဲ့ခြင်းဖြစ်၍ ကျွန်ုပ်တို့သည် မည်သို့မျှ မတတ်နိုင်တော့ပြီ။ ကျွန်ုပ်တို့သည် ဘုရားသခင် ညွှန်သည့်အတိုင်း သွားရခြင်းဖြစ်၏။ မိမိသွားရမည့်လမ်းကို မည်သူမြင်နိုင်ပါ

www.burmeseclassic.com



မည်နည်း။ ယခုကား ကျွန်ုပ်တို့ လုပ်ကိုင်ရရှိသည်ကို လုပ်ကြဦးအံ့၊ အချိန်များစွာ မရှိတော့ပြီဖြစ်၍ ကာလစ်သည် မားကပ်၏ကိုယ်စား သေသွားကြောင်း ဒိုမီရှန် မသိ၊ ရောမမြို့မှ သင်ထွက်သွားလျှင် ကောင်းလိမ့်မည်ဟု ကျွန်ုပ် ထင်၏"

နောက် သုံးလခန့်ကြာခဲ့၍ နေလုံးပျောက်ကွယ်သွားပြီးနောက် တစ်ခုသော ညချမ်းသို့ ရောက်ချိန်တွင် အယ်လက်ဇန္ဒြီးယား ဆိပ်ကမ်းသို့ သင်္ဘောတစ်စင်းသည် ခြေကုန်လက်ပန်းကျလာသည့် ဟန်ဖြင့် တဖြည်းဖြည်း ဝင်လာပြီးလျှင်၊ ဖေရို မီးပြတိုက်ကြီးမှ မီးရောင်များထွက်လာခိုက် ကျောက်ချ၍ ဆိုက်ကပ်လေသည်။ ထိုသင်္ဘောမှာ လမ်းခရီးတစ်လျှောက်တွင် ဆောင်းရာသီတွင် ကျရောက်လေ့ရှိသော လေပြင်းမုန်တိုင်းတို့၏ ဒဏ်ကို မခံနိုင်ခဲ့သဖြင့် နီးရာဆိပ်ကမ်းသို့ မကြာခဏ ဝင်ရောက်ဆိုက်ကပ်ခဲ့ရ၏။ သင်္ဘောပေါ်တွင် အစာရေစာ ပြတ်လပ်လျက် ရှိသော်လည်း ရောက်လိုရာ ဆိပ်ကမ်းသို့ ကောင်းမွန် ချောမောစွာ ရောက်ခဲ့ပြီဖြစ်သဖြင့် သင်္ဘောပေါ်တွင် ပါလာကြသော ဂိုဏ်းအုပ်ဆီရယ်၊ မားကပ်နှင့် အခြား ခရစ်ယာန်တို့သည် သင်္ဘောဦးခန်းရှိ အခန်းကျဉ်းကလေးထဲတွင် ဘုရားသခင်အား ကျေးဇူးတင်ကာ ဆုမွန်တောင်းကြလေသည်။ ထို့နေ့တွင် အချိန်မရှိသဖြင့် ကုန်းပေါ်သို့ မတက်နိုင်ကြချေ။ အတန်ကြာလျှင် သူတို့သည် သင်္ဘောကုန်းပတ်ပေါ်သို့ တက်သွားကြပြီးနောက်၊ စားစရာဟူ၍လည်း မရှိ၊ သောက်စရာဟူ၍လည်း အတန်ငယ် နံစော်ပုပ်စပ်သည့် ရေအနည်းငယ်သာ ရှိတော့သဖြင့် ဆာလောင်မွတ်သိပ်လှသော မျက်နှာဖြင့် ကမ်းဘက်သို့ ငေးမော ကြည့်ရှုလျက်ရှိကြလေသည်။ သူတို့ သင်္ဘောနှင့် မနီးမဝေးလေးတစ်ပစ်ခန့်အကွာတွင် သင်္ဘောတစ်စင်းကို တွေ့ရ၏။ သူတို့သည် ထိုသင်္ဘောကို စိုက်ကြည့်နေကြစဉ် ရုတ်တရက် လေပြည်ကလေး ဝေ့၍ အလာတွင် ငြိမ်သက်သော ရေပြင်ကြီးကို ဖြတ်သန်းကာ ပါလာသော သီချင်းဆိုသံများကို ကြားလိုက်ရလေသည်။ ပထမ၌ သူတို့သည် ထိုသီချင်းသံကို အမှတ်မထင် နားထောင်နေသော်လည်း သီချင်းထဲမှ စကားလုံးအချို့ကို ကွဲကွဲပြားပြား ကြားလိုက်ရသောအခါ တစ်ယောက်ကို တစ်ယောက် အံ့အားသင့်ကာ မျက်နှာထားများဖြင့် ကြည့်လိုက်ကြ၏။

"ဤသီချင်းကား သင်္ဘောသားများ သီဆိုလေ့ရှိသော သီချင်းမျိုး မဟုတ်လား ဖခင် ..."

"မှန်ပါပေသည်။ ယခု သီချင်းမှာ ခရစ်ယာန် ဓမ္မသီချင်း တစ်ပုဒ်ပင် ဖြစ်၍ ထိုသီချင်းကို ကျွန်ုပ် ကောင်းစွာရပေ၏။ နားထောင်လော့ အပုဒ်တိုင်း ငြိမ်သက်စွာနေလော့" ဟု အဆုံးသတ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ထိုသို့ဖြစ်လျှင် ခရစ်ယာန် သင်္ဘောတစ်စင်းပင် ဖြစ်ရမည်။ သို့မဟုတ်လျှင် ထိုဓမ္မသီချင်းကို ဆိုရဲမည်မဟုတ်ပေ။ ယနေ့ည လေငြိမ်လှ၏။ ကျွန်ုပ်တို့လှေကို ယူကာ ထိုသင်္ဘောသို့ သွားလျှင် မကောင်းပါလော ... ကျွန်ုပ်ကား ရေငတ်လှ၏။ သူတို့တွင် ရေချိုရှိကောင်း ရှိပါလိမ့်မည်"

"အသင် သွားလိုလျှင် ကျွန်ုပ်တို့အားလုံးပင် သွားကြမည်။ ကျွန်ုပ်တို့ ရေသာမက သတင်းစကားများလည်းရကောင်း ရပေလိမ့်မည်"

တစ်ခဏမျှ ကြာသောအခါ၊ လှေကလေးတစ်စင်းသည် ထိုသင်္ဘောဘေးသို့ လှော်ခတ် သွားခဲ့ပြီးနောက် လှေပေါ်တွင် ပါသူများက သင်္ဘောပေါ်တွင် အစောင့်ကျသူအား သင်္ဘောပေါ် တက်ခွင့်ပြုရန် တောင်းပန်ကြလေသည်။

"သင်တို့မှာ မည်သို့သော အထိမ်းအမှတ်ပါသလဲ"

"ကျွန်ုပ်တို့တွင် လက်ဝါးကပ်တိုင် တည်းဟူသော အထိမ်းအမှတ်တစ်ခုပါ၏။ ကျွန်ုပ်တို့ကား ရောမမြို့မှ လာကြသော ခရစ်ယာန်များ ဖြစ်၍ အသင်တို့ ဓမ္မသီချင်း ဆိုနေသည်ကို ကြားလိုက်ရ၏"

ထို့နောက် ကြိုးလှေကားတစ်ခု ချပေးသဖြင့် ဆီရယ်တို့ လူစုလည်း သင်္ဘောပေါ်သို့ တက်ခဲ့ကြလေသည်။ သူတို့က သင်္ဘောလူကြီးနှင့် တွေ့လိုကြောင်း ပြောသဖြင့် အစောင့်ကျသူက သင်္ဘောပဲ့ပိုင်းသို့ ညွှန်လိုက်၏။ သင်္ဘောပဲ့ပိုင်းတွင် ရွက်ဖျင်တစ်ခုကို အမိုးသဖွယ်ကားကျက်ထားလျက်၊ ပတ်လည်တွင် မီးပုံများ ထွန်းညှိထားလေသည်။ ရွက်ဖျင် အမိုးအောက် တည့်တည့်တွင် အင်္ကျီအဖြူ ဝတ်ဆင်ထားသော မိန်းမတစ်ယောက်သည် ဓမ္မသီချင်းတစ်ပုဒ်ကို သာယာချိုအေးလှသော အသံဖြင့် သီဆိုနေလေရာ၊ နံဘေးမှ လူများက တစ်ခါတစ်ခါတွင် သံပြိုင်လိုက်၍ ဆိုကြလေ၏။ မားကပ်၏ စိတ်ထဲတွင် ထိုမိန်းမ၏ အသံကို ကြားဖူးသလို အောက်မေ့လိုက်၏။

မားကပ်သည် ဆီရီရယ်နှင့် ယှဉ်လျက်၊ သီချင်းဆိုနေသူများထံသို့ လှေလှော်သူများထိုင်သည့် ခုံများကို ဖြတ်သန်းကျော်နင်းကား လျှောက်သွားစဉ်၊ သီချင်းဆိုနေသည့် မိန်းမသည် သူတို့၏ ခြေသံများကိုကြားရသဖြင့် ရုတ်တရက် သီချင်းအဆို ရပ်လိုက်လေသည်။ ထို့နောက် သူသည် ခြေသံများ ကြားရာဘက်သို့ လှမ်းကြည့်ရန် ရှေ့သို့ တစ်လှမ်း၊ နှစ်လှမ်း အတိုးလိုက်တွင် မီးရောင်သည် သူ့မျက်နှာပေါ်သို့ ထိုးကျသွားရကား၊ ဘာမှ မမြင်သဖြင့် သီချင်းကို ဆက်လက် ဆိုမြဲဆိုပြန်လေ၏။

မားကပ်က ဆီရယ်၏ လက်ကို ဆွဲလျက် –

"ကြည့်လော့ ... ကြည့်လော ... ကြည့်လော့ ... သီချင်းဆိုနေသူကား မီရီယန် ဖြစ်၏။ လူကိုယ်တိုင် မဟုတ်လျှင်လည်း သူ၏ဝိညာဉ် ဖြစ်ရမည်"

www.burmeseclassic.com



တစ်ခဏကြာလျှင် သူသည်လည်း မီးရောင်အောက်သို့ ရောက်သွားလေရာ၊ သူ၏ မျက်လုံးများနှင့် သီချင်းဆိုနေသူ၏ မျက်လုံးများ တစ်ပြိုင်နက် တွေ့ဆုံမိလေ၏။ ထိုအခါ သီချင်းဆိုနေသူသည် ထိတ်လန့်တကြား တီးတိုး အသံထွက်လျက် ကြမ်းပေါ်သို့ မျောမှေ့ကာ လဲကျသွားလေတော့သတည်း။ ဤသို့ဖြင့် မီရီယန်နှင့် မားကပ်တို့ တစ်ဦးနှင့်တစ်ဦး ပြန်လည်တွေ့ဆုံခဲ့ရလေ၏။

လူနားသင်္ဘော နစ်မြုပ်ပျက်စီးသွားကြောင်း ရောမမြို့တွင် ကြားခဲ့ရသော သတင်းမှာ မမှန်ကန်ကြောင်း နောင်အခါတွင် မားကပ်တို့ လူစု သိရှိရလေသည်။ လူနားသင်္ဘောသူကြီး ‘ဟက်ကတာ’ ၏ ကျွမ်းကျင် လိမ္မာမှုကြောင့် ဘေးမသီ ရန်မခဘဲ လွတ်မြောက်ခဲ့လေသည်။ ထို့နောက် ဆစ်စလီကျွန်းသို့ ရောက်ရှိကာ အတော်အတန် ပျက်စီးသည်တို့ကို ပြင်ဆင်ပြီးနောက် ဂရိပြည် သင်္ဘောဆိပ် မြို့တစ်မြို့သို့ ထွက်ခွာလာခဲ့၏။

ထိုမြို့တွင် ခရီးလမ်း သာယာလာသည်အထိ ရက်သတ္တပတ် ရှစ်ပတ်မျှ နားနေခဲ့ပြီးနောက်၊ အလက်ဇန္ဒြီးယားမြို့သို့ ခရီးဆက်လက်ထွက်ခဲ့ရာ၊ မားကပ်တို့၏ သင်္ဘောထက် နှစ်ရက်စော၍ အလက်ဇန္ဒြီးယားမြို့သို့ ရောက်ရှိလာခဲ့လေသည်။ ‘အင်ပါရေးတရှစ်’ သင်္ဘောအနီးတွင် နစ်မြုပ်သွားသည်ဆိုသော ‘လူနား’ သင်္ဘောမှာ နာမည်တူ အခြားသင်္ဘောတစ်စင်း ဖြစ်ဟန်တူ၏။

ထိုသို့မဟုတ်လျှင်လည်း အင်ပါရေးတရှစ် သင်္ဘောမှ ကယ်ဆယ်လိုက်ရသော သင်္ဘောသားမှာ သေခါနီးဆဲဆဲတွင် ကယောင်ကတမ်း ပြောမိပြောရာ ပြောခဲ့ခြင်း ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။ မီရီယန်တို့ လိုက်ပါလာသော လူနားသင်္ဘောမှာ အလက်ဇန္ဒြီးယားဆိပ်ကမ်းသို့ ကောင်းမွန်ချောမောစွာ ရောက်ရှိခဲ့လေသည်။

ထိုနေ့ညတွင် သူတို့မခွဲခွာကြသေးမီ တစ်ယောက်အကြောင်းကို တစ်ယောက်အား ပြောပြ၍ မဆုံးနိုင်လောက်အောင် ရှိတော့၏။ ကာလစ်သည် သူ၏ ကတိအတိုင်း ကောင်းစွာ တည်ခဲ့သည်ကိုလည်းကောင်း၊ အထူးသဖြင့် ကာလစ်သည် မီရီယန် သေပြီဟု ယုံကြည်ခဲ့သည်တိုင်အောင် မားကပ်အပေါ်တွင် ရှိနေသည့် မနာလိုဝန်တိုစိတ်သည် အခဲမကြေရှိနေသေးသဖြင့် ထိုအကြောင်းနှင့် ပတ်သက်၍ ဖွင့်လှစ်မပြောဘဲ နေခဲ့ကြောင်းများကို သိရ၏။ ထို့ပြင် မားကပ်မှာလည်း မိမိကိုယ်ကို မိမိသတ်၍ သေအံ့ဆဲဆဲအချိန်၌ ဆီရယ်က ကယ်ဆယ်လိုက်သဖြင့် အသက် ချမ်းသာရာ ရခဲ့ပုံနှင့်တကွ၊ မားကပ်မှာ မည်ကဲ့သို့ ခရစ်ယာန် ဖြစ်လာပုံကိုလည်း သိရလေသည်။

နောက်ဆုံး၌ မားကပ်သည် မီရီယန်အား သေပြီဟု ယူဆကာ ခရစ်ယာန်ဘာသာသို့ ဝင်ခဲ့သည့်အတွက် သူတို့မှာ များစွာ ဝမ်းမြောက်ကြရ၏။

www.burmeseclassic.com



အကြောင်းသော်ကား မားကပ် အယူပြောင်းခဲ့သည်မှာ မီရီယန်ကို လိုချင်သောကြောင့်ဟု မည်သူမျှ မပြောနိုင်တော့ပေ။ ထို့ပြင် မီရီယန် အသက်ရှင်လျက်ရှိနေသေးကြောင်း ထိုအခါက မသိရသေးသဖြင့် သူတို့အတွက် စိတ်စနောင့်စနင်းဖြစ်ရန် အကြောင်းလည်း မရှိတော့ပေ။

နောက်တစ်နေ့နံနက်တွင် လူနားသဘော်ပေါ်၌ ရောမလူမျိုးများက ပုလဲဒေဝီ ဟု ခေါ်ဝေါ်သမုတ်ကာ မီရီယန်နှင့် မားကပ်တို့ကို ဂိုဏ်းအုပ်ကြီး ဆီရယ်ကိုယ်တိုင် လက်ထပ်ထိမ်းမြားပေးလေရာ၊ ဂဲလပ်က မီရီယန်၏ ဖခင်ကိုယ်စား ဆောင်ရွက်လျက် နီဟွတ်စတာကလည်း မီရီယန်၏ ကွယ်လွန်သူ မိခင်ကြီး၏ မှာကြားချက်ကို မဖောက်ဖျက်သဖြင့် ဝမ်းမြောက်ဝမ်းသာ ကောင်းချီးပေးခဲ့လေသည်။

**ဒဂုန်ရွှေမျှား**

www.burmeseclassic.com